ဒေါက်တာ အေ၊ အမ်၊ ဘေကာ **M.A., Ph. D., D. Litt., Bar-at-Law, D. Sc., M.L.C.,** အိန္ဒိယတရားဝန်ကြီးချုပ်ဟောင်း က မေး၍ ဘိက္ခုအရိယဓမ္မ **B.A** က ဖြေကြားသော

ဗုဒ္ဓဝါဒပြဿနာများ

အိန္ဒိယတရားဝန်ကြီးချုပ်ဟောင်း

ဒေါက်တာ အေ၊ အမ်၊ ဘေကာ **M.A., Ph. D., D. Litt., Bar-at-Law, D. Sc., M.L.C.,**

က မေး၍

ဆရာတော် အရှင်အရိယဝံသ **B.A** (ဗုဒ္ဓဝိဟာရ ဘုံဘိုင်)

ဖြေဆိုသော

ဗုဒ္ဓဝါဒပြဿနာများ

(ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် ၇၃၁၇)

ပဉ္စမအကြိမ်

အုပ်ရေ ၄၀၀၀

၁၉၇၄ နိုဝင်ဘာလ

အရောင်ရိုက် ကာလာမောင်ဝင်း ပုံနှိပ်တိုက်

ပုံနှိပ်သူ/ထုတ်ဝေသူ

ရွှေဟသာံပုံနှိပ်တိုက် (၀၁၀၀) ၉၂၊ ၉၃–လမ်း၊ ရန်ကုန်တွင် ဦးကျော်ညွန့်က တာဝန်ခံပုံနှိပ်၍ ဝင်းမော်ဦးစာပေဖြန့်ချိရေး (၀၂၂၃) အမှတ် ၅၁၁၊ ကုန်သည်လမ်း၊ ရန်ကုန်မှ ဦးတင်မောင်က ထုတ်ဝေသည်။

မာတိကာ

ဆရာတော် အရှင်အရိယဓမ္မ၏ အတ္ထုပ္ပတ္တိ...... ၆
မေးခွန်းအမှတ် (၁) ၁၅
မေးခွန်းအမှတ် (၂)...... ၁၉
မေးခွန်းအမှတ် (၃) ၂၃
မေးခွန်းအမှတ် (၄) ၂၆
မေးခွန်းအမှတ် (၅) ၃၂
မေးခွန်းအမှတ် (၆) ၃၅
မေးခွန်းအမှတ် (၇) ၄၀
မေးခွန်းအမှတ် (၈) ၄၂
မေးခွန်းအမှတ် (၉) ၄၄
မေးခွန်းအမှတ် (၁၀) ၄၈
မေးခွန်းအမှတ် (၁၁) ၅၁
မေးခွန်းအမှတ် (၁၂)...... ၅၃
မေးခွန်းအမှတ် (၁၃) ၆၂
မေးခွန်းအမှတ် (၁၄) ၆၈
မေးခွန်းအမှတ် (၁၅) ၇၀
မေးခွန်းအမှတ် (၁၆) ၇၂
မေးခွန်းအမှတ် (၁၇) ၇၄
မေးခွန်းအမှတ် (၁၈) ၇၅
မေးခွန်းအမှတ် (၁၉) ၇၇
မေးခွန်းအမှတ် (၂၀)...... ၈၁
မေးခွန်းအမှတ် (၂၁)...... ၈၃
မေးခွန်းအမှတ် (၂၂)...... ၉၀
မေးခွန်းအမှတ် (၂၃)...... ၉၁

ဆရာတော် အရှင်အရိယဓမ္မ၏ အတ္ထုပ္ပတ္တိ

ဝင်းမော်ဦးစာအုပ်တိုက်က ဤဗုဒ္ဓဘာသာအယူဝါဒနှင့်ဆိုင်ရာကျမ်းငယ်ကို ဘာသာပြန်ပေးရန်စာမူကို လာပေးသောအခါ ကျွန်တော်၏စိတ်ထဲတွင် ဆရာတော် အရှင်အရိယဓမ္မ၏အဖြေကျမ်းနှင့်မှ လာပြီး တွေ့မှတွေ့တတ်ပလေဟု အောက်မေ့မိ၏။ ဒေါက်တာအမ်ဘေကာနှင့်အခြားသောပညာရှင်ပုဂ္ဂိုလ်တို့က မေးမြန်းလျှောက်ထားကြသော ဗုဒ္ဓဘာသာ နှင့် ပတ်သက်သည့်မေးခွန်းတို့ကို တဦးတည်းဒိုင်ခံဖြေရှင်းတော်မူသည့် ဘုံဘိုင်မြို့ဗုဒ္ဓဝိဟာရ ကျောင်းထိုင်ဓမ္မကထိက ဆရာတော် အရှင်အရိယဓမ္မသည် ကျွန်တော်နှင့် တောင်တွင်းကြီးဆရာတော် အရှင်ဥက္ကဋ္ဌထံတွင် ဗုဒ္ဓအဘိဓမ္မာနှင့် ကမ္ဘာ့ထင်ရှားသည့်ဘာသာအယူဝါဒတို့ကိုဆည်းပူးလေ့လာဘက်ဖြစ်ပါသည်။ သို့ ဆရာတော် အရှင်ဥက္ကဋ္ဌထံ၌ ဘာသာအယူဝါဒတို့ကို အတူတူလေ့လာခဲ့ကြသည်ဟုဆိုသော်လည်း ကျွန်တော်သည် ထိုအချိန်က ဗုဒ္ဓအဘိဓမ္မာနှင့်အခြားဘာသာအယူဝါဒတို့ကိုလေ့လာကာမတ္တမျှသာလေ့လာခဲ့၏။ ၎င်းနောက် ဘာသာရေးကို ဘေးဖယ်ထားပြီး ယခုအချိန်ထိနိုင်ငံရေးဆိုင်ရာအဘိဓမ္မာနှင့် အတွေးအခေါ် အယူအဆတို့ကိုသာတဖက်သတ်လေ့လာခဲ့မိ၏။ ထို့ကြောင့် အရှင်အရိယဓမ္မကဲ့သို့ ဘာသာရေးကိုသာ ဇောက်ချပြီး လေ့လာခဲ့သည့် ပုဂ္ဂိုလ်တို့လို ဘာသာရေးဆိုင်ရာ ဗဟုသုတမကြွယ်ဝကြောင်း ဝန်ခံပါသည်။ မည်သို့ပင်ဖြစ်စေ အရှင်အရိယဓမ္မ၏ ဘာသာရေးဆိုင်ရာ အယူဝါဒအားလုံးတို့ကိုမူကျွန်တော်လက်မခံနိုင်ပါ။ သူ၏အယူအဆများနှင့်ကျွန်တော်၏အယူအဆများသည် အလွန်ကွာလှမ်းနေပါပြီ။ တော်လှန်သော ဗုဒ္ဓအဘိဓမ္မာ ဆရာထူးတဆူ ဖြစ်တော်မူသည့် ဆရာတော်အရှင်ဥက္ကဋ္ဌနှင့်မူ အချိန်ကာလနှင့် တွက်ဆ၍ပြောရသော် အယူအဆချင်း တရာစုခေတ်စာမျှ အလှမ်းကွာ၍နေပြီဟု ဆိုရပါမည်။ သို့ရာတွင် ဗုဒ္ဓအယူဝါဒ၊ ဟိန္ဒူအယူဝါဒ၊ ခရစ်ယာန်အယူဝါဒ၊ မဟာမေဒင်အယူဝါဒ စသည့် ကမ္ဘာ့ဘာသာ အယူဝါဒများကို သူ့နေရာနှင့်သူ သက်ဆိုင်သလို ဗဟုသုတ ကြွယ်ဝပြည့်စုံစွာနှင့် ရဲရဲရင့်ရင့် ပိုင်းခြားဝေဖန် သုံးသပ်ပြထားသည့် အရှင်အရိယဓမ္မ၏ ဘာသာရေး အဖြေကျမ်းငယ်ကို ဖြစ်ကတတ်ဆန်း ဘာသာပြန်၍လည်း မဖြစ်၊ ပြန်လည်းမပြန်ထိုက်၊ ပြန်လည်းမပြန်ဝံ့သဖြင့် လွန်ခဲ့သည့်သီတင်းကျွတ်လက ဆရာတော် အရှင်ဥက္ကဋ္ဌသီတင်းသုံးတော်မူရာ တောင်တွင်းကြီးမြို့ နတ်မီတောရကျောင်းသို့ ဤကျမ်းငယ်အတွင်းမှ ခက်ရာခက်ဆစ် အယူအဆနှင့် ဝေါဟာရအသုံးအနှုန်းတို့ကို တိတိကျကျသိနိုင်ရန် သွားရောက်၍လျှောက်ထား မေးမြန်းရပါတော့သည်။

သို့ ဆရာတော် အရှင်ဥက္ကဋ္ဌထံသို့ သွားရောက်ဆည်းကပ်လိုက်ရသည့်အတွက် ကျွန်တော်မျှော်မှန်းခဲ့သည်ထက် ပို၍အကျိုးအမြတ်ထွက်ခဲ့ပါသည်။ ထိုထွက်ခဲ့သည့်အကျိုးအမြတ်ကား အရှင်အရိယဓမ္မ၏ အတ္ထုပ္ပတ္တိကို တိတိကျကျသိခဲ့ရခြင်းပင်ဖြစ်၏။ သို့တိတိကျကျသိရသည့်အတွက် ဆရာတော်အရှင်အရိယဓမ္မကို ယခင်ကထက်ပိုမို၍ ကြည်ညိုလေးစားမိလာခဲ့၏။ သူကား ဗုဒ္ဓသာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်ရင်း အမေရိကတိုက် မက္ကဆီကိုပြည်၌ ပျံလွန် တော်မူခဲ့ရာ သူ၏အတ္ထုပ္ပတ္တိသည် ပို၍ပင် စိတ်ဝင်စားဘွယ်ရာ ကောင်းလာပါသည်။

အရှင်အရိယဓမ္မ၏ အတ္ထုပ္ပတ္တိကိုရေးရလျှင် တောင်တွင်းကြီးဆရာတော် အရှင်ဥက္ကဋ္ဌအကြောင်းနှင့် ဆရာတော် အရှင်ဥက္ကဋ္ဌ ထူထောင်တော်မူခဲ့သည့် တောင်တွင်းကြီးမြို့ ဗုဒ္ဓသာသနာပြု အမျိုးသားကျောင်းအကြောင်းမပါဘဲ မပြည့်စုံနိုင်ပါ။ အကယ်၍ ရေးခဲ့ပါလျှင် ဆန်မထည့်ဘဲ ထမင်းအိုးတည်သကဲ့သို့သာ ရှိပါချေမည်။

၁၉၃၃ ခုနှစ်က ဖြစ်၏။

ကျွန်တော်သည် တောင်တွင်းကြီးမြို့ ဆရာတော်အရှင်ဥက္ကဋ္ဌ၏ ဗုဒ္ဓသာသနာပြုကျောင်း၌ ဆရာတော်၏ တိုင်းပြည်နှင့် လူမျိုးအတွက်သာမက ဗုဒ္ဓသာသနာအတွက် အလွန်မြင့်မားလှသည့်စေတနာနှင့် လုပ်ရပ်တို့ကို ကြည်ညိုလှသဖြင့် ကုသိုလ်ဖြစ်ဆရာအဖြစ်ဖြင့် အလုပ်လုပ်လျက်ရှိ၏။

ထိုစဉ်က ဆရာတော်၏ကျောင်းတွင် ကျောင်းသား (၄၀၀)ကျော်ရှိ၏။ (တောင်တွင်းကြီးမြို့ အစိုးရအထက်တန်းကျောင်း၌ ကျောင်းသား ၂၅၀ လောက်သာ ရှိသေး၏။) ထိုကျောင်းသားတပည့်များထဲ၌ ဦးပဉ္ဇင်းများ၊ သာမဏေများနှင့် ယောကျ်ားကလေးနှင့် မိန်းကလေးများ ပါဝင်ကြ၏။ ဤတပည့်များကို စာပေသင်ကြားပို့ချသည့် ရဟန်းဆရာ (၁၅) ပါးနှင့် လူဆရာ၊ ဆရာမ (၆)ယောက် ပေါင်း (၂၁)ယောက်ရှိ၏။ အချို့က အချိန်ပိုင်းနှင့် တာဝန်ယူ ပြကြ၏။ အချို့က တနေ့လုံးလုံးပြကြ၏။ ကျွန်တော်ကား အခြားစီးပွားရေးနှင့်ပတ်သက်၍ မည်သည့် အလုပ်ကိုမျှ လုပ်သူ

တယောက် မဟုတ်သဖြင့် သင်ကြားပြသသည့်အလုပ်ကိုသာမဟုတ်ဘဲ ကျောင်းနှင့်ပတ်သက်သည့် ရုံးလုပ်ငန်းတို့ကိုလည်း ဆရာတော်၏အတွင်းရေးမှူးအနေဖြင့် တာဝန်ထမ်းဆောင်ရသေး၏။ ကျောင်းဖွင့်ချိန်တွင် ဆရာတော်နှင့်တိုင်ပင်ပြီး အချိန်ပိုင်းနှင့် အလုပ်လုပ်ကြသည့် လူဆရာ၊ ဆရာမတို့အား သူတို့ တာဝန်ယူ နိုင်ကြသည့်အချိန်ကိုမေးမြန်းညှိနှိုင်းပြီး တကျောင်းလုံးအတွက် အချိန်ဇယားများကို ရေးဆွဲရ၏။ ဤအလုပ်ကား ဆရာအချင်းချင်း ညှိရ၊ နံနက်ပိုင်း၊ နေ့လယ် ပိုင်းနှင့် ကိုက်ညီသည့် ဘာသာရပ်များကို ရွေးချယ်ရနှင့် အတော် ဦးခေါင်းခဲရသည့် အလုပ်ဖြစ်၏။ အချို့ရဟန်းဆရာ (နာယကဆရာတော်) တို့ကား တဖက်က ဆရာတော့်ထံမှ သူတို့ လိုချင်သည့် သက္ကဋ၊ ဟိန္ဒူဘာသာစာပေ တို့ကိုလည်းကောင်း၊ အခြားပညာရပ်တို့ကိုလည်းကောင်း သောက်စိုကြရင်း တဖက်က ကျောင်းသားတပည့်များအား စာပေပို့ချသည့်အလုပ်တို့ကို ထမ်းဆောင်ကြ၏။ ထို့ကြောင့် ကျောင်းဖွင့်စအချိန်၌ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုး များများကြွလာကြပါစေ ဟု နှစ်စဉ် ဆုတောင်းနေခဲ့ရ၏။

နယုန်လဆန်း ကျောင်းဖွင့်ပြီးခါစတနေ့၌ ဦးပဉ္ဇင်းတပါးသည် ကျောင်းသို့ရောက်လာ၏။ ကျွန်တော်ကား အထက်က ဖော်ပြခဲ့သည့်အလုပ်ကတဖက်၊ စာသင်ပြပို့ချရသည့်အလုပ်ကတဖက်ဖြင့် မအားမလပ်ဘဲဖြစ်နေရသည်ကတကြောင်း၊ ကျွန်တော်တို့ကျောင်းတွင် ဘာသာရေးကို ဟောပြောမည့်ဓမ္မကထိကများနှင့် နိုင်ငံရေးသမားများ၊ အထူးသဖြင့် တို့ဗမာအစည်းအရုံးဝင် သခင်များကလည်း တည်းစရာ ခိုစရာမရှိလျှင် အချိန်မရွေး၊ အခါမရွေး လာရောက်တည်းခိုနေကျ ဖြစ်သည်ကတကြောင်း တို့ကြောင့် ထိုနေ့က အဆိုပါဦးပဉ္ဇင်း ရောက်လာသည်ကို ဂရုမပြု အလေးမထားမိပါ။ ညနေ ကျောင်းဆင်းချိန် ဆရာတော်က ခေါ်သဖြင့် သွားရာ ဆရာတော်က ...

"ဟေ့ တို့ကျောင်းမှာ အထက်တန်းအင်္ဂလိပ်ဘာသာပြမယ့် ဆရာတယောက်တော့ တိုးပြန်ပြီကွ။ ဦးပဉ္ဇင်းတပါးကွ။ ဒါပေမယ့် သူ့ကို (၂)ချိန်၊ (၃)ချိန်ထက်တော့ ပိုပြီး တာဝန်မပေးနဲ့"

ကျွန်တော်။ ။ "ဘာပြုလို့လဲ ဆရာတော်။ ကျန်းမာရေးက သိပ်မကောင်းလို့ အချိန်များများမယူနိုင်လို့လား ဘုရား "

ဆရာတော်။ ။ "မဟုတ်ပါဘူးကွာ၊ သူက ဗုဒ္ဓအဘိဓမ္မာကို ငါ့ဆီမှာ လေ့လာချင်သေးတယ်တဲ့ကွ။ သူက ဘုံဘိုင်မြို့ စိန့်ဇေးဗီးယားကောလိပ်ကျောင်းက ဘီအေ အောင်ခဲ့တယ်။ အထက်တန်းတွေမှာ အင်္ဂလိပ်ဘာသာတွေကို ကောင်းကောင်း ပြနိုင်ပါလိမ့်မယ်။"

ကျွန်တော်။ ။ "ဗမာစကားကော တတ်ရဲ့လားဘုရား"

ဆရာတော်။ ။ "အမယ် တတ်ပါတယ်ကွ။ ဗမာလိုတောင် ဗုဒ္ဓဘာသာတရားကိုဟောနိုင်သေးတယ်"

ကျွန်တော်။ ။ "ဘွဲ့ကတော့ကော ဘုရား"

ဆရာတော်။ ။ "အရှင်ဥက္ကံသ တဲ့ကွ"

ကျွန်တော်။ ။ "တင်ပါ့ဘုရား၊ ဒီလို ဗမာစကားကို ကောင်းကောင်းတတ်တယ်ဆိုရင် ၇တန်းလဲ တချိန်ပေးထားရင် ရမှာ ပေါ့ ဘုရား"

ဆရာတော်။ ။ "အေး ပေးလို့ရပါတယ်ကွာ"

ကျွန်တော်။ ။ "ဒီလိုဆိုရင် တပည့်တော် ၇တန်းနဲ့ ၉တန်းမှာ တချိန်စီ ထည့်ထားလိုက်ပါ့မယ် ဘုရား"

ဆရာတော်။ ။ "အေး၊ ကောင်းပြီ"

သို့နှင့် ကျွန်တော်သည် ထိုအရှင်ဥက္ကံသကို ဘယ်သူလဲဘယ်ဝါလဲဆိုတာသိရအောင် သွား၍မတွေ့တော့ဘဲ ဆရာတော်အနီးမှ ခွာခဲ့ပြီး ကျောင်းအောက် ရုံးခန်းသို့ပြန်လာကာ အချိန်ဇယားများကို ပြန်၍ပြင်ဆင်လိုက်ပါသည်။

နောက်တနေ့နံနက် ကျောင်းသို့သွားသောအခါမှ အရှင်ဥက္ကံသကိုယ်တော်ကို သံဃာတော်များလက်ဖက်ရည်ဝိုင်း၌ တွေ့မြင်ရပါတော့သည်။ သက်တော်အားဖြင့် ၃၀ ပတ်ဝန်းကျင်တွင် ရှိလိမ့်မည်ဟု ထင်၏။ အရှင်ဥက္ကံသ ကား အရပ်မြင့်မြင့်၊ ကိုယ်ကာယ အနေအထားအားဖြင့် ပိန်လည်းမပိန်၊ ဝလည်း မဝပါ။ အမှန်အားဖြင့် အင်္ဂလိပ်ကုလားကပြား

ဖြစ်၏။ သို့သော် အသားမဖြူပါ။ အိန္ဒိယသား ကုလားသွေးက ပို၍များလေသလားမသိ၊ ညိုစိမ့်စိမ့်ပင် ဖြစ်နေ၏။ မျက်လုံး အနည်းငယ်ပြူး၏။ သို့ရာတွင် သူတပ်ထားသည့် မျက်မှန်မှာ အနည်းဆုံး ဒီဂရီ ၄၀၀ ကျော် ရှိမည် ထင်၏။ ဆေးပြင်းလိပ်အတော်ကြိုက်၏။ လက်က ချချင်ဟန်ပင်မရှိချေ။ စကားပြောလျှင် အားရပါးရ ထက်ထက် သန်သန် ပြောတတ်၏။ အငြင်းအခုံ အချေအတင်ပြောရလျှင် မကြာမီအတွင်း ဒေါသဖြစ်လာတတ်၏။ အသံကား အောင်မြင်လှ၏။

ထို့နောက် ကျွန်တော်သည် ဦးပဥ္စင်း ဦးဥက္ကံသနှင့် ခင်မင်ရင်းနှီးလာပါသည်။ မခင်မင် မရင်းနှီး၍လည်း မဖြစ်နိုင်ပါ။ ဆရာတော်သည် ကျောင်းသူကျောင်းသားများ ဗဟုသုတဖြစ်ပွားစေရန်နှင့် ပရိသတ်ရှေ့တွင် စကားပြောကောင်း၊ တရားဟောကောင်းသူများ ဖြစ်လာကြစေရန် တလလျှင် နှစ်ကြိမ်ကျ ကျောင်းလုံးကျွတ် စကားရည်လုပွဲကို ကျင်းပ ပေး၏။ ထိုစကားရည်လုပွဲများ၌ ပြောကြသည့်စကားရပ်များမှာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး စသည့်အရေးတို့နှင့် စပ်ဆိုင်သည့်စကားရပ်များသာဖြစ်ကြ၏။ တဖက်နှင့် တဖက် အချေအတင်ပြောရာ၌ ကျောင်းဆရာ ဆရာမများ၊ နာယက ဆရာတော်များ၊ ဦးပဥ္စင်းများ၊ သာမဏေများနှင့် ကျောင်းသူကျောင်းသားများပါ ပါဝင်ကြရ၏။ ထိုနည်း အတူ ဆရာတော့်ထံတွင်ဘာသာအယူဝါဒအမျိုးမျိုးကို တခုနှင့်တခု ယှဉ်တွဲလေ့လာကြသူများအဖို့ ဘာသာ အယူဝါဒ အချင်းချင်းကို တဖက်နှင့်တဖက်ယှဉ်ပြိုင်၍ ဆွေးနွေးစေပါသည်။ ဥပမာ – တဖက်က ခရစ်ယာန် ဘက်မှ နေပြီး ခရစ်ယာန်ဘာသာကကောင်းကြောင်း၊ မွန်မြတ်ကြောင်းပြော၍ အခြားတဖက်က ဗုဒ္ဓဘာသာကကောင်းကြောင်း၊ မွန်မြတ်ကြောင်း၊ မှန်ကန်ကြောင်း စကားဝိုင်းဖွဲ့၍ပြောကြရ၏။ အခြားဘာသာအယူဝါဒတို့ကိုလည်း ဤနည်း အတိုင်းပင် စကားဝိုင်းဖွဲ့ပြီး အချေအတင် ဆွေးနွေးကြရ၏။ သို့ ပြောဆိုဆွေးနွေးကြရာ၌ မိမိတို့ လေ့လာထား ကြသော စာအုပ်များမှ အချက်အလက်တို့ကို ကိုးကားဆွေးနွေး ပြောဆိုကြရ၏။ တခါတရံ ဟာနေသော အကွက်များရှိက ဆရာတော်ကိုယ်တိုင်ထောက်ပြ၍ လိုအပ်သည့်အချက်အလက်တို့ကို ဖြည့်စွက်ပေး၏။ ဤနည်းဖြင့် ကျွန်တော်သည် ဦးပဥ္စင်း အရှင်ဥက္ကံသနှင့် ခင်မင်ရင်းနှီး ခဲ့ပါသည်။ ဤနေရာ၌ အရှင်ဥက္ကံသ၏ ဝါသနာနှင့်အကျင့်ကို အခွင့်သင့်သည့်အလျောက် ဖော်ပြလိုပါသည်။ ဦးပဥ္စင်းသည် ဗုဒ္ဓဘာသာဘက်သို့ ကူးပြောင်းကာစလည်းဖြစ်၊ ဗုဒ္ဓဘာသာကို အလွန်ကြည်ညိုလေးစားသူလည်းဖြစ်သဖြင့် ဗုဒ္ဓဘာသာဘက်မှ အမြဲတမ်းပြောလေ့ရှိ၏။ သို့ ပြောရာ၌လည်း တဖက်နှင့်တဖက် ဘာသာရေးနှင့် ပတ်သက်၍ အလေ့အကျင့်ရှိအောင် ဆွေးနွေးနေကြသည် ဟူသောအချက်ကို မေ့လျော့ကာ လက်သီးလက်မောင်း တန်းလျက် ဒေါသတကြီး ပြောတတ်၏။

အရှင်ဥက္ကံသ ရောက်ပြီး ၃၊ ၄ရက်လောက်အကြာတွင် ဆရာတော်က ကျွန်တော့်အား

"ဟေး၊ တို့ရှင်ဥက္ကံသကိုတော့ တော်တော် ဇာတ်သွင်းယူရလိမ့်ဦးမယ်ဟေ့"

ကျွန်တော်။ ။ "ဘာဇာတ်သွင်းယူရမှာလဲ ဘုရား"

ဆရာတော်။ ။ "တို့ဇာတ်ထဲကိုပေါ့ကွ၊ ငါဖြင့် သူရောက်လာတဲ့နေ့ကစပြီး ညည ကောင်းကောင်းကို မအိပ်ရဘူးကွာ"

ကျွန်တော်။ ။ "ဘာပြုလို့လဲ ဆရာတော်"

(အရှင်ဥက္ကံသသည် ဆရာတော်နှင့်တကျောင်းတည်းနေ၍ ဆရာတော်၏ကုတင်ခြေရင်းမှ သူ့ကုတင်ကို ကန့်လန့် ထား၍ သီတင်းသုံး၏။)

ဆရာတော်။ ။ "အို မင်းနယ် တညလုံး ပရိတ်ကြီးကို သုတ်ကုန်ရွတ်တယ်ကွ။ ပြီးတော့လည်း မေတ္တာပို့သေးတယ်။ ဂါထာတွေကို စည်းလည်း ချသေးတယ်ကွ။ အဲဒီတော့ ညတိုင်းညတိုင်း နာရီပြန် ၁ချက် ၂ချက်ထိုးလောက်မှချည့် အိပ် ရတော့တယ်"

ကျွန်တော်။ ။ "ဒါဖြင့် တပည့်တော်တို့ဇာတ်ထဲဝင်တာ မဝင်တာက အရေးမကြီးဘူး ဘုရာ့၊ ညည ဆရာတော် စောစော ကျိန်းရဖို့က အရေးကြီးတယ်"

ဆရာတော်။ ။ "အေးကွာ၊ ဒါပေမယ့် ငါ့မှာလည်း သူ့ကို ချွတ်နေဖို့ အချိန်က သိပ်မရှိဘူးကွ"

ထိုနောက် ဆရာတော်သည် ညနေလမ်းလျှောက်ထွက်သောအခါ အရှင်ဥက္ကံသကိုခေါ်၍ တောင်တွင်းကြီးမြို့ အရှေ့ဘက် ကန်ဘောင်ပေါ်၌ လမ်းလျှောက်တော်မူပါသည်။ ဤကဲ့သို့ ဆရာတော်နှင့် အရှင်ဥက္ကံသတို့ လမ်းလျှောက်၍ (၁၀) ရက်လောက်ရပြီး တနံနက်သ၌ လက်ဖက်ရည်ပွဲတွင် ဆရာတော်က သံဃာ့နာယကဆရာတော်များနှင့် ကျောင်းဆရာ၊ ဆရာမ တို့အား

"ကဲ ကိုယ်တော်တွေရော၊ ဆရာ၊ ဆရာမများပါ ဒီကနေ့ ဒီအချိန်ကစပြီး အရှင်ဥက္ကံသကို အရှင်အရိယဓမ္မလို့ ခေါ်ကြပေတော့" ဟု ပြုံးပြုံးကြီး မိန့်တော်မူလိုက်ရာ ကျွန်တော်တို့အားလုံး အံ့အား အသင့်ကြီးသင့်မိကြ၏။ "ဘာပြုလို့ ဒီ အရှင် ဥက္ကံသဘွဲ့ကနေပြီး အရှင်အရိယဓမ္မဘွဲ့ကို ပြောင်းလိုက်ပါလိမ့်" ဟူသောအမေးသည် ကျွန်တော်၏ ဦးနှောက်ကို အကြီး အကျယ် အလုပ်ပေးလာပါတော့သည်။

သို့နှင့် ကျွန်တော်သည် ဤပုစ္ဆာအတွက် အဖြေရအောင် ဆရာတော်နှင့် နှစ်ဦးချင်း မတွေ့တွေ့အောင်ကြိုးစားပြီး

"ဆရာတော်၊ ဦးပဥ္စင်းဦးဥက္ကံသက ဘာများစိတ်ကူးပေါက်ပြီး ဦးအရိယဓမ္မလို့ ဘွဲ့ပြောင်းလိုက်ရပါလဲ ဘုရား့၊ ဘယ်က ဗေဒင်ဆရာနဲ့များတွေ့လို့ ယတြာချေလိုက်တာတုန်း ဘုရား့"

ဆရာတော်။ ။ "ကြံကြံဖန်ဖန် မင့်နှယ် ဘယ်က ဗေဒင်ဆရာနဲ့တွေ့ရမှာလဲကွ။ ဒီ အရိယဓမ္မ ဆိုတဲ့ဘွဲ့က ငါပေးတဲ့ဘွဲ့ပါ ကွ၊ သူက ဒီဥက္ကံသ ဆိုတဲ့ဘွဲ့ကိုမကြိုက်တော့ဘူးတဲ့၊ ငါကြိုက်တဲ့ဘွဲ့ကို ရွေးပြီးပေးရမယ်ဆိုလို့ ငါကပေးရတဲ့ဘွဲ့ကွ"

ကျွန်တော်။ ။ "သူ ရဟန်းဖြစ်စဉ်က သူ့ ဥပဇ္ဈာယ်ဆရာတော်တွေက ပေးလိုက်တဲ့ဘွဲ့ကို သူက အခုမှ ဘာလို့မကြိုက် တော့တာတဲ့လဲ ဘုရား"

ဆရာတော်။ ။ "ဒီလိုကွ၊ ဦးဥက္ကံသဟာ အလွန်စိတ်ဝင်စားစရာကောင်းတယ်။ တနေ့က ငါ့မင်းကို ပြောပါပကော။ သူ ညည တောင်လုပ်မြောက်လုပ် လျှောက်လျှောက်လုပ်လွန်းလို့ ကောင်းကောင်းကို အိပ်ရတယ်မရှိဘူးလို့"

ကျွန်တော်။ ။ "တင်ပါ့၊ အခုတော့ ဘယ်လိုဖြစ်သွားတုန်း ဘုရား"

ဆရာတော်။ ။ "အခု အဲဒီအစွဲတွေ ကျွတ်သွားပြီ။ ဒါကြောင့် ဒီအစွဲတွေနဲ့ တပါတည်းပါလာတဲ့ ဥက္ကံသ ဆိုတဲ့ဘွဲ့ကိုပါ စွန့် ပြီး လူသစ်တယောက် ဖြစ်လာတဲ့အနေနဲ့ ဘွဲ့ပြောင်းချင်တာပေါ့ကွာ"

ကျွန်တော်။ ။ "လူသစ်တယောက်ဖြစ်လာအောင် ဆရာတော်က ဘယ်လိုဖန်တီးပစ်လိုက်လို့လဲ ဘုရား့"

ဆရာတော်။ ။ "ငါ့မှာလည်း သူ့ကို ဒီအစွဲတွေကျွတ်လောက်အောင် အချိန်ယူပြီး တရားမဟောနိုင်တော့ ဘယ်လို လုပ်ပြီး ချွတ်ရပါ့မလဲလို့ အတော် စဉ်းစားရသေးတယ်။ နောက်တော့ ငါက သူ့ကို လမ်းလျှောက်ခေါ်ခေါ်သွားပြီး လမ်း လျှောက်ရင်း ဗုဒ္ဓတရားအစစ်တရားအမှန်ကို တဖြည်းဖြည်း ဟောယူရတယ်ကွ။ နောက်ဆုံးတော့ (Sir Edwin Arnold) ဆာအက်ဒွင်အားနိုး ရေးတဲ့ "အာရှတိုက်ရဲ့လင်းရောင်ခြည်" (Light of Asia) ဆိုတဲ့ စာအုပ်ထဲက

> *"Pray not! The darkness will not brighten! Ask Nought from the Silence, for it cannot speak! Vex not your mouthful minds with pious pains! Ah! Brothers,Sisters, seek.*
>
> *Nought from the helpless gods by gifts and hymn, Nor bribe with blood, nor feed with fruit and cakes, within yourselves deliverance must be sought. Each man his Prison makes."*

ကို ရွတ်ပြပြီး သူ့ကို အကျက်ခိုင်းတယ်။ သဘောနဲ့အနှစ်သာရကိုလည်း ထုတ်အကြည့်ခိုင်းတယ်။ အဲဒီလိုခိုင်းတော့ ဒီ ပရိတ်ရွတ်တာတွေ၊ ဂါထာမွန်းတာတွေ၊ စည်းချတာတွေဆိုတဲ့ အစွဲတွေ အကုန်ပြုတ်ကုန်တော့တာပဲကွ"

ဒီစာပိုဒ်လေးရဲ့ အဓိပ္ပာယ်အကျဉ်းကတော့ ...

> **ဆုမတောင်းလင့်။ အမှောင်ထုက လင်းလာလိမ့်မည်မဟုတ်။ ဆိတ်ငြိမ်ထုမှလည်း ဆုမတောင်းလင့်။ ဆိတ်ငြိမ်ထုကား စကားမပြောနိုင်။**

သင်တို့၏ ငြိုငြင်ပင်ပန်းနေသည့် စိတ်ဓာတ်တို့ကို ဘုရားတရားကိုကြည်ညိုသည့် ဒုက္ခဆင်းရဲတို့ဖြင့် အနှောက်အယှက် မပြုပါလင့်။

အို ညီတော်နှောင်တော် နှမတော်တို့။ အားကိုးရာမဲ့ နတ်သိကြားတို့ထံတွင် ပူဇော်ခြင်း၊ ဓမ္မဂီတသီဆိုခြင်းတို့ဖြင့် မခိုကိုး ကြပါလင့်။

ယာဇ်နတ်ပူဇော်ခြင်း၊ သစ်သီး မုန့်ပဲသရေစာတို့ဖြင့် ပူဇော်ပသခြင်းအမှုတို့ကိုလည်း မပြုပါလင့်။

လွတ်မြောက်မှုကို အသင်တို့ ခန္ဓာကိုယ်အတွင်းမှာပင် ရှာဖွေကြကုန်လော့။

လူတိုင်းလူတိုင်း ကိုယ့်အကျဉ်းထောင်ကို ကိုယ်ဆောက်တည်နေခြင်းသာ ဖြစ်၏။

(ဘာသာပြန်ဆိုသူ့ အမှာ)

ကျွန်တော်။ ။ "ဦးအရိယဓမ္မဟာ ဒီအစွဲတွေကို ဘယ်ကများရခဲ့ပါလိမ့် ဆရာတော်"

ဆရာတော်။ ။ "အို ဒီအစွဲတွေကို ရခဲ့ယုံတင် ဘယ်ကမလဲကွ၊ သူ့ခမျာ ရဟန်းပြုရတာတောင် လွယ်လွယ်နဲ့ပြုခဲ့ရတာ မဟုတ်ဘူးကွ။ ဘရင်ဂျီဘာသာကနေပြီး ဗုဒ္ဓဘာသာကို ကူးလာခဲ့တဲ့လူ ဆိုတော့ ဗုဒ္ဓဘာသာကို တကယ်တမ်း စွဲလန်း ယုံကြည်တဲ့လူမို့ ခံနိုင်တာပေါ့ကွာ"

ကျွန်တော်။ ။ "ဘာများ လုပ်ခဲ့ရသေးသတဲ့လဲ ဘုရား"

ဆရာတော်။ ။ "အို ဗုဒ္ဓဘာသာကို လိုလားသူအဖြစ် ဖိုးသူတော်ဘဝနဲ့ တနှစ်လောက်နေခဲ့ရတယ်ကွ။ အဲဒီနောက် အရံ ပါတီဝင် သာမဏေအဖြစ်နဲ့ တနှစ်လောက် နေရပြန်တယ်။ အဲဒီလိုနေပြီးမှပါတီဝင်အဖြစ် ရဟန်းပြု ခဲ့ရ သတဲ့ကွ။ ဒီကြား ထဲ နမက္ကာရတွေ၊ ပရိတ်ကြီးတွေ၊ မေတ္တာပို့တွေ၊ ဂါထာမန္တရားတွေကိုလည်း ကျက်ရ ရွတ်ရ သေးတာပေါ့ကွာ"

ကျွန်တော်။ ။ "သူ ဆရာတော့်ဆီကို ဘယ်ကနေပြီး ဘယ်လိုဆက်မိလို့ ရောက်လာတာလဲ ဘုရာ့"

ဆရာတော်။ ။ "သူက ဖြူးဘက်မှာ ရဟန်းလာပြုတာကွ။ သူက ဗုဒ္ဓအဘိဓမ္မာကို ပါဠိလိုတွေ ဘာတွေထက် အင်္ဂလိပ်လို လေ့လာချင်တဲ့စိတ်က ပိုများနေတော့ အင်္ဂလိပ်ဘာသာနဲ့ ဗုဒ္ဓဘာသာကို လေ့လာနိုင်ဖို့နေရာကို ရှာနေတာပေါ့ကွာ။ အဲဒီတော့ တောင်ငူ လောကုတ္တရာ သိမ်ကုန်းဆရာတော် အရှင်ကုဏ္ဍလက ငါ့ဆီ လွှတ်လိုက်တာနဲ့ရောက်လာတာပဲ"

ကျွန်တော်။ ။ "ဆရာတော် ဦးကုဏ္ဍလနဲ့ ဆရာတော်တို့ အတော်ရင်းနှီးကြလား ဘုရား"

ဆရာတော်။ ။ "အေး၊ ငယ်ငယ်က ရတနာပင်စည်ကျောင်းမှာအတူတူနေခဲ့တယ်။ ကြီးတော့လဲ မန္တလေး မဟာဝိသုဒ္ဓာရုံ တိုက်မှာ စာအတူတူသင်ခဲ့ရတယ်ကွ"

(ရတနာပင်စည်ကျောင်းကား တောင်တွင်းကြီးမြို့၏ အရှေ့မြောက်ဖက် တမိုင်ခန့်တွင်ရှိသည့် တောရကျောင်း ဖြစ်၏။ ယခု ဆရာတော် ရှင်ဥက္ကဋ္ဌ သီတင်းသုံးနေတော်မူသည့် နတ်မှီတောရနှင့် တဖာလုံခန့်ကွာ၏။ တောင်ငူ လောကုတ္တရာ သိမ်ကုန်းဆရာတော် အရှင်ကုဏ္ဍလသည် ကျောက်ကွင်း ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာ ဝါဒ ပြိုင်ပွဲတွင် ဗုဒ္ဓဘာသာ ဘက်မှ နာယက ဆရာတော်အဖြစ်နှင့် တာဝန်ယူခဲ့ပါသည်။ ။ **ဘာသာပြန်ဆိုသူ စကားချပ်**)။

ဤနည်းဖြင့် အရှင်ဥဂ္ဂံသသည်အရှင်အရိယဓမ္မဖြစ်လာခဲ့၏။ သူသည် အရှင်ဥက္ကဋ္ဌထံတွင် ဗုဒ္ဓဘာသာ အယူဝါဒ သာမက ကမ္ဘာတွင် ယနေ့ထင်ရှားကျော်ကြားလျက်ရှိသည့် ဟိန္ဒူ၊ ခရစ်ယာန်၊ မဟာမေဒင် စသည့် ဘာသာကြီးများ နှင့်ဆိုင်ရာ ကျမ်းဂန်များ၊ ခက်ရာခက်ဆစ် အချက်အလက်များကိုပါ အားထက်သန်ရာ လေ့လာဆည်းပူးခဲ့၏။ ထိုအတွင်း ပြည်ခရိုင် ဝက်ထီးကန်အနီး ကျောက်ကွင်းရွာ၌ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ဘာသာတို့ ဝါဒပြိုင်ပွဲကျင်းပရန်ကိစ္စ ပေါ်ပေါက်ခဲ့၏။ ဤကိစ္စ ပေါ်လာသဖြင့် အောင်လံမြို့ ဗုဒ္ဓ သာသနာပြု ကျောင်းမှ ကျောင်းအုပ်ဆရာတော် ဦးဓမ္မာနန္ဒသည် ဆရာတော်အား ဘာသာရေးဝါဒပြိုင်ပွဲဖြစ်ဘို့ရန် အခြေအနေသို့

ဆိုက်ရောက်နေကြောင်း၊ ဆရာတော်ကိုယ်တိုင် ဗုဒ္ဓဘာသာဘက်မှ တာဝန်ယူပြီး ဟောပြောမည်ဆိုလျှင် ဤပြိုင်ပွဲ ဖြစ်မြောက်အောင် စီစဉ်ပေးလိုကြောင်း ကိုယ်တိုင်လာရောက် လျှောက်ထားလေ၏။ ဤအကြောင်းကို ဆရာတော်က ကျောင်းမှ နာယကဆရာတော်များနှင့် ဆရာ၊ ဆရာမများကို ခေါ်ယူပြောပြသောအခါ အားလုံးက ဝမ်းပန်းတသာ ဖြစ်ကြ၏။ အားလုံးက ယခုပွဲသည် ဆရာတော်၏စွမ်းရည်သတ္တိကို ပြရမည့် ပွဲဖြစ်ကြောင်းသိကြ၏။ ဆရာတော်သာ ဗုဒ္ဓဘာသာဘက်မှဝင်၍ ဟောပြောလိုက်လျှင် ဗုဒ္ဓဘာသာဘက်မှ မလွဲမသွေ အောင်ပွဲခံရမည်ကိုလည်း အခိုင်အမာ ယုံကြည်ထားကြ၏။ ထို့ကြောင့် ဝမ်းအသာကြီးသာနေကြခြင်းပင် မဟုတ်တုံလော။

ဤကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသူများအနက် သူများတကာထက် မနေနိုင်မထိုင်နိုင်လောက်အောင်၊ ဣန္ဒြေ မဆည်နိုင်လောက်အောင် ဝမ်းသာနေသူကား အရှင်အရိယဓမ္မပင်ဖြစ်၏။ သူသည် ဆရာတော်အား ...

“ဒီပွဲမှာ တပည့်တော်ပါ ပါပါရစေ။ တပည့်တော်က ခရစ်ယာန်လူထွက်ပါ။ တပည့်တော်ကိုယ်တိုင်က ခရစ်ယာန် ဘာသာ က ထွက်ပြီး ဗုဒ္ဓဘာသာဘက်ကို ဘာကြောင့်ကူးပြောင်းလာရသလဲ ဆိုတာကို ပြန်ပြီးပြောလိုက်ရရင် တပည့်တော် တို့က အနိုင်ရမှာပဲ ဘုရား”

ဆရာတော်။ “အေး၊ ကိုယ်တော်က ခရစ်ယာန်ထဲက ထွက်ပြီး ဗုဒ္ဓဘာသာဖြစ်လာသလို ခရစ်ယာန်ဘက်မှာလည်း ဗုဒ္ဓ ဘာသာ ရဟန်း စာတတ်ပေတတ်တွေက ထွက်ပြီး ဓမ္မဆရာတွေ လုပ်နေကြတာလည်း ရှိသေးတယ်။ ဒါပေမယ့် ကိုယ်တော်နဲ့တော့ သူတို့နဲ့ ရည်ရွယ်ချက်ခြင်း၊ မျှော်မှန်းချက်ခြင်း မတူကြဘူးပေါ့။ ဒီပွဲမှာ ကိုယ်တော့်ကို ဘယ်လောက် ထိအောင် လေ့လာဆည်းပူးမိပြီဆိုတာ သိရအောင် မှတ်တင်ကြည့်ရမှာပေါ့”

ထို့နောက် ဆရာတော်သည် ဝါဒပြိုင်ပွဲသို့ချီတက်ရန် သူ့တပ်ကို သူတာစုပါတော့သည်။ သူ့တပ်ထဲတွင် ပါဝင်သည့် သူများမှာ အရှင်သုတ၊ အရှင်ရေဝတ၊ အရှင်အရိယဓမ္မ၊ တောင်တွင်းကြီးမြို့မှ မြန်မာပညာရှိ ဆရာကြီးဦးကွန့်နှင့် ကျွန်တော် တို့ဖြစ်ကြ၏။ ကျွန်တော်ကား ဟောပြောရန်မဟုတ်။ ဆရာတော်၏ အတွင်းရေးမှူးအနေဖြင့် လိုက်ပါရန် ဖြစ်၏။ သို့နှင့် ဆရာတော်၏တပ်ဖွဲ့သည် တောင်တွင်းကြီးမြို့မှထွက်ခဲ့ကြ၏။ အရှင်အရိယဓမ္မသည် စိတ်အားလည်း အလွန်ထက်သန်၊ ဗုဒ္ဓဘာသာကို သူတပါးကထိပါးပြောဆိုလျှင်လည်း အနည်းငယ်မျှ မခံနိုင်တတ်သဖြင့် ဆရာတော် က သူ့အား တလမ်းလုံး ဒေါသမကြီးရန် သတိပေးခဲ့ရ၏။

ကျောက်ကွင်းဝါဒပြိုင်ပွဲသည် ကျွန်တော်တို့ မျှော်မှန်းခဲ့ကြသည်ထက် ပို၍ ကြီးကျယ်စည်ကား၏။ ထိုပွဲတွင် ကျွန်တော် တို့ မျှော်မှန်းခဲ့ကြသည်ထက် ပို၍ ပြောင်မြောက်သည့် အောင်ပွဲကိုလည်း ဆင်နွှဲနိုင်ခဲ့ကြ၏။ ထို့ကြောင့် ကျွန်တော်တို့ အားလုံး ဝမ်းအမြောက်ကြီးမြောက်ကြ၏။ အရှင်အရိယဓမ္မကား မိုးမမြင်လေမမြင်နိုင်လောက်အောင် ပီတိလှိုင်းဖြင့် ဖုံးလျက် ရှိချေပြီတကား။

သို့ ဝါဒပြိုင်ပွဲမှ ပြန်လာကြပြီးနောက် ဝါဒပြိုင်ပွဲတွင် ဆရာတော်၏ ဘာသာအယူဝါဒရေးဆိုင်ရာ ဗဟုသုတတို့မှာ ဟင်းလေးအိုးကြီးသဖွယ် စားမကုန်ပေးမခန်းနိုင်လောက်အောင် ပြည့်ဝကြောင်း ပိုမို၍ ထင်ရှားသိလာသဖြင့် အရှင်အရိယဓမ္မ သည် ယခင်ကထက်ပင် ဆရာတော်အား ကြည်ညိုအားကိုးလာပြန်ပါသည်။

ထိုအတွင်း ဆရာတော်ဦးလောကနာထ၏ အိန္ဒိယသို့ခြေလျင်ကြွရန် သံဃာ့အဖွဲ့သည် ပေါ်ပေါက်လာခဲ့၏။ အရှင် အရိယဓမ္မသည် ဤအဖွဲ့တွင်လိုက်လိုလှသဖြင့် ဆရာတော်အား အခွင့်ပြုပါရန်လျှောက်ထားရာ ဆရာတော်က လွယ်လင့်တကူနှင့်ပင် အခွင့်ပြုလိုက်ပါသည်။ သို့ရာတွင် အရှင်အရိယဓမ္မသည် များမကြာမီ ပြန်ကြွလာသဖြင့် ကျွန်တော်က သူ့အား ...

“ဦးပဉ္ဇင်း၊ ဘယ့်နှယ်ကြောင့် မလိုက်ဘဲ ပြန်ကြွလာတာတုန်း ဘုရား” ဟု လျှောက်ထားသောအခါ သူက ...

“ဦးပဉ္ဇင်းတို့ ဦးလောကနာထနဲ့ ဝါဒချင်းမတူဘူး။ အဲဒီတော့ တွဲလို့မဖြစ်တာနဲ့ မလိုက်ဘဲ ပြန်လာခဲ့တာပဲ” ဟု ပြန်၍ ဖြေပါသည်။

ထို့နောက် ဆရာတော် အရှင်ဥက္ကဋ္ဌထံမှာပင် ဘာသာရေးဆိုင်ရာ စာပေကျမ်းဂန်တို့ကို လေ့လာပြန်ပါသည်။ ဤကား ဒုတိယအကြိမ်ဖြစ်၏။ ထိုအတွင်း တနေ့၌ ဘုံဘိုင်မြို့ ဗုဒ္ဓဘာသာအသင်းကြီးကိုထူထောင်သူနှင့် ဥက္ကဋ္ဌလည်းဖြစ်သူ ဒေါက်တာနာယားထံမှ ဆရာတော်အား ထိုအသင်းကြီးမှ တည်ဆောက်လှူဒါန်းထားသည့် ဗုဒ္ဓဝိဟာရကျောင်းကြီး၌

ကျောင်းထိုင် ဓမ္မကထိကဆရာတော်အဖြစ်ဖြင့် ကြွရောက်သီတင်းသုံးတော်မူရန် ပင့်စာတစောင် ရောက်ရှိလာပါသည်။ ဆရာတော်မှာ တဖက်မှ ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်များအဖြစ်ဖြင့် မြန်မာပြည်ဒေသ အနှံ့အပြားသို့ စေလွှတ်ရန် သံဃာများအား အင်္ဂလိပ်ဘာသာနှင့် ဗုဒ္ဓဘာသာကျမ်းဂန်တို့ကို ပို့ချခြင်းနှင့် တဖက်ကလည်း ဗြိတိသျှနယ်ချဲ့သမားက သူ့ အင်္ဂလိပ်စာကို တန်ဘိုးကြီးကြီး မြှင့်ထားပြီး လူဂုဏ်တန် လူရည်တတ်တို့ သားသမီးများကိုသာ သင်ကြားစေလျက် ကျောင်းထွက်လျှင် သူ့ကျွန်ဖြစ်အောင် ဖန်တီးနေသည့်စံနစ်ကို တိုက်ဖျက်ရန်၊ ထွန်တုံးကိုစီးပြီး လယ်ကန်သင်းကြိုကန်သင်းကြားတွင် နွားကျောင်းနေကြသည့် ကျေးလက်မှ နွားကျောင်းသားများပါမကျန် အင်္ဂလိပ်ဘာသာကို သင်ပေး၍ ဗြိတိသျှနယ်ချဲ့သမားကို တော်လှန်ကြမည့် တော်လှန်ရေးသမားများဖြစ်လာအောင် ဖန်တီးရန် ဗုဒ္ဓသာသနာပြု အမျိုးသားကျောင်းကြီးကို ဖွင့်လှစ်သင်ကြား ပို့ချခြင်း ဟူသော တာဝန်နှစ်ရပ်ဖြင့် မအားမလပ်နိုင်သောကြောင့် ဒေါက်တာနာယား လူစု၏ဆန္ဒအတိုင်း မကြွနိုင်ချေ။ ထို့ကြောင့် အရှင်အရိယဓမ္မအား ...

"ကဲ ရှင်အရိယဓမ္မ၊ ဟောဒီက ဒေါက်တာနာယားတို့လူစုရဲ့ စာကို ဖတ်ကြည့်စမ်းပါဦး"

အရှင်အရိယဓမ္မသည် စာကိုယူဖတ်ပြီးနောက် အလွန်အားရသဘောကျစွာဖြင့် ...

"ဟာ ဆရာတော်ရဲ့ ပညာဉာဏ်ဂုဏ်သတင်းကိုကြားလို့ ပင့်တာ၊ ဆရာတော်နဲ့ အတော်ဆုံးပဲဘုရား။ ဟိုမှာ ဘာသာပေါင်းစုံနဲ့ ယှဉ်ပြိုင်ဟောရ၊ ပြောရမယ့် အခွင့်အရေးတွေကို ရမှာဘုရား။ ဆရာတော် ကြွသာကြွတော်မူပါ"

ဆရာတော်။ "ကိုယ်တော့်အမြင်နဲ့ ကိုယ်တော်က ကြွစေချင်တာကတော့ ဟုတ်ပါတယ်။ ဒီကျောင်းကြီးနဲ့ ဒီလိုဘာသာရေး အယူအဆတွေရော စာပေတွေကိုပါ လာရောက်သင်ကြားနေကြတဲ့ ဦးပဉ္စင်းတွေအတွက် ဘယ်သူက တာဝန်ယူမှာလဲ။ ပြီးတော့ ကျောက်ကွင်းဝါဒပြိုင်ပွဲကြီး ပြီးကတည်းက ဘာသာရေးဆိုင်ရာ အမေးတွေကို ဖြေရ ရှင်းရ၊ ဟိုကဒီက ပင့်လို့ သွားပြီး ဟောရပြောရနဲ့ နားရတယ်တောင်မရှိဘူး။ အဲဒီတော့ ဒီအလုပ်တွေ တိုးလို့တန်းလန်းနဲ့ ထားလို့မဖြစ်ဘူး ကိုယ်တော်"

အရှင်အရိယဓမ္မ။ "ဒါဖြင့် ဒီကိစ္စကို ဆရာတော် ဘယ်လိုစီမံမလဲ ဘုရား။ မကြွနိုင်ဘူးလို့ဘဲ စာပြန်လိုက်တော့မှာလား"

ဆရာတော်။ "ကိုယ်တိုင်ကြွဖို့ ဆိုတာကတော့ ကိုယ်တော်မြင်တဲ့အတိုင်းပဲ မဖြစ်နိုင်ဘူး။ အိန္ဒိယ ဘုံဘိုင်မြို့ကနေပြီး ဗုဒ္ဓသာသနာကို ပြုဖို့ကလည်း အခွင့်အခါကောင်းတခုပဲ။ အဲဒီတော့ ကိုယ်တော့်ကို တပည့်တော့်ကိုယ်စား လွှတ်လိုက် ချင်တယ်။ ကိုယ်တော် ကြွမလား"

အရှင်အရိယဓမ္မ။ "ဖြစ်ပါ့မလားဆရာတော်။ တပည့်တော်အနေနဲ့အခြားဘာသာတွေနဲ့ပြိုင်လို့ ဖြစ်နိုင်ပါဦးမလား ဘုရား"

ဆရာတော်။ "ဖြစ်နိုင်ပါတယ်။ ကိုယ်တော့်မှာ အခြေခံတော်တော် ကောင်းသွားပြီပဲ။ ရှေ့ဆက်လေ့လာရင် ဖြစ်နိုင်ပါတယ်။ ဘယ့်နှယ်လဲ၊ ကိုယ်တော်သဘောတူရင် ဒေါက်တာနာယားဆီကို ကိုယ်တော့်ကို တပည့်တော်ရဲ့ကိုယ်စားလှယ်အဖြစ်နဲ့ လွှတ်လိုက်မယ်လို့ စာပြန်လိုက်မယ်"

အရှင်အရိယဓမ္မ။ "ဒီကိစ္စနဲ့ပတ်သက်လို့ကတော့ ဆရာတော်ပဲ ဆုံးဖြတ်ပါဘုရား။ တပည့်တော်အနေနဲ့ကတော့ ဆရာတော်က သင့်တော်တယ်၊ ဖြစ်နိုင်လောက်တယ်ဆိုပြီး လွှတ်လိုက်ရင် သွားပါတယ်ဘုရား။ အကူအညီလိုအပ်တဲ့ အခါမှာလည်း ဆရာတော့်ဆီ စာပေးပြီး အကူအညီတောင်းရမှာပေါ့ဘုရား"

ဆရာတော်။ "ဒါတွေကတော့ ဖြစ်နိုင်ပါတယ်။ ကဲ ကိုယ်တော်သွားမယ်ဆိုရင် ဒေါက်တာနာယားဆီကို စာပြန်လိုက်ရုံပဲ"

ဤကဲ့သို့ ပြောပြီးနောက် ဆရာတော်သည် ဒေါက်တာနာယားတို့ထံသို့ သူကိုယ်တိုင် ဘုံဘိုင်မြို့သို့ မကြွနိုင်ကြောင်း၊ သို့ရာတွင် ကိုယ်စားလှယ်တပါးစေလွှတ်သည်ကို လက်ခံမည်ဖြစ်ပါက အရှင်အရိယဓမ္မကို စေလွှတ်မည်ဖြစ်ကြောင်းနှင့် တကွ အရှင်အရိယဓမ္မ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် အခြားလိုအပ်သည့်အချက်အလက်တို့ကို အပြည့်အစုံ ရေးသား၍ စာတစောင် ပြန်ကြားလိုက်ပါသည်။

များမကြာမီအတွင်း ဒေါက်တာနာယားတို့ထံမှ ဆရာတော့်ထံသို့ အရှင်အရိယဓမ္မကိုပင် သူ့ကိုယ်စား စေလွှတ်ဖို့ရန် စာ နှင့်တကွ ခရီးစရိတ် ငွေ ၂၀၀ိ ရောက်ရှိလာရာ ဆရာတော်က အရှင်အရိယဓမ္မအား ခေါ်ကာ

"ကဲ ရှင်အရိယဓမ္မ၊ ဒေါက်တာနာယားတို့ဆီက ကိုယ်တော့်ကို ပင့်တဲ့စာနဲ့ ခရီးစရိတ်ငွေ ၂၀၀ိ တော့ ပို့လိုက်ပြီလေ။ ကိုယ်တော်ကြွဖို့သာ ပြင်စရာရှိတာတွေကို ပြင်ပေတော့"

အရှင်အရိယဓမ္မ။ "တပည့်တော်က ဆရာတော့်တပည့်ပဲဘုရား၊ သွားဆိုချက်ခြင်းထသွားရုံပါပဲ။ ဘာပစ္စည်းမှ သိမ်းစရာ ထည့်စရာ မရှိပါဘူးဘုရား။ တပည့်တော်အနေနဲ့ကတော့ တယ်ပြီးမသွားချင်လှပါဘူး ဘုရား။ ဆရာတော့် အနားမှာပဲ ဆက်ပြီး ပညာဆည်းပူးချင်သေးတာပဲဘုရား"

(အရှင်အရိယဓမ္မကား ဆရာတော့်ထံ၌ ပညာဗဟုသုတဆည်းပူးရာတွင် အားရတင်းတိမ်မှု မရှိသေးချေ။)

ဆရာတော်။ "အို ဒါတွေကတော့ ကိုယ်တော်ဆက်ပြီး လေ့လာရင်ဖြစ်ပါပြီ။ ဒီကိစ္စနဲ့ပတ်သက်လို့တော့ ပူပင်သောက များမနေပါနဲ့ ကိုယ်တော်"

အရှင်အရိယဓမ္မ။ "တင်ပါ့ဘုရား၊ ဆရာတော်က ဒီလိုအမိန့်ရှိပြန်တော့လည်း တပည့်တော် သွားအားရှိပါတယ်။ တပည့်တော်ကို ဆုံးမသွန်သင်စရာရှိရင် အားမနာတမ်း ဆုံးမသွန်သင်ပါဘုရား"

ဆရာတော်။ "ကိုယ်တော့်ကို အထူးသွန်သင်ဆုံးမစရာမရှိပါဘူး။ သီလ (၃)ပါးကိုတော့ လုံအောင်ထိန်းရလိမ့်မယ်။ ဒီ သီလ(၃)ပါးကို ကျကျနနထိန်းနိုင်ရင် ကိုယ်တော်လုပ်ချင်တဲ့ ဗုဒ္ဓသာသနာပြုလုပ်ငန်းဟာ အိန္ဒိယမှာ ထမြောက် အောင် မြင်မှာ အမှန်ပဲ"

အရှင်အရိယဓမ္မ။ "တပည့်တော် စောင့်ထိန်းရမယ့် သီလ(၃)ပါးက ဘာတွေလဲဘုရာ့။ တပည့်တော် ဆရာတော်ပြော သမျှကို လိုက်နာပါ့မယ်ဘုရာ့"

ဆရာတော်။ "ကဲ ကိုယ်တော် မှတ်ထား။ ကိုယ်တော် စောင့်ထိန်းရမယ့် သီလ(၃)ပါးဟာ နံပါတ်(၁)က ဆေးလိပ် မသောက်နဲ့။ နံပါတ်(၂)က စကားနည်းနည်းပြော။ တရားစကားကို လာမေးမှ၊ ဆွေးနွေးမှ၊ လျှောက်ထားမှ ပြောရ ဟောရမယ်။ စည်များလိုပေါ့၊ မတီးဘဲနဲ့မမြည်ရဘူး။ မြည်နေရင် သူ့အထင်သေးတတ်တယ်။ တီးတဲ့အခါကျမှ ပီပီသသ ဟိန်းနေအောင် မြည်ရတယ်။ နောက်ဆုံး နံပါတ်(၃) သီလကတော့ စိတ်ရှည်ရှည်ထားပြီး တရားကို ဆွေးနွေးဟောပြော ရမယ်။ သည်းခံစိတ်မွေးပြီး ဒေါသကို ချုပ်တီးပါ။ ကိုယ်တော့်ကို သူများက ဒေါသ ဖြစ်အောင်၊ ဒေါသဖြစ်ရင်မှားအောင် တို့တာဆိတ်တာတို့ကို မခံနိုင်ဘူး။ သေးငယ်တဲ့ကိစ္စတွေနဲ့ ပတ်သက်ရင် အလျှော့ပေးပါ။ အယူအဆနဲ့ သဘောတရား တို့နဲ့ ပတ်သက်လာရင်တော့ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ရမယ်ပေါ့။ ကဲ တပည့်တော် ပြောတာကို သဘောပေါက်ပြီလား"

အရှင်အရိယဓမ္မ။ "သဘောပေါက်ပါတယ်ဘုရား။ ဆရာတော်က တပည့်တော်မှာရှိတဲ့ ချွတ်ယွင်းချက်တွေကို တကယ့် တပည့်ရင်းတယောက်အနေနဲ့ စေတနာထားပြီး တိတိကျကျ ပွင့်ပွင့်လင်းလင်း ထောက်ပြ ဝေဖန် ပေးတဲ့ အတွက် အလွန်လည်း ကျေးဇူးတင်လှပါတယ် ဘုရား။ တသွေမတိမ်းလည်း လိုက်နာကျင့်သုံးပါ့မယ် ဘုရား"

ဆရာတော်က ဤသို့သွန်သင်စရာရှိတာကို သွန်သင်၊ အကြံဉာဏ်ပေးစရာရှိတာကို အကြံဉာဏ်ပေးပြီးနောက် ဆရာတော် အရှင်အရိယဓမ္မသည် အိန္ဒိယပြည် ဘုံဘိုင်မြို့သို့ ကြွသွားပါသည်။

ဤကဲ့သို့ အိန္ဒိယပြည် ဘုံဘိုင်မြို့ ဗုဒ္ဓဝိဟာရတွင် ကျောင်းထိုင်ဓမ္မကထိကဆရာတော်အဖြစ်ဖြင့် သီတင်းသုံးတော် မူစဉ် အတွင်းမှာ ယခုဤစာအုပ်တွင်ပါဝင်ကြသည့် ဒေါက်တာ အမ် ဘောကာ အမှူးပြုသည့် ပါမောက္ခများ၊ ကုန်သည်ကြီးများ၊ ခရစ်ယာန်ဘုန်းကြီး၊ ဟိန္ဒူဆာဒူးကြီး စသည့် ပုဂ္ဂိုလ်တို့မေးသည့် ဗုဒ္ဓဘာသာ နှင့် ဆိုင်ရာအမေးပုစ္ဆာတို့ကို ဖြေကြားခဲ့ခြင်း ဖြစ်ပါသည်။ သို့ ဗုဒ္ဓဝိဟာရ၌သီတင်းသုံးနေစဉ်အတွင်း ဒေါက်တာနာယား ထံမှ ဆရာတော့်ထံသို့ အရှင်အရိယဓမ္မ စိတ်တို ကြောင်း၊ ဒေါသကြီးကြောင်း တိုင်စာတစောင် ရောက်လာသဖြင့် ဆရာတော်ကသူ့ထံသို့ စာတစောင်ရေးသားပေးပို့ခဲ့ရသေးသည်။ ထို့နောက် အိန္ဒိယပြည် ဘုံဘိုင်မြို့၌ (၂)နှစ်ကျော်မျှ

သီတင်းသုံး၍ ၁၉၃၈ ခုနှစ်လောက်တွင် တောင်တွင်းကြီး ဆရာတော့်ထံတွင် ဘာသာအယူဝါဒမျိုးစုံ ဆိုင်ရာ ပညာဗဟုသုတတို့ကို ဆည်းကပ်လေ့လာပြန်ပါသည်။

သို့ လေ့လာရင်းနှင့် အမေရိကတိုက်သို့ ဗုဒ္ဓသာသနာတော်ကို သွားရောက်ပြုစုလိုသည့် အကြံပေါ်လာပြန်သဖြင့် ထိုစဉ်က အမေရိကပြည်ထောင်စု သမတ ရုစဘဲ့(လ်)(တ်) ထံသို့ "ဒါယကာ သမတကြီးတို့နိုင်ငံသည် ပစ္စည်းဥစ္စာရတနာများ ကြွယ်ဝချမ်းသာသည်ကား မှန်၏။ စက်မှုလုပ်ငန်းနှင့် သိပ္ပံပညာများ ဖွံ့ဖြိုးတိုးတက်၏။ သို့ရာတွင် အလင်းရောင်မဲ့ပြီး အမှောင်ထုဖုံးအုပ်နေသဖြင့် လူသားတို့ ကျင့်အပ်သည့် လူ့ကျင့်ဝတ်၊ နီတိဓမ္မတို့ ခေါင်းပါးသောကြောင့် ရာဇဝတ်ပြစ်မှု များ ကြောက်ဖွယ်လိလိ အမြောက်အများ ကျူးလွန်လျက်ရှိနေကြချေသည်။ ဗုဒ္ဓရှင်တော်မြတ်၏ မေတ္တာကရုဏာ အလင်းရောင်ဖြင့် ဤအမှောင်ထုကို ဖြိုခွင်းပါက ဒါယကာသမတကြီး နိုင်ငံသည် အလွန်တင့်တယ်သာယာသည့် နိုင်ငံကြီးတနိုင်ငံ ဖြစ်လာချေမည်။ ထို့ကြောင့် ဦးပဉ္စင်းသည် ဗုဒ္ဓ၏ သားတော် သာသနာ့ဝန်ထမ်းတို့ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားကို သိမြင်နားလည်သည့်အနေနှင့် လာရောက်၍ ဒါယကာကြီးတို့ပြည်တွင် ဗုဒ္ဓ၏ဓမ္မရောင်ခြည်ကို ထွန်းညှိလိုပါသဖြင့် ဒါယကာသမတကြီးက အခွင့်ပြုနိုင် မပြုနိုင် အကြောင်းပြန်ကြားရန် မေတ္တာရပ်ခံအပ်ပါသည်" ဟူ၍ စာတစောင်ရေးပြီး ပေးပို့လိုက်ရာ သမတရုစဘဲ့(လ်)(တ်) က သာသနာပြုရန် ကြွလိုပါကကြွလာနိုင်ကြောင်း၊ ကန့်ကွက်ပိတ်ပင်စရာ အကြောင်းမရှိကြောင်း စာပြန်လိုက်ပါ သည်။ သမတရုစဘဲ့(လ်)(တ်)၏ ဤပြန်စာကို ဆရာတော်အား အရှင်အရိယဓမ္မက ကပ်လိုက်ရာ ဆရာတော် ၏ ဦးနှောက် သည် ရှုပ်သွားလေ၏။ အရှင်အရိယဓမ္မကို သူ့ဆန္ဒအတိုင်း အမေရိကပြည်သို့ကြွလည်းကြွစေလို၏။ သို့ရာတွင် သူ့ကို ထောက်ပံ့ဖို့ရန် ခရီးစရိတ်ကား တပြားမျှမရှိချေ။

နောက်ဆုံး ဘယ်ကမျှ ရှာကြံ၍ရရန် လမ်းစမမြင်တော့သည်၏ အဆုံး၌ ရန်ကုန်မြို့ ဗုဒ္ဓဘာသာအသင်းမှ ပုဂ္ဂိုလ်ကြီး များထံ ရုစဘဲ့(လ်)(တ်)၏ စာကိုပြပြီး ခရီးစရိတ် အလှူခံရလေတော့သည်။ ၎င်းတို့ထံမှ ခရီးစရိတ်ဖြင့် အမေရိကပြည်သို့ ကြွ၍ ဗုဒ္ဓသာသနာကို ဆင်းဆင်းရဲရဲ ဖွဲ့နဘဲသန်သန်နှင့် ပြုရင်း မက္ကဆီကိုပြည်မှာပင် ပျံလွန်တော် မူကြောင်း သတင်းစကား ကြားရ၏။ ဘယ်နည်းဘယ်ပုံ ပျံလွန်တော်မူသည်ကိုမူ အတိအကျ မသိရပေ။

(စာအုပ်ထဲတွင် ရေးမထားသော်လည်း ဆရာတော် အရှင်ဥက္ကဋ္ဌ၏ စာများကို အမြဲမပြတ်လေ့လာဖတ်ရှုသူများထံမှ ဆရာတော် အရှင်အရိယဓမ္မသည် မက္ကဆီကိုပြည်တွင် လုပ်ကြံခံရ၍ ပျံလွန်တော်မူခြင်းဖြစ်ကြောင်း၊ စီစစ်ရေးမှုအရ ထည့်သွင်း၍မဖြစ်သဖြင့် ချန်လုပ်ထားခဲ့ရခြင်းဖြစ်ကြောင်း ပါးစပ်စကား ကြားသိ မှတ်သားဖူးပါသည်။ အတည် ပြုချက်၊ အထောက်အထား တစုံတရာမရှိသဖြင့် ထိုသတင်း မှန်မမှန် မသိရှိနိုင်ပါ။ **တင်ပြသူ၏ စကားချပ်**)

ဗုဒ္ဓ၏သားတော်မြတ် အာဇာနည် မော်ကွန်းကမ္ပည်းထိုးလောက်သည့် ပုဂ္ဂိုလ်တဆူ ပျံလွန်တော်မူသည်ကို ဘယ်သူမျှ မသိလိုက်ချေ။

တောင်တွင်းဆရာတော် အရှင်ဥက္ကဋ္ဌလည်း လက်ရုံးကောင်းတဆူ ပြုတ်တော်မူရှာချေပြီ။

သို့ရာတွင် အရှင်အရိယဓမ္မအစား ဗုဒ္ဓ၏သားတော် အာဇာနည်ပုဂ္ဂိုလ်ထူးတို့ကား အမြောက်အများ ပေါ်ပေါက်ဆဲ။

တောင်တွင်းကြီးဆရာတော် အရှင်ဥက္ကဋ္ဌ ၌လည်း အရှင်အရိယဓမ္မကိုယ်စား လက်ရုံးကောင်းများ အမြောက်အများ ရရှိဆဲပင်တကား။

ဤကျမ်းငယ်ကို ဘာသာပြန်ဆိုရာတွင် အစစ သင်ပြတော်မူသည့် တောင်တွင်းကြီးဆရာတော် အရှင်ဥက္ကဋ္ဌနှင့် အဖက်ဖက်မှ ကူညီကြသည့် ကိုတင်အောင်နှင့် ကိုခင်မောင်တုတ် (လုပ်သားကောလိပ်) တို့အား ကျေးဇူးတင်ပါကြောင်း မပြော၍ မဖြစ်နိုင်ပါ ဟူလို။

ကိုကိုကြီး (တောင်တွင်းကြီး)

၂၆၊ ၂၊ ၆၇

မေးခွန်းအမှတ် (၁)

ရှိရှိသမျှသောသတ္တဝါအားလုံးသည် အနတ္တသဘောချည်းဖြစ်ခဲ့လျှင် မည်သည့်တရားသည် ဇာတိပဋိသန္ဓေ တဖန်ပြန်၍ နေပါသနည်း။ အကယ်၍ ဝိညာဉ်မရှိခဲ့လျှင် ဇာတိပဋိသန္ဓေသည် အဘယ်နည်းဖြင့် တဖန်ပြန်၍ နေပါသနည်း။ ဗုဒ္ဓ၏ ဝါဒအရ ဇာတိပဋိသန္ဓေ တဖန်ပြန်၍ နေခြင်းသဘောကို အနတ္တ သို့မဟုတ် ဝိညာဉ်မဲ့တရားဒေသနာနှင့်အညီ ရှင်းလင်း ဟောကြားတော်မူပါ ဘုရား။

(**မေးမြန်းလျှောက်ထားသူ – ဒေါက်တာ အေ၊ အမ်၊ ဘေကာ အမ်အေ၊ ပီအိပ်(ချ်)ဒီ၊ ဘားအက်လော၊ ဒီအက်(စ်)စီ၊ ကွယ်လွန်သူ အိန္ဒိယတရားဝန်ကြီးချုပ်ဟောင်း၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဝံသ**။)

ဆရာတော်အရှင်အရိယဝံသ။ ဗုဒ္ဓဝါဒအရ ဇာတိပဋိသန္ဓေ တဖန်ပြန်နေခြင်းသဘောဟာ အလွန်နက်နဲတယ်။ ရှင်းလင်းပြဖို့ရာလည်း ခက်ခဲတယ်။ နားလည်သဘောပေါက်ဖို့လည်း ခဲယဉ်းလှတယ်။ ဟိန္ဒူဝါဒ ဝိညာဉ် ကူးပြောင်းတယ်ဆိုတဲ့ သဘောနဲ့လည်း လုံးလုံးမတူဘူး။ ဒါကြောင့် ဒကာကြီး မှန်တချပ်ကို ယူလာနိုင် ရင်တော့ မှန်ထဲမှာ အရိပ်ထင်လာတဲ့ သူကို ရုတ်တရက် ဇာတိပဋိသန္ဓေအသစ်တဖန်ပြန်လာတဲ့သူအဖြစ်နဲ့ လက်တွေ့ ဥပမာပြပြီးတော့ ရှင်းပြနိုင်ပါလိမ့်မယ်။

ဒေါက်တာ။ (အလွန်အံ့ဩသွားပြီး) အသက်ရှင်လျက်ရှိနေသူတယောက်ကို ဇာတိပဋိသန္ဓေ တဖန်ပြန်ပြီး နေအောင် လုပ်နိုင်ပါ့မလား ဆရာတော်။

ဆရာတော်။ ဗုဒ္ဓရုံရှုထောင့်မှနေပြီး ဒီလိုအသက်ရှင်နေတဲ့လူဟာ ဇာတိပဋိသန္ဓေပြန်နေလို့ ဖြစ်နိုင်တယ်လို့ ပြော ရလိမ့်မယ်။ ဘာပြုလို့လဲဆိုတော့ ဒီ အခုတွေ့မြင်နေရတဲ့ ဒကာကြီးတို့ ဦးပဥ္စင်းတို့ရဲ့ ရုပ်သဏ္ဌာန်တွေမှာ အသွေး အသား၊ အရိုး၊ အကြောဆိုတဲ့ ရုပ်ကလာပ်တွေဟာ မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် ချုပ်ငြိမ်း ပျက်သုဉ်း နေကြလို့ပဲ။ ဒီ သဘောကို ယခု ခေတ်သစ်သိပ္ပံပညာကလည်း ဟုတ်မှန်ကြောင်း ဝန်ခံထားပြီပဲ။

(သို့နှင့် မှန်ယူလာသောအခါ)

ဆရာတော်။ (ဒကာကြီးအားခေါ်ပြီး) ကဲ ဒကာကြီး၊ မှန်ရှေ့မှာ ခဏရပ်ပါဦး။ ပြီးတော့ မှန်ထဲကလူနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကိုလည်း သတိထားပြီး ဖြေပါဦး။ ကဲ ဒကာကြီး၊ မှန်ထဲမှာ ဘယ်သူ့ကိုမြင်သလဲ။

ဒကာကြီး။ မှန်ထဲကလူဟာ တပည့်တော်ပါပဲ ဘုရား။ တခြားသူမဟုတ်ပါဘူး။

ဆရာတော်။ ကဲ ဒါဖြင့်ရင် မှန်ထဲကလူနဲ့ ဒကာကြီးဟာ နှစ်ယောက်လား၊ တယောက်တည်းလား။

ဒကာကြီး။ (ခေတ္တစဉ်းစားနေပြီးနောက်) မှန်ထဲကလူနဲ့တပည့်တော်ဟာ တယောက်တည်းပါပဲ ဆရာတော်။ ဒီလူပါပဲ။ တခြားလူ မဟုတ်ပါဘူး ဆရာတော်။

ဆရာတော်။ ကဲ ဒါဖြင့်ရင် မှန်ထဲကလူက ဘယ်ဘက်ကို မျက်နှာလှည့်ပြီး ဒကာကြီးက ဘယ်ဘက်ကို မျက်နှာလှည့် နေတုန်း။

ဒကာကြီး။ တပည့်တော်က အရှေ့ဘက်ကို မျက်နှာလှည့်ပါတယ်။ မှန်ထဲကလူက အနောက်ဘက်ကို မျက်နှာလှည့် ပါတယ် ဆရာတော်။

ဆရာတော်။ ဒကာကြီးက အရှေ့ဘက်ကိုမျက်နှာမူနေပြီး မှန်ထဲကလူကအနောက်ဘက်ကို မျက်နှာမူနေလို့ရှိရင် ဒကာကြီးနဲ့ အဲဒီမှန်ထဲကလူဟာ တယောက်တည်း၊ တဦးတည်းပဲလို့ ဘယ့်နှယ်လုပ်ပြီး ဒကာကြီး ပြောနိုင်တာလဲ။

ဒကာကြီး။ (အနည်းငယ်အကြံအိုက်သွားပြီး) တပည့်တော်အဖြေကို ပြင်ဖြေပါရစေ ဆရာတော်။

ဆရာတော်။ ဖြေနိုင်ပါတယ်။

ဒကာကြီး။ မှန်ထဲကလူဟာ တပည့်တော်မဟုတ်ပါဘူး။ တပည့်တော်ရဲ့ အရိပ်ပါ ဆရာတော်။

ဆရာတော်။ မှန်ထဲကလူဟာ ဒကာကြီးတော့မဟုတ်ဘူး၊ ဒါပေမယ့် ဒကာကြီးရဲ့ အရိပ်ပဲလို့ဆိုရင် အဲဒီအရိပ်က ဒကာကြီး လုပ်သမျှကို လိုက်လုပ်နိုင်မှာပေါ့။ ဟုတ်ရဲ့လား ဒကာကြီး။

ဒကာကြီး။ မှန်ပါတယ် ဆရာတော်။

ဆရာတော်။ ဒီလို ဒကာကြီးရဲ့အရိပ်မို့လို့ ဒကာကြီးလုပ်သမျှ အကုန်လုံးလိုက်ပြီး လုပ်တယ်လို့ဆိုရင် ဒကာကြီးရဲ့ အရိပ် ထင်မှုပဲဖြစ်တဲ့၊ တနည်းအားဖြင့် ဒကာကြီးရဲ့အရိပ်ပဲဖြစ်တဲ့ ဓာတ်ပုံရှေ့မှာ ဒကာကြီးက လက်ကို မြှောက်လိုက်ရင် ဒကာကြီးဓာတ်ပုံကလည်း လက်ကိုလိုက်ပြီး မြှောက်ပါ့မလား။

ဒကာကြီး။ အရိပ်ထင်ထားတဲ့ ဓာတ်ပုံကတော့ တပည့်တော်လုပ်သလို လိုက်လုပ်မှာမဟုတ်ပါဘူး ဆရာတော်။

ဆရာတော်။ ဒီလိုဆိုရင် လူတယောက်ရဲ့အရိပ်က အဲဒီလူလုပ်သမျှ လိုက်ပြီးလုပ်တယ်ဆိုတဲ့ ဒကာကြီးရဲ့ စကားဟာ မမှန်တော့ဘူးပေါ့။

ဒကာကြီး။ မမှန်ပါဘူး ဆရာတော်။

ဆရာတော်။ ကဲ ဒကာကြီး၊ မှန်ရှေ့မှာခဏ မတ်တတ်ရပ်ပါဦး။ ကဲ ... ဒကာကြီးရဲ့ ညာဘက်လက်ကို မြှောက်ပြီး ပြန်ချ လိုက်ပါဦး။ ကဲ ဒကာကြီး လုပ်သလို မှန်ထဲကလူက လုပ်သလား။

ဒကာကြီး။ လုပ်ပါတယ် ဆရာတော်။

ဆရာတော်။ ကဲ ဒီလို မှန်ထဲကလူဟာ ဒကာကြီးလုပ်သလို လိုက်လုပ်လို့ရှိရင် မှန်ထဲကလူဟာ ဓါတ်ပုံထဲကလူလို ဒကာကြီးရဲ့ အရိပ်ပါပဲ။ ဒကာကြီးက မဟုတ်ပါဘူးလို့ငြင်းနိုင်ပါ့မလား။ ဒကာကြီးက ငြင်းနေမယ်ဆိုရင် ပရိသတ်ထဲက လူတယောက်ကိုခေါ်ပြီး မေးရဦးမှာလား။

ဒကာကြီး။ ခေါ်ဖို့မလိုတော့ပါဘူး ဆရာတော်။ မှန်ထဲကလူဟာ တပည့်တော်ပါပဲလို့ တပည့်တော်ရဲ့အဖြေကို ပြန်ပြင်ဖြေ ပါရစေ ဆရာတော်။

ဆရာတော်။ ကဲ ဦးပဥ္စင်းပြခဲ့တဲ့ အကြောင်းပြချက်တွေအရ မှန်ထဲကလူဟာ တခြားလူမဟုတ်ဘဲ ဒကာကြီးပါပဲလို့ဆိုရင် ဒကာကြီးကို ဦးပဥ္စင်း တမျိုးမေးရဦးမယ်။ တကယ်လို့ မှန်ကို ဦးပဥ္စင်းက တူနဲ့ထုပြီး ခွဲလိုက်ရင် မှန်ထဲကလူဟာ တခါ တည်း ပျောက်ကွယ်သွားလိမ့်မယ်။ အဲဒီလိုပျောက်ကွယ်သွားရင် ဒကာကြီးကောတခါတည်းပျောက်ကွယ်သွားမှာလား။

ဒကာကြီး။ တပည့်တော်ကတော့ ဘယ်ပျောက်ကွယ်သွားပါ့မလဲ ဆရာတော်။

ဆရာတော်။ ဒီလို မှန်ထဲကလူ ပျောက်ကွယ်သွားပါလျက်နဲ့ ဒကာကြီးက ပျောက်ကွယ်မသွားဘူးဆိုလို့ရှိရင် ဒကာကြီးနဲ့ မှန်ထဲကလူဟာ တယောက်တည်းမဟုတ်တော့ဘူး။ တခြားစီပေါ့။

ဒကာကြီး။ တခြားစီလည်း မဟုတ်ပါဘူး ဆရာတော်။ တပည့်တော်တော့ ဆရာတော်ရဲ့မေးခွန်းတွေကို ဖြေကို မဖြေတတ် တော့ပါဘူး ဆရာတော်။ ဆရာတော်ကသာ ဇာတိပဋိသန္ဓေ တဖန်ပြန်နေခြင်းဆိုတဲ့ သဘောကို ပိုပြီး ထင်ထင်ရှားရှား သိမြင်နားလည်အောင် ရှင်းပြပါတော့။

ဆရာတော်။ မှန်ထဲမှာလာထင်တဲ့အရိပ်ဟာ ဗုဒ္ဓအလိုတော်ကျ ဇာတိပဋိသန္ဓေတဖန်ပြန်နေတဲ့သဘောနဲ့ တထပ်တည်းပဲ။ ဟိန္ဒူဝါဒအရ ဝိညာဉ်ကူးပြောင်းတဲ့သဘောနဲ့ လုံးဝမတူဘူး ဆိုတာကိုလည်း ထင်ရှားစေတယ်။ မှန်ထဲကအရိပ်ဟာ ဇာတိ ပဋိသန္ဓေတဖန်ပြန်နေသူသည် ကွယ်လွန်စုတေသူလည်းမဟုတ်၊ သို့သော် အခြားသူလည်းမဟုတ် ဆိုတဲ့ ဗုဒ္ဓရဲ့ စကားနဲ့ လည်း ကိုက်ညီတယ်။ ကဲ ဒီဥပမာကိုကြည့်ပြီးတော့ မှန်ထဲမှာ အရိပ်ထင်တဲ့လူဟာ မှန်ရှေ့မှာရပ်နေတဲ့လူ လည်း မဟုတ်၊ သို့ရာတွင် တခြားသူလည်းမဟုတ် ဆိုတဲ့ စကားကို ဒကာကြီး သဘောပေါက်ပြီ မဟုတ်လား။

သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓကိုယ်တော်တိုင် ပြည့်ပြည့်စုံစုံဟောကြားတော်မူတဲ့ ဗုဒ္ဓရဲ့ဝါဒဟာ ပဋိစ္စသမုပ္ပါဒ်တရားတော် မှာ အခြေတည်ထားတယ်။ ပြီးတော့ အကြောင်းတရားမရှိဘဲနဲ့ အကျိုးတရားဆိုတာ မပေါ်ပေါက်နိုင်ဘူးလို့ အတိ အလင်း မြွက်ဆိုထားတယ်။ ဗုဒ္ဓဝါဒအရ ဇာတိပဋိသန္ဓေ အသစ်တဖန်ပြန်နေခြင်းသဘောနဲ့ ဆိုင်တဲ့ ပြဿနာမှာ ဒီ ပဋိစ္စသမုပ္ပါဒ်တရားကို ပိုပြီးရှင်းလင်းအောင် မှန်ထဲကလူနဲ့ မှန်ရှေ့မှာရပ်နေတဲ့လူတွေကို လက်တွေ့ပြခဲ့ပြီ။ ဒီနေရာမှာ မှန်ရှေ့မှာရပ်နေတဲ့လူက အကြောင်းတရားပဲ။ မှန်ထဲမှာလာထင်တဲ့အရိပ်က အကျိုးတရားပဲ ဒကာကြီး။

တနည်းအားဖြင့်ဆိုရရင် မှန်ထဲကအရိပ်ဟာ မှန်ရှေ့ကလူရဲ့ ဇာတိပဋိသန္ဓေတဖန်ပြန်နေတဲ့လူပဲ။ ဒါပေမယ့် မှန်ထဲက အရိပ်နဲ့ မှန်ရှေ့ကလူဟာ တယောက်တည်းပဲလို့ဆိုရင်မှားလိမ့်မယ်။ ဒီလိုမဆိုနိုင်ပေမယ့် မှန်ထဲကအရိပ်ဟာ မှန်ရှေ့ ကလူ မဟုတ်ဘဲ တခြားလူလို့လည်း မဆိုနိုင်ဘူး။ ဒါကြောင့် ဒီအရိပ်နဲ့ လူဟာ ဘာလဲလို့မေးရင် အခုနက ပြောခဲ့သလို တခုက အကြောင်းတရားဖြစ်ပြီး တခုက အကျိုးတရားဖြစ်ရလိမ့်မယ်လို့ပဲ ဆိုရမယ်။

ဗုဒ္ဓဝါဒအရ ဇာတိပဋိသန္ဓေ အသစ်တဖန်ပြန်နေခြင်းသဘော ပိုပြီး ရှင်းသည်ထက်ရှင်းအောင် သမုတိသစ္စာနဲ့ ပရမတ္ထ သစ္စာ ဆိုတဲ့ တရားနှစ်ပါးကိုလည်း ဆန်းစစ်ဘို့ လိုသေးတယ်။ သမုတိသစ္စာဆိုတာက ဒီကမ္ဘာ လောကကြီးနဲ့တကွ ဘုံ အသီးသီးမှာရှိတဲ့ သတ္တဝါတွေ၊ တရားစုတွေကို မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် စတဲ့ တရားစုနဲ့ မြင်၊ ကြား၊ နမ်း၊ စား၊ တွေ့၊ ထိ၊ ခံစားရတဲ့အတိုင်း အမှန်တကယ် ဟုတ်တယ်လို့ ယူဆထားတဲ့ သစ္စာတရားပဲ။ ဒီသစ္စာတရားအရ အကြင်လူတဦးတယောက်က ငါဟာ ငါတို့ရဲ့ ကုသိုလ် ကောင်းမှုကြောင့် ငါသေလို့ရှိရင် နတ်ဘုံကိုရောက်လိမ့်မယ်လို့ ပြောနိုင်တယ်။ ဒါပေမယ့် ဒီသစ္စာတရားဟာ တကယ့်သစ္စာတရားမဟုတ်ဘူး။ လူ၊ နတ်၊ ဗြဟ္မာ ဆိုတဲ့ ပုဂ္ဂိုလ်တဦးဦး ဟာ တကယ်သာတည်ရှိမယ်ဆိုရင် အဲဒီ ခန္ဓာကိုယ်ရုပ်ကောင်ကြီးဟာ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ရမယ်။ မအိုရဘူး၊ မနာရဘူး၊ မသေရဘူး။ တကယ်လို့ ဒီခန္ဓာကိုယ်ရုပ်ကောင်တိုင်းမှာ မူလဗီဇကတည်းက အိုမင်းခြင်း၊ ပျက်စီးခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ သဘောတွေပါလာကြတယ်ဆိုရင် ဒီတရားစုတွေဟာ အနိစ္စပေါ့။ မမြဲဘူး။ အိုမင်းခြင်း၊ နာဖျား ခြင်း၊ သေဆုံးခြင်း ဆိုတာတွေကလည်း ဒုက္ခ ဆင်းရဲခြင်းပေါ့။ နောက်ဆုံး မအိုအောင်၊ မနာအောင်၊ မသေအောင် မလုပ်နိုင်ဘူး ဆိုတာတွေကလည်း အနတ္တပဲ။ ဘာမျှ အနှစ်သာရမရှိတဲ့သဘောပဲ။

ပရမတ္ထသစ္စာကမှ တကယ့် သစ္စာတရားဖြစ်တယ်။ ဒီတရားအရ ဘယ်ခန္ဓာကိုယ်ရုပ်ကောင်မှ မရှိဘူး။ ဘယ်ကမ္ဘာ၊ ဘယ်ဘုံရယ်လို့မှ မရှိဘူး။ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဆိုတဲ့ ခန္ဓာငါးပါးသာရှိ တယ်။ ဒီခန္ဓာငါးပါးမှအပ အခြားသော သတ္တဝါရယ်လို့မှ မရှိဘူး။ သစ္စာလေးပါးကို မသိမမြင်တဲ့သူ၊ ဒီမြင့်မြတ်တဲ့တရား စုကို အလေးဂရုမပြုသူ၊ နားမလည်သူတို့ကသာ ဒီရုပ်တရားတွေကို ငါ့ရဲ့ ခန္ဓာကိုယ်လို့ စွဲမှတ်ကြတယ်။ ဒီလို ရုပ်တရား တွေကို ငါ့ရဲ့ ခန္ဓာကိုယ်လို့ပဲ စွဲမှတ်ကြသလို ဝေဒနက္ခန္ဓာတို့၊ သညက္ခန္ဓာတို့၊ သင်္ခါရက္ခန္ဓာတို့၊ ဝိညာဏက္ခန္ဓာတို့ကိုလည်း သူ့ပိုင်တရားတွေပဲလို့ စွဲမှတ်ကြတယ်။ ဒီစွဲမှတ်ချက်တွေကို အရင်းခံပြီး အတ္တအစွဲ၊ အတ္တတရားတွေ ပေါ်ပေါက်လာကြ တာပဲ ဒကာကြီးရဲ့။

ဒါကြောင့် ဗုဒ္ဓရဲ့ဝါဒအရ ဇာတိပဋိသန္ဓေ အသစ်တဖန်ပြန်နေခြင်းဆိုတဲ့ သဘောအရ အတိတ်ဘဝက ခန္ဓာငါးပါးဟာ အကြောင်းတရားဖြစ်ပြီး ပစ္စုပ္ပန်ဘဝမှာရှိတဲ့ ခန္ဓာငါးပါးက အကျိုးတရားဖြစ်တယ်။ တဖန် ပစ္စုပ္ပန်ဘဝက ခန္ဓာငါးပါးဟာ အကြောင်းတရားဖြစ်ပြီး ရှေ့အနာဂတ်ဘဝမှာ ဖြစ်ပေါ်လာရမယ့် ခန္ဓာငါးပါးဟာ အကျိုးတရား ဖြစ်ရမယ်။ ဒါပေမယ့် အတိတ်ဘဝက ခန္ဓာငါးပါးတရားတွေနဲ့ ယခု ပစ္စုပ္ပန်ဘဝမှာရှိတဲ့ ခန္ဓာငါးပါးတရားတွေဟာ အတူတူပဲလို့ဆိုရင်မှားမယ်။ တဖန် အတိတ်ဘဝက ခန္ဓာငါးပါးတရားတွေနဲ့ ကင်းလွတ်တဲ့ တခြားခန္ဓာငါးပါး တရားတွေဖြစ်တယ်လို့ဆိုရင်လည်း မမှန်ဘူး။ ဘာပြုလို့လဲဆိုတော့ ယခု ပစ္စုပ္ပန်ဘဝမှာရှိတဲ့ ခန္ဓာငါးပါးတရားတွေနဲ့ အဲဒီ ခန္ဓာငါးပါးတရားစုတို့ရဲ့ လှုပ်ရှားမှု၊ ပြုလုပ်မှုတွေကနေပြီး အနာဂတ်ဘဝမှာ ခန္ဓာငါးပါးတရားတွေ ပေါ်လာ ရမှာကိုး ဒကာကြီးရဲ့။ အဲဒီတော့ ဘယ်တရားဟာ ဇာတိပဋိသန္ဓေ တဖန်ပြန်နေသလဲ ဆိုတဲ့ ပြဿနာဟာ ရှင်းသွားပြီ မဟုတ်လား ဒကာကြီး။

ရူပက္ခန္ဓာတရားတွေ၊ ဝေဒနက္ခန္ဓာတရားတွေ၊ သညက္ခန္ဓာတရားတွေ၊ သင်္ခါရက္ခန္ဓာတရားတွေ၊ ဝိညာဏက္ခန္ဓာ တရားတွေ ဒီတရားတွေထဲက ဘယ်တရားမှ မှန်ထဲကိုဝင်သွားတာ မမြင်ရဘူး။ ဒါပေမယ့် မှန်ရှေ့မှာရပ်နေတဲ့လူကို မှန်ထဲမှာ တထေရာတည်း လုံးဝဥဿုံ အကုန်မြင်နေရတယ်။ မှန်ရှေ့ကလူကဘာလုပ်လုပ်၊ မှန်ထဲကလူက တခုမကျန် တိတိကျကျ အကုန်လိုက်လုပ်တယ်။ ဘယ်လောက် လိုက်လုပ်သလဲဆိုတော့ အနားကကြည့်နေတဲ့ လူကတောင် မှန် ထဲကလူနဲ့ မှန်ရှေ့ကလူဟာ တယောက်တည်းပဲလို့ ပြောရတယ်မဟုတ်လား။ တကယ်တော့ မှန်ထဲကလူနဲ့ မှန်ရှေ့ကလူဟာ တယောက်တည်းလည်း မဟုတ်ဘူး၊ တခြားလူလည်း မဟုတ်ဘူး။ ကဲ ဒကာကြီး၊ ဗုဒ္ဓဝါဒအရ ဇာတိ ပဋိသန္ဓေ အသစ်တဖန်ပြန်နေခြင်းသဘောကို သဘောပေါက်သွားပြီလား။

ဒကာကြီး။ ဆရာတော် လက်တွေ့ဥပမာပေးပြီး ရှင်းလင်းပြတဲ့အတွက်သဘောပေါက်နားလည်ပါပြီ။

ထိုနောက် တရားနာပရိသတ်ထဲမှ ဒကာကြီးတယောက်က ထ၍ ...

ဒီ ဇာတိပဋိသန္ဓေနေခြင်းသဘောနဲ့ပတ်သက်လို့ အခုလို နားလည်သဘောပေါက်အောင်ဟောပြောပြတာကို ဒီတခါ ပထမ ဆုံး ကြားနာရပါတယ်။ ကြားနာရတဲ့အတိုင်းလည်း ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ပါတယ် ဆရာတော်။

ဆရာတော်။ (မေးခွန်းရှင် ဒေါက်တာ အေအမ် ဘေကာ ဘက်လှည့်ကာ) ကဲ ဒကာကြီး၊ ဗုဒ္ဓဝါဒအရ ဇာတိ ပဋိသန္ဓေ တဖန်ပြန်နေတဲ့နေရာမှာ ဝိညာဉ် ဆိုတာတွေ့သေးရဲ့လား၊ တနည်းအားဖြင့် အတ္တဆိုတဲ့တရားကို တွေ့သေး ရဲ့လား။

ဒကာကြီး။ မှန်ပါ၊ ဝိညာဉ်တို့၊ အတ္တတို့ဆိုတဲ့တရားတွေဟာ လူတွေရဲ့စိတ်တွေပေါ်မှာ ဖုံးအုပ်နေတဲ့ အဝိဇ္ဇာတရားကြောင့် တကယ်ရှိတယ်လို့ ထင်မြင်နေကြရတဲ့ တရားတွေပါပဲ ဆရာတော်။ ဒီတရားတွေဟာ ရှေး သမားရိုးကျ ယုံကြည်ယူဆ လာခဲ့ကြတဲ့တရားတွေပါ။ ယခုတော့ ကွယ်ပျောက်ကုန်ပါပြီ ဆရာတော်။ တပည့်တော် မေးတဲ့ မေးခွန်းကို ကျေနပ်ရှင်းလင်းအောင် ဆရာတော် ဟောကြားပြီးပါပြီ။ တပည့်တော်ရဲ့မေးခွန်းကို ဆရာတော်က အနတ္တရဲ့သဘောနဲ့ ရှင်းလင်း အောင် ဖြေဆိုပြီးပါပြီ။ သာဓု ဆရာတော်၊ သာဓု သာဓု။

ပရိသတ်အားလုံးသည် ဆရာတော်၏ဖြေရှင်းချက်ကို သဘောကျသဖြင့် သာဓုအနုမောဒနာ ခေါ်ကြကုန်လေသည်။

မေးခွန်းအမှတ် (၂)

ကံ၏အကျိုးတရားကြောင့် ဇာတိပဋိသန္ဓေ တဖန်ပြန်၍နေရသည် ဟူသောအချက်ကို ရှင်းပြနိုင်ပါမည်လော ဆရာတော်။ ထို ကံ၏အကျိုးတရားသည် အကြင်ပုဂ္ဂိုလ်တဦးတယောက် မစုတေမီ အဘယ်အရပ်၊ အဘယ်ဌာနတွင် တည်ရှိနေပါသနည်း။ ဤ ကံ၏အကျိုးတရားကို ဆရာတော် ပြနိုင်ပါမည်လော။

(ကံ၏အကျိုး ဟူသောစကားနှင့် ကမ္မဝိပါက စကားသည် အတူတူပင်ဖြစ်ပါသည်။ မှတ်ချက်)

(မေးမြန်းလျှောက်ထားသူ – ဒေါက်တာ အေ၊ အမ်၊ ဘေကာ အမ်အေ၊ ပီအိပ်(ချ်)ဒီ၊ ဘားအက်လော၊ ဒီအက်(စ်)စီ၊ ကွယ်လွန်သူ အိန္ဒိယတရားဝန်ကြီးချုပ်ဟောင်း၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ ကံရဲ့ အကျိုးတရား၊ တနည်းအားဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံတို့ရဲ့ အကျိုးတရားဟာ လက်နဲ့ ကိုင်ဖမ်းလို့လည်း မဖြစ်ဘူး၊ မျက်စိနဲ့ကြည့်လို့လည်း မမြင်အပ်ဘူး။ ဒီကံရဲ့ အကျိုးတရား ဆိုတာဟာ ကံဆိုတဲ့ တရားရဲ့ ပင်ကိုယ် အနုသယအားသာလျှင် ဖြစ်တယ်။ အကြောင်းတရား တိုင်းမှာ အကျိုးတရား ရှိတာချည်းပဲ။ အခု ဟောဒီ ပရိသတ်မှာရှိနေတဲ့လူတိုင်းလူတိုင်းဟာ အတိတ်ဘဝက ကံ အကြောင်းတရားကြောင့် စွမ်းရည်သတ္တိအမျိုးမျိုး၊ ဂုဏ်သတ္တိအမျိုးမျိုး၊ စိတ်နေသဘောထားအမျိုးမျိုး၊ အကျင့်စာရိတ္တအမျိုးမျိုး၊ ပတ်ဝန်းကျင် အမျိုးမျိုးနဲ့ ရုပ်လက္ခဏာ အမျိုးမျိုး ကွဲပြားနေကြရတယ်။ ဒါဟာ အတိတ်ဘဝကကံရဲ့ မျက်မြင်အကျိုးတရားတွေပဲ။ ဒီကံတရားရဲ့ အဓိကစေ့ဆော် တိုက်တွန်းမှုဟာ စေတနာနှင့်တကွသော စိတ်ဖြစ်တယ်။ ရိုးရိုးပြောနေဆိုနေကျစကားနဲ့ ပြောရမယ်ဆိုရင်တော့ "ရည်ရွယ်ချက်" လို့ပဲ ခေါ်ရမှာပေါ့။ ယခုမျက်မြင်လောက တရားရုံးတွေမှာလည်း "ရည်ရွယ်ချက်" ကို အဓိကထားပြီး တရားစီရင် နေကြတာပဲ မဟုတ်လား ဒကာကြီး။

ဒကာကြီး။ ယခုမျက်မှောက်ဘဝမှာ တွေ့ကြုံခံစားနေကြရတဲ့ ကံရဲ့အကျိုးကိုတော့ တပည့်တော်တို့ ယုံကြည့်ပါတယ် ဆရာတော်။ ဒီအကျိုးတရားကြောင့် အချို့က လစာတွေ၊ အမြတ်တွေ၊ ဆုတွေရပြီး တချို့ အပြစ်ဒဏ်တွေခံကြရတာ လည်း မျက်မြင်ကိုယ်တွေ့ပါပဲ ဆရာတော်။ ဒါပေမယ့် ယခုမျက်မှောက်ဘဝရဲ့ ကံအကြောင်းတရားကြောင့် အနာဂတ် ဘဝမှာ ဇာတိပဋိသန္ဓေ အသစ်တဖန်ပြန်နေခြင်း ဆိုတာကိုတော့ မယုံကြည်နိုင်ဘဲ ဖြစ်နေပါတယ်ဆရာတော်။ တကယ်လို့ ကံရဲ့အကျိုးတရားကြောင့် ဇာတိပဋိသန္ဓေ တဖန်ပြန်နေရတယ်ဆိုတဲ့သဘောနဲ့ပဲ ယုံကြည်လက်ခံထားဦး တော့ ဒီကံရဲ့အကျိုးတရားဟာ အကြင်သူတဦးတယောက် အသက်ရှင်နေစဉ်ကာလအတွင်း ဦးခေါင်းထဲမှာပဲ ကိန်းဝပ် နေသလား၊ ဦးနှောက်ထဲမှာပဲ ကိန်းဝပ်နေသလား၊ အသည်းနှလုံးထဲမှာပဲ ကိန်းဝပ်နေသလား၊ ဝမ်းဗိုက် ထဲမှာပဲ ကိန်းဝပ်နေသလား၊ လက်တွေထဲမှာပဲ ကိန်းဝပ်နေသလား၊ သွေးအနားမှာပဲ ကိန်းဝပ်နေသလားဆိုတာ သိလိုလှပါတယ် ဆရာတော်။

ဆရာတော်။ အင်း ဒီခက်ခဲနက်နဲတဲ့ပြဿနာကို ပုံပမာနဲ့ရှင်းပြမှပဲ ဒကာကြီးနားလည်သဘောပေါက်မှာဆိုတော့ ကံရဲ့ အကျိုးတရားဟာ အကြင်သူတဦးတယောက် မစုတေမချင်း မည်သည့်နေရာ၊ မည်သည့်ဌာနမှာ ကိန်းဝပ်နေတယ် ဆိုတာ ဥပမာနဲ့ရှင်းပြမယ်။ ကဲ ဒကာကြီး၊ နှလုံးသွင်းပေတော့။

ဥပမာ၊ လူတယောက်ဟာ ညအချိန်စာရေးချင်တယ်တဲ့။ အဲဒီတော့ သူဟာ ဖယောင်းတိုင် တတိုင်ကိုထွန်းတယ်။ ပြီးတော့ စာရွက်တရွက်ကိုယူတယ်။ အဲဒီနောက် မင်အိုးထဲမှာ မင်တံကိုစိုက်ပြီး စာတစောင်ကိုရေးတယ်။ အဲဒီလို စာရေးပြီးတဲ့နောက် သူဟာ မင်အိုးတွေ မင်တံတွေကို သိမ်းပြီးတော့ကာ မီးမှုတ်ပြီးအိပ်လိုက်တယ်။ စိတ်နဲ့ခန္ဓာကိုယ် ဆိုတဲ့ မင်တံနဲ့မင်အိုးကိုလည်း သိမ်းလိုက်ပြီ။ စေတနာနဲ့တူတဲ့ မီးကိုလည်း ငြိမ်းလိုက်ပြီ။ နောက်ဆုံး ကာယကံမှုနဲ့ တူတဲ့ လက်ကလည်း မရေးတော့ဘူး။ ရပ်လိုက်ပြီ။ ဒါပေမယ့် အကျိုးတရားဆိုတဲ့ စာဟာတော့ ဟိုစာရွက်ပေါ်မှာပဲ ရှိ နေတယ် မဟုတ်လား။ အဲဒီအကျိုးတရားဟာ နှစ်ကာလရှည်လျားစွာ တည်ရှိနေဦးမှာပေါ့။ အဲဒီလိုပဲ ကံရဲ့အကျိုးတရား ဟာလည်း ထိုသူသေသည်အထိ တည်ရှိနေပြီး ဇာတိပဋိသန္ဓေ တဖန်ပြန်နေစေတာပေါ့ ဒကာကြီး။

ဒကာကြီး။ ဒီကိစ္စမှာတော့ရေးလိုက်တဲ့စာဟာစာရွက်ပေါ်မှာတင်ပြီးကျန်နေခဲ့တော့ မျက်မြင်ဖြစ်ပြီးရှင်းပါတယ် ဆရာတော်။ ဒါပေမယ့် ကံရဲ့အကျိုးတရား ကိန်းဝပ်တဲ့နေရာဌာနနဲ့ပတ်သက်လို့တော့ မရှင်းသေးဘူး ဆရာတော်။

ဆရာတော်။ ကဲ ဒါဖြင့် ဒကာကြီးကို ဦးပဥ္ဇင်းက မေးရဦးမယ်။ ဒကာကြီး ဖြေပါဦး။

ဒကာကြီး။ မှန်ပါ့၊ ဖြေပါ့မယ် ဆရာတော်။

ဆရာတော်။ လေဟာ ဘယ်နေရာမှာ ကိန်းဝပ်နေသလဲ ဒကာကြီး။

ဒကာကြီး။ ဘယ်နေရာမှာမှ မကိန်းဝပ်ပါဘူး ဆရာတော်။

ဆရာတော်။ လေဟာ ဘယ်နေရာမှာမှ ကိန်းဝပ်မနေသော်လည်း တကယ်ကတော့ ရှိသလိုပဲ ကံရဲ့ အကျိုးတရားဟာလည်း ကိန်းဝပ်တဲ့နေရာမရှိသော်လည်း အကြင်သူတဦးတယောက် စုတေသည်အထိရှိနေပြီး ထိုသူကို ဇာတိပဋိသန္ဓေ တဖန်ပြန်နေစေတယ် ဒကာကြီး။

ဒကာကြီး။ တပည့်တော်ဖြင့် ဆရာတော်အခုပေးတဲ့ဥပမာနဲ့လည်း ဒီပြဿနာကိုရှင်းရှင်းလင်းလင်း နားမလည်သေးပါဘူး ဆရာတော်။ ကံရဲ့အကျိုးတရားကြောင့် ဇာတိပဋိသန္ဓေတဖန်ပြန်နေရတယ် ဆိုတဲ့ သဘောနဲ့ပတ်သက်လို့ မယုံ တဝက်၊ ယုံတဝက် ဖြစ်နေပါသေးတယ်။ အဲဒီတော့ ဒီထက်ထင်ရှားပြတ်သားတဲ့ ဥပမာကို ဆောင်တော်မူပါဦး ဆရာတော်။

ဆရာတော်။ ဒီလို ထင်ရှားပြတ်သားတဲ့ ဥပမာကို ဆောင်ရအောင် ဒကာကြီးကို ဦးပဥ္ဇင်းက ပြန်ပြီး မေးခွန်းထုတ်ရ လိမ့်မယ်။

ဒကာကြီး။ ထုတ်တော်မူပါ ဆရာတော်။

ဆရာတော်။ ဒကာကြီးမှာ ပညာအရည်အချင်းနဲ့ပတ်သက်လို့ ဘွဲ့ဘယ်နှစ်ဘွဲ့ ရှိပါသလဲ။

ဒကာကြီး။ ပညာအရည်အချင်းနဲ့ပတ်သက်လို့ တပည့်တော်ဘွဲ့ ငါးဘွဲ့ရထားပါတယ် ဆရာတော်။

ဆရာတော်။ အဲဒီဘွဲ့တွေကို ပြောပြစမ်းပါဦး ဒကာကြီး။

ဒကာကြီး။ ဒီဘွဲ့တွေကတော့ အမ်အေ၊ ပီအိပ်(ချ်)ဒီ၊ ဒီအက်(စ်)စီ၊ ဒီလစ်(တ်) နဲ့ ဘားအက်(တ်)လော ဘွဲ့များ ဖြစ်ပါတယ် ဆရာတော်။

ဆရာတော်။ ဒီဘွဲ့တွေကိုရအောင် ဒကာကြီး ဘယ်နှစ်နှစ်ကြာအောင် ကြိုးစားရသလဲ။

ဒကာကြီး။ ဒီဘွဲ့အားလုံးကိုရဖို့ရန် အနှစ်သုံးဆယ်လောက်ကြိုးစားခဲ့ရပါတယ် ဆရာတော်။

ဆရာတော်။ အခုနက ဒကာကြီးပြောခဲ့တဲ့ ဘွဲ့ငါးဘွဲ့လုံးဟာ ဒကာကြီးမှာ ရှိသလား။

ဒကာကြီး။ တပည့်တော်မှာ ဒီဘွဲ့ငါးဘွဲ့လုံး ရှိပါတယ် ဆရာတော်။

ဆရာတော်။ ဒကာကြီးမှာ ဒီဘွဲ့ငါးဘွဲ့လုံးနဲ့ ပတ်သက်တဲ့ အရည်အချင်းတွေရှိမယ်ဆိုရင် အဲဒီ အရည်အချင်းတွေထဲက ဒီအက်(စ်)စီဘွဲ့ (သိပ္ပံပညာပါရဂူဘွဲ့) ရဲ့ အရည်အချင်းတွေကို ရွေးထုတ်ပြီးတော့ ဦးပဥ္ဇင်းကို ပြစမ်းပါ။

ဒကာကြီး။ (ခေတ္တခဏမျှစဉ်းစားပြီးနောက်) ဒီသိပ္ပံပညာဘွဲ့နဲ့ပတ်သက်တဲ့လက်မှတ်ကို တပည့်တော် ထုတ်ပြနိုင်ပါတယ် ဆရာတော်။

ဆရာတော်။ ဦးပဥ္ဇင်းက ဒကာကြီးဟာ ဒေါက်တာ အမ်ဘေကာလို့ တိတိကျကျ မပြောနိုင်ဘူး။ အဲဒီတော့ ဒကာကြီးက စာရွက်စာတမ်းတွေ၊ လက်မှတ်တွေကို ထုတ်ပြလို့ အပိုပဲ။ ဦးပဥ္ဇင်းတိတိကျကျလိုချင်တာကတော့ ဒကာကြီးမှာရှိတဲ့ ဒီ သိပ္ပံပညာပါရဂူဘွဲ့နဲ့ဆိုင်ရာ အရည်အချင်းတွေကိုသာ လိုချင်တာပဲ။

ဒကာကြီး။ ဒီလို ဒီဘွဲ့နဲ့ဆိုင်တဲ့ အရည်အချင်းတွေကို သီးသန့်ထုတ်နှုတ်ပြဖို့ကတော့ လုံးဝ မဖြစ်နိုင်ပါဘူး ဆရာတော်။

ဆရာတော်။ ဒကာကြီးပြောတဲ့အတိုင်းဆိုရင်ဒကာကြီးအခုနကပြောခဲ့တဲ့ဘွဲ့ငါးဘွဲ့နဲ့ ပတ်သက်တဲ့အရည်အချင်းတွေ ဒကာကြီးမှာ မရှိဘူးလို့ဘဲ ဦးပဥ္ဇင်း ယူဆရတော့မှာပေါ့။

ဒကာကြီး။ အမှန်ကတော့ တပည့်တော်မှာဒီဘွဲ့ငါးဘွဲ့နဲ့ပတ်သက်တဲ့အရည်အချင်းတွေရှိပါတယ် ဆရာတော်။ ဗြိတိသျှ အစိုးရကတောင် ဒီအရည်အချင်းတွေ တပည့်တော်မှာ ရှိတယ်လို့ အသိအမှတ်ပြုထားပါတယ်။

ဆရာတော်။ ဒကာကြီးက အခုလို အခိုင်အမာပြောရင်ဖြင့် ဒကာကြီးရဲ့အရည်အချင်းတွေဟာ ဒကာကြီးရဲ့ ဦးခေါင်းထဲမှာ ရှိတယ်ပေါ့။

ဒကာကြီး။ ဦးခေါင်းထဲမှာတော့ မရှိပါဘူး ဆရာတော်။

ဆရာတော်။ ဒါဖြင့် အသည်းနှလုံးထဲမှာလား။

ဒကာကြီး။ အသည်းနှလုံးထဲမှာလည်း မဟုတ်ပါဘူး ဆရာတော်။

ဆရာတော်။ ဒါဖြင့် ဝမ်းဗိုက်ထဲမှာလား။

ဒကာကြီး။ ဝမ်းဗိုက်ထဲမှာလည်း မဟုတ်ပါဘူး ဆရာတော်။

ဆရာတော်။ ဒါဖြင့် လက်တွေထဲမှာလား။

ဒကာကြီး။ လက်တွေထဲမှာလည်း မဟုတ်ပါဘူး ဆရာတော်။

ဆရာတော်။ ဒါဖြင့် ဒကာကြီးအနားမှာပဲလား။

ဒကာကြီး။ အနားမှာလည်း မဟုတ်ပါဘူး ဆရာတော်။

ဆရာတော်။ ဒကာကြီးဟာ နှစ်ပေါင်း ၃၀နီးပါး ဒီဘွဲ့ငါးဘွဲ့နဲ့ ပတ်သက်တဲ့အရည်အချင်းတွေနဲ့ ပြည့်စုံအောင်ကြိုးစား လာခဲ့ရတယ်။ ဒီအရည်အချင်းတွေနဲ့ ပြည့်စုံလာတာလည်း နှစ်ပေါင်း ၂၀ နီးပါးရှိပြီ။ ဒီအရည်အချင်းတွေနဲ့ ဒကာကြီး ဟာ တကယ်ပြည့်စုံတယ်ဆိုပြီး ဗြိတိသျှအစိုးရက ဒကာကြီးကို ဥပဒေပညာဆိုင်ရာ ကောလိပ်ကျောင်းမှာ ကျောင်းအုပ်ကြီး ရာထူးကို ပေးအပ်ခဲ့တယ်။ ဒါပေမယ့် ဒကာကြီးဟာ ဒကာကြီးရဲ့ အရည်အချင်းတွေကို ဘယ်မှာသိုလှောင် ထားတယ်ဆိုတာကို ဒကာကြီးမပြောပြနိုင်ဘူး။ ဒီ အရည်အချင်း တွေ ဘယ်မှာ ကိန်းဝပ်နေတယ် ဆိုတာကိုလည်း မပြောပြနိုင်ဘူး။ ဒါတွင်မကဘူး ဒကာကြီးမှာ အခုရှိနေတဲ့ အရည်အချင်းတွေဟာ ယခုမျက်မှောက်ဘဝမှာ ဒကာကြီးရဲ့ အားထုတ်မှု၊ ကြိုးစားမှုတို့မှ ပေါ်ထွက်လာရတဲ့ အကျိုးတရားတွေပဲ။ တနည်းအားဖြင့်ပြောမယ်ဆိုရင် ဒကာကြီးရဲ့ မျက်မှောက်ဘဝကံရဲ့ အကျိုးတရားတွေချည်းပဲ။ ဒီအကျိုးတရားတွေကိုဒကာကြီးဟာ သေသည့်တိုင်အောင်ခံစားရမယ်။ ဒါပေမယ့် ဒကာကြီးဟာ ဒီအကျိုးတရား တွေကို ပြလည်းမပြနိုင်ဘူး။ ဘယ်နေရာမှာ သူတို့ကိန်းဝပ်နေတယ်လို့လည်း မပြောနိုင်ဘူး။ ဒီကံရဲ့အကျိုးတရားဆိုတာ အကြင်သူတဦးတယောက်သေသည်အထိ ထိုသူလုပ်ခဲ့ကိုင်ခဲ့တဲ့ လုပ်ရပ်များ အတိုင်း သူလုပ်ခဲ့တာ ကောင်းရင်လည်း ကောင်းသလို၊ ဆိုးရင်လည်း ဆိုးသလို၊ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို ပေးနေတာပဲ။ ပြီးတော့ အခုဘဝမှာ လုပ်တဲ့လုပ်ရပ်အလိုက် အနာဂတ်ဘဝမှာလည်း ကံရဲ့အကျိုးပေးတရား ကောင်းရင် လည်း ကောင်းမွန်စွာနဲ့ ဇာတိပဋိသန္ဓေ တဖန်ပြန်နေရမယ်။ ဆိုးရင်လည်း ဒုက္ခဆင်းရဲကြီးစွာနဲ့ ဇာတိပဋိသန္ဓေ တဖန် ပြန်နေရမယ်။ ကဲ ဒကာကြီး၊ ဒီ မမြင်အပ်၊ မမြင်နိုင်တဲ့ ကံရဲ့အကျိုးတရားကြောင့် ဇာတိပဋိသန္ဓေ တဖန် ဘယ်လို ပြန်နေရတယ် ဆိုတဲ့သဘောကို နားလည်သွားပြီလား။

ဒကာကြီး။ မှန်ပါ့၊ ဆရာတော်ရဲ့ ဥပမာကြောင့် တပည့်တော် ဒီပြဿနာကို ကောင်းကောင်းကြီး နားလည် သဘော ပေါက်သွားပါပြီ။ ဒီ ကံရဲ့အကျိုးတရားနဲ့ပတ်သက်လို့ တပည့်တော်မှာ သံသယမရှိ၊ ချွင်းချက်မရှိ ယုံကြည်ပါပြီ ဆရာတော်။ ဒါတွင်မကဘူး၊ မှားယွင်းတဲ့ သမရိုးကျ ဖန်ဆင်းရှင်ဝါဒမှားတွေလည်း ပြေပျောက်ကုန်ပါပြီ ဆရာတော်။

ထိုအချိန်တွင် ပရိသတ်ထဲမှ ဖာရစီလူမျိုး ဒကာတယောက်က ထ၍ ...

ဆရာတော်ရဲ့ ကံ၏အကျိုးတရားနဲ့ပတ်သက်တဲ့ အသိဉာဏ်၊ ပညာသားပါတဲ့ဟောပြောမှုကြောင့် အမျိုးမျိုးသော အယူအဆများတွေ၊ သမရိုးကျအမြင်များတွေဟာအားလုံး အမှောင်ထုကိုနေရောင်ခြည်ကခွင်းလိုက်သလို ကွယ်ပျောက်ကုန်ပါပြီ။ ဒီအကြောင်းတရားရှိရင် အကျိုးဟာလည်းမလွဲမသွေရှိရမယ်ဆိုတဲ့ မြင့်မားမှန်ကန်လှတဲ့ ဒေသနာကို ဘယ်သူကမှ မချိုးဖျက်နိုင်ဘူးဆိုတာကိုလည်း တပည့်တော်တို့ အခိုင်အမြဲယုံကြည်ကြပါပြီ ဆရာတော်။

ထိုနောက် ပရိသတ်ထုကြီး တရပ်လုံးက သာဓုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၃)

ဗုဒ္ဓဝါဒအရ ဇာတိပဋိသန္ဓေအသစ်တဖန်ပြန်နေခြင်းသဘောနှင့် ဟိန္ဒူဝါဒအရ ဝိညာဉ်ကူးပြောင်းခြင်းသဘောတို့သည် မည်ကဲ့သို့ ကွဲပြားခြားနားကြသနည်း။

(မေးမြန်းလျှောက်ထားသူ – ဒေါက်တာ အေး၊ အမ်၊ ဘေကာ အမ်အေ၊ ပီအိပ်(ချ်)ဒီ၊ ဘားအက်လော၊ ဒီအက်(စ်)စီ၊ ကွယ်လွန်သူ အိန္ဒိယတရားဝန်ကြီးချုပ်ဟောင်း၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ ဗုဒ္ဓဝါဒအရ ဇာတိပဋိသန္ဓေ တဖန်ပြန်နေခြင်းသဘောဟာ ပဋိစ္စသမုပ္ပါဒ်တရားပေါ်မှာ အခြေတည်တယ်။ ယခုမျက်မှောက်ဘဝမှာ ရှိနေတဲ့ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ဟာ ယခုဘဝမှာပြုလုပ်ခဲ့တဲ့ ကံရဲ့အကျိုး၊ တနည်းအားဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံတို့ရဲ့ အကျိုးတရားဖြင့် အားလုံးပျက်စီးမှ ဇာတိပဋိသန္ဓေဟာ အသစ်တဖန်ပြန်နေတယ်။ ဒီလို ဇာတိပဋိသန္ဓေ အသစ်တဖန်ပြန်နေတဲ့ နေရာမှာ ဘဝဟောင်းက ဒီပြောခဲ့တဲ့ ခန္ဓာတွေထဲက ဘယ်ခန္ဓာမှ ပါမသွားဘူး။ ယခု မျက်မှောက်ဘဝမှာ လုပ်ကိုင်ခဲ့သမျှ ကံတရားတို့ဟာ အကျိုးတရားချည်းပဲ။ ပြီးတော့ ယခု မျက်မှောက်ဘဝမှာ ပြုလုပ်ခဲ့သမျှ၊ လုပ်ကိုင်ခဲ့သမျှ ကံတရားတို့ရဲ့ အကျိုးတရားတွေနဲ့ ဇာတိပဋိသန္ဓေအသစ်တဖန်ပြန်နေရာမှ ပေါ်ပေါက်လာတဲ့ ခန္ဓာငါးပါးတရားတွေဟာ အနာဂတ်ဘဝမှာ မလွဲသာမရှောင်သာ ဖြစ်ပေါ်လာရမယ့် အကျိုးတရားတွေပဲ ဒကာကြီး။

အဝိဇ္ဇာတရားနဲ့ ဥပါဒါန်တရားတို့ရဲ့လောင်းရိပ်အောက်မှာ ပြုလုပ်နေမှု ကာလပတ်လုံး ဒီလုပ်ရပ်များ တနည်းအားဖြင့် ကံတရားများရဲ့ အကျိုးတရားဟာ ဇာတိပဋိသန္ဓေတဖန်ပြန်နေခြင်းဖြစ်တယ်။ တမျိုးပြောမယ်ဆိုရင် အဝိဇ္ဇာနဲ့ ဥပါဒါန် တရားတို့ကို အရင်းခံပြီး လုပ်နေကြသမျှ ကာလပတ်လုံး ဇာတိပဋိသန္ဓေဟာ တဖန်ပြန်နေရမှာချည်းပဲ။ ဒါကြောင့် ဗုဒ္ဓ က ဝိပဿနာတရားကို အကြိုးတကုတ်အားထုတ်ပြီး ဒီ အဝိဇ္ဇာနဲ့ ဥပါဒါန်တရားတွေကို ဖြတ်တောက်ပစ်ရမယ်။ နောက်ဆုံး ကံတရားတွေကို ပယ်ဖျက်ပြီး နောက်ဆုံး နိဗ္ဗာန်ရအောင် ကြိုးစားရမယ်လို့ ဟောတော်မူခဲ့တာပေါ့။ တပည့် တယောက်က ဆရာရဲ့ ပါးစပ်ကရွတ်ဖတ်တဲ့ကဗျာလင်္ကာတွေကို ဆရာက သူ့ပါးစပ်ထဲမှ တပည့်ပါးစပ်ထဲကို ကူးပြောင်း ထည့်ပေးခြင်း မပြုဘဲနဲ့ ရွတ်ဖတ်နိုင်သလိုပဲ ဗုဒ္ဓဝါဒအရ ဇာတိပဋိသန္ဓေဟာလည်း တဖန်ပြန်နေခြင်းဖြစ်တယ်။ တနည်း အားဖြင့်ဆိုရင် မှန်တချပ်ရှေ့မှာရပ်နေတဲ့လူရဲ့ ခန္ဓာငါးပါးထဲမှ ဘယ်ခန္ဓာမှ မှန်ထဲကို ဝင်မသွားဘဲ ထိုလူရဲ့ အရိပ်ဟာ မှန်ထဲမှာ လာထင်သလို ဗုဒ္ဓဝါဒအရ ဇာတိပဋိသန္ဓေဟာလည်း ဘယ်တရားမှ ကူးပြောင်းခြင်းမရှိဘဲနဲ့ အသစ်တဖန် ပြန်နေခြင်း ဖြစ်တယ် ဒကာကြီး။

ဒါကြောင့် ဟိန္ဒူဝါဒအရ ဝိညာဉ်ကူးပြောင်းခြင်းနဲ့ ဗုဒ္ဓဝါဒအရ ဇာတိပဋိသန္ဓေ အသစ်တဖန်ပြန်နေခြင်းတို့ဟာ အလွန်ပင် ကွဲပြားခြားနားတယ်။ ဟိန္ဒူဝါဒအရ အတ္တ သို့မဟုတ် ဝိညာဉ်လို့ခေါ်တဲ့တရားဟာ ချုပ်ငြိမ်းပျက်စီးသွားတဲ့ ယခု မျက်မှောက်ဘဝရဲ့ ခန္ဓာကိုယ်ထဲကနေပြီးတော့ နောင်ဘဝမှာ အသစ်ဖြစ်ပေါ်လာတဲ့ ခန္ဓာကိုယ်ထဲကို ကူးပြောင်းသွားရတယ်တဲ့။ ဒါဟာ ဟိန္ဒူဝါဒကို ထူထောင်တည်ဆောက်နေကြတဲ့ ဗြဟ္မဏတို့ရဲ့ စိတ်ကူးနဲ့ တီထွင်ခဲ့ကြတဲ့ အယူဝါဒပဲ။ ဒီ အယူဝါဒဟာ အခြေအမြစ်မရှိတဲ့ အပေါ်ယံသဘောမျှသာဖြစ်တဲ့ အယူဝါဒပဲ။ ဒါကြောင့် ဒီအတ္တ သို့မဟုတ် ဝိညာဉ်လို့ ခေါ်တဲ့ တရားရဲ့ ဂုဏ်သတ္တိနဲ့ အရည်အချင်းတို့ကို ဘယ်သူကမှ အခုအချိန်အထိ ရှင်းရှင်းလင်းလင်းပြောမပြနိုင်ဘူး။ အသစ်ဖြစ်တဲ့ ခန္ဓာကိုယ်ထဲမှာလည်း ဘယ်နေရာမှာ ဒီအတ္တ သို့မဟုတ် ဝိညာဉ်တရားဟာ တည်ရှိတယ်လို့လည်း ပြော မပြနိုင်ဘူး ဒကာကြီး။

မြွေတကောင်ဟာ သူ့ရဲ့အရေဟောင်းကို ဆွဲထုတ်ပြီး အရေသစ်ထဲမှာ အသစ်တဖန်ပြန်ပြီး ဝင်နေသလို၊ တနည်း အားဖြင့် လူတဦးတယောက်ဟာ သူ့ရဲ့အင်္ကျီဟောင်းကို ချွတ်ပြီး အင်္ကျီအသစ်တထည်ကိုလဲဝတ်ကာ အဲဒီအင်္ကျီအသစ်နဲ့ အလုပ်သွားလုပ်သလို အတ္တ သို့မဟုတ် ဝိညာဉ်ဟာလည်း ခန္ဓာကိုယ်အဟောင်းကိုစွန့်ပြီး ခန္ဓာကိုယ်အသစ်ထဲမှာ ဘဝသစ် တဖန်ပြန်နေတယ်လို့ ဘဂဝါဂီတထဲမှာ (ဗိဿနိုးဘုရားဝင်စားတယ်လို့ ဆိုထားတဲ့) ရှရီခရစ်ရှန ဘုရားက ဟောခဲ့တယ်လို့ ပုရဏ်ကျမ်းပြုဆရာတွေက ရေးသားခဲ့တယ် ဒကာကြီး။

တခါ မဟာဘာရတကျမ်းထဲမှာတော့ အဇ္ဈုန က သူ့ရဲ့ ဝမ်းကွဲညီအစ်ကိုတော်သူ ဒုရိယောဒနကို မသတ်လိုကြောင်း ငြင်းဆန်တဲ့အခါမှာ ရှရီခရစ်ရှနဘုရားက "အဇ္ဈုန၊ အချင်း အဇ္ဈုန သတ်သူရယ်လို့လည်း မရှိဘူး၊ သေသူရယ်လို့လည်း မရှိဘူး။ သင့်ရဲ့ အလွန်ထင်ရှားကျော်ကြားတဲ့ လေးညို့ကိုဆွဲပြီး သင်ရဲ့ အလွန် စွမ်းပကားကြီးမားလှတဲ့ မြားဖြင့် ဒုရိယောဒနကို ပစ်လေလော့" လို့ အမိန့်ရှိတယ်လို့ ရေးသားထားပြန်တယ်။ ဒီစကားနှစ်ခွန်းလုံးဟာ ရှရီခရစ်ရှနဘုရား ကိုယ်တော်မြတ် ဟောခဲ့တဲ့ တရားချည်းပဲတဲ့။ တခုက ဘဂဝါဂီတထဲမှာ ပါတယ်။ တခုက မဟာဘာရတထဲမှာ ပါတယ်။ တခုနဲ့တခုဟာ မကိုက်ညီဘူး။ ဆန့်ကျင်နေတယ်။ အမှန်ကတော့ အခြေအမြစ်မရှိတဲ့ စိတ်ကူးချက်များ၊ ယူဆချက်များ သာ ဖြစ်တယ် ဒကာကြီး။

ဗုဒ္ဓဟောတော်မူခဲ့တဲ့ အဘိဓမ္မာထဲမှာ စိတ်နှင့်စေတသိက် နှစ်ရပ်ပေါင်း နာမ်(၅၃)ပါး၊ အာရုံ (၆)ပါး၊ အာရုံဖြစ်ပွားစေ နိုင်တဲ့ရုပ် (၂၈)ပါး၊ အာရုံထင်ရာ ဒွါရ (၆)ပါး၊ (၆)ဒွါရ မှာ (၆)အာရုံထင်ဟပ်တိုင်း ဖြစ်ပေါ်လာတဲ့ ဝိညာဉ်(၆)ပါး၊ တဏှာ (၆)ပါးနဲ့ ဥပါဒါန် (၄)ပါး၊ အဲဒီ တဏှာနဲ့ ဥပါဒါန်တို့ကို ဖြစ်ပွားစေတဲ့ ရေသောက်မြစ် ဝေဒနာ(၆)ပါး စသည်အားဖြင့် ပိုင်း ခြားထားတယ်။ နာမ်ပိုင်းမှာလည်း စိတ်နှင့် စေတသိက် ၂မျိုးရှိပြီး အာရုံထင်ဟပ်မှု၊ အာရုံခံစားမှုအလိုက် စိတ်အမျိုးမျိုး ခွဲခြားထားသေးတယ်။ အဲဒီဟာတွေကတော့ လောဘ အရင်းခံတဲ့ လောဘမူစိတ် (၈)ပါး၊ ဒေါသအရင်းခံတဲ့ ဒေါသမူ စိတ် (၂)ပါး၊ မောဟအရင်းခံတဲ့ မောဟမူစိတ် (၂)ပါး၊ ပေါင်း (၁၂)ပါးပါပဲ။ ဒီ (၁၂)ပါးသော စိတ်တို့ကို အကုသိုလ်စိတ် လို့ ခေါ်တယ် ဒကာကြီး။

အဲဒါအပြင် အဟိတ်စိတ် (၁၈)ပါး၊ ကာမသောဘဏစိတ်(၂၄)ပါး၊ ရူပစိတ် (၁၅)ပါး၊ အရူပစိတ် (၁၂)ပါး၊ လောကုတ္တရာ စိတ် အကျဉ်း (၈)ပါး၊ အကျယ်(၄၀) စုစုပေါင်း စိတ်အကျဉ်း (၈၉)ပါး ရှိတယ်။ အကျယ်အားဖြင့်ဆိုရင် (၁၂၁)ရှိတယ်။ စိတ်နဲ့ ယှဉ်တွဲနေတဲ့ စေတသိက်တွေကလည်း ဖဿ (တွေ့ထိမှု)၊ ဝေဒနာ (ခံစားမှု)၊ သညာ (မှတ်သားမှု)၊ စေတနာ (စေ့ဆော်မှု)၊ ဧကဂ္ဂတာ (အာရုံစုပေါင်းမှု)၊ ဇီဝိတိန္ဒြိယ (ရုပ်နှင့်နာမ်ကို ရှင်သန်အောင်စောင့်ထိန်းမှု)၊ မနသိကာရ (နှလုံးသွင်းမှု)၊ ဝိတက် (အာရုံကို ရှေ့ရှုစေလွှတ်မှု)၊ ဝိစာရ (အာရုံ၌ဆင်ခြင်မှု)၊ အဓိမောက္ခ (အာရုံကိုဆုံးဖြတ်မှု)၊ ဝိရိယ (လုံ့လပြုမှု)၊ ပီတိ (နှစ်သက်မှု)၊ ဆန္ဒ (ပြုလိုမှု)၊ မောဟ (တွေဝေမှု)၊ အဟိရိက (အကုသိုလ်ကိုမရှက်မှု)၊ အနောတ္တပ္ပ (အကုသိုလ်ကို မကြောက်မှု)၊ ဥဒ္ဓစ္စ (ပျံ့လွင့်မှု)၊ လောဘ (တပ်မက်မှု)၊ ဒိဋ္ဌိ (အယူမှားမှု)၊ မာန (ထောင်လွှားမှု)၊ ဒေါသ (အမျက်ထွက်မှု)၊ ဣဿာ (သူတပါး စည်းစိမ်ကို မနာလိုမှု)၊ မစ္ဆရိယ (မိမိစည်းစိမ်ကို ဝန်တိုမှု)၊ ကုက္ကုစ္စ (ပြုပြီး အကုသိုလ်၊ မပြုမိသော ကုသိုလ်တို့ကြောင့် စိတ်ပင်ပန်းမှု)၊ ထိန (ကိုယ်၏ထိုင်းမှိုင်းမှု)၊ မိဒ္ဓ (စိတ်၏ထိုင်းမှိုင်းမှု)၊ ဝိစိကိစ္ဆာ (သံသယရှိမှု)၊ သဒ္ဓာ (ယုံကြည်မှု)၊ သတိ (မမေ့မှု)၊ ဟိရိ (အကုသိုလ်ပြုရမည်ကိုရှက်မှု)၊ ဩတ္တပ္ပ(အကုသိုလ် ပြုရမည်ကို ကြောက်မှု)၊ အလောဘ (စွန့်လွှတ်မှု)၊ အဒေါသ (ချစ်ခင်မှု)၊ တတြမဇ္ဈတ္တတာ (အလယ်အလတ် သဘော ထားမှု)၊ ကာယပဿဒ္ဓိ (ကိုယ်၏ငြိမ်းအေးမှု)၊ စိတ္တပဿဒ္ဓိ (စိတ်၏ငြိမ်းအေးမှု)၊ ကာယလဟုတာ (ကိုယ်၏ပေါ့ပါးမှု)၊ စိတ္တလဟုတာ (စိတ်၏ပေါ့ပါးမှု)၊ ကာယမုဒုတာ (ကိုယ်၏နူးညံ့မှု)၊ စိတ္တမုဒုတာ (စိတ်၏နူးညံ့မှု)၊ ကာယကမ္မညတာ (ကိုယ်၏အမှု၌ခိုင်ခံ့မှု)၊ စိတ္တကမ္မညတာ (စိတ်၏အမှု၌ခိုင်ခံ့မှု)၊ ကာယပါဂုညတာ (ကိုယ်၏ကျွမ်းကျင်မှု)၊ စိတ္တ ပါဂုညတာ (စိတ်၏ကျွမ်းကျင်မှု)၊ ကာယုဇုကတာ (ကိုယ်၏ဖြောင့်မတ်မှု)၊ စိတ္တုဇုကတာ (စိတ်၏ဖြောင့်မတ်မှု)၊ သမ္မာဝါစာ (မကောင်းတာကို မပြောခြင်း)၊ သမ္မာကမ္မန္တ (မကောင်းသော အလုပ်ကို မလုပ်ခြင်း)၊ သမ္မာအာဇီဝ (ကောင်းစွာ အသက်မွေးခြင်း)၊ ကရုဏာ (ဆင်းရဲသူကို သနားခြင်း)၊ မုဒိတာ (ချမ်းသာမှုရသူတို့အတွက်ဝမ်းမြောက်ခြင်း) အစ ရှိသည်ဖြင့် (၅၂)ပါးရှိတယ် ဒကာကြီး။

ရုပ် အနေအားဖြင့်လည်း မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးလို့ ခေါ်နေကြတဲ့ မဟာဘုတ်လေးပါးနှင့် အရုံရုပ်သေး (၂၄)ပါး၊ ပေါင်း (၂၈)ပါးရှိပြန်တယ်။ အဲဒီပြောခဲ့တဲ့ စိတ် စေတသိက်တွေ၊ ရုပ်တွေကို တူရာတူရာ စုပုံပြီး ဖွဲ့စည်းကြည့် လိုက်တော့ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဆိုတဲ့ ခန္ဓာငါးပါးပဲရတယ်။ အာယတန အားဖြင့် ဖွဲ့ရင် (၁၂)ပါးရှိတယ်။ ဓာတ်အားဖြင့် ဖွဲ့ရင် (၁၈)ပါးရှိတယ်။ အဲဒါတွေ အားလုံးကို အကျဉ်းဆုံး ထပ်ပြီး ချုပ်လိုက်တော့ နာမ်နဲ့ရုပ် (၂)ပါးသာ ရှိတယ်။

အမှန်အားဖြင့် အထက်ပါ ရုပ်နာမ်(၂)ပါး သင်္ခါရတရားတွေဟာ မီးစာနှင့်ဆီကြောင့် တောက်လောင်နေတဲ့ မီးတောက် မီးလျှံလို အဆက်မပြတ် ချုပ်ငြိမ်းနေပြီး အဆက်မပြတ် တောက်လောင်နေတဲ့ တရားမျှသာဖြစ်တယ်။ အစဉ်ထာဝရ

တည်တံ့ခိုင်မြဲနေဖို့ မပြောထားနဲ့၊ မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် ကုဋေတသိန်းခန့် ချုပ်ငြိမ်းပျက်စီးရတဲ့ တရားသာဖြစ်တယ်။ အဲဒီတော့ အတ္တ သို့မဟုတ် ဝိညာဉ်ဆိုတဲ့တရားက ဒီတရားတွေကို ဖန်ဆင်းတယ်၊ ပြဋ္ဌာန်းတယ်၊ ပြုပြင်တယ် ဆိုတာ ဘာမျှ ယုတ္တိယုတ္တာမရှိဘူးဆိုတာ ထင်ရှားနေပြီမဟုတ်လား။ ဒီ အတ္တ သို့မဟုတ် ဝိညာဉ်ဆိုတဲ့ တရားဟာ ရှိလည်း မရှိဘူး။ လူအချို့ရဲ့စိတ်ထဲမှာ ရှိတယ်လို့ ထင်မြင်ယူဆထားတဲ့ တရားမျှသာ ဖြစ်တယ်ဒကာကြီး။

အတ္တ သို့မဟုတ် ဝိညာဉ်နဲ့ဆိုင်ရာ သဘောတရားကို ပဉ္စလက်နှင့် ပရိတ်မန္တာန်ခေတ်အတွင်းမှ ရစ်(ဂ်)ဝေဒကျမ်း၊ သာမ ဝေဒကျမ်း၊ ခုဒ္ဒဂီတကျမ်း၊ အတ္တာရဝေဒကျမ်း စတဲ့ ဟိန္ဒူကျမ်းဂန်တို့ထဲမှာ မတွေ့ရဘူး ဒကာကြီးရဲ့။ ဒါပေမယ့် ကျောက် တုံး၊ ကျောက်ရုပ်တို့ကို ဘုရားအသွင်ထားပြီး ကိုးကွယ်တဲ့ခေတ် နောက်ပိုင်းကျတော့မှ ဗြဟ္မဏတွေက အတ္တဝါဒ သို့မဟုတ် ဝိညာဉ်နဲ့ဆိုင်ရာ သဘောတရားကို ဆွဲသွင်းလာကြတယ်။ ဒီဝါဒအရ ပရမတ္တမ (အမြတ်ဆုံးဘုရားသခင်) ကိုယ်တော်မြတ်ကို ဖန်ဆင်းရှင်အနေနဲ့ မဟုတ်မမှန်ဖန်တီးထားပြီး စကြာဝဠာ တခုလုံး အတွင်းမှာရှိတဲ့ လူ၊ တိရစ္ဆာန် သတ္တဝါ ရှိရှိသမျှတို့ရဲ့ အတ္တတွေဟာ ဒီ ပရမတ္တမကိုယ်တော်မြတ်ရဲ့ ခန္ဓာကိုယ်မှ လွင့်စင်ကျနေတဲ့ မီးပေါက်မီးဖွားတွေ သာဖြစ်တယ်လို့ ဟောကြ၊ ပြောကြ၊ ရေးသားကြတယ်။ ရစ်(ဂ်)ဝေဒ၊ သာမဝေဒ၊ အတ္တာရဝေဒကျမ်းတို့ရဲ့ ပဉ္စလက် ခေတ်အတွင်းက ပဉ္စလက်အတတ်တွေ၊ မန္တာန်အတတ်တွေကို ဖြန့်ချီနေကြတဲ့ ဗြဟ္မဏတွေဟာ ပရမတ္တမကိုယ်တော် မြတ်ရဲ့ ကိုယ်စားလှယ်တော်များအနေနဲ့ အပူဇော် အကန်တော့ခံခဲ့ကြတယ် ဒကာကြီး။ အဲဒါ ဟိန္ဒူအယူဝါဒထဲကို အတ္တ သို့မဟုတ် ဝိညာဉ်ဝါဒကို ထိုးသွင်းလာခဲ့ပုံပဲ ဒကာကြီး။

ဗုဒ္ဓဝါဒအရ ဇာတိပဋိသန္ဓေ တဖန်ပြန်လည်နေခြင်းနှင့် ဟိန္ဒူဝါဒအရ ဝိညာဉ်ကူးပြောင်းခြင်းသဘောတို့ကို ကျကျနန ထင်ထင်ရှားရှားနားလည်သဘောပေါက်ရင် ဒီသဘောတရားနှစ်ခုဟာ တခုနဲ့တခုအဝီစိနဲ့ဘဝဂ်လောက် ကွာခြားလျက် ရှိတာကို တွေ့ရပါလိမ့်မယ်။

ဒေါက်တာ။ ဒီ ဗုဒ္ဓဝါဒအရ ဇာတိပဋိသန္ဓေတဖန်ပြန်နေခြင်းသဘောနဲ့ ဟိန္ဒူဝါဒအရ ဝိညာဉ်ကူးပြောင်းခြင်း သဘောတို့ကို ဆရာတော်က ယခုကဲ့သို့ အခြေအမြစ်ကစပြီး ပြန်လည်ရှင်းပြတော်မူလိုက်တဲ့အတွက် ဒီ ဗြဟ္မဏ တွေဟာ သူတို့ ကိုယ်ကျိုးအတွက် လူတွေအချင်းချင်း ဇာတိတွေကို ခွဲခြားထားသလို ဒီအတ္တဝါဒကိုလည်း တီထွင် ထားကြတယ် ဆိုတာကို တပည့်တော်တို့ ထင်ထင်ရှားရှားကြီး သိမြင်သဘောပေါက်လာကြပါပြီ ဆရာတော်။

ထိုအတွင်း ပရိသတ်ထဲမှ ဒကာကြီးတယောက်က ထ၍ ...

ဆရာတော်ဘုရား၊ တပည့်တော်တို့ကိုယ်တိုင် ဟိန္ဒူဘာသာကိုကိုးကွယ်ကြတယ်ဆိုပေမယ့် တပည့်တော်တို့ကိုအလွန် ကောက်ကျစ်ပါးနပ်လှတဲ့ ဗြဟ္မဏတွေက ဒေဝကျမ်းတွေဟာ သူတို့လိုမြင့်မြတ်တဲ့ ဗြဟ္မဏတွေနဲ့သာဆိုင်တယ်၊ သာမန်လူတွေ မကိုင်ရ၊ မထိရလို့ တင်းတင်းကြပ်ကြပ် တားမြစ်ထားကြတဲ့အတွက် တပည့်တော်တို့ရဲ့ ဟိန္ဒူတရားရဲ့ အခြေခံဖြစ်တဲ့ ဒေဝကျမ်းတွေနဲ့ ပတ်သက်လို့ ဘာမျှနားမလည်ဘဲ ဖြစ်ကြရပါတယ်။ ကနေ့မှပဲ ဆရာတော်က အတ္တဝါဒ ရဲ့ အရင်းအမြစ်ကို ရှင်းလင်းဟောပြောတော်မူလိုက်တဲ့အတွက် တပည့်တော်တို့ဟာ အတ္တနဲ့ ပရမတ္တမတို့နဲ့ ပတ်သက် တဲ့ ပြဿနာကို နားလည်ကြပါတယ် ဘုရား။ ဒါကြောင့် တပည့်တော်တို့ကို ဖိထားတဲ့ သမားရိုးကျ အယူအဆတွေကို ဖယ်ရှားတော်မူလိုက်ပြီး လမ်းမှန်ကို ညွှန်ပြတော်မူလိုက်တဲ့အတွက် ဆရာတော်အား ကျေးဇူး အထူးတင်လှပါတယ် ဘုရား။

ထိုနောက် ပရိသတ်က သာဓုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၄)

နိဗ္ဗာန် ဟူသောတရားသည် တကယ်ပင် ရှိပါသလားဘုရား။ အကယ်၍ ရှိပါက ထိုတရားသည် အဘယ်မှာနည်း။ မည်သည့် တရားနှင့်တူပါသနည်း ဘုရား။

(မေးမြန်းလျှောက်ထားသူ – ဘုံဘိုင်မြို့ ပွဲစားကြီး မစ္စတာလက်(က်)ဒါဝါးလား၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဝံသ။)

ဆရာတော်အရှင်အရိယဝံသ။ ဒကာကြီးရဲ့အမေးပုစ္ဆာဟာ တချက်ခုတ် သုံးချက်ပြတ် မေးခွန်းပဲ၊ ဒကာကြီးရဲ့ မေးခွန်းကို ဖြေရာမှာ ဦးပဥ္စင်းဟာ တာဝန်သုံးခုကို တခါတည်း ထမ်းဆောင်ရလိမ့်မယ်။

ပထမတာဝန်က နိဗ္ဗာန်ဆိုတဲ့တရားဟာ တကယ်ရှိကြောင်း ပြဖို့ဖြစ်တယ်။

ဒုတိယ တာဝန်ကတော့ နိဗ္ဗာန်ဟာ ဘယ်နေရာမှာရှိတယ် ဆိုတာ ပြဖို့ဖြစ်တယ်။

တတိယ တာဝန်ကတော့ နိဗ္ဗာန်ရဲ့ အသွင်အပြင်လက္ခဏာကို ဖော်ထုတ်ပြဖို့ ဖြစ်တယ်။

ပထမဆုံးတာဝန်ဖြစ်တဲ့ နိဗ္ဗာန်ဆိုတဲ့တရားဟာ တကယ်ရှိကြောင်းပြဖို့ရာ ဒကာကြီးကို ဦးပဥ္စင်းက ပြန်ပြီး မေးရလိမ့်ဦး မယ်။ ကဲ ဒကာကြီးကလည်း ဖြေပါဦး။

ဆရာတော်။ ယနေ့ ကမ္ဘာပေါ်မှာ ရှိနေကြတဲ့လူတွေအားလုံးဟာ အသက်တရာထိအောင် နေကြရပါ့မလား။

ဝါးလား။ အသက်တရာထိအောင် နေကြရမှာ မဟုတ်ပါဘူး ဆရာတော်။

ဆရာတော်။ သူတို့တတွေ ဘာဖြစ်ကုန်ကြပါမလဲ ဒကာကြီး။

ဤတွင် ဆရာတော်က သင်ပုန်းပေါ်၌ တဖက်မှ နိဗ္ဗာန်ဟူသောတရား တကယ်တမ်းတည်ရှိနေပုံနှင့် အခြားတဖက်မှ စကြာဝဠာကြီးနှင့်တကွ ဤစကြာဝဠာကြီးပေါ်တွင် ရှိရှိသမျှသော သတ္တဝါတို့၏ မတည်မမြဲဖောက်ပြန်တတ်သည့် သဘောတို့ကို အောက်ပါအတိုင်း နှိုင်းယှဉ်ရေးသားပြပါသည်။

စကြာဝဠာကြီး နှင့်	ဆန့်ကျင်ဘက်နိဗ္ဗာန်
၁။ သေခြင်းတရား ရှိ၏။	၁။ သေခြင်းတရား မရှိ။
၂။ အိုခြင်းတရား ရှိ၏။	၂။ အိုခြင်းတရား မရှိ။
၃။ နာခြင်းတရား ရှိ၏။	၃။ နာခြင်းတရား မရှိ။
၄။ ဒုက္ခနှင့်ဆင်းရဲခြင်း ရှိ၏။	၄။ ဒုက္ခနှင့်ဆင်းရဲခြင်းတို့မှ ကင်းငြိမ်းသည့် တကယ့်ချမ်းသာသုခ ရှိ၏။
၅။ မတည်မြဲ။	၅။ တည်မြဲ၏။
၆။ စိတ်နှင့်ကံတို့၏ ဖန်ဆင်းမှု။	၆။ စိတ်နှင့်ကံတို့က မဖန်ဆင်း။ (အသင်္ခတဓာတ်)
၇။ ပျက်စီး၏။ (အနိစ္စ)	၇။ မပျက်စီးနိုင်။ (နိစ္စ)
၈။ အစအဆုံးရှိ၏။ (အာဒိအန္တ)	၈။ အစအဆုံး မရှိ။ (အနာဒိအန္တ)

စကြာဝဠာကြီး နှင့်	ဆန့်ကျင်ဘက်နိဗ္ဗာန်
၉။ မသန့်ရှင်းချေ။	၉။ သန့်ရှင်း၏။
၁၀။ မွေးဖွားကြရ၏။ (ဇာတိ)	၁၀။ မွေးဖွားကြရခြင်းမရှိ (အဇာတိ)
၁၁။ မသိမမြင်ခြင်း၊ စွဲလမ်းခြင်း၊ လိုချင်တပ်မက်ခြင်း၊ စိတ်ဆိုးခြင်း၊ ကြမ်းတမ်းခြင်း၊ ရန်ငြိုးဖွဲ့ခြင်း စသည့် တရားများ ရှိ၏။ (အဝိဇ္ဇာ၊ ဥပါဒါန်၊ လောဘ၊ ဒေါသ)	၁၁။ ဤတရားများ အားလုံးမှ ကင်းစင်၏။
၁၂။ သံယောဇဉ်ကြိုး (၁၀)ချောင်းဖြင့် နှောင်ဖွဲ့ထား၏။	၁၂။ မည်သည့် သံယောဇဉ်ကြိုးမျှ မရှိ။
၁၃။ အနှောင်အဖွဲ့ ရှိ၏။	၁၃။ လွတ်လပ်၏။
၁၄။ သံသရာအတွင်း၌ ရှိ၏။	၁၄။ သံသရာမှ လွတ်မြောက်၏။
၁၅။ အရသာများ ရှိ၏။	၁၅။ လွတ်မြောက်သည့်အရသာ တခုတည်းသာ ရှိ၏။
၁၆။ အာသာပြေမှု မရှိ။	၁၆။ အာသာပြေလျက် ရှိ၏။
၁၇။ ချိုးနှိမ်၍ ရ၏။ (သံဝရသဘော ရှိ၏)	၁၇။ ချိုးနှိမ်၍ မရ။ (အသံဝရသဘော ရှိ၏)
၁၈။ အကန့်အသတ် ရှိ၏။	၁၈။ အကန့်အသတ် မရှိ
၁၉။ ခံစားခြင်း (ဝေဒနာ)နှင့် တပ်မက်ခြင်း (တဏှာ) တရား တို့ဖြင့် အီနေ၏။	၁၉။ ဝေဒနာနှင့် တဏှာတရားတို့မှ လွတ်မြောက်၏။
၂၀။ တကယ်မရှိ (ပရမတ်မဟုတ်၊ မမြဲ)	၂၀။ တကယ်ရှိ၏။ (ပရမတ်)၊ မြဲ၏။
၂၁။ စကြာဝဠာသည် တကယ်မရှိ	၂၁။ နိဗ္ဗာန်သည် တကယ်ရှိ၏။

ဆရာတော်။ (အထက်ပါအတိုင်း သင်ပုန်းကြီးပေါ်၌ ရေးသားပြပြီးနောက် ...) ကဲ ဒကာကြီး၊ အခု ဦးပဥ္ဇင်း ရေးပြထား တဲ့ ဆန်းစစ်ချက်အရ နိဗ္ဗာန်ဆိုတဲ့တရားဟာ တကယ်တမ်းရှိတယ်ဆိုတာကို လက်ခံနိုင်ရဲ့လား။

ဝါးလား။ နိဗ္ဗာန်ဆိုတဲ့တရားဟာ တကယ်ရှိတယ်ဆိုတဲ့အချက်နဲ့ပတ်သက်လို့ ဆရာတော် ရှင်းပြတဲ့ အချက် အားလုံးကို တပည့်တော်လက်ခံပါတယ်။ ဒါပေမယ့် သတ္တဝါတွေမှာ ဇာတိတရား ချုပ်ငြိမ်းသွားရတယ် ဆိုတဲ့ အချက် ကိုတော့ တပည့်တော် ဦးခေါင်းထဲမှာ မရှင်းသေးဘဲ ဖြစ်နေပါတယ် ဆရာတော်။

ဆရာတော်။ ဒါဖြင့် ဦးပဥ္ဇင်းက ရှင်းပြရသေးတာပေါ့။ ဒကာကြီး၊ မွေးဖွားခြင်း (ဇာတိတရား) ဆိုတာဟာ သေခြင်းရဲ့ အကြောင်းတရားပဲ။ နိဗ္ဗာန်ရောက်ပြီးမှ သတ္တဝါတဦးဦးဟာ ဖွားရဦးမယ်ဆိုရင် ထိုသတ္တဝါဟာ သေရမှာ အမှန်ဖြစ်တယ်။ အဲဒီလို သေခြင်းတရားရှိနေရင် နိဗ္ဗာန်ဟာ မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့တရားတွေ

ချုပ်ငြိမ်းရာတရား မဟုတ်တော့ဘူး။ မြစ်တစင်းဟာ မြစ်ဖျားခံရာဒေသမှာ မွေးဖွားပြီး မြစ်ဝအထိဟာ ဒီမြစ်ရဲ့ တသက်တာဘဝပဲ။ ဒီနည်းအတိုင်းပဲ သတ္တဝါတဦးဦးရဲ့ဘဝတသက်တာဟာ မွေးဖွားတဲ့အခါကစပြီး သေတဲ့အခါမှာ အဆုံးသတ်ရတယ်။ ဒါကြောင့်နိဗ္ဗာန်ဆိုတဲ့ တရားထဲမှာ မွေးဖွားခြင်းဆိုတဲ့ တရားမရှိတော့ဘူး။ မွေးဖွားခြင်းနဲ့ သေခြင်းဟာ ကြိုးတချောင်းထဲပဲ။ အစတဖက်က မွေးဖွားခြင်းဆိုတာဖြစ်ပြီး ကျန်အစတဖက်က သေခြင်းပဲ။ သည့်ပြင် အချက်တချက်လည်း ရှိသေး တယ်။ အဲဒါက မွေးဖွားခြင်းနဲ့ သေခြင်းတို့ဟာ ဒုက္ခတရားတွေလည်းဖြစ်တယ်။ မြဲလည်းမြဲတဲ့တရားတွေ မဟုတ်ကြဘူး ဒကာကြီး။

ဝါးလား။ ဆရာတော်ရဲ့ ရှင်းလင်းချက်ဖြင့် မွေးဖွားခြင်းနဲ့ သေခြင်းတရားတို့အကြောင်းကို တပည့်တော် ရှင်းရှင်းလင်းလင်း နားလည်ပါပြီ ဆရာတော်။ နိဗ္ဗာန်ဆိုတဲ့ တရားဟာလည်း မွေးဖွားခြင်း၊ သေခြင်းဆိုတဲ့ တရားတို့ရဲ့ ကင်းငြိမ်း ရာ ဖြစ်တယ် ဆိုတာကိုလည်း သိမြင်နားလည်ပါပြီ ဆရာတော်။

ဆရာတော်။ အခု ဒကာကြီးက နိဗ္ဗာန်ဆိုတဲ့တရားဟာ အဟုတ်အမှန်ရှိကြောင်းကို ယုံယုံကြည်ကြည်နဲ့ လက်ခံပါပြီ ဆိုတော့ ဦးပဥ္ဇင်းက နိဗ္ဗာန်ဆိုတဲ့တရားဟာ ဘယ်နေရာမှာရှိပါသလဲ ဆိုတဲ့ ဒုတိယအဆင့် မေးခွန်းကို ဖြေကြားရ ဦးမယ်။

အထက်က ဦးပဥ္ဇင်း ရှင်းလင်းပြခဲ့တဲ့ အချက်အလက်များအရ နိဗ္ဗာန်ဆိုတဲ့တရား ကိန်းဝပ်ဖို့ နေရာဌာန ရှိလို့ မဖြစ်တော့ဘူး။ အကယ်၍ နေရာဌာနတခုရှိခဲ့လျှင် ထိုနေရာဌာနရဲ့ မူလဗီဇတရားရှိရမယ်။ မူလဗီဇတရား ရှိတာနဲ့ တပြိုင်နက် ထိုတရားဟာ ပျက်စီးချုပ်ငြိမ်းသွားရမယ်။ အမှန်ကတော့ နိဗ္ဗာန်ဆိုတဲ့တရားဟာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ မဟာဘုတ်ကြီး(၄)ပါးနဲ့ ဘာမျှမပတ်သက်ဘူး။ ကင်းလွတ်တယ်။ ဒီ မဟာဘုတ်ကြီး (၄)ပါးနဲ့ ကင်းလွတ်လိုက်တာနဲ့တပြိုင်နက် ဘာတရားမျှမရှိဘူး။ ဘာရုပ်ဝတ္ထုမျှမရှိဘူး။ ဘာအသွင်သဏ္ဌာန်မှလည်း မရှိဘူး။ ဘယ်နေရာဌာနမှလည်း မရှိဘူး။ ဒီ မဟာဘုတ်ကြီး (၄)ပါး စုပေါင်းဖြစ်ပေါ်ရတဲ့တရားဟူသမျှမှာ ပျက်စီး ချုပ်ငြိမ်းရတာချည်းပဲ။ ဘာပြုလို့လဲ ဆိုတော့ စတင်ဖြစ်ပေါ်ခြင်း (ဇာတိ)၊ တိုးတက်ဖွံ့ဖြိုးခြင်း၊ ပျက်စီးယိုယွင်းခြင်း၊ ချုပ်ငြိမ်းခြင်း ဆိုတဲ့ တရားတွေဟာ ဒီ မဟာဘုတ်ကြီး (၄)ပါးတို့ရဲ့ မူလဗီဇက ပါလာတဲ့ သဘောတွေဖြစ်လို့ပဲ ဒကာကြီး။ ဒါကိုကြည့်ခြင်းအားဖြင့် နိဗ္ဗာန် ဆိုတဲ့တရား တည်ရှိဖို့အတွက် နေရာဌာနဆိုတာ မလိုဘူး ဆိုတဲ့ အချက် ဟာ ထင်ရှားသွားပြီ ဒကာကြီး။

ဝါးလား။ ဒီလို နိဗ္ဗာန်ဆိုတဲ့တရား ကိန်းဝပ်ဖို့ နေရာဌာနရယ်လို့မရှိရင် ဒီတရားဟာ ဘယ်လိုလုပ်ပြီး ရှိနိုင် ပါ့မလဲ ဘုရား။

ဆရာတော်။ ကဲ ဒါဖြင့်ရင် ဒကာကြီးကို ဦးပဥ္ဇင်းက ပြန်မေးရဦးမယ်။

ဝါးလား။ မှန်ပါ့ ဆရာတော်။

ဆရာတော်။ လောကမှာ "ဉာဏ်ပညာ" ဆိုတဲ့တရား ရှိပါသလား ဒကာကြီး။

ဝါးလား။ ရှိပါတယ် ဆရာတော်။

ဆရာတော်။ ဒကာကြီး ဒီ "ဉာဏ်ပညာ" ဆိုတဲ့တရားကို မြင်ဖူးသလား။

ဝါးလား။ မမြင်ဖူးပါဘူး ဆရာတော်။ ဒီတရားဟာ မမြင်နိုင်၊ မမြင်အပ်တဲ့ တရားပါ ဆရာတော်။

ဆရာတော်။ ဒါဖြင့်ရင် ဒီ "ဉာဏ်ပညာ" ဆိုတဲ့တရားဟာ ရှိတယ်လို့ ဒကာကြီး ဘယ်လိုလုပ်ပြီး သိပါသလဲ။

ဝါးလား။ "ဉာဏ်ပညာ" ဆိုတဲ့တရားကို စိတ်အာရုံနဲ့ သညာသဘောနဲ့ သိပါတယ် ဆရာတော်။

ဆရာတော်။ "ဉာဏ်ပညာ" ဆိုတဲ့တရားဟာ အဘယ်အရပ်၊ အဘယ်ဒေသမှာ ကိန်းဝပ်ပါသလဲ ဒကာကြီး။

ဝါးလား။ "ဉာဏ်ပညာ" ဆိုတဲ့တရားဟာ ဘယ်နေရာ၊ ဘယ်ဌာနမှ မကိန်းဝပ်ပါဘူး ဘုရား။ ဒါပေမယ့် ဒီတရားဟာ ပေါ်ပေါက်လိုက်၊ ပျောက်ကွယ်လိုက်၊ တဖန်ပေါ်ပေါက်လိုက်နဲ့ အစဉ်တစိုက် ဖြစ်ပျက်နေပါတယ် ဘုရား။

ဆရာတော်။ “လေ” ဆိုတဲ့ တရားဟာ ရှိသလား။

ဝါးလား။ “လေ” ဆိုတဲ့ တရားဟာရှိပါတယ်။ ဒီ လေဆိုတဲ့တရားမရှိဘဲနဲ့ တပည့်တော်တို့ဟာ အသက်ရှင် မနေနိုင် ပါဘူး ဆရာတော်။

ဆရာတော်။ ဒကာကြီး လေ ကိုမြင်ရသလား။

ဝါးလား။ မမြင်ရပါဘူး ဆရာတော်။ လေဟာ မြင်နိုင်တဲ့တရား မဟုတ်ပါဘူး။

ဆရာတော်။ လေ ဟာရှိတယ်ဆိုတာကို ဘယ်လိုလုပ်ပြီး သိအောင် လုပ်သလဲ ဒကာကြီး။

ဝါးလား။ လေကို တပည့်တော်ရဲ့ခန္ဓာကိုယ်အတွင်းမှာရော၊ အပြင်မှာပါ လေရဲ့အားကို စမ်းသပ် တွေ့ထိခြင်း အားဖြင့် လေဆိုတဲ့တရားဟာ တကယ်ရှိတယ်ဆိုတာ သိရပါတယ် ဆရာတော်။

ဆရာတော်။ ဒါဖြင့် “လေ” ဟာ ဘယ်မှာ ကိန်းဝပ်နေသလဲ ဒကာကြီး။

ဝါးလား။ “ဉာဏ်ပညာ” ဆိုတဲ့တရားလိုပါပဲ ဆရာတော်။ လေဟာလည်း အဆက်မပြတ် ဖြစ်ပေါ် ကွယ်ပျောက် နေတဲ့ တရားပါပဲ ဘုရား။

ဆရာတော်။ “ဉာဏ်ပညာ” တို့၊ “လေ” တို့ဆိုတဲ့တရားတွေဟာ တကယ်တမ်းရှိပါလျက်နဲ့ ဘယ်နေရာ ဘယ်ဒေသမှာ ကိန်းဝပ်လျက်ရှိတယ်လို့ မပြနိုင်သလိုပဲ နိဗ္ဗာန်ဆိုတဲ့ တရားဟာလည်း တကယ်ရှိသော်လည်း ဘယ်နေရာ၊ ဘယ်ဒေသ မှာ ကိန်းဝပ်တယ်လို့ မပြနိုင်ဘူး ဒကာကြီး။ “ဉာဏ်ပညာ” ဆိုတဲ့တရားနဲ့ “လေ” ဆိုတဲ့ တရားတို့ တကယ်တမ်းရှိတယ် ဆိုတာကို အာရုံခံစားခြင်း၊ တွေ့ထိခြင်းဆိုတဲ့ သဘောတို့နဲ့သာ သိနိုင်၊ နားလည်နိုင် သလို နိဗ္ဗာန်ဆိုတဲ့တရားဟာ တကယ်ရှိတယ်ဆိုတာကိုလည်း အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရနေကြတဲ့ ပုဂ္ဂိုလ်များရဲ့ လောကုတ္တရာဉာဏ်၊ အာသဝက္ခယဉာဏ် တို့ဖြင့်သာသိမြင်နားလည်နိုင်တယ်။ ကဲ ဒကာကြီး၊ ကျေနပ်ပြီလား။

ဝါးလား။ ကျေနပ်ပါပြီ ဆရာတော်။ “ဉာဏ်ပညာ” နဲ့ “လေ” ဆိုတဲ့ တရားတွေလိုပဲ နိဗ္ဗာန် ဆိုတဲ့တရားဟာ တကယ်ရှိသော်လည်း ဘယ်နေရာ ဘယ်ဌာနမှာ ကိန်းဝပ်တယ်လို့ ပြလို့မဖြစ်နိုင်တာကိုလည်း သဘောပေါက်ပါပြီ ဆရာတော်။

ဆရာတော်။ ကဲ ဒုတိယပြဿနာ ရှင်းသွားပြီဆိုရင် တတိယပြဿနာဖြစ်တဲ့ နိဗ္ဗာန်ဟာ မည်သည့်တရားနဲ့ တူပါသလဲ ဆိုတဲ့ အချက်ကို ဆက်ရှင်းကြရလိမ့်ဦးမယ်။ နိဗ္ဗာန်ဆိုတဲ့တရားဟာ အထက်က ရှင်းပြခဲ့သလိုပဲ ဒီလောကကြီးနဲ့ သတ္တဝါ၊ အရည်အချင်း၊ အသွင်အပြင်၊ ဂုဏ်လက္ခဏာတို့မှစ၍ ဘယ်ဖက်ကမှ မတူဘဲ လုံးလုံးဆန့်ကျင်နေတဲ့တရား ဖြစ်နေလေ တော့ နိဗ္ဗာန်ကို ယခုတွေ့မြင်နေကြတဲ့ အရာဝတ္ထုတွေ၊ ရုပ်ဝတ္ထုတွေနဲ့ ဘယ်လိုမှ နှိုင်းယှဉ်ပြလို့တော့ မဖြစ်ပေဘူး ဒကာကြီးရဲ့။ ဒါပေမယ့် ဥပမာကလေးတခုနဲ့တော့ ရှင်းပြရလိမ့်မယ်။ ဒကာကြီး နားထောင်ပေတော့။

ဝါးလား။ မှန်ပါ၊ နာလျက်ပါ ဆရာတော်။

ဆရာတော်။ ရှေးက ဘုရင်ကြီးတပါးရှိသတဲ့။ ဒီဘုရင်ကြီးဟာ အခြားဘုရင်အဆူဆူက ကြောက်ရွံ့ရိုသေပြီး လက်ဆောင် ပဏ္ဏာတွေ ကြို့ရလောက်အောင် ဘုန်းတန်ခိုးကြီးသတဲ့။ ရွှေ၊ ငွေ ကျောက်သံပတ္တမြားတွေဆိုတာကလဲ ခန့်မှန်းရေတွက်လို့ မရနိုင်အောင် ပေါသတဲ့။ စစ်သည်အင်အားကလည်း အလွန်ကြီးမားတောင့်တင်းသတဲ့။ သူ့ကို လုပ် ကျွေးပြုစုကြတဲ့ မောင်းမမိဿံကလည်း ထောင်သောင်းမကဘူးတဲ့။ အချက်အပြုတ် အကျော်အမော် တွေကလည်း ရသာမျိုးစုံတဲ့ ခဲဘွယ်ဘောဇဉ် ချိုချဉ် ယမကာတွေကို အမျိုးပေါင်းမရေမတွက်နိုင်အောင် စီမံပြီး ပွဲတော်များ ဆက်သ ကြရသတဲ့။ ဒီလို အမျိုးမျိုးသော စည်းစိမ်ချမ်းသာတွေကို ခံစားစံစားနေရတဲ့ ဘုရင်ကြီးဟာ တနေ့ကျတော့ ကုဋ္ဌနူနာ ရောဂါစွဲကပ်လာသတဲ့။ ဒီရောဂါစွဲကပ်လာတာနဲ့တပြိုင်နက် ဘုရင်ကြီးဟာ အထက်က ပြောခဲ့တဲ့ စည်းစိမ်တွေကိုလည်း မခံစားနိုင်တော့ဘူး။ မောင်းမမိဿံတွေနဲ့လည်း မပျော်ပါးနိုင်တော့ဘူး။ နောက်ဆုံး အာရုံငါးပါးမှာ ဘယ်အာရုံမှ မခံစား နိုင်တော့ဘူး။ ဒီစက်ဆုပ်ရွံရှာဖွယ်ကောင်းလှတဲ့ ရောဂါအတွက် အချိန်ရှိသရွေ့ စိတ်နှလုံး ဆင်းရဲနွမ်းနယ် နေရသတဲ့။ နောက်ဆုံးတော့ ဘုရင်ကြီးဟာ ကျန်းမာရေးနဲ့ ထီးနန်းစည်းစိမ်ကို

လဲပစ်ရသည်အထိ ကျန်းမာအောင် လုပ်မယ် ဆိုပြီး သံန္နိဋ္ဌာန် ချလိုက်သတဲ့။ အဲဒီလို သံန္နိဋ္ဌာန် ချပြီးတဲ့နောက် "ဘယ်သူမဆို သူ၏ရောဂါကို ပျောက်ကင်းအောင် ကုသနိုင် လို့ရှိရင် ထီးနန်းစည်းစိမ်နှင့်တကွ သူ့ရဲ့ရတနာရွှေငွေ တွေကိုပါ ဆုလာဘ်အဖြစ်နဲ့ ရလိမ့်မယ်" လို့ တိုင်းပြည်အတွင်း ကျေညာလိုက်သတဲ့။ သူကိုယ်တိုင်ကတော့ ရောဂါဝေဒနာ ကင်းရှင်းသွားပြီး အရင်ကလို ကျန်းမာလာတာနဲ့တပြိုင်နက် ထီးနန်းကိုစွန့်ပြီး ရသေ့အသွင်နဲ့ တောရမှီးနေတော့မယ် လို့ စိတ်ကိုပိုင်းဖြတ်ထားသတဲ့။ ဒီလိုကျေညာလိုက်တော့ တိုင်းပြည်အတွင်း အလွန် နာမည်ထင်ရှား ကျော်ကြားလှတဲ့ သမားတော်ကြီးတွေဟာ ဘုရင့်ရောဂါကို လာရောက်ကုသ ကြသတဲ့။ ဒါပေမယ့် သမားတော်ကြီးများစွာဟာ ဘုရင်ကြီးရဲ့ရောဂါကို ပျောက်ကင်းအောင် မကုသနိုင်ကြရှာဘူးတဲ့။ နောက်ဆုံး သမားတော်ကြီးတဆူရောက်လာပြီး ဘုရင်ကြီးရဲ့ရောဂါကို "သုံးလနဲ့ပျောက်ကင်းအောင် ကုသနိုင်ပါတယ်၊ တကယ်လို့ သုံးလနဲ့ပျောက်ကင်းရင် အရှင်မင်းမြတ် ကတိထားတော်မူတဲ့အတိုင်း ထီးနန်းကိုသာပေးပါ။ မပျောက်ရင် ကျွန်တော်မျိုးရဲ့ ဦးခေါင်းကို ဖြတ်ပစ်ပါဘုရား" လို့ လျှောက်ထားပြီး ကုသ သတဲ့။

ဒီသမားတော်ကြီးဟာ တကယ့်ကို ကျွမ်းကျင်တတ်မြောက်တဲ့ သမားတော်ကြီးဆိုတော့ ပြောတဲ့အတိုင်းပဲ သုံးလလည်း ကြာရော ဘုရင်ကြီးဟာ ပကတိအတိုင်းကျန်းမာသွားသတဲ့။ ရောဂါနဲ့ပတ်သက်လို့ ဘာအငုတ်အရင်းမှ မရှိတော့ဘူးတဲ့၊ ဒါနဲ့ ဘုရင်ကြီးက သူ့ကတိအတိုင်း ထီးနန်းနှင့်တကွ ရတနာရွှေငွေတွေကို သမားတော်ကြီး လက်ထဲအပ်ပြီး တောထွက် ကာ ရသေ့ဘဝနဲ့ သစ်တပင်ရင်း ဝါးတပင်အောက်မှာ ကျောင်းသင်္ခမ်းကလေးဆောက်ပြီး တရားကျင့်နေသတဲ့။ သူ့ရဲ့ စိတ်ဓာတ်ဟာလည်း ချမ်းသာသုခနဲ့ အလွန်ပြည့်စုံနေသတဲ့။ ဒီတော့ ဘုရင်ကြီးဟာ ထီးနန်းစည်းစိမ်နဲ့တကွ ရတနာ ရွှေငွေတွေထက် ကျန်းမာရေးဟာ တကယ်ကျတော့ တယ်ပြီး အဘိုးတန် ပါကလား လို့ ကိုယ်တွေ့သိမြင်နားလည်လာပြီး "အော် … လောကတွင် ကျန်းမာခြင်းထက် အဘိုးတန်တဲ့ ရတနာကား မရှိချေ တကား" လို့ ဥဒါန်းကျူးလိုက်သတဲ့။

(ထိုနောက် ဆရာတော်က မစ္စတာ လက်ကဒါ ဝါးလားအား …)

ကဲ ဒကာကြီး၊ တကယ်ပဲ ကျန်းမာခြင်းဆိုတဲ့ တရားဟာ ဒီဘုရင်ကြီး ဥဒါန်းကျူးသလို လူတဦးတယောက်အား စိတ်ဓာတ်အားဖြင့် ချမ်းသာသုခနဲ့ ပြည့်စုံအောင် ဖန်တီးနိုင်ရဲ့လား။ ဒီတရားဟာ အမှန်ကော ရှိရဲ့လား။

ဝါးလား။ ဒီဘုရင်ကြီးပြောသလို တကယ်ပဲ လူတွေရဲ့ စိတ်ဓာတ်ကို ချမ်းသာသုခပေးနိုင်တဲ့ အဘိုးဖြတ်လို့မရ ကောင်းတဲ့ ကျန်းမာခြင်းဆိုတဲ့တရားရှိကြောင်းကို ကိုယ်တိုင်အတွေ့အကြုံနဲ့ ဝန်ခံပါတယ် ဆရာတော်။

ဆရာတော်။ ကဲ ဒါဖြင့် ဒီကျန်းမာခြင်းဆိုတဲ့တရားဟာ ဘယ်လို ပုံပန်းသဏ္ဌာန်ရှိတယ်ဆိုတာကို ဒကာကြီး ပြောပြနိုင် ပါ့မလား။

ဝါးလား။ ဒီကျန်းမာခြင်းဆိုတဲ့တရားမှာ အသွင်သဏ္ဌာန် ရုပ်ဒြပ်ရယ်လို့ မျက်စိနဲ့ကြည့်လို့တော့ မမြင်ရပါဘူး ဘုရား။ ဒါပေမယ့် ဒီတရားရဲ့ အကျိုးကျေးဇူးကိုတော့ ဘယ်သူမျှ မငြင်းပယ်နိုင်ပါဘူး ဘုရား။

ဆရာတော်။ အဲ ဒကာကြီး ပြောတဲ့အတိုင်း ကျန်းမာခြင်းဆိုတဲ့တရားဟာ တကယ်ရှိပြီး ဒီတရားရဲ့ အကျိုးကျေးဇူးကို လူသားတွေဟာ ခံစားနေရသော်လည်း ဘယ်သူကမျှ ကျန်းမာခြင်းဆိုတဲ့တရားဟာ ဘာနဲ့တူတယ်၊ ဘယ်လိုကိုင်တွယ် စမ်းသပ်လို့ရတယ်၊ ဘယ်လိုအဘိုးတန်တယ်ဆိုတာကို ကိုင်တွယ်ပြသလို့ မဖြစ်သလိုဘဲ နိဗ္ဗာန်ဆိုတဲ့တရားဟာလည်း စကြာဝဠာကြီးအတွင်းမှာရှိတဲ့ သတ္တဝါအနန္တတို့ ခံစားနေကြရတဲ့ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း ဆိုတဲ့ ဆင်းရဲဒုက္ခတွေနဲ့တကွ အခြားဒုက္ခတွေကပါ လွတ်ငြိမ်းအောင် ဖန်တီးနိုင်တာ ကတော့မှန်ပါတယ်။ ဒါပေမယ့် ဒီ နိဗ္ဗာန်ဆိုတဲ့တရားဟာ ဖြူတယ်၊ ဝါတယ်၊ နီတယ်၊ ညိုတယ်လို့လည်း ပြောပြလို့ မဖြစ်နိုင်ဘူး။ လုံးတယ်၊ ပြားတယ်၊ ရှည်တယ်၊ တိုတယ်လို့လည်း ပြောပြလို့ မဖြစ်ဘူး။ ဒီတရားကို ရတဲ့လူမှပဲ ကိုယ်တိုင်တွေ့ကြုံခံစားပြီး သိအပ်တဲ့ တရားပဲ ဒကာကြီးရဲ့။ ကဲ နိဗ္ဗာန်ဟာ ဘယ်လိုအဆင်းသဏ္ဌာန်နဲ့ ပြည့်စုံသလဲ ဆိုတဲ့ ဒကာကြီးရဲ့ ပုစ္ဆာနဲ့ပတ်သက်ပြီး ဒကာကြီး ရှင်းသွားပြီလား။

ဝါးလား။ မှန်ပါ၊ ဆရာတော် ယခုပြလိုက်တဲ့ ဥပမာနဲ့ပဲ ရှင်းသွားပါပြီ ဆရာတော်။

ထိုနောက် တရားနာပရိသတ်က သာဓုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၅)

အသိဉာဏ်သည် ဦးနှောက်ထဲတွင်မရှိဘဲ ဟဒယရုပ်ဝတ္ထုထဲ၌သာရှိသည် ဟူသောအချက်ကို ဆရာတော် ထင်ထင်ရှားရှား ပြတော်မူပါ ဘုရား

(မေးမြန်းလျှောက်ထားသူ – ပါမောက္ခ ဂျေ၊ အမ်၊ ဖော့စတာ၊ အမ်အေ၊ အမ်အက်(စ်)စီ၊ ဘုံဘိုင်တက္ကသိုလ်မှ သိပ္ပံပညာ ပါမောက္ခ၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဝံသ။)

(ဆရာတော်က သူ၏ပုစ္ဆာအတွက် အဖြေကို ဖော်ထုတ်ရန် ပါမောက္ခ ဂျေ၊ အမ်၊ ဖော့စတာအား အောက်ပါမေးခွန်းကို ပြန်လှန်၍ မေးပါသည်။)

ဆရာတော်အရှင်အရိယဝံသ။ အသိဉာဏ်ဟာ ဦးနှောက်ထဲတွင်ရှိသည်ဟူ၍ ဒကာကြီး အဘယ်ကြောင့် ယူဆပါသလဲ။

ဖော့စတာ။ ယခုကမ္ဘာမှာ ထိပ်တန်းရောက်နေတဲ့ ဆေးသိပ္ပံအရ ဦးနှောက်ခွဲကို ခွဲခြမ်းစိတ်ဖြာကြည့်တော့ အသိဉာဏ်ဟာ ဦးနှောက်ခွံမှာ ဆုံးတဲ့ အကြောတွေထဲမှာ ဖြစ်ပွားတယ်လို့ အခိုင်အလုံ တွေ့ရှိပါတယ် ဆရာတော်။ ဒီဦးနှောက်ထဲရှိတဲ့ အကြောတွေရဲ့အမျိုးအမည်ကို ခွဲကြည့်တော့ ဝေဒနာကြော၊ သညာကြော၊ ဆန္ဒကြော၊ သမာဓိကြော၊ ရောင်ပြန်ကြော၊ ပညာကြော၊ သောတကြော၊ ဂန္ဓကြော၊ ရသကြော၊ စက္ခုကြော၊ ပြန်လည် တွေးတောတတ်တဲ့ အကြော၊ စုံစမ်းတဲ့အကြော၊ ဆုံးဖြတ်တဲ့အကြော၊ ဖဿကြော၊ အတွေးကြော စတဲ့ အကြောတွေကို တွေ့ရပါတယ်။

ဒါတင်မကသေးပါဘူး။ အခု နောက်ဆုံးပေါ် စူးစမ်းချက်အရ သေတဲ့လူတွေရဲ့ ဦးနှောက်ထဲမှာ မော်တော်ကားတွေ၊ မီးရထားတွေ၊ အဆောက်အဦတွေ အစရှိတဲ့ အမျိုးမျိုးသော ရုပ်ဝတ္ထုတို့ရဲ့ ပုံသဏ္ဍာန်တွေဟာ ဓာတ်ပုံရိုက်ထားသလို ပေါ်နေတာကိုလည်း တွေ့ရပါတယ် ဆရာတော်။ ဒါကြောင့် ဦးနှောက်ဟာ အသိဉာဏ်နဲ့ဆိုင်ရာ လှုပ်ရှားမှုအားလုံး သို လှောင်ရာ အခန်း ဖြစ်တယ်လို့ ခေါ်နေကြပါပြီ ဆရာတော်။

ဆရာတော်။ မြင်ထားတဲ့၊ ကြားထားတဲ့၊ နံထားတဲ့၊ အရသာခံထားတဲ့၊ တွေးတောထားတဲ့ ရုပ်ဝတ္ထုတွေကို သိမြင် နားလည် နိုင်တဲ့သတ္တိ ဦးနှောက်မှာ ရှိသလား ဒကာကြီး။

ဖော့စတာ။ ဒီအာရုံတွေနဲ့ တွေ့ထိတဲ့တရားတွေ သိမြင်နားလည်နိုင်တဲ့သတ္တိ ဦးနှောက်မှာရှိပါတယ် ဆရာတော်။

ဆရာတော်။ ဓာတ်စက် ဓာတ်ပြားတွေက သီချင်းဆိုသံ၊ စကားပြောသံတွေကို သိုလှောင်ထားသလား။

ဖော့စတာ။ သိုလှောင်ထားပါတယ် ဆရာတော်။

ဆရာတော်။ ဒါဖြင့်ရင် ဓာတ်ပြားတချပ်ကိုယူပြီး ဘာသီချင်းကို သိုလှောင်ထားသလဲလို့ မေးရင် ဘာသီချင်းကို သိုလှောင်ထားတယ်လို့ အဲဒီ ဓာတ်ပြားက ပြန်ပြောမှာလား ဒကာကြီး။

ဖော့စတာ။ ဓာတ်ပြားဟာ ရုပ်ဝတ္ထုတခုမျှသာဖြစ်ပြီး သိမြင်နားလည်တတ်တဲ့သတ္တိမရှိတဲ့အတွက် ဘာသီချင်းကို သိုလှောင်ထားတယ်လို့ ပြောနိုင်တဲ့သတ္တိ မရှိပါဘူး ဆရာတော်။

ဆရာတော်။ ဦးနှောက် သို့မဟုတ် ဟဒယရုပ်ဝတ္ထု သို့မဟုတ် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ခန္ဓာ ဆိုတဲ့ တရားတွေဟာလည်း ရုပ်ဝတ္ထုတွေသာ ဖြစ်တော့ သိမြင်ခြင်း၊ နားလည်ခြင်းဆိုတဲ့သတ္တိ မရှိကြဘူး။ ဝိညာဏဓာတ်ဆိုတဲ့ တရားမှသာ သိမြင်နားလည်ခြင်းဆိုတဲ့သတ္တိ ရှိတယ်။ အဲဒီတော့ ဒီ ဝိညာဏဓာတ် ဖြစ်ပွားလာပုံကို သိသာထင်ရှားလာအောင် ဦးပဉ္ဇင်းမေးတဲ့ မေးခွန်းတွေကို ဒကာကြီး ဖြေစမ်းပါဦး။

ဖော့စတာ။ မှန်ပါ့ ဆရာတော်။

ဆရာတော်။ ဝိညာဏဓာတ်ဟာ တနေရာတည်းမှာ ဖြစ်နိုင်သလား၊ နှစ်နေရာမှာ ဖြစ်နိုင်သလား ဒကာကြီး။

ဖော့စတာ။ ဝိညာဏဓာတ်ဟာ တနေရာတည်းမှာသာ ဖြစ်နိုင်ပါတယ် ဆရာတော်။

ဆရာတော်။ အကြင်သူတဦးတယောက်ဟာ ထိတ်လန့်တုန်လှုပ်သွားတဲ့အခါ ဦးနှောက်ထဲမှာ ဒီ ထိတ်လန့်တုန်လှုပ်မှု ဖြစ်သလား။ ဒါမှမဟုတ်ရင် ဟဒယရုပ်ဝတ္ထုထဲမှာ ဖြစ်သလား။ တကယ်လို့ ချစ်ခင်ခြင်း၊ ကြင်နာခြင်း ဆိုတဲ့ တရားဟာ ရုတ်တရက်ဖြစ်ပေါ်လာမယ် ဆိုရင်ကော ဦးနှောက်ထဲမှာ ဖြစ်ပေါ်လာသလား၊ ဟဒယ ရုပ်ဝတ္ထုထဲမှာ ဖြစ်ပေါ် လာသလား။

ဖော့စတာ။ အမှန်အားဖြင့် ဟဒယရုပ်ဝတ္ထုထဲမှာပဲ ဖြစ်ပေါ်လာပါတယ် ဆရာတော်။

ဆရာတော်။ တကယ်လို့ ဝမ်းမြောက်ရွှင်မြူးမှု ဖြစ်လာပြန်တော့ကော ဘယ်နေရာမှာ ဖြစ်ပေါ်လာသလဲ ဒကာကြီး။

ဖော့စတာ။ ဟဒယရုပ်ဝတ္ထုထဲမှာ ဖြစ်ပေါ်လာတယ်လို့ ထင်ပါတယ် ဆရာတော်။

ဆရာတော်။ တခါ ဒေါသအမျက် ထွက်လာပြန်တော့ကော ဘယ်နေရာမှာ ဖြစ်တယ်လို့ ထင်သလဲ ဒကာကြီး

ဖော့စတာ။ ဟဒယရုပ်ဝတ္ထုထဲမှာပဲ ဖြစ်ပွားတယ်လို့ ထင်ပါတယ် ဆရာတော်။

ဆရာတော်။ တကယ်လို့ အကြင်သူတဦးတယောက်ဟာ အခြားသူတဦးတယောက်ကို ချစ်ခင်ကြင်နာမိတဲ့ အခါမှာ "ငါဟာ မင်းကို ဦးနှောက်ထဲကချစ်တယ်" လို့ ပြောသလား၊ "အသည်းနှလုံးထဲက ချစ်တယ်" လို့ ပြောသလား။

ဖော့စတာ။ အသည်းနှလုံးထဲက ချစ်ခင်တယ်လို့ ပြောပါတယ် ဆရာတော်။

ဆရာတော်။ တကယ်လို့ မုန်းပြန်တော့ကော ဦးနှောက်ထဲက မုန်းတယ်လို့ ပြောသလား၊ အသည်းနှလုံးထဲက မုန်းတယ် လို့ ပြောသလား။

ဖော့စတာ။ အသည်းနှလုံးထဲက မုန်းတယ်လို့ပဲ ပြောပါတယ် ဆရာတော်။

ဆရာတော်။ ကဲ အခု ဒကာကြီး ပြောသလို ချစ်ခြင်း၊ မုန်းခြင်း၊ ဝမ်းမြောက်ခြင်း၊ ဒေါသဖြစ်ခြင်းစတဲ့ တရားတွေဟာ အသည်းနှလုံးထဲမှာ ဖြစ်ပွားတယ်လို့ဆိုရင် ဒီတရားတွေဟာ ဦးနှောက်ထဲမှာ ဖြစ်တယ်လို့ ဆိုနိုင်ပါဦးမလား ဒကာကြီး။

ဖော့စတာ။ ဆရာတော် အခုလို ရှင်းလင်းဝေဖန်ပြလိုက်တဲ့အတွက် ဒီ ဝိညာဏ်တရားဟာ ဦးနှောက်ထဲမှာ စတင်ဖြစ်ပေါ်တာမဟုတ်ဘဲ အသည်းနှလုံးထဲမှာသာ စတင်ဖြစ်ပွားတယ်လို့ တပည့်တော် သိမြင်သဘောပေါက် ပါပြီ ဆရာတော်။

ဆရာတော်။ ဒကာကြီးဟာ ဘယ်တရားမှာမဆို အရင်းခံအကြောင်းတရားနှစ်ပါးရှိတယ် ဆိုတဲ့ ဒွိတ္တဝါဒ အဘိဓမ္မာ ကို လက်ခံရဲ့လား

ဖော့စတာ။ သိပ္ပံပညာသည်တဦးအနေနှင့် လောကအတွင်း ရှိရှိသမျှသော သဘောတရားတို့တွင် အရင်းခံ အကြောင်းတရား နှစ်ပါးရှိတယ်ဆိုတဲ့ ဒွိတ္တဝါဒကို တပည့်တော် ကောင်းကောင်းကြီးလက်ခံပါတယ် ဆရာတော်။

ဆရာတော်။ ဓာတ်ဖိုနဲ့ဓာတ်မ၊ တနည်းအားဖြင့် ရုပ်တရားနဲ့နာမ်တရားမရှိဘဲနဲ့ ဘာတရားမျှ မဖြစ်ပွားနိုင်ဘူး ဆိုတာကိုကော သဘောတူရဲ့လား။

ဖော့စတာ။ ဒီသဘောတရားကိုလည်း တပည့်တော် သဘောတူပါတယ် ဆရာတော်။

ဆရာတော်။ ကဲ ဒီအချက်ကို သဘောကျလက်ခံနိုင်လို့ရှိရင် ဒကာကြီးတို့ရဲ့ဆေးပညာက ဒီဝိညာဏဓာတ်၊ တနည်းအားဖြင့်အသိဉာဏ်ပညာနဲ့ဆိုင်ရာ ရုပ်တရား၊ နာမ်တရားတို့ရဲ့သဘောကို လေ့လာစူးစမ်းပြီး အထင်အရှား ရှင်းလင်း ဖော်ထုတ်နိုင်ပြီလား။

ဖော့စတာ။ တိတိကျကျ အထင်အရှား မရှင်းလင်း မဖော်ထုတ်နိုင်သေးပါဘူး ဆရာတော်။

ဆရာတော်။ ဒါဖြင့် ဒကာကြီးတို့ဆေးပညာက နာမ်တရားနဲ့ပတ်သက်လို့ တကယ်တမ်း ထိထိရောက်ရောက် မလေ့လာ မစူးစမ်းရသေးဘူးပေါ့။

ဖော့စတာ။ တကယ်တမ်း ပြည့်ပြည့်စုံစုံ မလေ့လာမစူးစမ်းရသေးဘူးလို့ဘဲ ဆိုရမှာပါ ဆရာတော်။

ဆရာတော်။ ဒါဖြင့် ဒကာကြီးတို့ရဲ့ ဆေးပညာက အသိဉာဏ်ပညာဟာ ဦးနှောက်ထဲမှာ စတင်ဖြစ်ပွားတယ် ဆိုတာဟာ မှန်းဆချက်လောက်ပဲ ရှိသေးတာပေါ့။ တိတိကျကျ ဧကန်ဧက တထစ်ချ မပြောနိုင်သေးဘူးပေါ့။

ဖော့စတာ။ ဒီသဘောပဲ ဆိုက်နေတော့တာပေါ့ ဆရာတော်။

ဆရာတော်။ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူပြီး ရှိရှိသမျှသော တရားစုတို့ကိုလည်း ယထာဘူတကျကျ သိမြင်ထားတော်မူတဲ့ ဗုဒ္ဓကိုယ်တော်မြတ်ဟာ ရုပ်တရား၊ နာမ်တရားတို့ကို ဖြစ်စဉ်၊ ပျက်စဉ် ဒီတရားနှစ်ပါးတို့ရဲ့ တပါးနဲ့ တပါး ဆက်စပ်နေပုံ၊ အမှီသဟဲပြုနေပုံ စသည်တို့ကို အကြွင်းမဲ့ ဟောတော်မူထားခဲ့တယ်။ အဲဒီလို ဟောတော်မူခဲ့တဲ့ တရားတော်တွေထဲမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ခန္ဓာ ဆိုတဲ့တရားတွေနဲ့ ဒီတရားတွေနဲ့ တွေ့ထိရိုက်ခတ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ နဲ့ ရုပ်ဝတ္ထုဆိုတဲ့ တရားတွေဟာ ရုပ်တရားဖြစ်ပြီး ဒီတရားတွေ အချင်းချင်း တွေ့ထိ ရိုက်ခတ်လို့ ပေါ်ပေါက်လာတဲ့ အသိဉာဏ်ဆိုတဲ့နာမ်တရားတွေဟာ ဟဒယအိမ်မှာ ဖြစ်ပေါ် လာတယ်လို့ အတိအလင်း ပါရှိတယ်။ ဒီ အသိတရားဟာ ဟဒယနှလုံးအိမ်မှာ ဖြစ်ပေါ်လိုက်၊ ချုပ်ငြိမ်းလိုက်နဲ့ အဆက်မပြတ် ရေအလျဉ် စီးသလို ဖြစ်နေတဲ့ တရားပဲ။ ဝိပဿနာဉာဏ်နဲ့ ကျကျနနရှုနိုင်မှ ဒီသဘာဝကို မြင်နိုင်တယ်။

ယခင် ဒကာကြီးရဲ့မေးခွန်းကို ဦးပဥ္စင်း ဖြေဆိုခဲ့စဉ်က အသိပညာဆိုတာ လူ့ရဲ့ခန္ဓာကိုယ်အတွင်း ဘယ် အစိတ်အပိုင်းထဲမှာမှ သိုလှောင်ထားတာမရှိဘူး။ မီးတောက်ဟာ မီးခြစ်ဆံထဲမှာရော မီးခြစ်ဘူးပေါ်မှာ ကပ်ထား တဲ့ ယမ်းပြားထဲမှာပါ မရှိသလိုဘဲ အသိဉာဏ် ဆိုတာကလည်း မီးခြစ်ဆံနဲ့ ယမ်းပြားကိုခြစ်လိုက်မှ မီးတောက်ပေါ်လာ သလို အထက်ကပြောခဲ့တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ ဆိုတဲ့ တရားတွေနဲ့ အပြင်အပမှ ရုပ်ဝတ္ထုတို့ရဲ့ ရိုက်ခတ်မှုမှ ဟဒယဝတ္ထု ဆိုတဲ့ နှလုံးအိမ်မှာ ဖြစ်ပေါ်လာရတဲ့ တရားဖြစ်တယ် ဒကာကြီး။

အဲဒီတော့ အသိဉာဏ်ပညာဟာ ဦးနှောက်ထဲမှာ ဖြစ်ပွားလာရတဲ့ တရားမဟုတ်ဘဲ ဟဒယရုပ်ဝတ္ထုဆိုတဲ့ နှလုံးအိမ်ထဲ မှာသာ ဖြစ်ပွားလာရတယ် ဆိုတဲ့အချက်ကို ဒကာကြီး သဘောပေါက် လက်ခံနိုင်ပြီလား။

ဖော့စတာ။ ဆရာတော် ယခု ရှင်းလင်းပြောပြတော်မူလိုက်တဲ့အတွက် အသိဉာဏ်ပညာဟာ ဦးနှောက်ထဲမှာ စတင်ဖြစ်ပေါ်လာရတယ်ဆိုတဲ့ မှန်းဆချက်ကို တပည့်တော် ပယ်နိုင်ပြီး အသိဉာဏ်ပညာဟာ ဆရာတော်အမိန့်ရှိတော် မူတဲ့အတိုင်း ဟဒယဝတ္ထုထဲမှာ ဖြစ်ပွားရတယ်ဆိုတဲ့အချက်ကို သဘောပေါက်ပါပြီ။ ဒီပြဿနာနဲ့ပတ်သက်လို့ တပည့်တော်တို့အား ယခုလို ရှင်းလင်းဟောပြတော်မူတဲ့အတွက် ပရိသတ်ရဲ့ကိုယ်စား ကျေးဇူးတင်လှပါတယ် ဆရာတော်။

ဤတွင် ပရိသတ်က သာဓုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၆)

ဗုဒ္ဓဝါဒသည် ခေတ်သစ် သိပ္ပံပညာထက်ပင် မြင့်မားသည်ဟု အဘယ်ကဲ့သို့သော အထောက်အထား သက်သေသာဓကတို့ဖြင့် ပြောနိုင်ပါသနည်း ဆရာတော်။

(မေးမြန်းလျှောက်ထားသူ – ပါမောက္ခ ဂျေ၊ အမ်၊ ဖော့စတာ၊ အမ်အေ၊ အမ်အက်(စ်)စီ၊ ဘုံဘိုင်တက္ကသိုလ်မှ သိပ္ပံပညာ ပါမောက္ခ၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ ဗုဒ္ဓဝါဒဆိုတဲ့တရားထဲမှာ သာမန်လူသားတို့ရဲ့ အတွေ့အကြုံမျှသာမဟုတ်ဘဲ ကမ္ဘာ့အနောက်ခြမ်း သိပ္ပံပညာက မချဉ်းကပ်နိုင်၊ မချဉ်းကပ်ဝံ့တဲ့ အလွန်မြင့်မားလှတဲ့ အတွေ့အကြုံ၊ သဘောတရားတွေပါ ပါဝင်နေလေတော့ ဒီဝါဒဟာ အတော့်ကို ကျယ်ပြန့်လှပါတယ်။ စမ်းသပ်ချက်မျှ၊ အတွေ့အကြုံမျှ ဆိုတဲ့ တရားတွေပေါ် မှာ အခြေတည်ပြီး တစုံတခုသော လျာထားချက်တို့မှ ကောက်နုတ်ထားတဲ့ တရားသေအယူအဆများ၊ အရမ်းအကန်း ယုံကြည်မှုများကို စုစည်းထားတဲ့ ဒေသနာမျိုးမဟုတ်ဘဲ ဥပ္ပါဒ–ဝယ ဖြစ်ခြင်း၊ ပျက်ခြင်း ဆိုတဲ့ ပဓာနဥပဒေသပေါ်မှာ အခြေတည်ပြီး စကြာဝဠာ တခုလုံးအတွင်း ဖြစ်ပျက်နေကြတဲ့ ရုပ်၊ နာမ်၊ ဝိညာဉ် တရားအစုစုကို တခုမကျန် အကြွင်းမဲ့ သိမြင်နိုင်သည့် သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ဗုဒ္ဓကိုယ်တော်မြတ်က ရှင်းလင်းထုတ်ဖော် ဟောပြောတော်မူခဲ့တဲ့ ဒေသနာတော်မြတ် ဖြစ်တယ် ဒကာကြီးရဲ့။

ဖော့စတာ။ မှန်ပါ ဆရာတော်။

ဆရာတော်။ တဖက်ကကြည့်ရင် ခေတ်သစ် သိပ္ပံပညာဟာ များပြားလှတဲ့ သိပ္ပံပညာရှင်တွေ၊ အဘိဓမ္မာဆရာတွေက ရုပ်လောကကြီးအပေါ်မှာ စမ်းသပ်၊ စူးစမ်း၊ လေ့လာလို့ရသမျှအချက်တွေပေါ်မှုတည်ပြီး ထူထောင်ထားတဲ့ ပညာတရပ်ဖြစ်တယ်။ အဲဒီလူစုထဲမှာ ခရစ်မပေါ်မီ သက္ကရာဇ် ၅၄၆၊ တနည်းအားဖြင့် လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀) ကျော် လောက်က ဂရိတ်ပြည်မှာ ထွန်းကားခဲ့ဖူးတဲ့ သေး(လ်)(စ်) ဆိုတဲ့ အဘိဓမ္မာဆရာကြီးဟာ ပထမဦးဆုံးပဲ။ သူဟာ မီးကျည်းခဲမှ မီးဖြစ်တာကို ကြည့်ပြီးလျှင် လျှပ်စစ်ဓာတ်သဘောကို စတင်မှန်းဆကြည့်ခဲ့တယ်။ ပြီးတော့ ရှိရှိသမျှသော ရုပ်ဝတ္ထုတွေရဲ့ မဟာဘုတ်တရားဟာ ရေနဲ့လေဖြစ်တယ်လို့ ဖော်ထုတ်ဟောပြောခဲ့တယ်။ အဲဒီကစပြီး အနုမြူဓာတ်ကို ဖော်ထုတ်ပြန်တယ်။ သူ့နောက်မှ သိပ္ပံပညာရှင်တွေနဲ့ အဘိဓမ္မာဆရာတွေက သူ့ရဲ့ တွေ့ရှိမှန်းဆချက်ပေါ် အခြေတည်ပြီး စမ်းသပ်လေ့လာကြပြန်တယ်။ ခေတ်သစ်သိပ္ပံပညာဟာ အခု တိုးတက်တဲ့ အဆင့်ကို ရောက်နေပြီလို့ ဆိုတာတောင်မှ မပြည့်စုံသေးဘူး။ လျှပ်စစ်ဓာတ်အားနဲ့ သတ္တိတို့ရဲ့ မူလဘူတတရားကို မပြောပြနိုင်သေးဘူး။ ဒါတင်မကသေးဘူး၊ ဗုဒ္ဓဝါဒလို စိတ်နဲ့ပတ်သက်တဲ့အခန်းမှာ တကယ်တမ်း နက်နက်နဲနဲ စူးစူးရှရှမတွေ့မြင်နိုင်သေးဘူး။ ဒါကြောင့်ဗုဒ္ဓဝါဒဟာ ပြီးပြည့်စုံတဲ့တရားတခုသာဖြစ်တဲ့အပြင် ရုပ်တရား၊ နာမ်တရားတို့နဲ့ ပတ်သက်လို့လည်း ကျကျနန အကြွင်းမဲ့ သိမြင်ထားတဲ့တရားဖြစ်တဲ့အတွက် ခေတ်သစ်သိပ္ပံပညာထက်မြင့်မား တယ်လို့ ဦးပဉ္ဇင်းက အခိုင်အမာ ပြောဆိုရခြင်း ဖြစ်တယ် ဒကာကြီး။

ဖော့စတာ။ ဆရာတော်အခုအမိန့်ရှိတဲ့စကားဟာ အဘိဓမ္မာသဘောနဲ့ကြည့်ရင် ကျိုးကြောင်းယုတ္တိနဲ့ပြည့်စုံတဲ့ လက္ခဏာရှိသော်လည်း ခေတ်သစ်သိပ္ပံပညာထက် ဗုဒ္ဓဝါဒကမြင့်မြတ်တယ်ဆိုတဲ့အချက်ကို တပည့်တော်တို့ ကြားနာလိုပါတယ်ဆရာတော်။ ဒါကြောင့် အခုခေတ် သိပ္ပံပညာရှင်တွေ၊ ပါမောက္ခတွေရဲ့ မျက်မှောက်မှာ ဆရာတော် ယခု ရဲရဲဝံ့ဝံ့ကြီး မိန့်တော်မူလိုက်တဲ့ "ယနေ့ ကမ္ဘာတဝှမ်းလုံးက အသိအမှတ်ပြုထားတဲ့ ခေတ်သစ်သိပ္ပံပညာထက် ဗုဒ္ဓဝါဒက မြင့်မြတ်တယ်၊ အလွန်ကျယ်ပြန့်နက်နဲတယ်" ဆိုတဲ့စကားကို ခိုင်လုံထင်ရှားစေတဲ့ သာဓကတရပ်ကို မိန့်တော်မူပါလို့ တောင်းပန်ပါရစေ ဆရာတော်။

ဆရာတော်။ ဒါဖြင့်ရင် ဒကာကြီးကို ရူပဗေဒနဲ့ ပတ်သက်လို့ ဦးပဉ္ဇင်း မေးလိုတယ်။

ဖော့စတာ။ မေးတော်မူပါ ဆရာတော်။

ဆရာတော်။ လျှပ်စစ်ဓာတ်ဟာ ဘယ်လိုသဘောဖြစ်တယ်ဆိုတာ တိတိကျကျ ဖြေစမ်းပါ ဒကာကြီး။

ဤကဲ့သို့မေးလိုက်သောအခါ ပါမောက္ခ မစ္စတာဖော့စတာ အပါအဝင် ဘုံဘိုင်တက္ကသိုလ်မှ ပညာရှင်များနှင့် ကျောင်းသားများသည် တဦးမျက်နှာကို တဦးကြည့်ကြပြီး (၅)မိနစ်မျှ အံ့အားသင့်ကာ ဘာမျှ မဖြေဆိုနိုင်ကြဘဲ ငိုင်သွားကြပါသည်။ ထိုအခါ ...

ဆရာတော်။ ကဲ ဒကာကြီးတို့ ဘယ်သူမျှ မဖြေနိုင်ကြပါကလား။ (၅)မိနစ်တောင် ရှိသွားပြီ။ ဒကာကြီးရဲ့ တပည့် တွေ မပြောထားနဲ့၊ ဒကာကြီးကိုယ်တိုင်ကပင် ဘာအဖြေမျှ မပေးနိုင်ဘဲ ဖြစ်နေပြီ။ အဲဒီတော့ ဦးပဥ္စင်းရဲ့ မေးခွန်းကို ဦးပဥ္စင်းကိုယ်တိုင်ပဲ ဗုဒ္ဓကိုယ်တိုင် ဟောတော်မူခဲ့တဲ့ တရားတော်နဲ့အညီ ဗုဒ္ဓဒေသနာတော်ကို အခြေခံထားပြီး ပြန်ဖြေရတာပေါ့။ ဦးပဥ္စင်းရဲ့ အဖြေကိုလည်း ဒကာကြီးတို့အားလုံးက ဝိုင်းဝန်းပြီး ဝေဖန်ဘို့ရန်လည်း ဦးပဥ္စင်းက တောင်းပန်လိုတယ်။

ဖော့စတာ။ ဆရာတော်အခုမေးလိုက်တဲ့ မေးခွန်းကို တပည့်တော်တို့သာ မဟုတ်ပါ၊ သိပ္ပံပညာရှင်ထိပ်သီးတွေ တောင် ဖြေနိုင်ဘို့ရာ အကြောင်းမရှိပါဘူး ဘုရား။ အဲဒီတော့ ဆရာတော်ကိုယ်တိုင်ပဲ ဆရာတော်ရဲ့မေးခွန်းကို ပြန်ပြီး ဖြေပြတော်မူပါ။ တပည့်တော်များ ကျကျနန မှတ်သားထားပါရစေ။

ဆရာတော်။ ကဲ ဦးပဥ္စင်းပြောမယ့်အချက်တွေကို ဒကာကြီး ကျကျနနသာ မှတ်သားထားပေတော့။ လျှပ်စစ်ဓာတ်ဟာ အမှန်အားဖြင့် (၁) မြေ၊ (၂) ရေ၊ (၃) မီး၊ (၄) လေ ဆိုတဲ့ ဓာတ်ကြီး(၄)ပါးတို့ ဖွဲ့စည်းထားတဲ့ဓာတ်ပဲ။ ဒီဓာတ်ကြီး (၄)ပါး မပါဘဲနဲ့ ဘယ်ရုပ်ဝတ္ထုမျှ မဖြစ်ပေါ်နိုင်ဘူး။ အခု ဦးပဥ္စင်းပြောတဲ့အချက်ဟာ မှန်မမှန် အခု လက်တွေ့သဘောနဲ့ ဆန်းစစ်ကြည့်ရင် ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်ကို လက်နဲ့တို့ကြည့်ရင် ချောမွေ့တဲ့သဘောကို တွေ့ရလိမ့်မယ်။ အဲဒီ ချောမွေ့တဲ့သဘောနဲ့ တွေ့ထိတဲ့သဘောဟာ မြေ(ပထဝီ) ဓာတ်ရဲ့သဘောပဲ။ နောက်သတ္တိတခုကတော့ လျှပ်စစ်ဓာတ် မှာ အသွင်သဏ္ဌာန်ရှိတယ်။ အဲဒီ အသွင်သဏ္ဌာန်ဟာ ရေ (အာပေါ)ဓာတ်သဘောပဲ။ ဒီ ရေ (အာပေါ) ဓာတ်မပါဘဲနှင့် ဘယ်ရုပ်ဝတ္ထုမျှ အသွင်သဏ္ဌာန်မရှိဘူး။ နောက်သတ္တိတခုကတော့ အဲဒီ လျှပ်စစ်ဓာတ်ကို စမ်းသပ်ကြည့်ရင် ပူတာကို တွေ့ရလိမ့်မယ်။ အဲဒီ ပူတာဟာ မီး (တေဇော) ဓာတ်ရဲ့သတ္တိပဲ။ ဒီ တေဇောဓာတ်မပါဘဲနှင့် ဘယ်ရုပ်ဝတ္ထုမျှ မပူနိုင်ဘူး။ နောက်သတ္တိတခုကတော့ လျှပ်စစ်ဓာတ်ဟာ ဖြောင့်တန်း နေတဲ့သဘောပဲ။ ဒီလိုဖြောင့်တန်းနေတာဟာ လေ (ဝါယော) ဓာတ်ရဲ့သတ္တိပဲ။ ဒီ လေဓာတ်မပါရင် ဘယ်နည်းနဲ့မျှ ဖြောင့်တန်းမနေနိုင်ဘူး။ ဒါကိုကြည့်ခြင်းအားဖြင့် လျှပ်စစ်ဓာတ်ဟာ ရေ၊ မြေ၊ လေ၊ မီး ဆိုတဲ့ ဓာတ်ကြီးလေးပါးတို့ ဖွဲ့စည်းထားတာဖြစ်တယ်ဆိုတာကို ဘယ်သူမျှ မငြင်းနိုင်ဘူး။ ငြင်းလည်း ငြင်းလို့မဖြစ်ဘူး။ ဒီအချက်ကို ဒကာကြီးတို့က လက်မခံနိုင်ဘူးဆိုတာကို ခိုင်လုံတဲ့အကြောင်းပြချက်နဲ့ ပြောနိုင်ပါတယ်။

ဖော့စတာ။ ဆရာတော် အခု အမိန့်ရှိတော်မူလိုက်တဲ့ လျှပ်စစ်ဓာတ်ရဲ့ သဘောနဲ့ သတ္တိရယ်၊ ဒီလျှပ်စစ်ဓာတ်ထဲမှာ ဓာတ်ကြီးလေးပါး ပါဝင်နေတယ်ဆိုတဲ့ အချက်ရယ်၊ ဒီအချက်တွေဟာ အလွန်ထင်ရှားရှင်းလင်းလှတဲ့အတွက် တပည့်တော်တို့ မငြင်းနိုင်ပါဘူး ဆရာတော်။ ဒီအချက်ကို တပည့်တော်တို့ ကောင်းစွာ မှတ်တမ်းတင်ထားပါတယ် ဘုရား။

ဆရာတော်။ လျှပ်စစ်ဓာတ်နဲ့ ပတ်သက်လို့ ဦးပဥ္စင်း ပြောပြတဲ့အချက်ကို သဘောကျတယ်၊ လက်ခံတယ်ဆိုရင် ဦးပဥ္စင်းက ဒကာကြီးကို နောက်ထပ် မေးခွန်းတခု မေးရအုံးမယ်။ ဒကာကြီး ကျကျနန နားထောင်ပြီး ဖြေစမ်းပါအုံး။

ဖော့စတာ။ မှန်ပါ၊ ဖြေပါ့မယ် ဆရာတော်။ မေးတော်မူပါ။

ဆရာတော်။ အခု မျက်မှောက်ခေတ်မှာ ကြည့်ရင် သိပ္ပံပညာဟာ အားလုံးကို ဖန်တီးနိုင်တယ်။ အခု မှောင်နေရာက လင်းစေချင်ရင် တခါထဲ ခလုပ်ကလေးကို နှိပ်လိုက်ရုံနဲ့ လင်းသွားတာပဲ။ အထက်ကို တက်ချင်ရင်လည်း လျှပ်စစ်ဓာတ် လှေကားထဲက ခလုပ်ကလေးတခုကို နှိပ်လိုက်ရုံနဲ့ တက်သွားနိုင်တယ်။ နေရာ တခုက အခြား ဝေးလံတဲ့နေရာတခုကို သွားချင်ရင်လည်း မောင်းသူမပါတဲ့ ဓာတ်ရထားနဲ့ သွားနိုင်တယ်။ မိုင်ပေါင်း ထောင်သောင်းမက ဝေးလံလှတဲ့ အရပ် ဒေသမှာ ရှိတဲ့လူကို လှမ်းပြီးစကားပြောချင်ရင်လည်း ပြောနိုင်တယ်။ ကခုန်ကစားနေကြတဲ့ လူတွေကိုကြည့်ချင်ရင်လဲ မြင်နိုင်တယ်။ မိုင်ပေါင်း သောင်းနဲ့ချီပြီး ကွာဝေးတဲ့ဒေသက တစုံတယောက် သီချင်းဆိုသံ၊ တီးသံကို နားထောင်ချင် ရင်လည်း နားထောင်နိုင်တယ်။ အလွန်အေးမြတဲ့ ရာသီဥတု ရှိတဲ့နေရာဒေသ တခုကို နွေးအောင်လည်း လုပ်နိုင်တယ်။ မိုးရွာအောင်လည်း လုပ်နိုင်တယ်။ မိုးကိုလည်း ထစ်ချုန်း

အောင် လုပ်နိုင်တယ်။ ပင်လယ်ရေပြင်ကိုလည်း ပွက်ပွက်ဆူအောင်လုပ်နိုင်တယ်။ ရှိရှိသမျှ ရုပ်ဝတ္ထုတွေကို သေမင်း ရောင်ခြည်နဲ့ ထိုးပြီး ပြာကျအောင်လုပ်နိုင်တယ်။ အို ... အဆုံးသတ်ပြောရရင် ခေတ်သစ်သိပ္ပံပညာဟာ ထာဝရ ဘုရားသခင်ထက်တောင် တန်ခိုးပြာဋိဟာ ပြနိုင်သေးတယ် မဟုတ်လား ဒကာကြီး။

ဖော့စတာ။ မှန်ပါ ဆရာတော်။

ဆရာတော်။ အဲဒီလောက်အစွမ်းထက်မြက်တဲ့ ဒကာကြီးတို့ရဲ့သိပ္ပံပညာဟာ အလွန်ဆိုးသွမ်းကြမ်းတမ်းယုတ်မာ တဲ့ လူတယောက်ကို တခါတည်းနဲ့ လူကောင်းသူကောင်းတယောက်ဖြစ်အောင် ပြုပြင်ဖန်တီး ပေးနိုင်ပါ့မလား။

ဖော့စတာ။ သိပ္ပံပညာဟာ သက်ရှိသတ္တဝါတွေအပေါ်မှာ ဘာမျှ မလွှမ်းမိုးနိုင်ပါဘူး ဆရာတော်။ ဒါကြောင့် လူဆိုးလူသွမ်း လူကြမ်းတယောက်ကို သိမ်မွေ့နူးညံ့ပြီး လူကောင်းတယောက်ဖြစ်လာအောင် မဖန်တီးနိုင်ပါဘူး ဆရာ တော်။

ဆရာတော်။ ကဲ အခုလို သိပ္ပံပညာက လူဆိုးလူသွမ်းကို လူကောင်းသူကောင်းဖြစ်အောင် မပြုပြင် မပြောင်းလဲ နိုင်ရင် သိပ္ပံပညာဟာ ဗုဒ္ဓဝါဒလောက် မထက်မြက်ကြောင်း၊ တနည်းအားဖြင့် ဗုဒ္ဓဝါဒဟာ သိပ္ပံပညာထက် ပိုပြီး မြင့်မြတ်ကြောင်း ထင်ရှားပြန်ပြီ။ ဘာပြုလို့လည်းဆိုတော့ ဗုဒ္ဓဝါဒဟာ ဆိုးသွမ်းရမ်းရင်းလှတဲ့လူတွေကို နူးညံ့ ပျော့ပျောင်းပြီး လူကောင်းသူကောင်းဖြစ်အောင် ပြုပြင်ပြောင်းလဲပေးနိုင်ရုံတင် မကဘူး၊ ဗြဟ္မာတွေ၊ နတ်တွေကိုရော၊ လူသားထက်ပင် မိုက်မဲခက်ထန်လှတဲ့ နဂါးတွေ၊ ဘီလူးတွေ၊ ယက္ခတွေကို ပျော့ပျောင်းနူးညံ့ပြီး သီလ သမာဓိ တည်ဆောက်ချင်လာအောင် သွန်သင်ဆုံးမနိုင်တယ်။ ကဲ ဒကာကြီးကို နောက်ထပ် မေးခွန်းတခု မေးရဦးမယ်။

ဂရိတ် အဘိဓမ္မာဆရာကြီး သေး(လ်)(စ်)က စပြီးတော့ ယခုခေတ် သိပ္ပံပညာရှင်တို့ဖြစ်ကြတဲ့ ဆာဂျုံး(န်)(စ်) တို့၊ မက်လီကန်တို့အထိ ဘယ်သိပ္ပံပညာရှင်များက သိပ္ပံနဲ့ဆိုင်ရာ အစွမ်းသတ္တိဟာ ဘယ်အပေါ်မှာ အခြေတည်ထား သလဲ။ ဒါမှမဟုတ်ရင်လဲ ဒီလို ကမ္ဘာမှာ ကြီးစိုးလွှမ်းမိုးနေတဲ့ သိပ္ပံပညာရပ်ရဲ့ အဓိကအကြောင်းရင်းဟာ ဘာလဲ ဆိုတဲ့အချက်ကို ရှင်းလင်းဖော်ပြနိုင်ခဲ့ပါသလဲ။

ဖော့စတာ။ သိပ္ပံပညာဟာ သဘာဝမှာ ဖြစ်ပျက်နေကြတဲ့ အတွေ့အကြုံနဲ့ ရာစုခေတ်အနည်းငယ်အတွင်း လူတွေရဲ့ လက်တွေ့ စူးစမ်းလေ့လာချက်တို့အပေါ်မှာ အခြေတည်ထားတဲ့ ပညာရပ်ဖြစ်လေတော့ တပည့်တော်တို့ဟာ သိပ္ပံနဲ့ဆိုင်ရာ အစွမ်းသတ္တိဟာ ဘယ်အပေါ်မှာ အခြေတည်နေတယ်ဆိုတာကို ရှင်းလင်းမပြနိုင်ဘဲ ဖြစ်နေပါတယ် ဆရာတော်။ ဒါတင်မကဘူး၊ ဒီသိပ္ပံပညာရပ်ရဲ့ အဓိကအကြောင်းဟာ ဘာလဲဆိုတဲ့အချက်ကိုလည်း မရှင်းလင်းနိုင်ကြ ပါဘူး ဆရာတော်။

ဆရာတော်။ ကဲ ဒါဖြင့်ရင် သိပ္ပံရဲ့ အစွမ်းသတ္တိတို့နဲ့ဆိုင်ရာ အဓိကအကြောင်းတရားတို့ကို ဗုဒ္ဓရဲ့ အဘိဓမ္မာ သဘော အရ ရှင်းပြမယ်။ ဒကာကြီးတို့ သေသေချာချာ ဂရုစိုက် နားထောင်ကြပြီး ဝေဖန်စရာရှိရင်လည်း ဝေဖန်ကြပေါ့။ မရှင်းလင်းတဲ့ အချက်များရှိရင်လည်း မေးကြပေါ့။

သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓရဲ့အဘိဓမ္မာထဲမှာ ရှင်းလင်းဟောပြထားတော်မူတဲ့အတိုင်း ပြောရမယ်ဆိုရင် သိပ္ပံရဲ့ ထင်ရှားတဲ့ အစွမ်းသတ္တိဟာ (၁၆)ပါး ရှိတယ်။ ဘာတွေလဲ ဆိုရင် ...

(၁) မာကြောခြင်း၊ (၂) နူးညံ့ခြင်း၊ (၃) ဖွဲ့စည်းခြင်း၊ (၄) ယိုစီးခြင်း၊ (၅) ပူခြင်း၊ (၆) ဧခြင်း၊ (၇) အားထုတ်ခြင်း၊ (၈) တွန်းကန်ခြင်း၊ (၉) လှုပ်ရှားခြင်း၊ (၁၀) ရုန်းကန်ခြင်း၊ (၁၁) ရုပ်သဏ္ဌာန်ပေါ်ခြင်း၊ (၁၂) အရောင်အဆင်းရှိခြင်း၊ (၁၃) အနံ့ရှိခြင်း၊ (၁၄) အရသာရှိခြင်း၊ (၁၅) ဩဇာဓာတ်ဖြစ်ခြင်း၊ (၁၆) ကြေညက်ခြင်း၊ ဒါတွေဟာတခုနဲ့တခု ခွဲခြားလို့ မရဘဲ ပေါင်းစပ်ဖွဲ့စည်းနေကြတဲ့ ဓာတ်ကြီး(၄)ပါးမှ ပေါ်ပေါက်လာကြရတဲ့ ဂုဏ်သတ္တိတွေပဲ။ ဒီဂုဏ်သတ္တိတွေကို သူ့ အစုနဲ့ သူ၊ အကြောင်းရင်းကိုရှာမယ်ဆိုရင်လည်း မာကြောခြင်းနဲ့ နူးညံ့ခြင်းတို့ဟာ ပထဝီဓာတ်ရဲ့ သတ္တိပဲ။ ဖွဲ့စည်းခြင်းနဲ့ ယိုစီးခြင်းဟာ အာပေါဓာတ်ရဲ့ သတ္တိပဲ။ ပူခြင်းနဲ့ဧခြင်းဟာ တေဇောဓာတ်ရဲ့ သတ္တိပဲ။ တွန်းကန်ခြင်း၊ လှုပ်ရှားခြင်း၊ ရုန်းကန်ခြင်းတို့ဟာ ဝါယောဓာတ်ရဲ့ သတ္တိပဲ။ ဒီဓာတ်ကြီးလေးပါးဟာ မဟာဘုတ်ကြီး လေးပါးပဲ။

အဲဒီ မဟာဘုတ်ဓာတ်ကြီး (၄)ပါးပေါ်မှာ လုံးလုံးအမှီပြုပြီးဖြစ်ပွားရတဲ့ ဥပါဒါရုပ် (၄)ပါးရှိသေးတယ်။ အထက်က ပြောခဲ့ တဲ့ ရုပ်သဏ္ဍာန်ဖြစ်ပေါ်ခြင်းနဲ့ အရောင်အဆင်းရှိခြင်း ဆိုတာ (၁) ဝဏ္ဏရုပ်ရဲ့ သတ္တိပဲ။ အနံ့ရှိခြင်းဆိုတာက (၂) ဂန္ဓရုပ်ရဲ့ သတ္တိပဲ။ အရသာရှိခြင်းဆိုတာက (၃) ရသရုပ်ရဲ့ သတ္တိပဲ။ ဩဇာဓာတ်ဖြစ်ခြင်းနဲ့ ကြေညက်ခြင်းဆိုတာက (၄) ဩဇာရုပ် ရဲ့ သတ္တိပဲ။

(၁) ပထဝီ၊ (၂) အာပေါ၊ (၃) တေဇော၊ (၄) ဝါယော၊ (၅) ဝဏ္ဏ၊ (၆) ဂန္ဓ၊ (၇) ရသ၊ (၈) ဩဇာ ဆိုတဲ့ ဒီရုပ်(၈)ပါး မရှိဘဲနဲ့ ဒီစကြာဝဠာကြီးလည်း မဖြစ်လာနိုင်ဘူး။ စကြာဝဠာကြီးအတွင်းမှာရှိတဲ့ သက်ရှိသက်မဲ့ ရုပ်ဝတ္ထုတွေလည်း မဖြစ်ပေါ်နိုင်ဘူး။ ဘာသတ္တိမျှလည်း မပေါ်ပေါက်နိုင်ဘူး။ ဖြစ်ပေါ်ခြင်း၊ အိုမင်းဟောင်းနွမ်းခြင်း၊ ပျက်သုဉ်းခြင်း ဆိုတာ ဒီ အဋ္ဌကလာပ်ရုပ်ကြီး (၈)ခုတို့ရဲ့ မူလဗီဇက ပါလာတဲ့ သတ္တိတွေပဲ။

ရူပဗေဒ၊ ဓာတုဗေဒ၊ နက္ခတ္တဗေဒ၊ ပထဝီဗေဒ အစရှိတဲ့ ရုပ်ဝတ္ထုတွေနဲ့ဆိုင်ရာ သိပ္ပံပညာတရပ်လုံးကို ဖြစ်ပွားစေတဲ့ အဓိက အကြောင်းရင်းတွေဟာ သဘာဝဓမ္မနဲ့ စိတ်တို့ ပေါင်းစပ်ထားတဲ့ သမုဋ္ဌာန် (၄)ပါးပဲ။ စကြာဝဠာကြီး တခုလုံးဟာ ဒီ သမုဋ္ဌာန် (၄)ပါးပေါ်မှာ အခြေတည်ပြီး ဖြစ်ပေါ်လာရတာပဲ။ ဒီ သမုဋ္ဌာန်(၄)ပါးရဲ့ နောက်ကွယ်မှာ ဘယ် ထာဝရဘုရားသခင်၊ ဘယ်ဖန်ဆင်းရှင်မှ မရှိဘူး ဒကာကြီး။ ဒါပေမယ့် သိပ္ပံပညာရှင်တွေက "စကြာဝဠာ ကြီးတခုလုံးကို ဝိညာဏ်တော်က ဖန်ဆင်းတယ်" ဆိုပြီး လက်ခံယုံကြည်နေကြတယ်။ ဒကာကြီးတို့လူစုဟာ ပညာ ဉာဏ် ရင့်သန်ပြီးသားပုဂ္ဂိုလ်တွေဆိုတော့ ဦးပဥ္စင်း အခု အကျဉ်းချုပ်ရှင်းပြတဲ့ အချက်ကို နားလည် သဘောပေါက် လိမ့်မယ် လို့ ယူဆထားပါတယ်။

ကံ၊ စိတ်၊ ဥတု၊ အဟာရ ဆိုတဲ့ သမုဋ္ဌာန်လေးပါးဟာ ကမ္ဘာလောကကြီးမှာ ယနေ့ထွန်းကားနေတဲ့ သိပ္ပံပညာဆိုင်ရာ ဂုဏ်သတ္တိတွေရဲ့ အဓိကအကြောင်းရင်းတွေပဲ။ သိပ္ပံပညာဟာ သတ္တဗီဇကလာပ်တွေပေါ်မှာ မူတည်ပြီး လက်တွေ့ လေ့လာစူးစမ်းချက်တွေကို လုပ်ကိုင်ရတယ်ဆိုတာ ဘယ်သူမျှ ငြင်းဆိုနိုင်တဲ့အချက်တွေမဟုတ်ဘူး ဆိုတာကတော့ မှန်ပါတယ်။ ဒါပေမယ့် ဒီသတ္တဗီဇကလာပ်တွေဟာ ဥတုသမုဋ္ဌာန်ဆိုတဲ့ ပူမှု၊ ဧမှုရဲ့ ပြုပြင်ပြောင်းလဲမှုမရှိဘဲနဲ့ မတည်မြဲ နိုင်ဘူး၊ မရင့်ကျက်နိုင်ဘူး။

နောက်တခုက ဒီသတ္တဗီဇကလာပ်တွေကို ဘယ်လိုပဲ ပူမှု၊ ဧမှုဆိုတဲ့ ဥတုက ပြုပြင်ပြုပြင်ပြီး ကြီးထွားအောင်၊ ပျက်သုဉ်းအောင်လုပ်လုပ် သိပ္ပံပညာရှင်တို့ရဲ့ စိတ်ဓာတ်နဲ့ အသိပညာဆိုတဲ့ နာမ်သတ္တိ၊ နာမ်အစွမ်းမပါဘဲ သိပ္ပံ ပညာဟာ ထွန်းကား တိုးတက်မလာနိုင်ဘူး။ ယနေ့ကမ္ဘာမှာ အံ့မခန်း ထွန်းကားနေတဲ့ သိပ္ပံပညာရပ်ရဲ့ အစွမ်း သတ္တိ တွေလည်း ပေါ်ပေါက် မလာနိုင်ဘူး ဒကာကြီး။

အဲဒီလို သိပ္ပံပညာရှင်တွေဟာ သူတို့ရဲ့ စိတ်တန်ခိုး၊ စိတ်ရဲ့သတ္တိ၊ တနည်းအားဖြင့်ဆိုလျှင် သိပ္ပံပညာရှင်ရဲ့ အသိဉာဏ်ပညာနဲ့ ဒီသိပ္ပံပညာဆိုင်ရာ အစွမ်းသတ္တိတွေကို စမ်းသပ်ဖော်ထုတ်နိုင်တာကို မသိမမြင်ကြဘဲ ဒီ အစွမ်း သတ္တိကို "မဟာဝိညာဏ်တော်" သို့မဟုတ် "မဟာနာမ်တော်" က ဖန်ဆင်းတော်မူလို့ ဖြစ်ပေါ်လာရတယ်လို့ အထင်အမြင် အယူအဆမှားနေကြတယ်။ ဒီလို အထင်အမြင် အယူအဆမှားတာတွေဟာ သိပ္ပံပညာရှင်တွေက လောကမှာ ရှိရှိသမျှ ရုပ်ဝတ္ထုကိုလက်တွေ့စူးစမ်းရှာဖွေနိုင်ကြပေမယ့် စိတ်ရဲ့ဆန်းကျယ်ပုံ၊ စိတ်ရဲ့အစွမ်းသတ္တိနဲ့ ပတ်သက်လို့ ကောင်းကောင်း လေ့လာစူးစမ်းနိုင်မှု မပြုနိုင်ကြသေးလို့ပဲ။ တခါ အထက်က ဦးပဥ္စင်း ပြောခဲ့တဲ့ အဋ္ဌကလာပ်ရုပ်တွေရဲ့ ဖွဲ့စည်းမှု၊ တည်ဆောက်မှု၊ ကွဲပြားမှု၊ ပျက်သုဉ်းမှုတွေကြောင့်၊ သမုဋ္ဌာန်တရားတွေကြောင့် ရုပ်ဝတ္ထုတွေရဲ့ သတ္တိတွေ၊ တန်ခိုးတွေဟာ ဖြစ်ပေါ်လာရတယ်ဆိုတဲ့အကြောင်းနဲ့ စိတ်ရဲ့တန်ခိုးသတ္တိစွမ်းအား ကြီးမားတဲ့အကြောင်းတွေကို မသိမမြင်နိုင်တာ ဟာ လောကမှာ ရှိရှိသမျှ ရုပ်တရား၊ နာမ်တရားတို့ကို ယထာဘူတ ကျကျ မမြင်အောင် ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာဆိုတဲ့ အမှောင်ထုကြောင့်ဖြစ်တယ်။ သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓ သည်သာလျှင် ဒီနာမ်ရုပ်ဆိုတဲ့ တရားနှစ်ပါးကို အရင်းခံပြီး ဖြစ်ပေါ်ထွန်းကားလာရတဲ့ လောကမှာ ရှိရှိသမျှသော တရားတို့ရဲ့ အကြောင်းတရားကို ဘယ်ဓာတ်ခွဲခန်း၊ ဘယ် ဖလ်ပြွန်ဖလ်ခွက်၊ ဘယ်အပူဓာတ် အဓောတ်ပေးနိုင်တဲ့ ကိရိယာတန်ဆာမျှ မပါဘဲနဲ့ အကုန်အစင် မျက်ဝါးထင်ထင် သိမြင်တော်မူနိုင်တယ်။ ဒါကြောင့် ဒီ သဗ္ဗညုတ ဉာဏ်တော်ရှင် ဗုဒ္ဓကိုယ်တော်တိုင် ဟောပြောညွှန်ပြတော်မူခဲ့တဲ့ ဗုဒ္ဓဝါဒဟာ အခြားဘာသာတွေ၊ သိပ္ပံပညာ အပါအဝင် ပညာအသီးသီးတွေထက် မြင့်မားတယ်လို့ ဦးပဥ္စင်းက အခိုင်အမာ ပြောနိုင်တာပေါ့။ ကဲ ဒကာကြီးတို့

သိပ္ပံ ပညာရှင်တွေက အခုဦးပဥ္စင်း ဟောပြောတဲ့အချက်ကို မကျေမလည်လို့ရှိရင် ပြန်လည် မေးမြန်းနိုင်ကြပါတယ်။ ဝေလည်း ဝေဖန်နိုင်ပါတယ်။

ဖော့စတာ။ အခု ဆရာတော်ဟောပြောတဲ့ အချက်အလက်တွေဟာ အလွန်မှန်ကန်ရှင်းလင်းလှပါတယ်။ တပည့်တော်တို့အနေနဲ့ ပြန်လည်မေးမြန်းဆန်းစစ်ဝေဖန်ဘို့ရာ မလိုတော့ပါဘူး။ အားလုံးသဘောပေါက် နားလည်ကြပါတယ်။ ဒါပေမယ့် ဆရာတော်ကိုယ်တိုင် ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးကတည်ဆောက်ထားတဲ့ ဘုံဘိုင်မြို့ အာနန္ဒာဝိဟာရမှာ ယခင် တခါ ဟောတော်မူဖူးတဲ့ နာမ်ရုပ်တရား နှစ်ပါးတို့ရဲ့သဘောကို တခါထပ်ပြီး ဟောပြတော်မူပါဦး ဆရာတော်။

ဆရာတော်။ ယခုလို သိပ္ပံပညာထွန်းကားနေတဲ့ခေတ်မှာ သိပ္ပံပညာရှင်တွေအပေါ်မှာ ဖြူစင်သန့်ရှင်းတဲ့ စေတနာ နဲ့ ပြောရမယ်ဆိုရင် သူတို့တတွေဟာ ရှိရှိသမျှသော ရုပ်ဝတ္ထုတို့ရဲ့ အကြောင်းတရား၊ အကျိုးတရား၊ ဒီရုပ်ဝတ္ထုတို့ရဲ့ တကယ့်ဖြစ်စဉ်၊ တကယ့်ဂုဏ်သတ္တိတို့ကို မသိကြဘဲ သက်မဲ့ရုပ်ဝတ္ထုတို့ရဲ့ ဂုဏ်ဒြပ်ကို လက်တွေ့ စူးစမ်းရှာဖွေ လေ့လာ ကြရင်း လိုရင်းကို မရောက်ဘဲ ကွယ်လွန်အနိစ္စရောက်ကြရတဲ့ နာမည်ကျော် သိပ္ပံပညာရှင်ကြီးတွေလည်း မနည်းဘူး။ ဒီလို ကြိုးရင်းပမ်းရင်း လေ့လာရင်း စူးစမ်းရင်းနဲ့ လိုရင်းကိုမရောက်ဘဲ လမ်းခုလပ်မှာ ကွယ်လွန်ကြရတဲ့ အကြောင်းရင်း ကတော့ ဒီသိပ္ပံပညာရှင်တွေဟာ ရှိရှိသမျှသော ရုပ်တရားတို့ရဲ့ဖြစ်စဉ်၊ ပျက်စဉ်၊ ဂုဏ်၊ သတ္တိ၊ ဖွဲ့စည်းပုံ၊ ပျက်သုဉ်းပုံ စတဲ့ အချက်တွေကို သိမြင်နားလည်မှု၊ တနည်းအားဖြင့် အဝိဇ္ဇာဉာဏ် အရင်းခံမရှိဘဲနဲ့ ဆင်ကန်းတောတိုး လိုက်လံစူးစမ်းနေကြလို့ဖြစ်တယ် ဒကာကြီး။

အလွန်ရှင်းလင်းလွယ်ကူပြီး သိမြင်နားလည်နိုင်တဲ့ ဥပမာနဲ့ပြောရရင် ဒီ သိပ္ပံပညာရှင်တွေဟာ တောင်ဝှေးတချောင်းနဲ့ လမ်းလျှောက်နေတဲ့ မျက်မမြင်ဒုက္ခိတတွေနဲ့ တူနေပြီး မျက်မမြင်ဒုက္ခိတ တယောက်ဟာ သူသွားလာနေကျနေရာဌာန တခုကို တောင်ဝှေးတချောင်းကို အသုံးပြုပြီးတော့ လျှောက်တတ်၊ သွားတတ်ပါတယ်။ ဒါပေမယ့် ဒီလို သူလျှောက်ရင်း သူတွေ့တဲ့လူ၊ သူ့ဘေးမှာရှိတဲ့ အဆောက်အဦ စသည်တို့ကိုတော့ အခြားသူတယောက်ကို မမေးဘဲနဲ့ သူမသိဘူး။ ခေတ်သစ် သိပ္ပံပညာရှင်တွေလည်း ဒီလိုပဲ။ သူတို့ရည်စူးထားတဲ့ လေ့လာစမ်းသပ်မှုကို လုပ်ကိုင်လို့ မပြီးသေးခင် လမ်း ခုလပ်အတွင်းမှာ တွေ့မြင်ရတဲ့ သိပ္ပံရုပ်ဝတ္ထုတို့ရဲ့ ဖွဲ့စည်းပုံ၊ ပျက်သုဉ်းပုံ၊ အကြောင်းတရား၊ အကျိုးတရား၊ ဂုဏ်၊ သတ္တိ စသည်တို့ကို မသိမမြင်ကြဘူး။ ဒီ သိပ္ပံပညာရှင်တွေမှာ ဗုဒ္ဓဟောတော်မူခဲ့တဲ့ အဘိဓမ္မာဉာဏ်တော်၊ တနည်းအားဖြင့် ဝိဇ္ဇာဉာဏ်များ ရှိထားကြရင် အခုထက် အံ့ဘွယ်မခန်း ထူးဆန်းတဲ့အောင်မြင်မှုတွေကို ရမယ်ဆိုတာ မြေကြီးလက်ခတ် မလွဲဘူးလို့ ဦးပဥ္စင်းဆိုချင်တယ်။ အခု ကမ္ဘာမှာ သိပ္ပံပညာရပ်နဲ့ ပတ်သက်လို့ ထိပ်တန်းအကျဆုံးဖြစ်တဲ့ (ဒုတိယ ကမ္ဘာ စစ်ကြီး မတိုင်မီက ဟောပြောခဲ့သည့် တရားဖြစ်ပါသည်။ ဘာသာပြန်သူ) ဂျာမနီပြည်ဟာ ဘာပြုလို့ ဒီလို သိပ္ပံပညာ ဘက်မှာ အခြားတိုင်းပြည်တွေထက် သာနေရသလဲဆိုရင် ဂျာမနီပြည်က ဒေါက်တာ ပေါလ်ဒိုက် တို့လို ပုဂ္ဂိုလ်တွေက ဗုဒ္ဓအဘိဓမ္မာကို တဖက်မှ ကျကျနနလေ့လာထားကြပြီး တဖက်ကလည်း သိပ္ပံပညာအရ လေ့လာစူးစမ်းမှုတို့ကို ပြုလုပ်နေကြလို့ပဲ ဖြစ်ပါတယ် ဒကာကြီး။

ဤတွင် ပါမောက္ခဖော့စတာက တရားနာပရိသတ်များကိုယ်စား ဆရာတော်အား ကျေးဇူးတင်ကြောင်းနှင့် နောင်လည်း သူနှင့်တကွ သိပ္ပံပညာရှင်တို့အား ရုပ်နာမ်ခန္ဓာကိုယ်တို့နှင့်ဆိုင်ရာ တရားတို့ကို ဟောကြားတော်မူပါမည့် အကြောင်း လျှောက်ထားလေသည်။

မေးခွန်းအမှတ် (၇)

ဘဝသံသရာတွင် အစအဆုံးမရှိကြောင်း ထင်ရှားအောင် ရှင်းလင်းတော်မူပါ ဆရာတော်။

(မေးမြန်းလျှောက်ထားသူ – မစ္စတာ အယ်(မ်) ဒါရှူးဝါးလား၊ လွှတ်တော်ရှေ့နေကြီး၊ ဘုံဘိုင်မြို့၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ ဘဝသံသရာဟာ စက်ဝိုင်းသဖွယ် အဆက်မပြတ်ကျင်လည်နေတဲ့တရား ဖြစ်လေတော့ အစအဆုံးမရှိဘူး ဒကာကြီးရဲ့။ ဒီလို အစအဆုံးမရှိဘဲ စက်ဝိုင်းသဖွယ် ချာချာလည်နေပေမယ့် ဒီစက်ဝိုင်းထဲက ထွက်နိုင်တဲ့ လမ်းရှိတယ်။ အဲဒီထွက်ပေါက်လမ်းဟာ ဝေဒနာနဲ့တဏှာအကြားမှာပဲ။ မျက်စိနဲ့ အသွင်သဏ္ဍာန်၊ နားနဲ့ အသံ၊ လျှာနဲ့ အရသာ၊ ကိုယ်နဲ့ အတွေ့၊ စိတ်နဲ့ သဘောတို့ရဲ့ တခုနဲ့တခု အသီးသီး တွေ့ထိရိုက်ခတ်မှုကြောင့် ပေါ်ပေါက်လာရတဲ့ ဝေဒနာကို ဝိပဿနာတရားနဲ့ အဆက်ဖြတ်ပြီး အမြစ်ဖြုတ်ပစ်နိုင်လို့ရှိရင် တဏှာဆိုတဲ့ တရားကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားဟာ ပေါ်ပေါက်မလာနိုင်တော့ဘူး။ ဒီတဏှာဆိုတဲ့တရားဟာ ဥပါဒါန်ဆိုတဲ့ တရားရဲ့ အကြောင်းတရားဖြစ်လေတော့ ဒီတဏှာကိုဖြုတ်လိုက်ရင် သူ့ရဲ့အကျိုးတရားဖြစ်တဲ့ ဥပါဒါန်ဆိုတဲ့တရားဟာ မပေါ်ပေါက်နိုင်တော့ဘူး။ ဥပါဒါန်တရား ပေါ်မလာနိုင်တာနဲ့တပြိုင်နက် ဇာတိဆိုတဲ့တရားဟာ ပေါ်မလာနိုင် ပြန်ဘူး။ ဒီ ဇာတိတရား ချုပ်ငြိမ်းသွားတာနဲ့တပြိုင်နက် အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုတဲ့ တရားတွေပါ တသီတတန်းကြီး ပြုတ်သွားရ မယ်။ ဒီ ဒုက္ခတရားတွေနဲ့ ပြွန်းတီးနေတဲ့ ဘဝတရားတွေ ချုပ်ငြိမ်းတာနဲ့ တပြိုင်နက် ဘယ်တော့မှ ဖြိုဖျက်လို့မရတဲ့ နိဗ္ဗာန်ဆိုတဲ့ တရားကို ရတာပဲ။

ဒါရှူးဝါးလား။ ဗုဒ္ဓဟာ ဘဝသံသရာမှာ အစအဆုံးမရှိဘူးလို့ ဟောတာက ဒီဘဝသံသရာမှာ အစအဆုံး ရှိသော်လည်း သူကိုယ်တိုင် ကြည့်လို့မမြင်ရတဲ့အတွက် ဟောတာ မဟုတ်ပါလား ဆရာတော်။

ဆရာတော်။ ဒကာကြီး၊ ဗုဒ္ဓကိုယ်တော်မြတ် မမြင်တဲ့၊ မသိတဲ့ တရားဆိုတာ လောကမှာမရှိဘူး။ ဒါပေမယ့် ဒီ ဘဝသံသရာမှာအစအဆုံးမရှိတဲ့အတွက်မရှိဘူးလို့ဟောတော်မူခဲ့ခြင်းဖြစ်ပါတယ်။ ဒီအချက်ကို ဒကာကြီး ရှင်းရှင်းလင်းလင်း သိမြင်နားလည်လာအောင် ဦးပဉ္ဇင်းက ဥပမာတခုပြရအုံးမယ်။ ကဲ ဒကာကြီး၊ ဦးပဉ္ဇင်းကို ကျောခိုင်းပြီး ပရိသတ်ဘက်ကို မျက်နှာမူလိုက်စမ်းပါ။ ဦးပဉ္ဇင်းက ဦးပဉ္ဇင်းဘက်ကို ပြန်လှည့်လို့ပြောမှ ဒကာကြီး ပြန်လှည့်ပါ။

(မစ္စတာ ဒါရှူးဝါးလားသည် ဆရာတော်ပြောသည့်အတိုင်း ပရိသတ်ဘက်သို့ မျက်နှာမူလိုက်သောအခါ ဆရာတော်သည် မြေဖြူတတောင့်ကိုယူ၍ အနီးရှိ သင်ပုန်းကြီးပေါ်၌ စက်ဝိုင်းကြီးတခုကို ရေးဆွဲလိုက်၏။ ထို့နောက် မစ္စတာ ဒါရှူးဝါးလားအား ဆရာတော်က သူ့ဘက်သို့ ပြန်လှည့်ခိုင်းလိုက်၏)

ကဲ ဒကာကြီး၊ ဟောဒီ သင်ပုန်းကြီးပေါ်က စက်ဝိုင်းထဲက စတဲ့နေရာနဲ့ ဆုံးတဲ့နေရာကို ဦးပဉ္ဇင်းအား ပြစမ်းပါ။

ဒါရှူးဝါးလား။ စက်ဝိုင်းတခု ဖြစ်နေလေတော့ အစအဆုံးရယ်လို့ မရှိပါဘူး ဆရာတော်။

ဆရာတော်။ ဒကာကြီး ဒီလိုပြောတာဟာ ဒီစက်ဝိုင်းရဲ့ အစနဲ့ အဆုံးကို မမြင်လို့ပေါ့။

ဒါရှူးဝါးလား။ တပည့်တော်ဟာ သင်ပုန်းကြီးပေါ်က စက်ဝိုင်းကို ကောင်းကောင်းကြီးမြင်ရပါတယ်။ ဒါပေမယ့် ဒီစက်ဝိုင်းမှာ အစအဆုံးမရှိတဲ့အတွက် အစအဆုံးမရှိဘူးလို့ လျှောက်ထားတာပါ ဆရာတော်။

ဆရာတော်။ ဒီသင်ပုန်းကြီးပေါ်က အခု ခဏအတွင်းကမှ ဦးပဉ္ဇင်း မြေဖြူနဲ့ဆွဲလိုက်တဲ့ စက်ဝိုင်းကလေးမှာမှ အစအဆုံး မရှိရင် စကြာဝဠာကြီးတခုလုံးကို ပတ်နေတဲ့ ဘဝသံသရာ ဆိုတဲ့ စက်ဝိုင်းကြီးမှာ ဘယ့်နှယ်လုပ်ပြီး အစအဆုံး ရယ်လို့ ရှိနိုင်ပါ့မလဲ ဒကာကြီး။

ဒါရူးဝါးလား။ ဆရာတော် ရှင်းလင်းဟောပြောတော်မူလိုက်တဲ့အတွက် ဘဝသံသရာ စက်ဝိုင်းကြီးမှာ အစအဆုံး မရှိတဲ့အကြောင်း တပည့်တော် ကောင်းကောင်းကြီး သိမြင်နားလည်ပါပြီ ဘုရား။

ဤတွင် တရားနာပရိသတ်တို့က သာဓု အနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၈)

အဝိဇ္ဇာ သို့မဟုတ် အမှောင်တရားသည် ဘဝသံသရာ၏ ပဓာနအကြောင်းရင်းဖြစ်ခဲ့လျှင် အဝိဇ္ဇာတရားသည် ၎င်း၏ အမှောင်ထုဖြင့် ဘဝသံသရာကို မည်ကဲ့သို့ပြုပြင်ဖန်တီးနိုင်ပါသလဲ ဆရာတော်။

(**မေးမြန်းလျှောက်ထားသူ – မစ္စတာ ဂျိုရှီ၊ ဘီအေ၊ အယ်(လ်) အယ်(လ်) ဘီ၊ ဟိုက်ကုတ်ရှေ့နေကြီး၊ ဘုံဘိုင်မြို့၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ**။)

ဆရာတော်အရှင်အရိယဓမ္မ။ အဝိဇ္ဇာဆိုတဲ့ တရားရဲ့အခြေအနေကို ဒကာကြီး ကျကျနန နားလည်သဘောပေါက်လာအောင် ဦးပဥ္စင်း မေးတဲ့မေးခွန်းကို ကျကျနန စဉ်းစားပြီး ဖြေစေချင်ပါတယ် ဒကာကြီး။

ဂျိုရှီ။ မှန်ပါ ဆရာတော်။

ဆရာတော်။ အလင်းရောင်နဲ့ အမှောင်ဆိုတဲ့ တရားနှစ်ပါးဟာ တကြိမ်တည်း တခါတည်း ဖြစ်ပေါ်လာနိုင်သလား ဒကာကြီး။

ဂျိုရှီ။ အလင်းရောင်နဲ့ အမှောင်တရားတို့ဟာ တပါးနဲ့တပါး ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြတဲ့ တရားနှစ်ပါး ဖြစ်တဲ့အတွက် တကြိမ်တည်း တခါတည်း တပြိုင်တည်း ဖြစ်ပေါ်မလာနိုင်ပါဘူး ဆရာတော်။

ဆရာတော်။ ဒါဖြင့် အမှောင်တရားကိုဖြစ်ပေါ်စေတဲ့ အကြောင်းတရားဟာလည်း အလင်းရောင်ပဲလား။ အလင်းရောင်ကို ဖြစ်စေတတ်တဲ့ တရားကလည်း အမှောင်တရားပဲလား။

ဂျိုရှီ။ အလင်းရောင်ဟာ အမှောင်တရားကို ဖြစ်ပေါ်စေတဲ့ တရားလို့ဆိုရင် မမှန်ပါဘူး ဆရာတော်။ တခါ အလင်းရောင်ကို ဖြစ်စေတဲ့တရားဟာ အမှောင်တရားပဲဆိုလို့လည်း မဖြစ်နိုင်ပါဘူး ဆရာတော်။ ဒါပေမယ့် အမှောင်တရားမရှိတဲ့အခါမှာ အလင်းရောင်ဖြစ်ပေါ်ပြီး အလင်းရောင်မရှိတဲ့အခါမှာ အမှောင်တရားဖြစ်ပေါ်ရတယ်လို့ ဆိုရင်တော့ မှန်ပါလိမ့်မယ် ဆရာတော်။

ဆရာတော်။ အဲ အခု ဒကာကြီးပြောသလိုပဲ ရှိရှိသမျှသောရုပ်တရား၊ နာမ်တရားတွေကို ယထာဘူတကျကျ မဆင်ခြင် မသုံးသပ်နိုင်ရင်၊ မမြင်နိုင်ရင်၊ အဝိဇ္ဇာဆိုတဲ့ အမှောင်တရားဟာ လွှမ်းမိုးတာပဲ။ တခါ ရှိရှိသမျှသော ရုပ်နာမ် တရားတွေကို အပိုအလို၊ အတိုးအဆုတ်မရှိ သူ့ပကတိအတိုင်း နေသားတကျ ကြည့်တတ်မြင်တတ်တဲ့ ဝိဇ္ဇာတရား တနည်းအားဖြင့် အလင်းရောင် ထွန်းတောက်တဲ့အခါမှာ အဝိဇ္ဇာဆိုတဲ့ အမှောင်တရားဟာ ပျောက်ကွယ်သွားရတော့ တာပေါ့။ ဒါကြောင့် အဝိဇ္ဇာဆိုတဲ့ အမှောင်တရားဟာ ဘယ်တရားကြောင့် ဖြစ်တယ်။ ဒီတရားရဲ့ အရင်းခံအကြောင်းတရားဟာ ဟိုတရားပဲ၊ ဒီတရားပဲလို့ ရှာနေတာဟာ ကြက်ဥကို အစရှာနေသလို ပင်ပန်းပြီး အရာမထင်တဲ့အလုပ်ပဲ ဖြစ်တယ်။ ဘာပြုလို့လဲဆိုတော့ စကြာဝဠာကြီး တဝှမ်းလုံးအတွင်းမှာရှိတဲ့ သက်ရှိသတ္တဝါ ဝေနေယျတွေကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားဟာ အဝိဇ္ဇာဆိုတဲ့ အမှောင်တရားပဲ။ ဒီအဝိဇ္ဇာဆိုတဲ့ အမှောင်တရားက ဖုံးလွှမ်းထားလို့ ရှိရှိသမျှ သတ္တဝါတွေဟာ သက်ရှိ သက်မဲ့ ရုပ်ဝတ္ထုအလုံးစုံကို ပရမတ်သဘောနဲ့ မမြင်ဘဲ ပညတ်အမြင်နဲ့သာမြင်ပြီး တပ်မက်ငြိတွယ်နေကြတာဖြစ်တယ်။ အဝိဇ္ဇာဆိုတဲ့ အမှောင်တရားကို ပျောက်ကွယ်သွားအောင် တွန်းလှန်ဖယ်ရှားပစ် နိုင်တာနဲ့ တပြိုင်နက် သတ္တဝါအသီးသီးဟာ တဦးချင်း ကျင်လည်နစ်မွန်းတဲ့ သံသရာဆိုတဲ့ စက်ရဟတ်ထဲက လွတ်မြောက်သွားကြမှာပဲ။ တနည်းအားဖြင့်ပြောရရင် အထက်က ဦးပဥ္စင်း ပြောခဲ့သလို အဝိဇ္ဇာဆိုတဲ့ အမှောင်တရား ပျောက်ကွယ်တာနဲ့ တပြိုင်နက် ဝိဇ္ဇာဆိုတဲ့ အလင်းရောင် လွှမ်းမိုးကြီးစိုးလာရမှာပဲ ဒကာကြီး။

ဂျိုရှီ။ ယခု ဆရာတော်ရဲ့ အလင်းရောင်နဲ့ အမှောင်တရားတို့ရဲ့ ဥပမာ ဘဝသံသရာကို အမှောင်တရားက ဘယ်လိုဖန်တီးတယ်ဆိုတာကို ရှင်းရှင်းလင်းလင်းကြီး နားလည်သဘောပေါက်ပါပြီ ဆရာတော်။

ဤ၌တွင် တရားနာပရိသတ်က သာဓုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၉)

ဗုဒ္ဓရဲ့ နိဗ္ဗာန်ကို ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ကောင်းကင်ဘုံနန်း၊ မဟာမေဒင်ဘာသာဝင်တို့ရဲ့ ဥယျာဉ်တော်၊ ဟိန္ဒူဘာသာဝင်တို့ရဲ့ မုတ္တိတို့ကဲ့သို့ ပုံသဏ္ဍာန်ကို ဟောပြောပြီး ပြနိုင်ပါ့မလား ဆရာတော်။ ဒီလိုမှ မပြနိုင်ခဲ့လို့ရှိရင် နိဗ္ဗာန် တရားဟာ တကယ်တမ်း ရှိနိုင်ပါ့မလား ဆရာတော်။

(မေးမြန်းလျှောက်ထားသူ – ခရစ်ယာန်ဘုန်းကြီး ဂျေ၊ ဝစ်(လ်)ဆင်၊ အမ်အေ (အောက်စဖို့တက္ကသိုလ်) ခရစ်ယာန် ဘာသာရပ် ပါရဂူ၊ ဘုံဘိုင်မြို့၊ အက်လီဖင်စတုံးကောလိပ်၊ အင်္ဂလိပ်ဘာသာပါမောက္ခ၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ အလွန်တရာလည်း မြင့်မြတ်၊ ချမ်းသာသုခနဲ့လည်း လုံးဝပြည့်စုံပြီး ဖျက်ဆီးလို့မရဘဲ အစဉ်ထာဝရလည်း တည်မြဲနေတဲ့ နိဗ္ဗာန်တရားနဲ့ ယှဉ်ပြိုင်လို့ရတဲ့တရားဟာ လောကမှာ မရှိဘူး။ ဒါကြောင့် နိဗ္ဗာန်ဆိုတဲ့ တရားကို သက်ဆိုင်ရာ ဘာသာအယူဝါဒအသီးသီးအရ ဟောပြောထားတဲ့ ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ကောင်းကင်ဘုံနန်းတို့၊ မဟာမေဒင်ဘာသာဝင်တို့ရဲ့ ဥယျာဉ်တော်တို့၊ ဟိန္ဒူဘာသာဝင်တို့ရဲ့ မုတ္တိတို့ ဆိုတဲ့တရားတွေနဲ့တော့ နှိုင်းယှဉ်လို့မရဘူး။ ဒီတရားတွေကို သာမန်လူသားတွေရဲ့ ဉာဏ်နဲ့ စိတ်ကူးလို့ရတယ်။

ဗုဒ္ဓက သူ့ရဲ့ တရားဒေသနာတော်တွေထဲမှာ ဟောပြတော်မူခဲ့တဲ့ နိဗ္ဗာန်ဆိုတဲ့တရားကို ဗုဒ္ဓကိုယ်တော်တိုင်နဲ့ ရဟန္တာပုဂ္ဂိုလ်များသာလျှင် အထင်အရှားမြင်တော်မူနိုင်တယ်။ နတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေတောင် မမြင်နိုင်ကြဘူး။ ဒီနိဗ္ဗာန်ဆိုတဲ့တရားကို မြင်နိုင်သိနိုင်တဲ့ အခြေအနေကိုရောက်ဖို့ဆိုတာကလည်း လွယ်ကူတာမဟုတ်ဘူး။ ဒီလိုသိနိုင်ဖို့ရာ –

၁။ နာမရူပ ပရိဂ္ဂဟဉာဏ် (စိတ်တို့၏တကယ့်သဘာဝနှင့် ရုပ်တို့၏တကယ့်သဘာဝကို ပိုင်းခြား၍သိသော ပညာ အလင်း)

၂။ ပစ္စယ ပရိဂ္ဂဟဉာဏ် (စိတ်နှင့်တကွ အထောက်အပံ့သဘောတို့ကိုငှင်း၊ ရုပ်နှင့်တကွ အထောက်အပံ့သဘောတို့ကို ငှင်း ပိုင်းခြား၍သိသော ပညာအလင်း)

၃။ သမ္မသနဉာဏ် (ရုပ်၏ဖြစ်ပျက်မှု၊ နာမ်၏ဖြစ်ပျက်မှုတို့ကို မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းတို့ဖြင့် မြင်သော ပညာ အလင်း)

၄။ ဥဒယဗ္ဗယဉာဏ် (ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို ရှုမြင်သော ပညာအလင်း)

၅။ ဘင်္ဂဉာဏ် (ရုပ်နာမ်တို့၏ အပျက်ကိုသာ ရှုသော ပညာအလင်း)

၆။ ဘယဉာဏ် (ရုပ်နာမ်ကို ကြောက်ဖွယ် ရှုမြင်သော ပညာအလင်း)

၇။ အာဒီနဝဉာဏ် (ရုပ်နာမ်တို့၏ အပြစ်ကို ရှုမြင်တတ်သော ပညာအလင်း)

၈။ နိဗ္ဗိဒါဉာဏ် (ရုပ်နာမ်တို့ကို ငြီးငွေ့သော ပညာအလင်း)

၉။ မုစ္စိတုကမျတာဉာဏ် (ရုပ်နာမ်ပျက်စီးမှုတို့မှ လွတ်မြောက်လိုသော ရှုမြင်မှု ပညာအလင်း)

၁၀။ ပဋိသင်္ခါဉာဏ် (တဖန်လွတ်လိုသော ရှုမြင်မှု ပညာ အလင်း)

၁၁။ သင်္ခါရုပေက္ခာဉာဏ် (ဖြစ်ပျက်မှုတို့ကို လျစ်လျူပြု ရှုမြင်သော ပညာအလင်း)

၁၂။ အနုလောမဉာဏ် (အောက်ကသိပြီးသော ပညာအလင်းနှင့် အထက်ဆက်သိရန် ပညာအလင်းတို့ကို လျော်စွာ ရှုမြင်သော ပညာ အလင်း)

၁၃။ ဂေါတြဘူဉာဏ် (ကိလေသာ ပေကျံမှု အဆက်အနွယ်ပြတ်၍ လောကမှ လွတ်မြောက်ရန် ငြိမ်းချမ်းသော ပညာ အလင်း)

၁၄။ သောတာပတ္တိမဂ်ဉာဏ် (သစ္စာလေးပါးကို ယုံမှားကင်းစွာ အစအဆုံးသိသော ပညာအလင်း)

၁၅။ သောတာပတ္တိဖိုလ်ဉာဏ် (၎င်းအထက်ပါ မဂ်ဉာဏ်၏ အကျိုး)

၁၆။ သကဒါဂါမိမဂ်ဉာဏ် (လောဘ၊ ဒေါသနှင့် တွေဝေမှုတို့ကို ထပ်၍ထပ်၍ပယ်သော ပညာအလင်း)

၁၇။ သကဒါဂါမိဖိုလ်ဉာဏ် (၎င်းအထက်ပါ မဂ်ဉာဏ်၏ အကျိုး)

၁၈။ အနာဂါမိ မဂ်ဉာဏ် (ကာမ၊ ရာဂနှင့် စိုးရိမ်စိတ်တို့ကို ကုန်စင်အောင်ပယ်သော ပညာအလင်း)

၁၉။ အနာဂါမိ ဖိုလ်ဉာဏ် (၎င်းအထက်ပါ မဂ်ဉာဏ်၏ အကျိုး)

၂၀။ အရဟတ္တ မဂ်ဉာဏ် (ကိုယ်တွင်းရန်သူ ဟူသမျှတို့ကို အကြွင်းမဲ့ပယ်သော ပညာအလင်း)

၂၁။ အရဟတ္တ ဖိုလ်ဉာဏ် (၎င်းအထက်ပါ မဂ်ဉာဏ်၏ အကျိုး)

၂၂။ ပစ္စဝေက္ခနဉာဏ် (အဖန်ဖန်ဆင်ခြင်တိုင်း မြင်သောဉာဏ်)

ဒီဉာဏ်(၂၂)ပါးကို ရ ရမယ်။ ဗုဒ္ဓနဲ့ သူ့ရဟန္တာတွေဟာ ဒီဉာဏ်(၂၂)ပါးကို ရရှိထားတဲ့အတွက် နိဗ္ဗာန်ဆိုတာ သိမြင်နားလည်တော်မူကြခြင်းဖြစ်တယ်။

ဝစ်လဆင်။ နိဗ္ဗာန်ဆိုတဲ့တရားကို ဆရာတော်ဟောပြောတော်မူတဲ့အတိုင်း မည်သည့်ပုံသဏ္ဍာန်၊ အရောင်အဆင်း ရှိတယ်ဆိုတာကို ဟောပြောဖို့ ခဲယဉ်းတယ်ဆိုတဲ့အချက်ကို လက်ခံပါတယ်။ ဒါပေမယ့် နိဗ္ဗာန်ကို မသိနိုင်မမြင်နိုင်ကြတဲ့ လူသားတို့ကို နိဗ္ဗာန်ကို လိုချင်လာအောင် နိဗ္ဗာန်ဆိုတဲ့တရားမှာ ဘယ်လို ဂုဏ်သတ္တိနဲ့ အရည်အချင်းရှိတယ်ဆိုတာကိုတော့ ဗုဒ္ဓနဲ့သူ့ရဟန္တာတွေဟာ ဟောပြောလို့ မဖြစ်နိုင်ပေဘူးလား ဆရာတော်။

ဆရာတော်။ နိဗ္ဗာန်ဆိုတဲ့တရားကို မသိနိုင် မမြင်နိုင်ကြတဲ့ လူသားတွေအား နိဗ္ဗာန်ဟာ ဘယ်လိုပုံသဏ္ဍာန်၊ အရောင်အဆင်း ရှိတယ်ဆိုတာကို ဘယ်လိုပဲ ဟောပြောသော်လည်း ဒီဉာဏ်ပညာတွေကိုမှ ရမထားလို့ရှိရင် မသိနိုင်မမြင်နိုင်ကြဘူး။ ဒါပေမယ့် ဒီလူသားတွေ သိမြင်နားလည်နိုင်လောက်တဲ့ နိဗ္ဗာန်ရဲ့ ဂုဏ်သတ္တိတွေကိုတော့ ဗုဒ္ဓကိုယ်တော်တိုင်က ဟောတော်မူခဲ့ပါတယ်။ အဲဒီ ဂုဏ်သတ္တိတွေကတော့ –

၁။ နိဗ္ဗာနံ အသင်္ခတံ (နိဗ္ဗာန်ဟာ ရေ၊ မြေ၊ လေ၊ မီး ဆိုတဲ့ မဟာဘုတ်ဓာတ်ကြီးလေးပါးတို့ ပေါင်းစပ်ဖွဲ့စည်းတည်ဆောက်ထားတဲ့ တရားမဟုတ်တဲ့အတွက် ပြုပြင်ပြောင်းလဲမှုမှ ကင်းစင်ခြင်း)

၂။ နိဗ္ဗာနံ နိစ္စံ (နိဗ္ဗာန်ဟာ တည်မြဲမှုရှိခြင်း)

၃။ နိဗ္ဗာနံ ပရမသုခံ (နိဗ္ဗာန်ဟာ တဏှာ၊ ဉပါဒါန် စတဲ့ တရားတွေကို ဖြစ်ပွားစေတဲ့ ဝေဒနာတရားတွေမှ ကင်းစင်တဲ့ အကောင်းဆုံးသော ချမ်းသာသုခနဲ့ ပြည့်စုံခြင်း)

၄။ နိဗ္ဗာနံ ဓုဝံ (နိဗ္ဗာန်ဟာ ဖန်ဆင်းထားတဲ့တရား မဟုတ်ဘဲ အမြဲရှိတဲ့ တရားဖြစ်ခြင်း)

၅။ နိဗ္ဗာနံ ဝိမုတ္တိရဿာ (နိဗ္ဗာန်ဟာ လွတ်မြောက်တဲ့အရသာနဲ့ လုံးဝပြည့်စုံခြင်း)

၆။ နိဗ္ဗာနံ သုဘံ (နိဗ္ဗာန်ဟာ အလွန်တင့်တယ်ခြင်းတရားနဲ့ ပြည့်စုံခြင်း)

၇။ နိဗ္ဗာနံ ဝိရာဓိသမ္ဘတ္တံ (နိဗ္ဗာန်ဟာ ၁၅၀၀ ကိလေသာတရားတွေ၊ ရုပ်၊ နာမ်၊ ခန္ဓာတရားတို့မှ ပေါ်ပေါက်လာတဲ့ ဝေဒနာတရားတွေ၊ ဒုက္ခတွေအားလုံး ကင်းလွတ်ခြင်း) ဆိုတဲ့ (၇)ပါးသော တရားတွေပဲ ဖြစ်တယ်။

ဝစ်လဆင်။ ဗုဒ္ဓနဲ့ ရဟန္တာကိုယ်တော်မြတ်များကိုယ်တိုင် သိမြင်နားလည်ထားတဲ့ နိဗ္ဗာန်ဆိုတဲ့တရားကို သူတို့ကိုယ်တိုင် တိတိကျကျ ဟောပြောတော်မူကြပါလျက်နဲ့ သာမန်လူသားများက ဒီနိဗ္ဗာန်ဆိုတဲ့တရားကို နားမလည်နိုင်

ကြဘူး ဆိုတဲ့ အချက်ကိုတော့ တပည့်တော်တို့အနေနဲ့ သဘောမပေါက်နိုင်ဘဲ ဖြစ်နေကြပါတယ် ဆရာတော်။ ဒါကြောင့် ဒီပြဿနာနဲ့ ပတ်သက်လို့ တပည့်တော်တို့ နားလည်သဘောပေါက်သွားအောင် ရှင်းလင်းပြတော်မူပါဦး ဆရာတော်။

ဆရာတော်။ နိဗ္ဗာန်ဆိုတဲ့တရားနဲ့ ပတ်သက်လို့ ဗုဒ္ဓကိုယ်တော်တိုင် ဟောတောင်မှ သာမန်လူသားတို့ရဲ့ ဉာဏ်မျက်စိနဲ့ ဘယ်နည်းနဲ့မှ မသိနိုင်၊ နားမလည်နိုင်ဘူးဆိုတဲ့အချက်ကို ရှင်းလင်းသွားအောင် ဒကာကြီးကို ဥပမာတခု ထပ်ပြီး ပြရလိမ့်ဦးမယ်။

(ထိုနောက် ဆရာတော်က ပါမောက္ခ ဝစ်လဆင်အား အောက်ပါမေးခွန်းများကို မေးပါသည်။)

ဆရာတော်။ အကယ်၍ မွေးကတည်းက မျက်စိမမြင်တဲ့ လူတယောက်ကို ဒီပရိဿတ်ထဲခေါ်လာပြီး ဒကာကြီးက အဲဒီ မျက်စိမမြင်တဲ့လူကို နေရဲ့ အလင်းရောင်ဟာ ဘယ်လိုပုံသဏ္ဌာန်ရှိတယ်၊ ဘယ်လို အရောင်အဆင်း ရှိတယ် ဆိုတာ ကို အဲဒီလူ သိမြင်နားလည်လာအောင် ရှင်းပြနိုင်ပါ့မလား။

ဝစ်လဆင်။ ဒီလူဟာ မွေးကတည်းက မျက်စိကွယ်နေတဲ့သူဆိုတော့ နေရောင်ခြည်ဟာ ဘယ်လိုအရောင်၊ ဘယ်လိုပုံသဏ္ဌာန်ရှိတယ်ဆိုတာကို သူသိမြင်နားလည်နိုင်အောင် ရှင်းပြနိုင်မယ် မဟုတ်ပါဘူး။ ဘာပြုလို့လဲဆိုတော့ ဒီ မွေးကတည်းက မျက်စိကွယ်လာတဲ့ လူဟာ တပည့်တော်ကို နေရောင်ခြည်ဟာ တိုသလား၊ ရှည်သလား၊ နူးညံ့သလား၊ ကြမ်းသလား၊ ထူသလား၊ ပါးသလား၊ လုံးသလား၊ ပြားသလား၊ မြင့်သလား၊ နိမ့်သလား၊ ဖြောင့်သလား၊ ကောက် သလား၊ လက်နဲ့စမ်းလို့ ထိလို့ရသလား၊ မရဘူးလား စတဲ့ မေးခွန်းတွေကို မေးပြီး တပည့်တော်က ဘယ်လိုပဲဖြေဖြေ သူဟာ နားလည် သဘောပေါက်မှာ မဟုတ်ပါဘူး ဆရာတော်။ နောက်ဆုံး သူမေးတဲ့ မေးခွန်းတွေကို မဖြေနိုင်တော့ တပည့်တော်ဟာ လက်လျှော့လိုက်ရရုံပဲ ရှိတော့မှာပါ ဆရာတော်။ ဒီ မျက်စိမမြင်တဲ့လူကို နေရဲ့အရောင်ဟာ ဘယ်လို သဘောရှိတယ်ဆိုတာကို သိမြင်နားလည်နိုင်အောင် အလွန်ကျွမ်းကျင် နားလည်တဲ့ သမားတော်နဲ့ မျက်စိကို မြင်လာအောင် ကုသပေးပါမှဖြစ်မှာပါ ဆရာတော်။

အခု ဆရာတော်မေးတဲ့မေးခွန်းကို ဖြေရှင်းရင်းနဲ့ နေရောင်ခြည်ရဲ့သဘာဝနဲ့ပတ်သက်လို့ မွေးကတည်းက မျက်စိကွယ် လာတဲ့ လူကို ဘယ်လိုပဲရှင်းပြပြ သိမြင်နားလည်မလာနိုင်သလိုဘဲ နိဗ္ဗာန်ရဲ့သဘော သဘာဝကို ဗုဒ္ဓရဲ့ ရဟန္တာတွေ ကိုယ်တိုင်က ဘယ်လောက်ပဲဟောဟော သာမန်လူသားတွေဟာ နားလည်ဖို့၊ သဘောပေါက်ဖို့ မဖြစ်နိုင်ဘူး ဆိုတဲ့ အချက်ကို တပည့်တော် ရှင်းလင်းသဘောပေါက်ပါပြီ ဆရာတော်။

တပည့်တော် ဗမာပြည်မှာ နှစ်ပေါင်းများစွာ နေခဲ့စဉ်အခါက ဒီ နိဗ္ဗာန်နဲ့ပတ်သက်တဲ့ပြဿနာကို ဆရာတော်ကြီးတွေ၊ ပညာရှိပုဂ္ဂိုလ်ကြီးတွေကို လျှောက်ထားခဲ့ဖူးပါတယ်။ သူတို့က ဒီပြဿနာကို ရဟန္တာပုဂ္ဂိုလ်များသာ ရှင်းလင်း ဟောပြော နိုင်တယ်။ နိဗ္ဗာန်အကြောင်းကို သိချင်ရင် မိမိကိုယ်တိုင် မဂ္ဂင်ရှစ်ပါးကို ကျင့်ရမယ်လို့ ပြောကြပါတယ် ဆရာတော်။ ဆရာတော်က မွေးကတည်းက မျက်စေ့ကွယ်လာတဲ့လူရဲ့ ဥပမာနဲ့ရှင်းပြီး ဟောပြောတော်မူလိုက်မှပဲ တပည့်တော်ဟာ နိဗ္ဗာန်ဆိုတဲ့တရားရဲ့သဘောကို နားလည်သဘောပေါက်လာက တပည့်တော်ရဲ့စိတ်ထဲမှာ ကာလရှည်လျားစွာ ရှုပ်ထွေး နေတဲ့ ပြဿနာဟာ ရှင်းလင်းသွားပါတော့တယ် ဆရာတော်။

ဆရာတော်။ ခုနက ဦးပဋ္ဌင်းဟောခဲ့သလို မွေးကတည်းက မျက်စေ့မမြင်တဲ့လူကို နေရောင်ဟာ ဘယ်လို အရောင် အဆင်းရှိတယ်၊ ဘယ်လို ပုံသဏ္ဌာန်ရှိတယ်၊ ဘယ်လိုသတ္တိရှိတယ် ဆိုတာကို ဘယ်လောက်ပင် ရှင်းပြရှင်းပြ စက္ခုနှစ်ကွင်း အလင်းမရသဖြင့် နေရောင်ရဲ့သဘောကို ဘယ်နည်းနဲ့မှ နားလည်သဘောပေါက်မှာ မဟုတ်သလို ဗုဒ္ဓနှင့် ရဟန္တာအရှင်မြတ်တို့သာ သိမြင်နားလည်နိုင်တဲ့ နိဗ္ဗာန်ဆိုတဲ့တရားရဲ့ သဘောနှင့် အနှစ်သာရကိုလည်း အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်ကို မရမချင်း မသိနိုင်၊ သဘောမပေါက်နိုင်ဘူး ဆိုတာကို အားလုံး နားလည် သဘောပေါက်ကြ စေချင်တယ်။ ဒီတရားကို နားလည်သဘောပေါက်လိုတဲ့ အကြင်သူ တဦး တယောက်ဟာ အဝိဇ္ဇာအမှောင်ထုကို မြူမျှ မကျန်အောင် ဖယ်ရှားပစ်ရလိမ့်မယ်။ ဒီ အဝိဇ္ဇာတရားကို ပယ်ရှား ပစ်ဖို့ ရန် လည်း မဂ္ဂင်ရှစ်ပါးတရားကို တကယ်တမ်း မဆုတ်မနစ် အားထုတ်ရပါလိမ့်မယ်။

(ဤနေရာတွင် ပရိသတ်ထဲမှ ဒကာကြီးတယောက်က မတ်တတ်ရပ်လျက်)

ဆရာတော်ဘုရား၊ တပည့်တော်တို့ အိန္ဒိယပြည်နဲ့ ဗမာပြည်မှာရှိကြတဲ့ အမေရိကန် သာသနာပြုတွေက နိဗ္ဗာန်ဆိုတာ ဘာမျှမဟုတ်ဘဲ အားလုံးဖျက်ဆီးပစ်တဲ့တရားလို့ ဟောပြောနေကြလေတော့ ဒီကနေ့ ဆရာတော် ဟောတော်မူလိုက်မှပဲ တပည့်တော်တို့ဟာ နိဗ္ဗာန်ဆိုတဲ့တရားဟာ သူတို့ပြောသလို အားလုံးကို ဖျက်ဆီးပစ်တဲ့တရားမဟုတ်ဘဲ တကယ့်ကို ချမ်းသာသုခ အပြည့်အဝရှိတဲ့တရားမှန်း နားလည်သဘောပေါက်ကြရပါတယ် ဆရာတော်။

ဤတွင် ပရိသတ်အားလုံးက သာဓုအနုမောဒနာ ပြုကြလေကုန်သည်။

မေးခွန်းအမှတ် (၁၀)

ဗုဒ္ဓကိုယ်တိုင်က အခြားသူများကဲ့သို့ ဇနီးနှင့်သား ရှိပါလျက် လောဘ၊ ဒေါသ၊ တဏှာ၊ မာန၊ အဝိဇ္ဇာ စသည့် တရားတို့မှ ကင်းစင်နိုင်ပါမည်လား ဆရာတော်။

(မေးမြန်းလျှောက်ထားသူ - ခရစ်ယာန်ဘုန်းကြီး ဂျေ၊ ဝစ်(လ်)ဆင်၊ အမ်အေ (အောက်စဖို့တက္ကသိုလ်)၊ ခရစ်ယာန် ဘာသာ ပါရဂူ၊ ဘုံဘိုင်မြို့၊ အက်လီဖင်စတုံးကောလိပ်၊ အင်္ဂလိပ်ဘာသာပါမောက္ခ၊ ဖြေဆိုသူ - ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ ဗုဒ္ဓမှာ ဇနီးလည်းရှိတယ်။ သားလည်းရှိတယ်။ ဒါကြောင့် ဗုဒ္ဓဟာ သာမန်လူသား တယောက်သာဖြစ်ပြီး ဘုရားဆိုတဲ့ဘွဲ့ထူးနဲ့ မည်သည့်နည်းနဲ့မျှ မထိုက်တန်ဘူး ဆိုတဲ့စကားဟာ ဗုဒ္ဓရဲ့ သိပ္ပံ နည်းကျတဲ့ အဘိဓမ္မာတရားတွေကို မသိနားမလည်ကြတဲ့ ခရစ်ယာန်ဘုန်းကြီးများက ဗုဒ္ဓဘာသာကို မနှစ်မြို့တဲ့ သဘောနဲ့ ဟောပြော ဝါဒဖြန့်နေကြတဲ့စကားသာလျှင် ဖြစ်ပါတယ်။

အလွန်မြင့်မြတ်တဲ့၊ ပြိုင်ဖက်မရှိတဲ့၊ အလွန်စင်ကြယ်မြင့်မြတ်တဲ့၊ သဗ္ဗညုတရွှေဉာဏ်တော်ရှင်ဗုဒ္ဓနဲ့ ဗုဒ္ဓအဖြစ်ကို ရောက်အောင် ကျင့်နေစဉ်အခါက ဗုဒ္ဓအလောင်းအလျာနဲ့ အလွန်ကွာခြားလျက်ရှိတယ်ဆိုတဲ့ အချက်ကို သူတို့ဟာ လုံးဝ မသိနားမလည်ကြဘူး။

ဇနီး ယသော်ဓရာမင်းသမီးနဲ့ သားတော် ရာဟုလာတို့နဲ့ နန်းမသုံးဆောင်မှာ ပျော်စံနေခဲ့တဲ့ ဂေါတမမင်းသား၊ တနည်းအားဖြင့် သိဒ္ဓတ္ထမင်းသားဟာ ဗုဒ္ဓရဲ့အလောင်းအလျာ၊ ဗုဒ္ဓဖြစ်ဖို့ရန်ကြိုးစားနေတဲ့ အကြင်လူသားတယောက်ပဲ ဖြစ်ခဲ့တယ်။ သူဟာ သမ္မာသမ္ဗုဒ္ဓအဖြစ်ရောက်အောင်လေ့ကျင့်ယူရမယ့်မင်းသားတပါးပဲဖြစ်တယ်။ ဗုဒ္ဓကိုယ်တော်တိုင် မဟုတ်သေးဘူး။

ဗုဒ္ဓဆိုတာ ဘာလဲလို့ ဆိုတာကို ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှားမြင်လာအောင် ဦးပဥ္စင်းက အောက်ပါ အချက် အလက်ကို ရှင်းပြဖို့ လိုလိမ့်မယ်။

ဗုဒ္ဓအဖြစ်ကို လိုလားတောင့်တပြီးကျင့်သုံးတဲ့လူကို ဗုဒ္ဓအလောင်းအလျာလို့ခေါ်တယ်။ ဒီ ဗုဒ္ဓအလောင်းအလျာဟာ -

၁။ မိမိရဲ့ စည်းစိမ်ဥစ္စာကို မပြောနဲ့၊ အသက်ကိုပင် လာပြီးအလှူခံမယ့်လူရှိရင် ပေးကမ်းစွန့်ကြဲမယ်ဆိုတဲ့ ဒါန ပါရမီ၊

၂။ အသက်ပင် အသေခံပြီး စောင့်ထိန်းအပ်တဲ့ သီလကို စောင့်ထိန်းပါမယ် ဆိုတဲ့ သီလပါရမီ၊

၃။ စည်းစိမ်ဥစ္စာဟူသမျှတွင် သာမန်လူသားတို့ အတပ်မက်ဆုံးဖြစ်တဲ့ ထီးနန်းစည်းစိမ်ကိုပင် စွန့်ပယ်၍ တောထွက်ခြင်း၊ တနည်းအားဖြင့် ဤစည်းစိမ်ဥစ္စာရတနာ ဆိုတဲ့ တရားစုတို့မှ လွတ်မြောက်အောင် ရုန်းထွက် တဲ့ နိက္ခမပါရမီ၊

၄။ အသက်စည်းစိမ်ချမ်းသာကိုပင် ပမာဏမပြုဘဲ အမှန်တရားကိုသာ ကိုယ်စားပြုတဲ့ သစ္စာပါရမီ၊

၅။ ရှိရှိသမျှသောတရားကို ဟုတ်တိုင်းမှန်ရာအတိုင်း ခွဲခြားစိတ်ဖြာပြီးသိနိုင်တဲ့ အသိဉာဏ်ကို ဆည်းပူး တည် ဆောက်တဲ့ ပညာပါရမီ၊

၆။ အသက်အိုးအိမ်စည်းစိမ်ဟူသမျှကို ပမာဏမထားဘဲ သမုဒ္ဒရာပင်လယ်ကြီးကိုပင် လက်ပစ်ကူး၍ စွန့်စားဝံ့ သော မဆုတ်မနစ်သည့် ဖွဲလုံ့လထုတ်မှု ဝီရိယပါရမီ၊

၇။ မိမိရဲ့ သားသမီး ဇနီးကိုသာမက မိမိရဲ့အသက်ကိုပင် လုပ်ကြံသတ်ဖြတ်မည့်သူ ဖြစ်ပစေ၊ မည်ကဲ့သို့မျှ မတုံ့ပြန်ဘဲ သည်းခံတဲ့အကျင့်ကို တည်ဆောက်တဲ့ ခန္တီပါရမီ၊

၈။ ရှိရှိသမျှသော သတ္တဝါတို့ကို မိမိ၏ရင်သွေးရင်နှစ် သားသမီးအစစ်တို့ကဲ့သို့ ချစ်ခင်ကြင်နာခြင်း စိတ်ဓာတ်ကို တည်ဆောက်သည့် မေတ္တာပါရမီ၊

၉။ မိမိပြုအံ့ဟု ရည်မှန်းထားတဲ့ မြင့်မြတ်တဲ့အရေးကိစ္စအဝဝကို ဆောင်ရွက်ရာတွင် မည်သည့် ဘေး အန္တရာယ်နှင့် ရင်ဆိုင်ရစေကာမူ မဆုတ်မနစ်လုပ်ကိုင်တဲ့ အလေ့အကျင့်ကို တည်ဆောက်တဲ့ အဓိဋ္ဌာနပါရမီ၊

၁၀။ မည်သူ့ကိုမျှ ချစ်လည်းမချစ်၊ မုန်းလည်းမမုန်းတဲ့ လွန်ကဲတဲ့စိတ်ဓာတ်မျိုးကို မမွေးမြူတတ်တဲ့ ဥပေက္ခာပါရမီ။

အဲဒီ ပါရမီ(၁၀)ပါးကို ဖြည့်ဆည်းခဲ့ပြီး ပြည့်စုံတဲ့အချိန်ရောက်မှ၊ နောက်ဆုံးဗုဒ္ဓအဖြစ်သို့ ရောက်မယ့်ဘဝကျတော့မှ အလွန်မြင့်မြတ်ပြီး အကျင့်သိက္ခာနဲ့ ပြည့်စုံလှတဲ့မိခင်ရဲ့ဝမ်းကြာတိုက်အတွင်းမှာ ပဋိသန္ဓေနေခဲ့တယ်။ ဒါဟာ ဗုဒ္ဓအလောင်းအလျာတို့ရဲ့ ကျင့်ထုံးပဲ။

ဒီကျင့်ထုံးအတိုင်းပဲ ဗုဒ္ဓအလောင်းတော် ဂေါတမမင်းသားဟာ မယ်တော်မာယာရဲ့ ဝမ်းထဲမှာ ပဋိသန္ဓေတည်ပြီး မွေးဖွား တော်မူခဲ့တယ်။ အဲဒီနောက် အချိန်တန် အရွယ်ရောက်လာတော့ ယသော်ဓရာမင်းသမီးနဲ့ စုလျားရစ်ပတ် လက်ထပ် ထိမ်းမြားပြီး သားတော်ရာဟုလာ ဖွားမြင်ပြန်တယ်။ အဲဒီအခါက ဂေါတမမင်းသားဟာ ဗုဒ္ဓအဖြစ်ကို မရောက်သေးဘူး။ ဗုဒ္ဓရဲ့ အလောင်းအလျာမျှသာ ဖြစ်တယ်။ အဲဒီနောက်မှာ ထီးနန်းစည်းစိမ်နဲ့တကွ လောကီစည်းစိမ်အဝဝကို စွန့်ပယ်ပြီး တောထွက်တော်မူတယ်။ တောထဲမှာ (၆)နှစ်တိုင်တိုင် သာမန်လူသားတို့ စိတ်ကူးထဲမှာပင် မထည့်ဝံ့လောက်အောင် အလွန်ပြင်းပြင်းထန်ထန် ကျင့်တော်မူတယ်။

လွန်ခဲ့တဲ့ ဘဝအဆက်ဆက်က ဖြည့်ဆည်းတည်ဆောက်ခဲ့တဲ့ (၁၀)ပါးသောပါရမီအဟုန်နဲ့ ဂေါတမမင်းသားအဖြစ်နဲ့ (၆)နှစ်တိုင်တိုင် ပြင်းပြင်းထန်ထန်ကျင့်ခဲ့တဲ့ အကျင့်အဟုန်ဖြင့် ဝါဆိုလပြည့်နေ့ ဒုတိယညဥ့်ယံတွင် သစ္စာလေးပါး မြတ် တရားကို ဆရာမရှိဘဲ အလိုလို အကြွင်းမရှိသိမြင်တော်မူခဲ့တယ်။ အဲဒီအချိန်ကစပြီး ဗုဒ္ဓအဖြစ်ကို ရောက်တော်မူတယ်။ တနည်းအားဖြင့် သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူတယ်ဆိုတာ လောဘ၊ ဒေါသ၊ တဏှာ၊ မာန၊ မိစ္ဆာ အစရှိတဲ့ အဝိဇ္ဇာတရားဟူသမျှကို မြူမျှမကျန်အောင် သုတ်သင်ပယ်ရှားနိုင်တော်မူခြင်း ဖြစ်တယ်။ ဒီသဘောကိုအပြန်ပြန်ကောက်ယူမယ်ဆိုရင် ဒီအဝိဇ္ဇာတရားကို မြူမျှမကျန်အောင် မပယ်ဖျက် မရှင်းလင်းနိုင်သမျှ ဘယ်သူမှ သစ္စာလေးပါး မြတ်တရားကို အထင်အရှား မသိနိုင်ဘူး၊ မမြင်နိုင်ဘူး။

ဒါကြောင့် ဗုဒ္ဓဟာ လောဘ၊ ဒေါသ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ တရားတွေမှမကင်းဘူးဆိုတဲ့စကားဟာ လုံးဝ ယုတ္တိယုတ္တာ ကင်းမဲ့တဲ့ စကားသာလျှင်ဖြစ်တယ်။ ဒီစကားဟာ ဗုဒ္ဓဆိုတဲ့စကားရဲ့ အနက်အဓိပ္ပာယ်ကို မသိတဲ့လူများရဲ့ ပြောစကားသာလျှင် ဖြစ်တယ်။

ဗုဒ္ဓမှာ အမေဆိုတာလည်း မရှိဘူး၊ အဖေဆိုတာလည်း မရှိဘူး၊ မယားလည်းမရှိဘူး၊ သားလည်းမရှိဘူး၊ လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကဆိုတဲ့ လောကတွေထဲမှာ ဗုဒ္ဓနဲ့ နှိုင်းအပ်ယှဉ်အပ်တဲ့ ပုဂ္ဂိုလ် တယောက်မျှမရှိတော့ဘူး။ သူဟာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့ရဲ့ ဦးတိုက်ပူဇော်ရာ ဆရာဖြစ်လာတော်မူတယ်။

ဗုဒ္ဓအလောင်းအလျာအနေနဲ့ ဘဝပေါင်း အသင်္ချေတိုင်အောင် (၁၀)ပါးသော ပါရမီတော်မြတ်ကို ကျင့်တော်မူခဲ့ရတာက အကြောင်းတရား၊ နောက်ဆုံးဘဝမှာ ဆရာမရှိဘဲ အလိုလို သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော် မူခြင်းက အကျိုးတရား၊ တဖန် ဗုဒ္ဓအဖြစ်က အကြောင်းတရား၊ အလုံးစုံသော တရားတို့ကို သိမြင်တော်မူခြင်းက အကျိုးတရား၊ တဖန် အလုံးစုံသော တရားတို့ကို သိမြင်ရခြင်းက အကြောင်းတရား၊ နိဗ္ဗာန်တရားကို ရတော်မူခြင်းက နောက်ဆုံးအကျိုးတရားပဲ ဒကာကြီး။ ဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် အကြောင်းနှင့် အကျိုးတရား တို့ရဲ့ သဘော ရော၊ ဗုဒ္ဓဆိုတာ ဘာလဲဆိုတဲ့အချက်ကိုပါ နားလည်သဘောပေါက်နိုင်ပါတယ်။

ဝစ်လဆင်။ ယခု ဆရာတော်ရှင်းလင်းဟောပြောတော်မူမှပဲ တပည့်တို့ဟာ ဗုဒ္ဓဆိုတာ ဘာကိုခေါ်တယ်။ ဗုဒ္ဓဆိုတာ ဘယ်လိုဂုဏ်အရည်အချင်းနဲ့ပြည့်စုံရတယ်။ ဗုဒ္ဓဖြစ်အောင်ဘာတွေလုပ်ရတယ်ဆိုတာကို နားလည် သဘောပေါက်ကြပြီး တပည့်တော်တို့ ဦးခေါင်းထဲမှာ စွဲနေတဲ့ အယူအဆမှားများဟာ ပြေပျောက်ကင်းစင် သွားရပါတယ် ဆရာတော်။

ဤ၌တွင် လာရောက်၍ တရားနာကြသည့်ပရိသတ်က သာဓုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၁၁)

ဗုဒ္ဓကိုယ်တိုင် အနိစ္စရောက်ရပြီး နောက်ထပ်တဖန် ပြန်၍ ရှင်မလာနိုင်ဘဲလျက် ဗုဒ္ဓအား အနန္တဉာဏ်တော်ရှင်၊ အတုမရှိ တန်ခိုးတော်ရှင်ဟု မည်သို့ခေါ်နိုင်ပါမည်နည်း။

(မေးမြန်းလျှောက်ထားသူ – ခရစ်ယာန်ဘုန်းကြီး ဂျေ၊ ဝစ်(လ်)ဆင်၊ အမ်အေ (အောက်စဖို့တက္ကသိုလ်)၊ ခရစ်ယာန် ဘာသာ ပါရဂူ၊ ဘုံဘိုင်မြို့၊ အက်လီဖင်စတုံးကောလိပ်၊ အင်္ဂလိပ်ဘာသာပါမောက္ခ၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုတာကို သာမန်လူတို့ ကွယ်လွန်အနိစ္စရောက်တဲ့သဘောနဲ့ ယူဆခြင်းဟာ အလွန်မှားယွင်းတဲ့ အယူအဆဖြစ်တယ်။ ဗုဒ္ဓဟာ ပရိနိဗ္ဗာန်ပြုခြင်းအားဖြင့် ဇာတိပဋိသန္ဓေနေခြင်း၊ သေခြင်းဆိုတဲ့ တရားတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ရောက်ခြင်းဖြစ်တယ်။

ပရိနိဗ္ဗာန်ဆိုတဲ့ သဘောကို တကယ်တမ်း သိမြင်နားလည်နိုင်အောင် တပါးနဲ့တပါး လုံးဝဆန့်ကျင်ဖက်ဖြစ်တဲ့ တရား နှစ်ပါးကို ဦးပဥ္စင်းဝေဖန်ဆန်းစစ်ပြပါ့မယ်။ ဒီတရားနှစ်ပါးအနက် တပါးက မတည်မြဲတဲ့ စကြာဝဠာကြီးနဲ့ အခြားတပါးက တော့ အမြဲတမ်း တည်မြဲနေတဲ့ နိဗ္ဗာန်ဆိုတဲ့ တရားပဲ။ ပါဠိလို ဒီတရားနှစ်ပါးကို သင်္ခတဓာတ်နဲ့ အသင်္ခတဓာတ်လို့ ခေါ် တယ်။ စကြာဝဠာကြီးထဲမှာ ဦးပဥ္စင်းတို့ ကမ္ဘာလို ကမ္ဘာကြီး (၁၀)ခု ပါဝင်တယ်။ အဲဒီ ကမ္ဘာတွေဟာလည်း ဦးပဥ္စင်းတို့ ကမ္ဘာကြီးလိုပဲ (၁) ပထဝီ၊ (၂) အာပေါ၊ (၃) တေဇော၊ (၄) ဝါယောဆိုတဲ့ မဟာဘုတ်ကြီး (၄)ပါးတို့ စုပေါင်းဖွဲ့စည်းထားတာဖြစ်တယ်။ ဒီဓာတ်ကြီး (၄)ပါးဟာ ပြောင်းလဲတတ်တဲ့ သဘော ရှိတယ်။ ပျက်စီးတတ်တဲ့ သဘောရှိတယ်။ မတည်မြဲတဲ့သဘောလည်းရှိတယ်။ ဒါကြောင့် ဒီ ဓာတ်ကြီး (၄)ပါးနဲ့ တကွ ဒီဓာတ်ကြီး(၄)ပါးတို့ ဖွဲ့စည်းပေါင်းစပ်ထားလို့ ဖြစ်သမျှတရားစုကိုသင်္ခတဓာတ်လို့ခေါ်တယ်။ တဖက်က နိဗ္ဗာန် ဆိုတဲ့တရားကိုတော့ အသင်္ခတ လို့ခေါ်တယ်။ အသင်္ခတဓာတ်ဆိုတာကတော့ အစဉ်ထာဝရတည်မြဲတယ်။ ဖျက်ဆီးလို့မရဘူး၊ မပျက်စီးဘူး၊ ဇာတိ၊ ဇရာ၊ မရဏဆိုတဲ့ တရားတွေမှ လုံးဝကင်းစင်တယ်။ ဒါကြောင့် ဗုဒ္ဓဟာ သူဟောပြောလိုတဲ့ တရားတော်ကိုလည်း ဟောပြောတော်မူခဲ့ပြီး သူ့ရဲ့တရားတော်ကို သူ့ကိုယ်စား ဆက်လက် ဟောပြောတော်မူကြမယ့် သူ့ရဲ့ချစ်သား သံဃာတော်များလည်း အမြောက်အများရှိလာပြီဖြစ်လေတော့ အထက်က ဦးပဥ္စင်းပြောခဲ့တဲ့ ဇာတိပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်းဆိုတဲ့ တရားစုမှ လုံးဝကင်းစင်တဲ့ နိဗ္ဗာန်ကို ဝင်ဖို့ တနည်းအားဖြင့် ပရိနိဗ္ဗာန်ပြုဖို့ အချိန်တော်ပြီလို့ ဆုံးဖြတ်တော်မူပြီး ပရိနိဗ္ဗာန်ပြုတော်မမူမီ (၃)လက ကြိုတင် ကျေညာတော်မူပြီး နိဗ္ဗာန်ကို ဝင်သွားတော်မူခြင်းပဲ ဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓဟာ ကွယ်လွန်အနိစ္စရောက်တယ် ဆိုတာ အလွန်မိုက်မဲပြီး မှားယွင်းတဲ့ အယူအဆသာဖြစ်တယ်။

ဗုဒ္ဓကိုယ်တော်မြတ်ဟာ အနန္တဉာဏ်တော်ရှင်၊ အနန္တတန်ခိုးရှင်ဟုတ်တယ်၊ မဟုတ်တယ် ဆိုတာကို သူကိုယ်တော် တိုင် ရှာဖွေဖော်ထုတ်ပြီး ဟောပြောတော်မူခဲ့တဲ့ တရားတွေကို လေ့လာသုံးသပ်ကြည့်ဖို့လိုတယ်။ ဗုဒ္ဓကိုယ်တော်တိုင် ဖော် ထုတ်ပြီး ဟောတော်မူခဲ့တဲ့ တရားတော်တွေဟာ

(၁) ရုပ်တရားနဲ့ဆိုင်တဲ့ သတ္တိများဖြစ်ကြတဲ့ ရုပ်တရား (၂၈)ပါး၊

(၂) စိတ်နဲ့ပတ်သက်တဲ့ စေတသိက်တရား (၅၂)ပါး၊

(၃) စိတ်ပေါင်း (၈၉)ပါး၊

(၄) ပဋိစ္စသမုပ္ပာဒ် ဆိုတဲ့ အကြောင်းအကျိုး တရား (၁၂)ပါး၊

(၅) သစ္စာလေးပါး တရားတော်၊

(၆) အကြောင်းဖြစ်၍ကျေးဇူးပြုတတ်သော ဟေတုပစ္စည်း၊ အာရုံဖြစ်၍ ကျေးဇူးပြုတတ်သော အရမ္မဏပစ္စည်း၊ အကြီးအကဲဖြစ်၍ အုပ်စိုးခြင်းဖြင့် ကျေးဇူးပြုတတ်သော အဓိပတိပစ္စည်း၊ ရှေးရှေးသောစိတ် (၈၉) စေတသိက် (၅၂) တို့အနေနှင့် ကျေးဇူးပြုတတ်သော အနန္တရပစ္စည်း စသည်ဖြင့် (၂၄)ပါးသော ပစ္စည်း၊

(၇) သတိပဋ္ဌာန် (၄)ပါး၊

(၈) သမ္မပ္ပဓါန်တရား (၄)ပါး၊

(၉) ဣဒ္ဓိပါဒ် (၄)ပါး၊

(၁၀) ဣန္ဒြေ (၅)ပါး၊

(၁၁) ဗိုလ် (၅)ပါး၊

(၁၂) ဗောဇ္ဈင် (၇)ပါး၊

(၁၃) မဂ္ဂင် (၈)ပါး စတဲ့ တရားတော်များပါဝင်တဲ့ အလွန်ခက်ခဲနက်နဲတဲ့ အဘိဓမ္မာတရားတော်ဖြစ်တယ်။

ဒီလောက် ခက်ခဲနက်နဲတဲ့ အဘိဓမ္မာတရားတော်ကို ဘယ်ဘာသာအယူဝါဒကို ထူထောင်ခဲ့တဲ့ ဘယ်ဘာသာဝါဒရှင်မျှ မဖော်ထုတ် မဟောပြောနိုင်ခဲ့ဘူး။ သူတို့ ရှာဖွေဖော်ထုတ် ဟောပြောခဲ့ကြတဲ့ တရားတွေနဲ့ ဗုဒ္ဓကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့ တရားတော်တို့ကို အတိမ်အနက်၊ အကျယ်အဝန်းခြင်း တိုင်းတာကြည့်မယ်ဆိုရင် ကျွဲလူးအိုင်နဲ့ ပစိဖိတ်သမုဒ္ဒရာတမျှ ကွာခြားလျက်ရှိတာကို တွေ့ကြရပါလိမ့်မယ်။ ဒီလောက်နက်နဲတဲ့တရားကို လူသားတွေမပြောထားနဲ့၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာကမှ မဟောပြောနိုင်ခဲ့ဘူး။

ဗုဒ္ဓကိုယ်တော်မြတ်များမှာသာ ရှိတော်မူတဲ့ လက္ခဏာတော်ကြီး (၃၂)ပါး၊ လက္ခဏာတော်ငယ် (၈၀) နဲ့ ပြည့်စုံတဲ့ ဂေါတမဗုဒ္ဓဟာ စကြာဝဠာတခုလုံးအတွင်းမှာရှိတဲ့ ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာမျှ မတွေးတော မကြံဆနိုင်တဲ့ အထက်ကဖော်ပြခဲ့တဲ့ အဘိဓမ္မာတရားတော်ကို ပိုင်းခြားထင်ထင် သိမြင်တော်မူရုံမျှမကဘဲ ဉာဏ်တော် (၁၀)ပါး၊ တန်ခိုးတော် (၁၀)ပါးနဲ့လည်း ပြည့်စုံတော်မူတယ်။ ဒီဗုဒ္ဓရဲ့ ရွှေဉာဏ်တော်ကွန်ယက်ကို ဖြန့်လိုက်ရင် ဘယ်တရားမှ ဒီ ကွန်ထဲက မထွက်နိုင်ဘူး။ ဗုဒ္ဓဟာ ဘယ်အယူအဆ၊ ဘယ်ဘာသာဝါဒကိုမဆို ဇီးဖြူဖန်ခါး၊ ရှစ်ရှားသီးများကို လက်ဝါးထဲမှာ တင်ကြည့်လိုက်သလို ပြက်ပြက်ထင်ထင် မြင်တော်မူပြီး ဘယ်ဟာ မှားတယ်၊ ဘယ်ဟာမှန်တယ် ဆိုတာကို ချက်ခြင်း ပိုင်းခြားဝေဖန် ဆန်းစစ်ပစ်နိုင်တော်မူတယ်။ ဒါကြောင့်လဲ သူ့ခေတ်အတွင်းမှာ ခေတ်စားနေတဲ့၊ မှားယွင်းနေတဲ့ အယူဝါဒ၊ တနည်းအားဖြင့် (၆၂)ပါးသော ဒိဋ္ဌိတွေကို ရွှေဉာဏ်တော်ကွန်ယက်နဲ့ တခါတည်းဖမ်းပြီး ချေမှုန်းပစ်နိုင်တာပေါ့။ ဒီ ဒိဋ္ဌိ (၆၂)ပါးကို ဖမ်းပြီး ဝေဖန်တိုက်ခိုက်ပစ်တာကို ဗြဟ္မဇာလသုတ်မှာ အတိအလင်း ဟောထားတာပဲ။

ဒါကြောင့် ဗုဒ္ဓဟာ အတုမရှိ၊ နှိုင်းယှဉ်စရာမရှိလောက်အောင် ထူးခြားမြင့်မြတ်တော်မူတယ်လို့ ဆိုထားတာပေါ့။ ဗုဒ္ဓဟာ သာမန်လူသားတွေလို ကွယ်လွန်အနိစ္စရောက်တာ မဟုတ်ဘူး။ ဘယ်တော့မှ မအိုတဲ့၊ မနာတဲ့၊ မသေတဲ့၊ အို၊ နာ၊ သေဘေးတို့မှ အစဉ်ထာဝရ ကင်းစင်လွတ်မြောက်တဲ့ နိဗ္ဗာန်ကို ဝင်တော်မူခြင်းဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓဟာ အနန္တ ဉာဏ်တော်၊ အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူတာပေါ့။ ကဲ ပါမောက္ခကြီး၊ ဦးပဉ္စင်း အခုဟောတဲ့တရားတွေကို သဘောပေါက်ပြီလား၊ ကျေနပ်ရဲ့လား။

ဝစ်လဆင်။ ဆရာတော်ဟာ တပည့်တော် ရည်မှန်းမျှော်လင့်ထားတာထက်ပင် ဒီပြဿနာနဲ့ ပတ်သက်လို့ ပိုမို ရှင်းလင်းအောင် ဟောပြောနိုင်လေတော့ တပည့်တော်မှာ ဆရာတော်ရဲ့ ဟောပြောရှင်းပြချက်တို့ကို ကျေနပ်နှစ်ခြိုက် သဘောပေါက်လှပါပြီ ဘုရား။

ဤတွင် တရားနာပရိသတ်က သာဓုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၁၂)

ခရစ်တော်၏ဟောပြောချက်များသည်ဗုဒ္ဓ၏ဟောပြောချက်များနှင့်အဘယ်ကြောင့်ဆင်တူနေသနည်း။ ခရစ်တော်သည် အရိမိတ္တေယျဘုရားအလောင်းတော်ဖြစ်သည် ဟူသောစကား မှန်ပါသလော။

(မေးမြန်းလျှောက်ထားသူ – ခရစ်ယာန်ဘုန်းကြီး ဂျေ၊ ဝစ်(လ်)ဆင်၊ အမ်အေ (အောက်စဖို့တက္ကသိုလ်)၊ ခရစ်ယာန် ဘာသာ ပါရဂူ၊ ဘုံဘိုင်မြို့၊ အက်လီဖင်စတုံးကောလိပ်၊ အင်္ဂလိပ်ဘာသာပါမောက္ခ၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ ချစ်ခင်ကြင်နာစိတ်ထားရှိရေး၊ ကရုဏာတရားပွားများရေး၊ သည်းခံရေး၊ အပြစ်မှ ခွင့်လွှတ်ရေး စတဲ့ အရေးကိစ္စတို့နဲ့ပတ်သက်ပြီး ခရစ်တော် ဟောပြောထားတဲ့တရားများဟာ ဗုဒ္ဓကိုယ်တော်မြတ် ကိုယ်တိုင် ဟောပြောတော်မူခဲ့တဲ့တရားများနဲ့ ဆင်တူပါတယ်။ ဒါပေမယ့် ဒီလို ဆင်တူသလိုလိုရှိတာနဲ့ ခရစ်တော်ဟာ အရိမိတ္တေယျ အလောင်းတော်ပဲဖြစ်တယ်ဆိုတဲ့ စကားကတော့ အကြောင်းအကျိုးဆက်စပ်မှု သဘောတရားနဲ့ ကန့်လန့်ဆန့်ကျင်ဖြစ်နေတယ်။ အဲဒီတော့ ဒီအယူအဆကို ပယ်ရှားပစ်ဖို့ရန် ဦးပဥ္စင်းက အမေးပုစ္ဆာအချို့ကို မေးဖို့ လိုပါလိမ့်မယ်။ အဲဒီ အမေးပုစ္ဆာတွေကို ဒကာကြီးက ဖြေဆိုစေလိုပါတယ်။

(ဤကဲ့သို့ ဆရာတော်က မိန့်မြွက်တော်မူပြီးနောက် အောက်ပါမေးခွန်းကို စတင်မေးပါသည်။)

ဆရာတော်။ ဘယ်အရွယ်မှာ ခရစ်တော်ဟာ ရေဟူဒီလူမျိုးတို့ရဲ့ဘုရားကျောင်းမှထွက်ခွာပြီး ပျောက်ကွယ်သွားပါသလဲ ဒကာကြီး။

ဝစ်လဆင်။ ခရစ်တော်ဟာ (၁၂)နှစ်အရွယ်မှာ ရေဟူဒီလူမျိုးတို့ရဲ့ဘုရားကျောင်းမှထွက်ခွာပြီး အမိအဘတို့ကို စွန့်ခွာသွားခဲ့ပါတယ်။

ဆရာတော်။ ခရစ်တော်ဟာ ဘယ်အရွယ်ကစပြီး တရားဟောသလဲ။

ဝစ်လဆင်။ ခရစ်တော်ဟာ သူ့ရဲ့တရားဓမ္မတို့ကိုသက်တော် (၃၀)က စတင်ဟောခဲ့ပါတယ် ဆရာတော်။

ဆရာတော်။ ဒါဖြင့်ရင် အသက် (၁၂)နှစ်က အသက်(၃၀)အထိ (၁၈)နှစ်လုံးလုံး ခရစ်တော်ဟာ ဘယ်သွားနေပါသလဲ။

ဝစ်လဆင်။ ဒီ (၁၈)နှစ်လုံးလုံး ခရစ်တော်ဟာ သူ့ရဲ့မွေးစားဖခင် သျှင်ယောသ (စိန့်ဂျိုးဇက်) နဲ့အတူတကွ နေထိုင်လျက် ရှိပါတယ် ဆရာတော်။

ဆရာတော်။ ဒီ အဘိုးတန်တဲ့(၁၈)နှစ်လုံးလုံး ခရစ်တော်ဟာ ဘာများ လုပ်နေပါသလဲ။

ဝစ်လဆင်။ သူ့ရဲ့မွေးစားဖခင် သျှင်ယောသကို ကူညီပြီး လက်သမားအလုပ်ကို လုပ်နေဟန်တူပါတယ် ဆရာတော်။

ဆရာတော်။ ဒါဖြင့် ခရစ်တော်ဟာ လူသားတို့အား အကုသိုလ်ကံတရားမှ တနည်းအားဖြင့် ငရဲဘုံမှ ကယ်တင်ရန် မွေးဖွားလာခြင်းမဟုတ်ဘဲ သျှင်ယောသကို လက်သမားအလုပ်မှာ ဝင်ရောက်ကူညီဖို့ရန် မွေးဖွားလာရတယ်လို့ ဆိုလို ပါသလား ဒကာကြီး။

ဝစ်လဆင်။ ခရစ်တော်ဟာ လူသားတို့ကို အကုသိုလ်ကံတရားမှ တနည်းအားဖြင့် ငရဲဘုံမှ ကယ်တင်ရန် ဖွားမြင်လာခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် သူ၏တရားဓမ္မတို့ကို ဟောပြောရန် ဖခင်ထာဝရဘုရားသခင် ရဲ့ အမိန့်တော်ကို စောင့်မျှော်နေခြင်းပဲ ဖြစ်ပါတယ်ဘုရား။

ဆရာတော်။ ဒါဖြင့် ခရစ်တော်ဟာ ဖခင်ထာဝရဘုရားသခင်ရဲ့အမိန့်တော်ကိုစောင့်နေဆဲ (၁၈)နှစ်ကာလ အတွင်း သေကြရတဲ့ သန်းပေါင်းများစွာသော လူတွေဟာ ကောင်းကင်ဘုံနန်းကိုပဲသွားသလား၊ ငရဲပြည်ကိုပဲ သွားကြရသလား။

ဝစ်လဆင်။ ဒီ(၁၈)နှစ်ကာလအတွင်း သေကြေပျက်စီးကြရတဲ့ လူတွေဟာ အကုသိုလ်ကံထဲနစ်မွန်းပြီး ငရဲဘုံသို့ ရောက်ကုန်ကြရပါတယ် ဆရာတော်။ ဘာပြုလို့လဲဆိုတော့ အဲဒီလူသားတွေအတွက် ကောင်းကင်ဘုံနန်း တံခါး မပွင့် သေးလို့ပါ ဆရာတော်

ဆရာတော်။ ဒကာကြီး ယခုပြောတဲ့စကားအရဆိုရင် ခရစ်တော်ဟာ လူသားတရပ်လုံးကိုကယ်တင်တဲ့ပုဂ္ဂိုလ် မဟုတ်ဘဲ သူ့ကို လက်ဝါးကပ်တိုင်မှာ ကပ်ချည်ပြီးနောက်ပိုင်း သေကြရတဲ့လူတွေကိုသာ ကယ်တင်တဲ့ပုဂ္ဂိုလ်ပေါ့။

ဝစ်လဆင်။ ဒီမေးခွန်းဟာ ခက်ခဲရှုပ်ထွေးတဲ့ မေးခွန်းဖြစ်တဲ့အတွက် တပည့်တော် မဖြေတတ်ပါ ဆရာတော်။

ဆရာတော်။ ဒကာကြီး ဒါကို မဖြေနိုင်ရင် ဒကာကြီးတို့ရဲ့ ဂိုဏ်းမကြီးဖြစ်တဲ့ အင်္ဂလန်ပြည်ဂိုဏ်းချုပ်က ဖြေနိုင် ပါ့မလား။

ဝစ်လဆင်။ ဒါဟာ နက်နဲရှုပ်ထွေးတဲ့ပြဿနာတရပ်ဖြစ်တဲ့အတွက် အင်္ဂလန်ပြည် ကင်တာဘာရီမြို့က ဂိုဏ်းချုပ်ကြီး လည်း ဖြေနိုင်မှာ မဟုတ်ပါဘူး ဆရာတော်။

ဆရာတော်။ "နက်နဲရှုပ်ထွေးတဲ့" ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ဟာ ဘာလဲ ဒကာကြီး။

ဝစ်လဆင်။ နက်နဲရှုပ်ထွေးတယ်ဆိုတာဟာ သာမန်လူသားထက် တတ်သိနားလည်တဲ့ နတ် အစရှိတဲ့ သူတို့ ကိုယ်တိုင် မဖြေရှင်းနိုင်တဲ့ လျှို့ဝှက်ထားတဲ့အမှန်တရားပါပဲဆရာတော်။ ဒီတရားကို ထာဝရဘုရားသခင် ကိုယ်တော် မြတ် သာလျှင် ဖြေရှင်းနိုင်ပါမယ် ဆရာတော်။

ဆရာတော်။ ဒါဖြင့် ဒကာကြီးတို့ရဲ့ ခရစ်ယာန်ဘာသာမှာ လျှို့ဝှက်တဲ့ အမှန်တရားများပါဝင်လျက်ရှိတယ်ပေါ့။ ဒါဖြင့်ရင် ခရစ်ယာန်ဘာသာတရားတော်ဟာ မပြည့်စုံသေးဘူးလို့ ဆိုရပေလိမ့်မယ်။ ယခုတိုင် ခရစ်ယာန် ဘာသာ တရားနဲ့ ဆိုင်ရာ တရားအချို့ဟာ မှောင်ထဲမှာပဲ ရှိနေသေးတယ်ပေါ့။ ဟုတ်သလား ဒကာကြီး။

ဝစ်လဆင်။ တပည့်တော်မှာ အခြားအဖြေပေးစရာမရှိလေတော့ ဟုတ်ပါတယ်လို့ပဲ ဝန်ခံရမှာပဲ ဆရာတော်။

ဆရာတော်။ ခရစ်တော်ရဲ့ ဒီ(၁၈)နှစ်လုံးလုံး တိမ်မြုပ်ပျောက်ကွယ်နေတဲ့ဘဝကို အမေရိကတိုက် ချီကာဂိုမြို့က ကမ္ဘာကျော်ခရီးလှည့်လည်သူ သုတေသနပုဂ္ဂိုလ် ပါမောက္ခ ဂိုးရစ်(ခ်) ရဲ့ မှတ်တမ်းအရ ဦးပဥ္စင်း ယခု ရှင်းလင်းပြပါ့မယ်။ ဒကာကြီး ဂရုစိုက်ပြီး နားထောင်စေချင်ပါတယ်။

ပါမောက္ခ ဂိုးရစ်(ခ်)ဟာ တိဘက်ပြည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများမှ ခရစ်တော်ကိုယ်တိုင် ဟောပြဘာသာနဲ့ ရေးသားထားတဲ့မှတ်စုကို ရခဲ့ပြီး ၁၉၂၅ခုနှစ်က **"ခရစ်တော်၏ မသိသေးသော သွန်သင် ဟောပြောချက်များ" (The untold teachings of the Christ by Prof. Goldricke 1925)** ဆိုတဲ့ နာမည်နဲ့ စာအုပ်တအုပ်ကို ရေးသားထုတ်ဝေခဲ့တယ်။ ခရစ်ယာန်ဘာသာကို အလွန်သက်ဝင်ယုံကြည်တဲ့ ပါမောက္ခ ဂိုးရစ်(ခ်) ဟာ (၁၈)နှစ်လုံးလုံး ခရစ်တော် ဒီလိုနစ်မြုပ်ကွယ်ပျောက်နေတဲ့အကြောင်းကို အလွန်သိလိုလှလို့ အမေရိကမှာရှိတဲ့ ခရစ်ယာန်ဘာသာဂိုဏ်းချုပ် ဂိုဏ်းအုပ်တို့ကို မေးမြန်းကြည့်တယ်။ ဒါပေမယ့် ဒီကိစ္စနဲ့ ပတ်သက်လို့ ဘယ်သူကမှ သူ့ကို ရှင်းလင်းမပြောနိုင်ခဲ့ဘူး။ ဒါနဲ့ပဲ ဒီကိစ္စနဲ့ပတ်သက်လို့ သူကိုယ်တိုင် သုတေသနလုပ်ငန်း ထွက်လုပ်တယ်။ ဒီလို ဘယ်သလီဟန်၊ ဂျေရုဆလင်၊ ကိုင်ရို၊ တူရကီ၊ အိန္ဒိယနဲ့ တိဘက်ပြည် တွေမှာ အားတက်သရော ကြိုးပမ်းပြီး လိုက်လံစုံစမ်းတော့ နောက်ဆုံး တိဘက်ပြည်တောင်ပိုင်း မွန်ဘုန်းတော်ကြီး ကျောင်းမှ ကျောင်းထိုင်ဆရာတော် မဟာထေရ်မြတ် ကို ခရစ်တော်ကိုယ်တိုင် စာရွက်ပေါင်း (၁၀၀)ပေါ်မှာ သူကိုယ်တိုင် ဒီ(၁၈)နှစ်အတွင်း တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေကို မှတ်တမ်းတင်ပြီး ကြိုးနဲ့ ကျကျနန ချည်နှောင် ကာ သူ့ကို တရားဓမ္မများ ဟောပြောသွန်သင်တဲ့ အနေနဲ့ ကန်တော့ခဲ့တဲ့မှတ်တမ်းကို ရခဲ့တယ်။ အဲဒီမှတ်တမ်းထဲမှာ ခရစ်တော်ကိုယ်တိုင် အောက်ပါအတိုင်း ရေးသားထားတာကို တွေ့ရှိရတယ်လို့ ဂိုးရစ်(ခ်)က ရေးသားပြတယ်။

"ကျွန်ုပ်အား အသက်(၁၂)နှစ်အရွယ်သို့ရောက်သောအခါ ရဟူဒီလူမျိုးတို့၏ ထုံးတမ်းအစဉ်အလာအရ ရဟူဒီဘုန်းတော်ကြီးကျောင်းသို့ နွေဦးရာသီပွဲတော်အတွင်း ခေါ်သွားကြပါသည်။ ထိုရဟူဒီကျောင်း၌ ရဟူဒီဆရာတော်ကြီးများသည် ထာဝရဘုရားသခင်၏ ဖန်ဆင်းခြင်း၊ သူ၏ကရုဏာ၊ သူ၏ဒေါသအမျက်၊ သူ၏တရားမှန်ကန်ခြင်း စသည့် တရားတို့ကို ဆွေးနွေးနှီးနှောနေကြ၏။ ကျွန်ုပ်အဘိုး၏ အရှိန်အဝါဖြင့် ကျွန်ုပ်သည် ရဟူဒီဘုန်းတော်ကြီးများအား ကျွန်ုပ် မသိနားမလည်သည့် အချက်တို့ကို ဝင်၍ မေးမြန်းခွင့်ရရှိခဲ့၏။ ကျွန်ုပ် ပထမဦးဆုံး မေးမြန်းသည့် မေးခွန်းကား –

"ယေဟိုးဝါသည် အချို့ကို လူချမ်းသာ၊ အချို့ကို လူဆင်းရဲ၊ အချို့ကို ပညာရှိ၊ အချို့ကို လူ့အနွံ၊ အချို့ကို လူကောင်း၊ အချို့ကို လူယုတ်မာ၊ အချို့ကို ရုပ်ရည်အလှအပ၊ အချို့ကို အရုပ်ဆိုးအကြည့်တန်၊ အချို့ကို အသက်ရှည်ရှည်၊ အချို့ကို အသက်တိုတို၊ အချို့ကို မျက်စိအကောင်း၊ အချို့ကို မျက်စိမမြင်၊ အချို့ကို ကျန်းကျန်းမာမာ၊ အချို့ကို ရောဂါသည်၊ အချို့ကို အားအင်အကောင်း၊ အချို့ကို အားအင်အချည့်အနဲ့ အစရှိသည်ဖြင့် လူအချင်းချင်း ကွဲပြား ခြားနားစွာ အဘယ်ကြောင့် ဖန်ဆင်းထားပါသလဲ" ဟု ဖြစ်၏။

ထိုအခါ ရဟူဒီဘုန်းတော်ကြီးများနှင့် ပရိသတ်အားလုံးသည် အံ့အားသင့်သွားကြ၍ ကျွန်ုပ်၏မေးခွန်းကို မဖြေနိုင်ကြသဖြင့် –

"အို သူငယ်၊ ဤအချက်ကို ယေဟိုးဝါသာလျှင် သိနိုင်သည်" ဟု ရဟူဒီဘုန်းတော်ကြီးများက ပြန်ပြောကြ၏။

တဖန် ကျွန်ုပ်က –

"ယေဟိုးဝါသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ သုံးပါးသောကာလတို့ကို သိပါလျက်နှင့် အဘယ့်ကြောင့် ငရဲဘုံကို ဖန်ဆင်းခဲ့ပါသနည်း" ဟု မေးမြန်းပါသည်။

ထိုအခါ ရဟူဒီဆရာတော်များက –

"ယုတ်မာညစ်ညမ်းသူတို့ကို အပြစ်ဒဏ်ပေးရန် ငရဲဘုံကို ဖန်ဆင်းခဲ့သည်" ဟု ပြန်ဖြေ၏။

ထိုနောက်တဖန် –

"ယေဟိုးဝါသည် သူ၏ဖန်ဆင်းမှုဆိုင်ရာ အနာဂတ်ကာလ၏သဘောကိုသိမြင်ပါလျက်နှင့် အဘယ့်ကြောင့် ယုတ်မာညစ်ညမ်းသူတို့ကို ဖန်ဆင်းရပါသနည်း" ဟု ကျွန်ုပ်က ထပ်၍မေးလိုက်ပြန်သည်။ ထိုအခါ အားလုံးသော ရဟူဒီဘုန်းတော်ကြီးများသည် မည်သို့မျှ မဖြေနိုင်ကြတော့ဘဲ ကျွန်ုပ်အား သူတို့အားလုံး၏ ဂိုဏ်းချုပ်အဖြစ် ရွေးကောက်တင်မြှောက်ကြ၏။ ထို့နောက် ကျွန်ုပ်သည် ကျွန်ုပ်၏ မြင့်မြတ်သည့် ရာထူးအရှိန်ကို အသုံးပြုလျက် နှင်တံတချောင်းကို ယူကာ ဘုရားတန်ဆောင်းထဲ၌ သူတို့လုယက်တိုက်ခိုက်၍ရသော ပစ္စည်းတို့ကို ရောင်းချနေကြသူများအား နှင်တံနှင့် ရိုက်ပြီး –

"ဤနေရာကား ယေဟိုးဝါ ဘုရားတန်ဆောင်းဖြစ်သည်။ အသင်တို့အတွက် ဈေးရောင်းစရာ နေရာမဟုတ်" ဟုဆိုကာ နှင်ထုတ်ပစ်လိုက်၏။

ယေဟိုးဝါ၏တရားကား ရက်ဖွယ်ဖြစ်နေကြောင်း၊ အခြေအမြစ်မရှိကြောင်းကို သိမြင်လာသော ကျွန်ုပ်သည် အလွန်မြင့်မြတ်သည့် ဂုဏ်ထူး၊ နေရာထူးတို့ကို ရနေသည့်တိုင်အောင် ဤမဟုတ်မမှန်သောစကားကိုရှုံ့ရှာမုန်းတီး၍ 'အမှန်တရား' ကို မတွေ့တွေ့အောင်ရှာကြံမည်ဟု သန္နိဋ္ဌာန်ချလိုက်၏။ ထိုနောက် ကျွန်ုပ်သည် ဘုရားရှိခိုးကျောင်းထဲမှထွက်၍ မြို့တော်မှ ထွက်ခွာလာခဲ့၏။ ငါးမိုင် ခြောက်မိုင်ကျော်ခန့်လမ်းလျှောက်မိသောအခါ ခရီးသွားကုန်သည်တစု နှင့်တွေ့၏။ သူတို့၏ဝတ်စားဆင်ယင်ပုံမှာ ရဟူဒီလူမျိုးများနှင့်ကွဲပြားခြားနားလျက်ရှိရာ သူတို့သည် တိုင်းတပါးမှ လာရောက်ကြသည့် ကုန်သည်များ ဖြစ်ရမည်ဟု သတိပြုမိ၏။ သို့နှင့် သူတို့အနီးသို့ချဉ်းကပ်လိုက်ရာ ကံအားလျော်စွာ သူတို့ ခေါင်းဆောင်နှင့် တွေ့ပြီး သူတို့အား ဓမည်သည့်အရပ်မှ မည်သည့်ကိစ္စဖြင့် လာကြသနည်း" ဟု မေးမြန်းလိုက်ပါသည်။

ထိုအခါ ခရီးသွားကုန်သည်များ၏ခေါင်းဆောင်များက သူတို့သည် တိဘက်ပြည်မှဖြစ်ကြောင်း၊ တိဘက်ပြည် သားရေများ၊ ဦးချိုများနှင့် ထူးဆန်းသည့်ပစ္စည်းများကို ဂျေရုဆလင်မြို့မှ ရွှေငွေ ကျောက်သံပတ္တမြားနှင့် အခြား အဘိုးတန်ဆေးဝါးတို့နှင့် ဖလှယ်ရန်လာကြကြောင်း ပြောပြ၏။ ကျွန်ုပ်သည် ခေါင်းဆောင်၏ စိတ်နေသဘောထား ကို သဘောကျမိသဖြင့် စကားပြောရင်းဆိုရင်းနှင့်ပင် လောက၌ အချို့လူတို့က ဆင်းရဲ၊ အချို့က ရုပ်ချော၊ အချို့က အကျည်းတန်၊ အချို့က ကျန်းမာ၊ အချို့က ချည့်နဲ့လျက် အဘယ်ကြောင့် မညီမမျှမွေးဖွားကြသနည်း ဟူသော ရေဟူဒီဘုန်းကြီးများအား ပထမဆုံးမေးသည့် မေးခွန်းကို မေးကြည့်၏။

ထိုအခါ ကုန်သည်အဖွဲ့ခေါင်းဆောင်က –

"အို ချစ်လှစွာသောသူငယ်၊ လူသားများအနက် အချို့က ဆင်းရဲ၊ အချို့က ချမ်းသာ၊ အချို့က ပညာရှိ၊ အချို့က ပညာမဲ့၊ အချို့က ရုပ်ချော၊ အချို့က အကျည်းတန်၊ အချို့က ကျန်းကျန်းမာမာ၊ အချို့က အင်အားချည့်နဲ့ အဖြစ်ဖြင့် တဦးနှင့် တဦး အသွင်မတူဘဲ မွေးဖွားကြရသည်မှာ အတိတ်ဘဝက ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကမ္မ သတ္တိတို့ကြောင့်ပင်ဖြစ်၏။ ရုပ်အဆင်းအားဖြင့် လှပချောမွေ့၍ လှပသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ပြီးလျှင် မှန် ရှေ့တွင် ရုပ်လိုက်သောအခါ လှပ၍ကျက်သရေရှိသောအသွင်သဏ္ဍာန်သည် ထင်လာကာ ရုပ်အဆင်းအားဖြင့် ဆိုးဝါး၍ စုတ်ပြတ်ဟောင်းနွမ်းသော အဝတ်တို့ကို ဝတ်ဆင်ထားသူတယောက်သည် မှန်ရှေ့တွင် ရုပ်လိုက်သောအခါ အရုပ်ဆိုး၍ ကျက်သရေယုတ်လှသည့် အသွင်သဏ္ဍာန်သည် ထင်လာဘိသကဲ့သို့ အချို့လူသားတို့သည် အတိတ် ဘဝက ကမ္မသတ္တိကောင်းကြသဖြင့် စည်းစိမ်ဥစ္စာချမ်းသာကြ၏။ ရုပ်အဆင်းသဏ္ဍာန်လှကြ၏။ ပညာဉာဏ် ထက်မြက်ကြ၏။ ကျန်းမာသန်စွမ်းကြ၏။ ကိုယ်လက်အင်္ဂါ ပြည့်စုံကြ၏။ အသက်ရှည်ကြ၏။ အချို့လူသားတို့ ကား အတိတ်ဘဝက ကမ္မသတ္တိ ညံ့ဖျင်းကြသောကြောင့် ဆင်းရဲနွမ်းပါးကြ၏။ အရုပ်ဆိုးအကျည်းတန်ကြ၏။ အသိဉာဏ်ကင်းမဲ့ထုံထိုင်းကြ၏။ အင်အားချည့်နဲ့ကြ၏။ ကိုယ်အင်္ဂါ မပြည့်မစုံချို့တဲ့ကြ၏။ ဤကဲ့သို့ လူသား အချင်းချင်း တဦးနှင့် တဦး ကွဲပြားခြားနားကြရခြင်းမှာ အထက်ကပြောခဲ့သကဲ့သို့ အတိတ်ဘဝက ကမ္မသတ္တိ အဆိုး နှင့်အကောင်းအရသာ ဖြစ်၏။ မည်သည့် ထာဝရဘုရား၊ သို့မဟုတ် ယေဟိုးဝါ၏ ဖန်ဆင်းမှုကြောင့်မျှ မဟုတ်ချေ။ တနည်းအားဖြင့် ဥပမာ ပေးရသော် ဥယျာဉ်မှူးတယောက်သည် ချိုမွှေးသောအပင်ကို စိုက်လျှင် ချိုမွှေးသော အသီး ကို စားရ၍ ခါးသောအပင် ကို စိုက်လျှင် ခါးသောအသီးကို စားရဘိသကဲ့သို့ ဖြစ်၏"

ကုန်သည်ခေါင်းဆောင်ကြီးက ဖြေလိုက်သည့်အဖြေကို ကြားလိုက်သောအခါ ကျွန်ုပ်သည် အလွန်ဝမ်းသာအားရဖြစ် ကာ သူ့အား "မည်သူဟောကြားသည့်တရားတို့ကို လိုက်နာပါသနည်း" ဟု မေးမိ၏။

ထိုအခါ ကုန်သည်ခေါင်းဆောင်ကြီးက – "အို ချစ်လှစွာသောသူငယ်၊ ကျွန်ုပ်ကား ဗုဒ္ဓကိုယ်တော်မြတ် ဟောကြား တော်မူသော တရားကိုသာလိုက်နာကျင့်သုံး၏။ ဗုဒ္ဓကိုယ်တော်မြတ်သည် လောကသုံးပါးတွင် ပညာအရှိဆုံး ဖြစ်သည်။ အလုံးစုံသော တရားတို့ကို အကြွင်းမဲ့သိတော်မူသည့် သဗ္ဗညုတရွှေဉာဏ်တော်ရှင်လည်း ဖြစ်သည်။ ဓမ္မစကြာတရားရှင်လည်း ဖြစ်သည်။ သစ္စာလေးပါး တရားတော်ကိုလည်း ပိုင်းခြားထင်ထင် သိမြင်တော်မူသည်။ အနန္တဉာဏ်တော်၊ အနန္တတန်ခိုးတော်ရှင်လည်း ဖြစ်တော်မူသည်" ဟု ပြန်၍ ဖြေကြား၏။ ထိုအခါ ကျွန်ုပ်သည် ဗုဒ္ဓ ကိုယ်တော်မြတ် ဟောကြားတော်မူသည့် တရားဒေသနာတို့ကို လိုက်နာကျင့်သုံးလိုလှသဖြင့် ကျွန်ုပ်၏မိတ်ဆွေသစ် ကုန်သည်ခေါင်းဆောင်ကြီးအား ကျွန်ုပ်ကို တိဘက်ပြည်သို့ ခေါ်ဆောင်၍ ဆရာတော်ကြီးတပါးထံ အပ်နှံပေးပါရန် တောင်းပန်လိုက်၏။ ကျွန်ုပ်က ဤကဲ့သို့ တောင်းပန်လိုက်သောအခါ ကုန်သည်ခေါင်းဆောင်ကြီးက – "အို သူငယ်၊ ကျွန်ုပ်သည် သင့်အား ကျွန်ုပ်တို့တိဘက်ပြည်သို့ ခေါ်သွားလိုပါ၏။ သို့ရာတွင် သင်သည် အသက်အရွယ်အားဖြင့် အလွန်နုနယ်၍ မိဘနှစ်ပါးတို့၏ အုပ်ထိန်းခြင်းမှ မကင်းလွတ်သေးသဖြင့် သင်၏မိဘများကိုယ်တိုင် သင့်အား ကျွန်ုပ်၏ လက်တွင်းသို့ မအပ်နှံသမျှ ကျွန်ုပ်သည် သင့်အား တိဘက်ပြည်သို့ ခေါ်၍မသွားနိုင်ပါ" ဟု ပြန်၍ဖြေဆိုပါသည်။

ဤတွင် ကျွန်ုပ်က –

"အို မိတ်ဆွေ ကုန်သည်ခေါင်းဆောင်ကြီး၊ ဤကိစ္စနှင့်ပတ်သက်၍ စိုးစဉ်းမျှ မစိုးရိမ်ပါလင့်။ ကျွန်ုပ်သည် အသက် အရွယ် အားဖြင့် အလွန်နုနယ်လှသော်လည်း အသိပညာနှင့်ပတ်သက်သောအခါ မနုနယ်ပါ။ ရာထူးဌာနန္တရအားဖြင့်

မြင့်မားသူတဦးဖြစ်ပါသည်။ ကျွန်ုပ်၏ ခန့်ညားထယ်ဝါလှသည့်ဝတ်စုံနှင့် ဤအထိမ်းအမှတ်လက်စွပ်တို့ကိုကြည့်ပါ။ ကျွန်ုပ်သည် ဤမြို့မှ ရေဟူဒီဘုန်းကြီးများထဲတွင် အချုပ်အခြာဖြစ်ပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်မသိမမြင်ခဲ့ဖူးသည့် ယေဟိုးဝါ၏ မှုမမှန်သောတရားတို့ကို မုန်းတီးရွံရှာလှသဖြင့် သစ္စာတရားကို မရရအောင်၊ မတွေ့တွေ့အောင် ရှာဖွေ လေ့လာမည် ဟူသော ဆုံးဖြတ်ချက်ဖြင့် ကျွန်ုပ်၏ကျောင်းကို စွန့်ခွာခဲ့သူ ဖြစ်၏။ အကယ်၍သာ ကျွန်ုပ်သည် သင်နှင့် ယခုကဲ့သို့မတွေ့ခဲ့ပါက သစ္စာတရားကိုရှာဖွေရန် တောကြီးမျက်မည်းထဲသို့ ရောက်နေမည်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ် သည် သင်နှင့် တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ၊ သင်က ခေါ်သည်ဖြစ်စေ၊ မခေါ်သည်ဖြစ်စေ၊ ဤမြို့ ဤဒေသမှ အမှန်မုချ ထွက်ခွာမည် ဖြစ်သည်။”

ကုန်သည်ခေါင်းဆောင်ကြီးသည် ကျွန်ုပ်၏ ရဲရင့်တိကျသောစကားနှင့် ပြင်းထန်သောဆုံးဖြတ်ချက်တို့ကို ကြားသောအခါ ကျွန်ုပ်အား တိဘက်ပြည်သို့ ခေါ်သွားရန်နှင့် တိဘက်ပြည်သို့ရောက်သောအခါ သူ ကိုးကွယ်ဆည်းကပ်သည့် ဆရာတော်ကြီးထံ အပ်နှံပေးရန် သဘောတူလေ၏။

ကံကောင်းထောက်ပံ့သဖြင့် ခရီးသွားကုန်သည်တို့သည် ထိုနေ့မှာပင် တိဘက်ပြည်သို့ ပြန်ကြရန် စီစဉ်ထားကြသောကြောင့် ကျွန်ုပ်သည် ချက်ချင်းပင် သူတို့နှင့်အတူ တိဘက်ပြည်သို့ လိုက်သွားခွင့်ရခဲ့၏။ (၄)လကြာမျှ အလွန်ပြင်းပြင်းထန်ထန်နှင့် ခရီးကြမ်းနှင်ခဲ့ကြပြီးနောက် ကျွန်ုပ်သည် တိဘက်ပြည်တောင်ပိုင်း မွန်ဘုန်းတော်ကြီးကျောင်း၊ ကျောင်းထိုင်ဆရာတော် အရှင်အရိယပုတ္တမဟာထေရ် ထံသို့ရောက်ခဲ့၏။ ကျွန်ုပ်သည် တိဘက်ဘာသာစကားကို မတတ်ကျွမ်း သော်လည်း ခရီးသွားကုန်သည်ခေါင်းဆောင်ကြီး၏ အကူအညီဖြင့် အရှင်အရိယပုတ္တမဟာထေရ်မြတ်၏ ခြေတော်ရင်းတွင် ခိုလှုံလိုကြောင်း လျှောက်ထားနိုင်ခဲ့၏။

ဆရာတော်မဟာထေရ်မြတ်သည် ကျွန်ုပ်အား အစမ်းသဘောဖြင့် (၆)လတိတိ သူ၏ခြေတော်ရင်းတွင် ပညာသင်ကြား ပေးကာ စောင့်ကြည့်ခဲ့၏။ ထိုအချိန်ကာလအတွင်း ကျွန်ုပ်သည် တိဘက်ဘာသာကို လေ့လာခဲ့၏။ (၆)လစေ့သော အခါ မဟာထေရ်မြတ်သည် ကျွန်ုပ်၏ ဆန္ဒပြင်းပြမှုကို ယုံကြည်စိတ်ချကာ ကျွန်ုပ်အား သံဃာအပါး ၃၀ ကျော်နှင့် အလွန်ကြီးမားလှသည့် ပရိသတ်ရှေ့မှောက်၌ သာမဏေ ဇီဝကိရိတ ဟူသောဘွဲ့ (ဟေဗြဲဘာသာအရ “ယေရှု ခရစ်တော်”) ဖြင့် ရှင်သာမဏေအဖြစ်နှင့် သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်းချီးမြှင့်တော် မူလေ၏။”

“တိမ်မြုပ်နေသော ခရစ်တော်၏ဟောပြောချက်များ” ဟူသောကျမ်းသည် စာမျက်နှာပေါင်း (၆၀၀)ကျော်ရှိရာ ထိုကျမ်းဂန် တခုလုံးကို ကုန်အောင် ဦးပဥ္ဇင်းဟာ အကြိမ် (၂၀) ထက်မနည်း ဟောရမယ်ဖြစ်တယ်။ ဒါကြောင့် ကျန်တဲ့အပိုင်းကို အကျဉ်းချုပ်ပြီး ဟောပါရစေ။

သာမဏေရ ဇီဝကိရိတ (သို့မဟုတ်) ရှင်သာမဏေဟာ ၇နှစ်နှင့်၆လတိုင်တိုင် ရှင်သာမဏေတို့ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်သိက္ခာတို့ကို ကျကျနန ထိန်းသိမ်းခဲ့လေတော့ ရှင်အရိယပုတ္တမဟာထေရ်မြတ်က အသက် (၂၀) အရွယ်သို့ ရောက်တဲ့အခါမှာ ရဟန်းတော်အဖြစ် ဥပသမ္ပဒါ ပြုပေးတော်မူသတဲ့။

ရဟန်းတော် ရှင်ကိရိတ ဟာ စိတ်အားလည်း ထက်သန်၊ ဗုဒ္ဓရဲ့တရားကိုလည်း အလွန်ယုံကြည်ကိုးစားတော်မူတဲ့အတွက် စာပေပရိယတ်ကိုလည်း တဖက်က သင်အံကျက်မှတ်၊ တဖက်က သမထတရားတို့ကို လေ့လာအားထုတ်နေတော့ မကြာမီအတွင်းမှာ ဈာန်အဘိညာဉ်တွေကိုရပြီး တန်ခိုးတွေကို ပြနိုင်လာသတဲ့။ သူ့ရဲ့ဆရာတော် အရှင်အရိယပုတ္တ ကလည်း ရဟန္တာတပါး ဖြစ်လေတော့ ခရစ်တော်ရဲ့ အနာဂတ်အရေးကို သိမြင်တော်မူတယ်တဲ့။

ခရစ်တော်ဟာ အလွန်ဆိုးဝါးတဲ့ သေခြင်းတရားနဲ့ တွေ့ကြုံရမယ့် အရေးကို မြင်တော်မူသတဲ့။ ဒါကြောင့် ရဟန်းတော် ဇီဝကိရိတ က သူ့အရပ် သူ့ဌာနသို့ ပြန်ရန် အခွင့်တောင်းတော့ အခွင့်မပြုဘဲ ငြင်းဆန်နေသတဲ့။ ဒါပေမယ့် တကြိမ်မျှ သာမဟုတ်ဘဲ အကြိမ်ကြိမ် အဖန်ဖန်လျှောက်ထား တောင်းပန်လေတော့ –

“အို ချစ်သား ဇီဝကိရိတ၊ ချစ်သားဟာ အောက်ပါအချက်တွေကို လိုက်နာကျင့်သုံးမယ်ဆိုရင် ချစ်သားအား သွားခွင့်ပြု မယ်။ ဆရာတော်လိုလားတဲ့အချက်တွေကတော့

(၁) အကယ်၍ ရေဟူဒီလူမျိုးများ (သို့မဟုတ်) ဣသရေလလူမျိုးများကသင့်အား တံတွေးများထွေး၍ ရှုံ့ချကဲ့ရဲ့ကြသည့်တိုင်အောင်၊ ခဲအုတ်များနှင့် ပေါက်သည့်တိုင်အောင်၊ ဆဲရေးတိုင်းထွာသည့်တိုင်အောင် ချစ်သားက ချစ်သား၏ ဈာန် အဘိညာဉ်တန်ခိုးကို အသုံးပြု၍ မတုံ့ပြန်ပါနှင့်။

(၂) အကယ်၍ တစုံတယောက်သောသူက သင့်အား မဟုတ်မမှန် မတရားသဖြင့် စွပ်စွဲသည့်တိုင်အောင် ချစ်သားက ပကတိ တည်ငြိမ်သောသဘောနှင့် သည်းခံရမည် ဖြစ်၏။

(၃) အကယ်၍ တစုံတယောက်သောသူက သင်၏မျက်မှောက်မှာပင် ဗုဒ္ဓကိုယ်တော်မြတ်ကိုလည်းကောင်း၊ တရားတော်မြတ်ကိုလည်းကောင်း၊ သံဃာတော်အရှင်မြတ်တို့ကိုလည်းကောင်း၊ သွားပုပ်လေလွင့် မတရားသဖြင့် ပြောသည့်တိုင်အောင် နည်းပရိယာယ်ကို သုံးလျက် သူတို့၏မိုက်မှားမှုကို သိမြင်လာအောင် ဟောပြောညွှန်ပြရမည် ဖြစ်၏။ အကြောင်းသော်ကား သူတို့သည် ဘာမျှမသိမမြင် နားမလည်ကြ၍သာ ပြုမူကြခြင်းဖြစ်ရာ သူတို့အား အပြစ်မှ အခွင့် လွှတ်ရမည် ဖြစ်၏။

(၄) အကယ်၍ တစုံတယောက်သောသူက အထင်အမြင်လွဲမှားသည်ရှိသော် နားလည်လာသည့်တိုင်အောင် ဥပမာ ဥပမေယျ များကိုဆောင်ကာ ဟောပြောရှင်းလင်းရမည်ဖြစ်၏။

(၅) မည်ကဲ့သို့ပင်ဖြစ်စေ၊ သင့်အား ကန့်လန့်ဆန့်ကျင်ပြုလုပ်နေကြသည့် သင်၏ရန်သူများအား မုန်းတီးခြင်း၊ ဒေါသ ဖြစ်ခြင်း စသည့် အရိပ်လက္ခဏာတို့ကို မပြပါနှင့်။

(၆) သင်သည် အခါမလပ် မမေ့မလျော့သောစိတ်ဓါတ်နှင့် ဈာန်အဘိညာဉ်တရားတို့ကို ပွားများပါလေ။ မေတ္တာ ကမ္မဋ္ဌာန်း ကို ပွားများကာ ကမ္ဘာလောကကြီးတဝှမ်းလုံးကို သင်၏မေတ္တာကရုဏာတရားဖြင့် လွှမ်းမိုးပါစေ။

(၇) အကယ်၍ တစုံတယောက်သောသူ (သို့မဟုတ်) လူတစုက သင့်အားရိုက်နှက်သတ်ဖြတ်စေကာမူ သေသည် အထိ အသိတရားကင်းမဲ့စွာ မိုက်မှားသူတို့အပေါ်တွင် မေတ္တာ၊ ကရုဏာတရားများ ပွားများကာ နောက်ဆုံး သေသည့်အချိန်အထိ ဗုဒ္ဓကိုယ်တော်မြတ်၏ ဂုဏ်တော်တရားကို အခါမလပ် ဆင်ခြင်အောက်မေ့ပါလေ။ သို့မှသာ လျှင် သင်သည် သေသည်၏အခြားမဲ့၌ အလွန်ချမ်းသာသုခနှင့် ပြည့်စုံသော ဗြဟ္မာ့ဘုံသို့ ရောက်မည်ဖြစ်၏။

ချစ်သား၊ သင်သည် ဤအချက် (၇)ချက်ကို လိုက်နာကျင့်သုံးပါမည်ဟု ကတိပေးခဲ့လျှင် သင်သည် ရေဟူဒီ လူမျိုးများ အား မည်သည့်နည်းနှင့်မျှ မပြုပြင် မပြောင်းလဲနိုင်မှန်းကို သိလျက်နှင့် အခွင့်ပေးရချေမည်။ သင်သည် ဣသရေလလူမျိုးများအား ပြုပြင်နိုင်သော်လည်း သူတို့သည် သင်၏တရားများကို အထင်အမြင်မှားကာ သင် ကွယ်လွန်ပြီးနောက် သင်ဟောပြောသည့်တရားတို့ထဲမှ (၁) ချစ်ခင်ကြင်နာခြင်း၊ (၂) ကရုဏာပွားများခြင်း၊ (၃) လေးစားခြင်း၊ (၄) ဥပေက္ခာ ပြုခြင်း၊ (၅) သည်းခံခြင်း၊ (၆) အပြစ်မှခွင့်လွှတ်ခြင်း (၇) ကြိုးပမ်းအားထုတ်ခြင်း စသည့် အချက်အလက်တို့ကိုသာ ဆက်လက်ထိန်းသိမ်း၍ သင်၏နာမည်ဖြင့် ဘာသာအယူဝါဒတရပ်ကို ထူထောင်ကြလိမ့်မည်" ဟူ၍ အမိန့်ရှိကာ အရိယ ပုတ္တ မထေရ်မြတ်ဟာ ဇီဝကရိတ အား ပြန်ခွင့်ပြုလိုက်တယ်။ ဇီဝကရိတကလည်း သူ့ရဲ့ဆရာတော် အမိန့်ရှိတော်မူတဲ့ အချက်အလက်တွေကို သေသည်အထိ လိုက်နာကျင့်သုံး ပါ့မယ်လို့ ကတိကဝတ်ပြုကာ သူ့ရဲ့ နေရပ်ဌာနသို့ ပြန်လာခဲ့ တယ်။

အဲဒီနောက် ယုဒယာမြို့မှာ ခရစ်တော် ပထမဦးဆုံး တရားဟောတဲ့အခါမှာ တရားနာသူတွေက ယေဟိုးဝါ ဘုရားသခင် ကိုယ်တော်မြတ်ရဲ့ တရားတွေမဟုတ်ဘဲ ဗုဒ္ဓကိုယ်တော်မြတ် ဟောတဲ့တရားတွေသာ ဖြစ်တယ်လို့ဆိုပြီး သူ့ကို ဝိုင်းပြီး ပုတ်ခတ် ပြောဆိုကြတယ်။ ဂျေရုဆလင်နဲ့ ဘသာလီဟန်မြို့တွေမှာဟောပြန်တော့လည်း ဒီအတိုင်းဘဲ ဖြစ်ရပြန်တယ်။ သူတို့က သူဟောတဲ့တရားတွေဟာ ဘယ်လောက်ပဲကောင်းကောင်း တနည်းနည်းနဲ့တိုက်ဖျက်ကာ ရှုံ့ချပုတ်ခတ်ကြ သတဲ့။

ဒီလိုအဖြစ်အပျက်နဲ့ရင်ဆိုင်ရတဲ့အခါမှာ ခရစ်တော်ဟာ သူ့ရဲ့ဆရာ အရိယပုတ္တမထေရ်က သူ့ကိုမှာလိုက်တဲ့ ပရိယာယ် သုံးရမယ်ဆိုတဲ့စကားကို အမှတ်ရပြီး သူဟောတဲ့တရားဟာ ယေဟိုးဝါဟောတဲ့ တရားများဖြစ်ကြောင်း၊ သူဟာ ယေဟိုးဝါရဲ့ သားတော်ဖြစ်ကြောင်းဖြင့် လှည့်စားပြီး ပြောလိုက်သတဲ့။ အမှန်ကတော့ သူဟာ ပရိယာယ် သုံးရမယ်ဆိုတဲ့ စကားကို အဓိပ္ပာယ်အကောက်မှားပြီး ယခုလိုလှည့်စားလိုက်ခြင်းဖြစ်တယ်။ ဒီလိုအလှည့်စား

မှားလိုက်တဲ့အတွက် ခရစ်တော်ဟာ လက်ဝါးကပ်တိုင်မှာကပ်ပြီး ရေဟူဒီဘုန်းကြီးများနဲ့ ရောမလူမျိုးတို့ရဲ့ အသတ်ခံသွားရသတဲ့။

ခရစ်တော်ဟာတန်ခိုးပြာဋိဟာတွေကိုပြနိုင်ပေမယ့် ရေဟူဒီလူမျိုးတွေနဲ့ ရောမလူမျိုးတွေရဲ့ နှိပ်စက်မှုတွေကို သေသည် အထိ တည်ငြိမ်စွာနဲ့ပဲ ခံသွားရှာတယ်။ သူဟာ သူ့ရဲ့ဆရာက မှာလိုက်တဲ့အတိုင်း မည်သည့် ဈာန်အဘိညာဉ်ကိုမျှ မသုံးတဲ့ တကယ့်အာဇာနည်ပုဂ္ဂိုလ်ပီပီ သေခြင်းတရားကို ရင်ဆိုင်သွားခဲ့တယ်။ ဒါကြောင့် ရေဟူဒီလူမျိုးတွေဟာ ခရစ်တော်လို သူတော်ကောင်းတယောက်ရဲ့အသက်ကို ရက်ရက်စက်စက်သတ်ဖြတ်မိကြတဲ့အတွက် ယနေ့အထိ ကိုယ့် တိုင်းပြည်ရယ်လို့ လက်ညှိုးထိုးပြစရာ တိုင်းပြည်မရှိဘာမရှိနဲ့ ကလေကဝ ဖြစ်နေကြရတာပေါ့။

အဲဒီ ပါမောက္ခ မစ္စတာဂိုးရစ်(ခ်)တွေ့ရှိထားတဲ့မှတ်တမ်းအရ ခရစ်တော်ဟာ ထာဝရဘုရားသခင်ရဲ့ သားတော် မဟုတ်ဘူး ဆိုတဲ့အကြောင်းကို ကောင်းကောင်းကြီးလက်ခံနိုင်ပြီမဟုတ်လား။ ဒါပေမယ့် သူက – "ကျွန်ုပ်ကား ထာဝရ ဘုရားသခင် ယေဟိုးဝါ၏သားတော်ဖြစ်သည်" ဟူသော စကားကိုပြောကာ ရေဟူဒီလူမျိုးတွေနဲ့ ဣသရေလ လူမျိုး တွေကို သူ့တရားကိုလိုက်နာကြပြီး သူ့နောက်သို့လိုက်လာအောင် ပရိယာယ်သုံးခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့ ဆရာတော်က နိမိတ်ဖတ်လိုက်တဲ့အတိုင်းပဲ သူ့ရဲ့နောက်လိုက်တွေက သူ့ရဲ့ဟောပြောချက်တွေကို တမျိုးတဖုံ သူတို့ လိုသလို ဆွဲသုံးကြပြီး ယေဟိုးဝါ ကိုရော၊ ခရစ်တော်ကိုပါ ကိုးကွယ်ဆည်းကပ်ကြတယ်။

"ကျွန်ုပ်သည် ယေဟိုးဝါထာဝရဘုရားသခင်၏ ဓမ္မဟောင်းကို ပယ်ဖျက်ပြီး ဓမ္မသစ်ကိုတီထွင်သည်။ ကျွန်ုပ်သည် ဘုရား တန်ဆောင်းဟောင်းကို ဖြိုဖျက်၍ ဘုရားတန်ဆောင်းသစ်ကို တည်ဆောက်သည်။ ကျွန်ုပ်သည် အရေတော်ကို ဖြတ်လှီး၍ဘာသာအယူဝါဒရေးရာအရ ကင်ပွန်းတပ်သည့် ထုံးတမ်းဓလေ့ကို တီထွင်သည်" ဟူသော ခရစ်တော်ရဲ့ သုံးနွန်းသော စကားတို့ကို သူ့ရဲ့နောက်လိုက်များက မှားယွင်းတဲ့ အနက်အဓိပ္ပာယ်ဖြင့် ကောက်ယူခဲ့ကြတယ်။ ဒါပေ မယ့် ဒီစကားတွေကို ကြည့်ခြင်းအားဖြင့် သူ့ရဲ့ ဘာသာအယူဝါဒဟာ ယေဟိုးဝါရဲ့ ဘာသာအယူဝါဒနဲ့ လုံးဝ မတူ ကြောင်းကို အထင်အရှားသိမြင်နိုင်ပါတယ်။ ဒါပေမယ့် ခရစ်ယာန်ဘာသာဝင်တွေက ဒါကို နားမလည်ကြသေးဘူး။ သဘောမပေါက်ကြသေးဘူး။ ခရစ်တော်ရဲ့ သွန်သင်ဟောပြောချက်တွေရဲ့ အနက်အဓိပ္ပာယ်ကို နားမလည်ကြ သေးဘူး။

အထက်က ဦးနှင်းဟောပြောခဲ့တဲ့ တကယ့်တိကျဟုတ်မှန်တဲ့ သက်သေသာဓကတွေအပြင် ခရစ်တော်ဟာ ထာဝရ ဘုရားသခင်ရဲ့ သားတော် မဟုတ်ကြောင်းကို နောက်ထပ် သက်သေသာဓက ပြပါဦးမယ်။ ထာဝရဘုရားသခင်ရဲ့ တရား တွေနဲ့ ခရစ်တော်ဟောတဲ့ တရားတွေရဲ့ ခြားနားချက်တွေကို တကယ်တမ်း စီစစ်ကြည့်ရင် ခရစ်တော်ဟာ ထာဝရ ဘုရားသခင်ရဲ့ ရန်သူ၊ တနည်းအားဖြင့် ဆန့်ကျင်သူဖြစ်ကြောင်းကို လွယ်လင့်တကူနဲ့ သိမြင်နိုင်ပါတယ်။

ဓမ္မဟောင်းကျမ်းစာထဲမှာ ထာဝရဘုရားသခင်က အပြဟမ်အား –

"အကယ်၍ သင်၏မျက်လုံးကို တစုံတယောက်သောသူက ထိုးဖောက်၍ ယူသွားခဲ့သည်ရှိသော် ထိုသူ၏ မျက်လုံး ကိုလည်း သင်က ထိုးဖောက်၍ ယူလေ။ အကယ်၍ တစုံတယောက်သောသူက သင်၏နှာခေါင်းကို လှီးဖြတ်ပစ်သည် ရှိသော် ထိုသူ၏ နှာခေါင်းကို သင်ကလည်း လှီးဖြတ်ပစ်ပါလေ။ အကယ်၍ တစုံတယောက်သောသူက သင်၏အသက် ကို သတ်ရန်ကြိုးပမ်းခဲ့သည်ရှိသော် သင်ကလည်း ထိုသူ၏အသက်ကို သတ်ဖြတ်ပါလေ။ ငါကား ဒေါသတရားဖြင့် ထုံ အပ်သည့် ထာဝရဘုရားသခင်တည်း။ ငါသည်သင့်အား လက်စားချေရေးတရားအမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏" ဟု အလေးအနက် ဟောပြောတော်မူခဲ့တယ်။

ဒါပေမယ့် ကရုဏာတရားပွားများလှတဲ့ ခရစ်တော်ကတော့ –

"အကယ်၍ တစုံတယောက်သောသူက သင်၏ခြုံစောင်ကို ယူသွားခဲ့သည်ရှိသော် ထိုသူအား သင်၏အင်္ကျီပါ ချွတ်၍ ပေးကမ်းလှူဒါန်းပါလေ။ အကယ်၍ တစုံတယောက်သောသူက သင်၏လကျာ်ဘက်ပါးကို ရိုက်ခဲ့သည်ရှိသော် ထိုသူ အား သင်၏လက်ဝဲဘက်ပါးကိုပါ ရိုက်ပါစေ။ အစစကိုသည်းခံပါ။ သည်းခံခြင်းသည်သာလျှင်ကုသိုလ်တရားကို ပွားများ ပေးစေနိုင်သည်။ သင်၏အိမ်နီးချင်းများကို သင့်ကိုယ်ကိုချစ်ခင်သကဲ့သို့ ချစ်ခင်ပါ။ မည်သည့်သက်ရှိ သတ္တဝါ ကိုမျှ အန္တရာယ် မပြုပါနှင့်" လို့ သူ့ရဲ့နောက်လိုက်တွေကို ဟောပြောသွန်သင်ခဲ့တယ်။

ထာဝရဘုရားယေဟိုးဝါနဲ့ ခရစ်တော်ဟောတဲ့ဒီတရားနှစ်ခုဟာ တခုနဲ့တခုစပ်လို့ဟပ်လို့မရအောင် ကွာခြားနေတာကို တွေ့နေရပါတယ်။ ဒါ့ကြောင့် ခရစ်တော်ဟာ ယေဟိုးဝါရဲ့သားတော်မဟုတ်ဘဲ ထာဝရဘုရားယေဟိုးဝါရဲ့ ရန်သူ ဖြစ်ကြောင်းကိုအသိဉာဏ်ရှိတဲ့သူတိုင်းအထင်အရှားနားလည်သဘောပေါက်နိုင်ပါတယ်။ ဒီနည်းနဲ့ခရစ်တော်ဟာ ထာဝရဘုရား ယေဟိုးဝါရဲ့ ဓမ္မဟောင်းကိုချိုးဖောက်ဖျက်ဆီးနိုင်ခဲ့တယ်။ ယေဟိုးဝါရဲ့ဘုရားတန်ဆောင်းကို ဖျက်ဆီးခဲ့တယ်။ အရေပြားကို ဖြတ်လှီးပြီး ဘာသာအယူဝါဒဆိုင်ရာ ကင်ပွန်း တပ်တဲ့ ထုံးတမ်းဓလေ့ကို ပယ်ဖျက်ခဲ့တယ်။

ဒီနေရာမှာ အခွင့်သင့်လို့ ခရစ်တော် ပြန်လည်ရှင်လာခြင်းဆိုတဲ့ ကိစ္စနဲ့ပတ်သက်လို့ ဦးပဥ္စင်း အကျဉ်းချုပ်သဘော နည်းနည်း ဟောချင်ပါသေးတယ်။ ခရစ်တော်သေပြီး တတိယမြောက်နေ့မှာ ပြန်လည်ရှင်သန်လာတယ်ဆိုတဲ့ အဖြစ်အပျက် ကလေးကတော့ တော်တော်ကလေး ဦးနှောက်ကောင်းကောင်းနဲ့ တီထွင်လိုက်တဲ့ ဇာတ်လမ်းကလေးတပုဒ် ဖြစ်တယ်။ ဒီဇာတ်လမ်းကို တီထွင်လိုက်တဲ့သူကတော့ ပြည့်တန်ဆာလုပ်စားတဲ့ ပြစ်မှုနဲ့ ရေဟူဒီတရားရုံးက အမိန့်အရ ရေဟူဒီတွေက ခဲတွေနဲ့ ဝိုင်းပေါက်ခြင်းခံရတဲ့ မေရီမက်(ဂ)ဒါလီနာ (Mary Magdalene) ဆိုတဲ့ အမျိုးသမီး တယောက်ဖြစ်တယ်။

ယေဟိုးဝါ သက္ကရာဇ် (၃၂၀၁) ခုနှစ်မှာ ရောမလူမျိုးဘုရင်ခံ ပွန်တီယပ်(စ)ပစ်လေးက "ခရစ်တော်ကွယ်လွန်ခြင်းနှင့် လိမ်လည်လုပ်ကြံထားသော ပြန်လည်ရှင်လာခြင်း" ဟူသော စာတမ်းတစောင်ကို ထုတ်ဝေခဲ့ပါတယ်။ ဒီစာတမ်း ကတော့ –

"ဘက်သလဟမ်မြို့မှ မေရီ၏သား၊ အင်နာယေရှုခရစ်၏မြေးသည် ယေဟိုးဝါ၏အယူဝါဒကို မထီမဲ့မြင် သေးသိမ် ယုတ်ညံ့အောင် ပြုလုပ်လျက်ရှိသည်ဟူသော ရေဟူဒီဘုန်းကြီးများ၏ တရားစွဲဆိုချက်အရ ရောမလူမျိုးတို့၏ ဥပဒေအရ ၄င်းအား ရာဇဝတ်ကောင်များကို ကားတင်၍ ကွပ်မျက်နေကျဖြစ်သည့် ဆီနိုင်တောင်ထိပ်ပေါ်မှ လက်ဝါး ကပ်တိုင်၌ ကားတင်၍ကွပ်မျက်ပစ်လိုက်၏။ ထို့နောက် ခရစ်ယာန်ဘာသာဝင်တို့အား ခရစ်တော်၏ အလောင်းကို မည်သူမျှ တူးဖော်ရွှေ့ပြောင်းခြင်းမပြုရဟု အမိန့်ထုတ်ဆင့်ထားသော်လည်း ခရစ်ယာန်ဘာသာဝင် တို့က တူးဖော် ရွှေ့ပြောင်းပစ်ကြလိမ့်မည်ဟူသော ကောလဟလသတင်း ဖြစ်ပွားနေသဖြင့် သူ၏အလောင်းကို ကျောက်ဂူထဲတွင် မြှုပ်ပြီး အလွန်ကြီးမားသော ကျောက်တုံးကြီးများကိုတင်ထားလေ၏။ ၄င်းပြင် ရောမစစ်သည်တော်(၅၀)ကို အစောင့် ချထားလေ၏။ ခရစ်တော်သည် တန်ခိုးပြာဋိဟာတို့ကို ပြနိုင်သူဖြစ်ရကား ရောမလူမျိုးဘုရင်သည် သူတန်ပြန်၍ ရှင်လာမည်ကို စိုးရိမ် လှသဖြင့် အစောင့်စစ်သားများအား အထူးဂရုတစိုက် စောင့်ကြပ်ရန် အမိန့်ထုတ်လေ၏။ ခရစ်တော် အသတ်ခံရပြီး ဒုတိယည၌ မေရီမက်(ဂ်)ဒါလီနာသည် ကချသည်အဝတ်တို့ကို ဝတ်ဆင်ပြီး ဆေးစပ် ထားသည့်အရက်နီကို ဖန်တကောင်း တခုတွင်ထည့်ကာ ခရစ်တော်မြှုပ်ရာ ကျောက်ဂူအနီးသို့ ချဉ်းကပ်လေ၏။ ရောမစစ်သည်တော်တို့က မက်(ဂ်)ဒါလီနာ သည် ခရစ်တော်အား တကယ်တမ်းကြည်ညိုသူတယောက် ဖြစ်သည့် အကြောင်းကိုလည်းကောင်း၊ ခရစ်တော်၏အလောင်းကို လာရောက်၍ ယူရန်လာသည့် သူ၏အကြောင်းကို လည်းကောင်း မသိကြသောကြောင့် သူ့အား သူတို့ရှေ့တွင် ကခုန်သီဆိုခွင့် ပြုထားမိကြ၏။ သူသည် ဆိုရ ကရ၍ မောလာသောအခါ အရက် ဖန်တကောင်းကို ဖွင့်၍ သောက်ဟန်ပြုလေ၏။ သဘာဝအလျောက် အရက်ကို တပ်မက် ကြသည့် စစ်သည်တော်တို့သည် မက်(ဂ်)ဒါလီနာက သူတို့အား အရက်တကောင်းကိုပေးလျှင် အားပါးတရ သောက် ကြလေ၏။ စစ်သည်တော်တိုင်း အလွန်ပြင်းထန်သည့် ဆေးများကို ခပ်ထားသည့် မက်(ဂ်)ဒါလီနာ၏ အရက်ကို တဖန်ခွက်စီသောက်ကြ၏။ မိနစ် အနည်းငယ် ကြာသောအခါ ဆေးခပ်ထားသည့်အရက်တန်ခိုးကြောင့် နှစ်နှစ် ခြိုက်ခြိုက်ကြီး အိပ်ပျော်ကြရာ (၃)ရက်ကြာမှ နိုးကြ၏။ ရောမစစ်သည်တော်များ အိပ်ပျော်နေစဉ်အတွင်း မက်(ဂ်) ဒါလီနာသည် ခရစ်ယာန်ဘာသာဝင်တို့ကို စုကာ ခရစ်တော်၏အလောင်း မြှုပ်နှံထားသည့် ဂူပေါ်မှ ကျောက်စိုင် ကျောက်တုံးကြီးများကို ဖယ်ရှားပစ်ကြ၍ အလောင်းကို တူးဖော်ယူကာ အစိုးရအာဏာပိုင်များ မသိသည့်နေရာသို့ တိတ်တဆိတ်ပြောင်းရွှေ့မြှုပ်နှံလိုက်၏။ နောက်နေ့ နံနက်စောစောအချိန်တွင် မေရီမက်(ဂ်)ဒါလီနာသည် နန်းတော်၊ တရားလွှတ်တော်၊ ဈေးနှင့် ဇာတ်ရုံများဆီသို့သွားရာ လမ်းလေးခွ၌ ခရစ်ယာန်ဘာသာဝင်များစွာတို့ကို စုရုံးပြီး "အို ကျွန်ုပ်တို့၏ ယေရှုသခင်အား သက်ဝင်ယုံကြည်ကြသူ အချင်းတို့၊ ကြည့်ကြကုန်လော။ ယေရှုကိုယ်တော်မြတ်၏ ကျက်သရေရှိလှစွာသောရုပ်သဏ္ဌာန်တော်ကို ဖူးမျှော်ကြလော့။ ကိုယ်တော်မြတ်ကား ကောင်းကင်ဘုံနန်းသို့ ကြွမြန်း တော်မူလျက်ရှိသည်ကို ကြည့်ကြကုန်လော့" ဟု ဟစ်အော် ကြွေးကြော်ကြလေသည်။

ရေဟုဒီများ၊ ရောမလူမျိုးများနှင့် အခြားဘာသာများကို သက်ဝင်ယုံကြည်ကြသူတို့က –

"သင်၏ ခရစ်တော်ကားအဘယ်မှာနည်း။ ခရစ်တော်သည် ကောင်းကင်ဘုံနန်းသို့ကြွမြန်းလျက်ရှိသည်ဟု သင်တို့က မည်မျှပင် ဟစ်အော်ကြွေးဝါနေကြသော်လည်း ငါတို့သည် မမြင်ချေတကား။ သင်တို့သည် လိမ်လည်နေခြင်း သာဖြစ်၏" ဟု ပြန်၍ ပြောကြ၏။

ထိုအခါ မေရီမက်(ဂ်)ဒါလီနာက –

"ခရစ်တော်အား ယုံကြည်ကိုးကွယ်၍ အရေပြားကို ဖြတ်သည့် ထုံးတမ်းဓလေ့ကို မလိုက်နာ မကျင့်သုံးသူတို့သာလျှင် ခရစ်တော် ကောင်းကင်ဘုံနန်းသို့ကြွမြန်းတော်မူသည်ကို မြင်ကြရချေမည်။ သခင်ယေရှုကိုယ်တော်မြတ်ကို သက်ဝင်ယုံကြည်မှု မရှိဘဲ သတ်ဖြတ်လုပ်ကြံကြသည့် သင်တို့ဒိဋ္ဌိများကား ခရစ်တော်ကို မြင်ကြရမည်မဟုတ်ချေ။ သင်တို့ အကယ်၍ မယုံကြည်က ဆီနိုင်တောင်ထိပ်ပေါ်သို့တက်၍ကြည့်ကြလော့။ ထာဝရဘုရားသခင်၏ တမန်တော်က သူ၏ ဂူပေါ်တွင် တင်ထားသည့် ရာပေါင်းများစွာသော လူများအားနှင့်မှ ရွှေ့နိုင်သော ကျောက်တုံးကြီးကို ရွှေ့ပြီး လျှင် အစိတ်စိတ်အမွှာမွှာ ခွဲပစ်သည်ကို တွေ့ကြရမည်။ ၄င်းပြင် ရောမစစ်သည်တော် (၅၀)ကို တမန်တော်က မူးမေ့ နေအောင် ရိုက်နှက်ထုထောင်းထားခဲ့သည်ကိုလည်း ကြည့်ကြဦးလော့" ဟု ဆိုပြန်၏။

ခရစ်ယာန်ဘာသာဝင်တို့က မည်မျှပင် ဟစ်အော်ကြွေးကြော်နေကြသော်လည်း ခရစ်တော် ကောင်းကင်ဘုံနန်းသို့ ကြွမြန်းသည်ကို မမြင်ရသည့် အစိုးရအဖွဲ့အာဏာပိုင်များ၊ ရေဟုဒီလူမျိုးများနှင့် ရောမလူမျိုးတို့သည် ဆီနိုင်တောင်ထိပ်ပေါ်သို့ တက်ကြည့်ကြရာ ခရစ်တော်၏ဂူပေါ်တွင် တင်ထားသည့် ကျောက်တုံးကြီးနှင့် ခရစ်တော်၏ အလောင်းတို့ကို မတွေ့ကြရတော့ချေ။ ၄င်းပြင် ရောမစစ်သည်တော်တို့ မူးမေ့နေကြသည်ကို တွေ့မြင်ကြလေ၏။

ဤအဖြစ်အပျက်ကို ဘာတခုမျှ မသိလိုက်ကြသော ရောမစစ်သည်တော်တို့အား ရောမအာဏာပိုင်တို့က ထောင်ထဲသို့ ပို့ကြ၏။ သို့ရာတွင် တတိယနေ့၌ ရောမစစ်သည်တော်တို့သည် သတိရလာကြ၍ မက်(ဂ်)ဒါလီနာက သူတို့ကို အက အဆိုဖြင့် ဖြေဖျော်ပြီးနောက် ဆေးခပ်ထားသည့်အရက်ကိုတိုက်ကြောင်း၊ ထို့နောက် သူတို့ သတိလစ်သွားကြ ကြောင်း ပြန်ဖြေကြလေ၏။ ဤကဲ့သို့ အဖြစ်အပျက်မှန်ကို သိကြသောအခါ ရောမအာဏာပိုင်တို့သည် မက်(ဂ်) ဒါလီနာ နှင့်တကွ ခရစ်ယာန်ဘာသာဝင်ရေဟုဒီများနှင့် ဣသရေလလူမျိုးပေါင်း (၁၀၀၀)ကျော်တို့ကို ဖမ်းဆီး၍ ခေါင်းဖြတ်ပစ်လိုက် ကြ၏။

ဒါဟာ တန်ခိုးပြာဋိဟာတွေ ပြနိုင်တာတော့ မှန်ပါတယ်။ ဒါပေမယ့် လူကိုယ်တိုင်က အသက်သေသွားပြီးဖြစ်တော့ ဒီ တန်ခိုးပြာဋိဟာတွေကလည်း ဘာမှ အသုံးမဝင်တော့ဘူးပေါ့။ ခရစ်တော်ဟာလည်း အခြားသတ္တဝါတွေလိုပဲ သေပြီးတဲ့ နောက် ဘယ်နည်းနဲ့မှ ပြန်မရှင်နိုင်တော့ဘူးပေါ့။

ဝစ်လဆင်။ တပည့်တော်တို့ တခါမျှ မကြားဖူးတဲ့ အခုဆရာတော် ဟောပြောတော်မူတဲ့ ရောမဘုရင်ခံ ပစ်လေး ရဲ့မှတ်တမ်းကို ကြားရမှပဲ ခရစ်တော်ဟာ တိဘက်ပြည်က ဗုဒ္ဓဘာသာ ရဟန်းတော်တပါးရဲ့ တပည့်သာဝက ဖြစ်တဲ့ အတွက် သူပြောပြတဲ့တရားတွေနဲ့ ဗုဒ္ဓရဲ့ တရားများနဲ့ တူနေကြောင်းကို သိရပါတယ်။ နောက်တခုကတော့ သူဟာ အရိမိတ္တေယျ ဘုရားအလောင်းတော်မဟုတ်ဘဲ ဆရာတော်တို့လို ဗုဒ္ဓဘာသာ ရဟန်းတော်တပါးဖြစ်ကြောင်း၊ ဈာန် အဘိညာဉ်ရကြောင်း တို့ကိုလည်း တပည့်တော် လက်ခံပါတယ်။ သူလည်းပဲ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ ဆိုတဲ့ ဓာတ်လေးပါး အဆောက်အဦဖြစ်တဲ့အတွက် အသက်သေပြီးတဲ့နောက် ပြန်ပြီး တဖန်မထနိုင်တော့ဘူး ဆိုတာလဲ တပည့်တော် ယုံကြည်ပါပြီ ဆရာတော်။

ဆရာတော်ဟာ ဘာသာအရပ်ရပ်နှင့်တကွ သိပ္ပံပညာကိုပါ နံ့နံ့စပ်စပ် အသိအမြင် များတဲ့အတွက် တပည့်တော်က ဆရာတော်ကို ကြည်ညိုပါတယ်။ ယခု ဆရာတော် ဟောပြတဲ့ အချက်အလက်တို့ကိုလည်း တပည့်တော် ယုံကြည်ပါ တယ် ဆရာတော်။

ဤတွင် ပရိဿတ်က သာခုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၁၃)

ဗုဒ္ဓသည် ဟိန္ဒူဘာသာအယူဝါဒမှ အကောင်းဆုံးသောအစိတ်အပိုင်းတို့ကို ကောင်းစွာ တတ်မြောက်ကျွမ်းကျင်သည် မဟုတ်ပါလော။ ဗုဒ္ဓသည် ဟိန္ဒူဝေဒကျမ်းတို့တွင် နစ်မြုပ်ဖုံးကွယ်နေသည့် အချို့တရားတို့ကို ပြန်လည် ဖော်ထုတ်နေသည် မဟုတ်လော။

(မေးမြန်းလျှောက်ထားသူ – ဝေဒကျမ်းများ၊ ဆင်ခြေအတတ်၊ ပုရဏ်ကျမ်းများကို ကောင်းစွာ ကျွမ်းကျင်သည့် ဟိန္ဒူဘုန်းတော်ကြီး ပဏ္ဍိတ် အက်(စ်) အက်(စ်) ရှုကလဂျီ၊ ဘုံဘိုင်မြို့၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ ဗုဒ္ဓဟာ ပဏ္ဍိတ်ကြီးထင်နေသလို ဟိန္ဒူဘာသာအယူဝါဒမှ အဆီအနှစ်တွေ၊ အကောင်းဆုံးအစိတ်အပိုင်းတွေကိုမကျွမ်းကျင်ပါ။ ဝေဒကျမ်းများတွင် နစ်မြုပ်ဖုံးကွယ်နေတဲ့အချို့တရားတို့ကိုလည်း ပြန်လည် ဖော်ထုတ် ဟောပြောမနေပါ။ ဗုဒ္ဓဟာ လေးသင်္ချေနဲ့ ကမ္ဘာတသိန်းတိုင်တိုင် ပါရမီ (၁၀)ပါးကို ဖြည့်ဆည်း ကျင့်သုံးခဲ့တဲ့အတွက် ဆရာမရှိဘဲ သစ္စာလေးပါးတရားတော်ကိုပိုင်းခြားထင်ထင်သိမြင်တော်မူတယ်။ သူဟောပြောခဲ့တဲ့တရားတွေဟာ ဒီ သစ္စာလေးပါးတရားတော်ကို အခြေခံပြီး ဟောတော်မူခဲ့တဲ့တရားတွေသာဖြစ်တယ်။ ဟိန္ဒူဝေဒကျမ်းတွေထဲကလည်း မဟုတ်ဘူး။ ဘယ် ဘာသာအယူဝါဒထဲကမှ ယူပြီး ဟောတော်မူတဲ့ တရားတွေလည်းမဟုတ်ဘူး။ သူ ဟောတော်မူခဲ့တဲ့ တရားတွေဟာ သစ်လွင်တဲ့တရားတွေလည်းဖြစ်တယ်။ ဘယ် ဘာသာအယူဝါဒကို ထူထောင်ခဲ့တဲ့ လူမှ သူ ဟောတော်မူခဲ့တဲ့ တရားတွေကို သိလည်း မသိခဲ့ဖူးဘူး၊ ကြားလည်း မကြားခဲ့ဖူးဘူး။

ဦးပဥ္စင်း ယခု ဟောပြောခဲ့တဲ့အချက်နဲ့ ပတ်သက်လို့ အကိုးအကားအထောက်အထားပြရမယ်ဆိုရင် အဇီဝက ဂိုဏ်းဝင် ဥပက မေးတဲ့ မေးခွန်းကို ဗုဒ္ဓဟာ ဘုရားအဖြစ်ကို ရလျှင်ရချင်း၊ တနည်းအားဖြင့် အဝိဇ္ဇာအမှောင်တရားဟူသည်ကို ပယ်ရှင်းနိုင်လျှင် ပယ်ရှင်းနိုင်ချင်း ဖြေကြားတော်မူရင်း မိန့်တော်မူခဲ့တဲ့ “ဥပက၊ ငါကား ရန်ဟူသမျှ အကုန်လုံးကို ဖယ်ရှားသုတ်သင်ပြီးပေပြီ။ ငါကား အလုံးစုံသောတရားတို့ကို မျက်ဝါးထင်ထင် သိမြင်တော်မူချေပြီ။ ငါသည် အညစ်အကြေးဟူသမျှ မြူမျှမကျန်အောင်ကင်းစင်တော်မူပေပြီ။ ငါကား ရှိရှိသမျှသော တရားတို့ကို စွန့်ခွာပြီးပြီ။ ထို့ကြောင့် ငါသည် မည်သည့်တရားကိုမျှ တပ်မက်ခြင်းမရှိတော့ပြီ။ ငါကိုယ်တိုင် အသိဉာဏ်ဟူသမျှကို ပိုင်ထားပြီးဖြစ်ရာ မည်သူ့ကို ဆရာခေါ်ရမည်နည်း။ ငါ့တွင် ဆရာမရှိပြီ။ ငါနှင့်နှိုင်းယှဉ်အပ်သူကား မရှိပြီ။ လူ့လောက၊ နတ်လောကတွင် ငါနှင့် တူသူကား မရှိပြီ။ ငါကား လောကတွင် အမြင့်မြတ်ဆုံး၊ လောကတွင် အတတ်ဆုံး၊ အသိဆုံးဆရာဖြစ်၏။ ငါကားချမ်းသာသုခနှင့်ပြည့်စုံလှ၏။ ငါကား အသခ်တဓာတ် မြတ်သော နိဗ္ဗာန်ကို ရရှိပေပြီ။ ငါသည် ဓမ္မစကြာတရားတော်ကိုဟောတော်မူရန် ဗာရာဏသီပြည်သို့ ကြွတော်မူမည်။ ဤအမှောင်ထုဖြင့်ပြီးသည့် လောကကြီးတွင် ဘယ်သောအခါမျှ မဆိတ်သုဉ်းသည့် အမတစည်ကြီးကို ရိုက်တီးပေအံ့” ဆိုတဲ့ စကားတွေနဲ့ သာဓကဆောင်ပြရပေမယ်။ ဒီဗုဒ္ဓကိုယ်တော် တိုင် ဟောပြောတော်မူခဲ့တဲ့ စကားတွေအပြင် ပဏ္ဍိတ်ကြီးရဲ့ စိတ်ထဲမှာစွဲနေတဲ့ မှားယွင်းတဲ့ အယူအဆတွေ ကင်းစင် သွားအောင် ဦးပဥ္စင်းက အောက်ပါမေးခွန်းတွေကို မေးရလိမ့်မယ်။

(ထိုကဲ့သို့ ပြောဆိုပြီးနောက်)

ဆရာတော်။ ပဏ္ဍိတ်ကြီးဟာ ဘုံဘိုင်မြို့မှာရှိတဲ့ ဗြဟ္မဏတွေထဲမှ ပညာရှိပဲ မဟုတ်လား။

ပဏ္ဍိတ်ကြီး။ တပည့်တော်ဟာ ဗြဟ္မဏတွေထဲက ပညာရှိတယောက်ဖြစ်ရုံမကပါဘူး၊ ဟိန္ဒူအယူဝါဒနဲ့ဆိုင်ရာမှာလည်း ကျွမ်းကျင်တတ်မြောက်ပြီး ဟိန္ဒူတွေရဲ့ ဘုန်းတော်ကြီးတပါးလည်း ဖြစ်ပါတယ်။

ဆရာတော်။ ဒါဖြင့်ရင် ပဏ္ဍိတ်ကြီးဟာ ဟိန္ဒူကျမ်းဂန်တွေအနက် ဘယ်ကျမ်းဂန်ကို ပိုပြီး တတ်ကျွမ်းနားလည်ပါ သလဲ။

ပဏ္ဍိတ်ကြီး။ တပည့်တော်ဟာ ဝေဒကျမ်း၊ ဗြဟ္မာ၊ ဗိသနိုး၊ သျှီဝ စတဲ့ ဘုရားသုံးဆူနဲ့ ပတ်သက်တဲ့ကျမ်း၊ နက္ခတ်ကျမ်း၊ ဗေဒင်ကျမ်း၊ ပုရဏ်ကျမ်း၊ ဝေဒန္တကျမ်း စတဲ့ ကျမ်းတွေအားလုံးကို ကျွမ်းကျင်လိမ္မာပါတယ် ဆရာတော်။

ဆရာတော်။ ဗုဒ္ဓဟာ ဟိန္ဒူအယူဝါဒနဲ့ အနှစ်သာရတွေကိုကျွမ်းကျင်ပြီး ဟိန္ဒူဝေဒကျမ်းဂန်ထဲမှ တိမ်မြုပ်နေတဲ့ တရားတွေကို ဖော်ထုတ်နေတယ်ဆိုတဲ့အကြောင်းကို ရစ်(ဂ)ဝေဒကျမ်းထဲမှာ တွေ့ဖူးသလား ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ မတွေ့ဖူးပါဘူး ဆရာတော်။

ဆရာတော်။ အတ္တာရဝ ဝေဒကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ မတွေ့ဖူးပါဘူး ဆရာတော်။

ဆရာတော်။ ဇယဝေဒကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ မတွေ့ဖူးပါဘူး ဆရာတော်။

ဆရာတော်။ သာမဝေဒကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ မတွေ့ဖူးပါဘူး ဆရာတော်။

ဆရာတော်။ ပဉ္စဝေဒကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ မတွေ့ဖူးပါဘူး ဆရာတော်။

ဆရာတော်။ ခုဒ္ဒဂီတကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ မတွေ့ဖူးပါဘူး ဆရာတော်။

ဆရာတော်။ ဘဂဝါဂီတ ထဲမှာကော ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ မတွေ့ဖူးပါဘူး ဆရာတော်။

ဆရာတော်။ မဟာဘာရတကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ မတွေ့ဖူးပါဘူး ဆရာတော်။

ဆရာတော်။ ရာမာယာနကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ မတွေ့ဖူးပါဘူး ဆရာတော်။

ဆရာတော်။ ဉပနိသျှကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ မတွေ့ဖူးပါဘူး ဆရာတော်။

ဆရာတော်။ ပုရဏ်ကျမ်းထဲမှာကော ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ မတွေ့ဖူးပါဘူး ဆရာတော်။

ဆရာတော်။ ဒါဖြင့်ရင် ရှန်ကရကျာလယဆိုတဲ့ ဟိန္ဒူဆရာကြီး ပြုစုခဲ့တဲ့ ဝေဒန္တကျမ်းတွေထဲမှာ ပဏ္ဍိတ်ကြီး တွေ့ ရတာ မဟုတ်လား။

ပဏ္ဍိတ်ကြီး။ ဒီအတိုင်း မှန်ပါတယ်ဆရာတော်။ ဆရာတော်မေးတဲ့ မေးခွန်းတွေကို ထောက်ရှုကြည့်ခြင်းအားဖြင့် ဆရာတော်ဟာ ဟိန္ဒူကျမ်းဂန်တွေကို အတော်ပဲ နှံ့နှံ့စပ်စပ် ဖတ်ရှုလေ့လာထားကြောင်း ထင်ရှားပါတယ်။

ဆရာတော်။ ပဏ္ဍိတ်ကြီးတို့ရဲ့ ဆရာကြီး ရှန်ကရကျာလယ ဟာ ဘယ်မှာ ဖွားမြင်ပါသလဲ။

ပဏ္ဍိတ်ကြီး။ အိန္ဒိယပြည်တောင်ပိုင်း ထရစ်ဇန်ဒရန်မြို့မှာ ဖွားမြင်ပါတယ် ဆရာတော်။

ဆရာတော်။ သူဟာ ဘယ်သူ့ရဲ့သားလဲ ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ မှတ်တမ်းများအရပြောရလျှင် သူဟာ ဂုဏ်သရေရှိ ဗြဟ္မဏအနွယ်ဝင် အမျိုးသမီးတယောက်ရဲ့သား ဖြစ်ပါတယ် ဆရာတော်။

ဆရာတော်။ အဲဒီ ဗြဟ္မဏအနွယ်ဝင် ဟိန္ဒူအမျိုးသမီးကြီးဟာ ရှန်ကရကျာလယကို မမွေးဖွားမီ နှစ်ပေါင်း အတော်ကြာ မုဆိုးမကြီး ဖြစ်ခဲ့တယ်မဟုတ်လား ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ မှတ်တမ်းထဲမှာတော့ ဒီအတိုင်းပဲ ပါပါတယ်။

ဆရာတော်။ ပဏ္ဍိတ်ကြီးတို့ရဲ့မှတ်တမ်းထဲမှာ ရှန်ကရကျာလယဟာ မြောက်ပိုင်းအိန္ဒိယကိုမသွားမီ ထရစ်ဇန်ဒရမ် မြို့မှာ ဗုဒ္ဓဘာသာရဟန်းတော်အဖြစ်နဲ့ (၃)နှစ်တိတိ နေထိုင်သွားသေးတယ် မဟုတ်လား။

ပဏ္ဍိတ်ကြီး။ ဆရာတော်ဘုရား၊ ဒီဟာတွေမေးနေလို့အကျိုးမရှိပါဘူးဘုရား။ ဒီကိစ္စကို ဒီနေရာမှာပဲရပ်ပါတော့။ ဗုဒ္ဓရဲ့တရားတော်တွေဟာ ကမ္ဘာ့ဘယ်ဘာသာအယူဝါဒမှ တရားတွေနဲ့မျှ ရောစပ်ခြင်းမရှိဘူးဆိုတာ ဆရာတော် ပြောဟောထားတဲ့ အချက်တွေနဲ့ပဲ ခိုင်လုံလှပါပြီ။

ဤတွင် တရားပွဲသဘာပတိပုဂ္ဂိုလ်သည် ထိုင်ရာမှထ၍ ပဏ္ဍိတ်ရူကာလဂျီအား ...

"ကျွန်ုပ်ဟာ ပဏ္ဍိတ်ကြီးအား အာမခံချက် သုံးချက်နဲ့ သင်မေးလိုတဲ့မေးခွန်းကို ဆရာတော်အား မေးခွင့်ပြုတယ်။ ဒါကြောင့် ဒီအာမခံချက် သုံးချက်အနက် တချက်ချက် သင်ဖောက်ဖျက်ရင် ဟောဒီ ဆရာတော်ရဲ့တရားပွဲကို လာရောက် ဖျက်တဲ့အနေနဲ့ တရားစွဲရလိမ့်မယ်။ ပဏ္ဍိတ်ကြီးက ဆရာတော်မေးတဲ့မေးခွန်းကို ဟိန္ဒူကျမ်းစာများအရ မဖြေဆိုဘဲ တရားပွဲမှထွက်သွားမယ်ဆိုရင် ပဏ္ဍိတ်ကြီးဟာ ပေးထားတဲ့အာမခံချက်တွေကို ချိုးဖျက်တဲ့အနေနဲ့ တရားစွဲဆိုဖို့ပဲ ရှိပါတော့တယ်" ဟု ပြောလေ၏။

ထိုအခါ ပဏ္ဍိတ်ရူကာလဂျီက ...

"သဘာပတိလူကြီးမင်း၊ ကျွန်ုပ်ပေးထားတဲ့ အာမခံချက်တွေကို ကျွန်ုပ် ယခုလို အမှတ်မထင် ချိုးဖျက်မိတဲ့အတွက် ဝမ်းနည်းပါတယ်။ ကျွန်ုပ်ဟာ ဆရာတော်မေးတဲ့ မေးခွန်းများကို ကျကျနန ဖြေဆိုပါတော့မယ်။ ဆရာတော်ကသာ ဆက်လက်ပြီး မေးလိုရာ မေးပါတော့" ဟု ပြန်ဖြေလေ၏။

ဤတွင် ဆရာတော်က ဆက်လက်၍ ...

"ပဏ္ဍိတ်ကြီး၊ ဦးပဥ္စင်းနောက်ဆုံးမေးတဲ့ မေးခွန်းကိုသာ ပြန်ပြီး ဖြေပါ"

ပဏ္ဍိတ်ကြီး။ မှတ်တမ်းအရဆိုရင် ရှရီရှန်ကရကျာလယဟာ ဗုဒ္ဓဘာသာရဟန်းတော်အဖြစ်နဲ့ (၃)နှစ်နေထိုင်ခဲ့ဖူး ပါတယ်။

ဆရာတော်။ ဒါဖြင့်ရင် ရှရီရှန်ကရကျာလယဟာ ဘာပြုလို့ဗုဒ္ဓသာသနာ့ဘောင်မှထွက်ပြီး အိန္ဒိယပြည် မြောက်ပိုင်း တက္ကသိုလ်ပြည်ကို သွားရတာလဲ။

ပဏ္ဍိတ်ကြီး။ သူဟာ ဗုဒ္ဓသာသနာ့ဘောင်အတွင်းမှာ ကြီးလေးတဲ့အပြစ်တခုခုကို ကျူးလွန်မိလို့ သာသနာ့ဘောင် မှ နှင်အထုတ်ခံရတာနဲ့ တူပါတယ်ဆရာတော်။

ဆရာတော်။ ၆လ ၇လ ကျော်ကျော် ခြေလျင်ခရီးပြင်းနှင်ပြီး ဘာရည်ရွယ်ချက်နဲ့ အိန္ဒိယပြည် မြောက်ပိုင်းကို သွားရတယ်လို့ ယူဆသလဲ ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ ဒီလို မြောက်ပိုင်းအိန္ဒိယကို ဒုက္ခဆင်းရဲခံပြီး သွားတာကတော့ သန္တန္တနတရားတော်ကို ဟောဖို့ ဖြစ်ပါတယ်။

ဆရာတော်။ ဒီသန္တနတရားကို ဘယ်သူ့ဆီက သူလေ့လာသင်ကြားသွားတာလဲ ပဏ္ဍိတ်ကြီး

ပဏ္ဍိတ်ကြီး။ ရှရီရှန်ကရကျာလယဟာ ဒီ သန္တနတရားကို ရှရီကုမာရလိလာဘတ္တ ဆီမှာ လေ့လာသင်ကြား ပါတယ် ဆရာတော်။

ဆရာတော်။ ကုမာရလိလာဘတ္တဟာ တက္ကသိုလ်ပြည် ဗုဒ္ဓတက္ကသိုလ်ကျောင်းတော်ကြီးမှ ဆရာတော်ဟောင်း မဟုတ်ဖူးလား။

ပဏ္ဍိတ်ကြီး။ ဆရာတော်အမိန့်ရှိတဲ့အတိုင်းပဲ ဟုတ်ဟန်တူပါတယ် ဘုရား။

ဆရာတော်။ ရှရီကုမာရလိလာဘတ္တရော၊ ရှရီရှန်ကရကျာလယရော နှစ်ဦးစလုံးဟာ ဗုဒ္ဓသာသနာ့ဘောင်က နှင် ထုတ်ခံကြရတော့ ဗုဒ္ဓဘာသာရဲ့ တကယ့်ရန်သူကြီးတွေ ဖြစ်သွားကြတယ် မဟုတ်လား။

ပဏ္ဍိတ်ကြီး။ ဒီလိုလည်း ဖြစ်နိုင်ပါတယ် ဆရာတော်။

ဆရာတော်။ ရှရီရှန်ကရကျာလယဟာ ဝေဒန္တသာသနာကို ထူထောင်ဖို့ရာ ဘယ်သူ့ဆီက အချက်အလက်တွေကို ရသလဲ ပဏ္ဍိတ်ကြီး

ပဏ္ဍိတ်ကြီး။ ရှရီရှန်ကရကျာလယဟာ ဝေဒန္တသာသနာကို ထူထောင်ဖို့ရာ အချက်အလက်တွေကို ရှရီကုမာရ လိလာဘတ္တဆီက ရတာပဲ ဖြစ်ရမှာပါ ဆရာတော်။

ဆရာတော်။ အဲဒီ အချက်အလက်တွေဟာ ဘာတွေလဲ။

ပဏ္ဍိတ်ကြီး။ တပည့်တော် မသိပါဘူး ဆရာတော်။

ဆရာတော်။ ပဏ္ဍိတ်ရှုကာလဂျီ၊ ဒီကုမာရလိလာဘတ္တဆီက ရှရီရှန်ကရကျာလယ ရတဲ့အချက်တွေဟာ တခြား မဟုတ်။ ဗုဒ္ဓကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့ မဇ္ဈိမနိကာယ်ထဲမှ တရားတွေဖြစ်တယ်။ မဇ္ဈိမနိကာယ်နဲ့ တထေရာ တည်းပဲ ဖြစ်တယ်။ အဲဒီတော့ ဗုဒ္ဓဟာ ဟိန္ဒူဝါဒထဲက အကောင်းဆုံး အဆီအနှစ်တွေကို ဗုဒ္ဓက တတ်ကျွမ်းတာ မဟုတ်ဘူးဆိုတာ ထင်ရှားနေပြီ။ ဗုဒ္ဓ ဟောတော်မူထားတဲ့ တရားတွေကို ဟိန္ဒူအယူဝါဒက မြုံထားတာသာ ဖြစ်တယ်။ ဒီ ဗုဒ္ဓ ဟောတော်မူထားတဲ့ တရားတွေကိုသာ ကုမာရလိလာဘတ္တက ရှန်ကရကျာလယကို ယူပေးတာပဲ ဖြစ်တယ်။ ဒါကြောင့် ဟိန္ဒူဘာသာဝင်တွေက ရှန်ကရကျာလယကို ဝေရောခနေဗုဒ္ဓ (ရုပ်ဖျက်ထားတဲ့ဗုဒ္ဓ) လို့ ခေါ်ကြတာပေါ့။

ဗုဒ္ဓဘာသာဝင်တွေက သပိတ်မှောက်ပစ်လိုက်လို့ အိန္ဒိယပြည်တောင်ပိုင်း ထရစ်ဗန်ဒရမ်မြို့က ထွက်ခွာသွားပြီးတဲ့ နောက် ရှန်ကရကျာလယဟာ ဗုဒ္ဓရဲ့ အယူဝါဒကို ဖျက်ဆီးဖို့၊ မျိုးမပြုတ် ပြုတ်အောင်ဖြုတ်ပစ်ဖို့ သစ္စာ ခိဋ္ဌာန်ပြုလိုက်ပါ တယ်။ အဲဒီနောက် အနစ္စကဘုရင်ရဲ့ မိဖုရားကိုသူ့ဘက်ပါလာအောင် ဆွဲဆောင်ကာ အနစ္စက ဘုရင်ကို အဆိပ်ကျွေးပြီး အသတ်ခိုင်းတယ်။ အနစ္စကဘုရင်ကို ဒီလိုလုပ်ကြံပြီးတဲ့နောက် မိဖုရားကြီးနဲ့ ဗြဟ္မဏ လူမျိုးမှူးမတ်တွေရဲ့ အကူအညီနဲ့ မိဖုရားကြီးရဲ့ ဂုရုလည်း ဖြစ်လာတယ်။ ဟိန္ဒူအယူဝါဒနဲ့ဆိုင်ရာမှာလည်း အကြီးအကဲ ဖြစ်လာတယ်။ သမိုင်းအရ ပြောရရင် ရှန်ကရကျာလယဟာ မိဖုရားကြီးဆီက ဗုဒ္ဓဘာသာ ရဟန်းတော်တွေနဲ့ ဗုဒ္ဓဘာသာ ဥပါသကာ၊ ဥပါသိကာတွေ ကိုပါ သတ်ဖြတ်ကွပ်မျက်ပစ်ရမယ်ဆိုတဲ့ အမိန့်တော်ကို ရအောင်ယူပြီး အဲဒီလို အမိန့်ထုတ်ပြီးတဲ့နောက် အနှစ် ၂၀ ကျော်ကျော် နှစ်ဆယ့်ငါးနှစ်လောက်ကြာတဲ့အခါ ဗုဒ္ဓဘာသာ ရဟန်းတော်၂သန်းနဲ့ ဗုဒ္ဓဘာသာဝင်တွေကို ရက်ရက် စက်စက် သတ်ဖြတ်ပစ်လိုက်တဲ့အတွက် နောက်ဆုံး ဗုဒ္ဓရဲ့ အယူဝါဒဟာ အိန္ဒိယပြည်မှာ ပျောက်ကွယ်သွားရသတဲ့။

ဗုဒ္ဓဟာ ဟိန္ဒူဝါဒရဲ့ အဆီအနှစ်တွေကို ကောင်းစွာတတ်ကျွမ်းတယ်ဆိုတဲ့စကားဟာ မဟုတ်မှန်တဲ့အပြင် ဗုဒ္ဓရဲ့ အယူဝါဒ ထဲမှ တရားဒေသနာတို့ကိုသာ အလွန်ပါးနပ်ကျင်လည်လှတဲ့ ရှန်ကရကျာလယက ဟိန္ဒူဘာသာထဲကို ဆွဲသွင်းခဲ့တာ တွေကို ယခုလို သာကေအကိုးအကားတွေနဲ့ အထင်အရှားပြပြီးတဲ့နောက် ဗုဒ္ဓရဲ့ အယူဝါဒနဲ့ ဟိန္ဒူအယူဝါဒတို့ဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တဲ့အကြောင်း အောက်ပါအချက် (၂၅)ချက်ကို မူတည်ပြီး ရှင်းလင်းဖော်ပြပါဦးမယ်။

ဗုဒ္ဓဝါဒ	ဟိန္ဒူအယူဝါဒ
၁။ အဝိဇ္ဇာဟူသမျှကို လုံးဝ ပယ်ဖျက်တော်မူပြီးဖြစ်တဲ့ ဗုဒ္ဓကိုယ်တော်၊	၁။ ပရမတ္တမဝိညာဉ်တော်၊
၂။ အနတ္တ၊	၂။ အတ္တ၊ သို့မဟုတ် ဝိညာဉ်၊
၃။ သစ္စာလေးပါး တရားတော်၊	၃။ သစ္စာတရား မရှိ၊
၄။ မဂ္ဂင် ရှစ်ပါး၊	၄။ မဂ္ဂင်တရား မရှိ၊
၅။ အဘိဓမ္မာ တရားတော်၊	၅။ အဘိဓမ္မာတရား မရှိ၊
၆။ ပဋိသန္ဓေ တဖန်ပြန်နေရခြင်း၊	၆။ ဝိညာဉ်ကူးပြောင်းခြင်း၊
၇။ ဘုရားကိုယ်စားလှယ်တော် မရှိ၊	၇။ ဘုရားကိုယ်စားလှယ်တော် ရှိ၊
၈။ စတုသမုဋ္ဌာန ရုပ်သဘောအရ ဖြစ်ခြင်း၊	၈။ ဖန်ဆင်းရှင် (ဣဿရိယနိမ္မာန) ကိုယ်တော်က ဖန်ဆင်းခြင်း၊
၉။ နိဗ္ဗာန်တရား၊	၉။ မုတ္တိတရား၊
၁၀။ ကိုယ့်ကိုယ်ကို ညှဉ်းပန်းမှု မရှိခြင်း၊	၁၀။ ကိုယ့်ကိုယ်ကို ညှဉ်းပန်းမှု ရှိခြင်း၊
၁၁။ ရုပ်တရား၊ နာမ်တရားတို့၏ လှုပ်ရှား ပြောင်းလဲမှုများ	၁၁။ ရုပ်တရား၊ နာမ်တရားတို့၏ လှုပ်ရှားပြောင်းလဲမှုနှင့် ရှင်းလင်းမှု မရှိခြင်း၊
၁၂။ အရမ်းအကန်းယုံကြည်မှု၊ အယူသည်းမှုတို့မှ ကင်းစင်ခြင်း	၁၂။ အရမ်းအကန်းယုံကြည်မှု၊ အယူသည်းမှုတို့ဖြင့် ပြွမ်းတီးနေခြင်း၊
၁၃။ ဂါထာမန္တယားများ မရှိခြင်း၊	၁၃။ ဂါထာမန္တယားများ ရှိနေခြင်း၊
၁၄။ အသိဉာဏ်ပညာ (ဝိဇ္ဇာ)တရားပေါ်တွင် အခြေတည် အပ်သည့် ယုံကြည်မှု၊	၁၄။ အရမ်း အကန်း ယုံကြည် ကိုးကွယ်မှု၊
၁၅။ ပဋိစ္စသမုပ္ပါဒ တရားတော်ရှိခြင်း၊	၁၅။ ပဋိစ္စသမုပ္ပါဒ တရားတော်မရှိခြင်း၊
၁၆။ လက်တွေ့ဝိပဿနာ တရားရှိခြင်း၊	၁၆။ ဆုတောင်း၊ ဆုယူမှု ရှိခြင်း၊
၁၇။ သမထနှင့် ဝိပဿနာတရား ပွားများအားထုတ်ခြင်း၊	၁၇။ ယောဂီတရား အားထုတ်ခြင်း၊
၁၈။ ဝေဖန်ခြင်း၊ မေးမြန်းခြင်းအမှုတို့ကို ပြုခွင့်ပေး ထားခြင်း၊	၁၈။ ဝေဖန်ခြင်း၊ မေးမြန်းခြင်းတို့ကို ပြုလုပ်ခွင့်မပြု၊
၁၉။ အတင်းအကြပ်ကိုင်မှု၊ အမိန့်ပေးမှု မပါခြင်း၊	၁၉။ အတင်းအကြပ်ကိုင်မှုနှင့် အမိန့်ပေးမှု ပါခြင်း၊

ဗုဒ္ဓဝါဒ	ဟိန္ဒူအယူဝါဒ
၂၀။ အကြောက်တရား၊ အမြော်တရားတို့မှ ကင်းစင်ခြင်း၊	၂၀။ အကြောက်တရား၊ အမြော်တရားတို့ရှိခြင်း၊
၂၁။ (၁၅၀၀) ကိလေသာတရားမှ ကင်းစင်ခြင်း၊	၂၁။ မုန်းတီးခြင်း၊ တပ်မက်ခြင်း၊ မှားယွင်းခြင်း၊ ဝိဇ္ဇာတရား၊ ကိုယ့်ကိုယ်ကို အထင်ကြီးခြင်း၊ မှားယွင်းစွာ ယူဆခြင်း စသည့် တရားများရှိခြင်း၊
၂၂။ ထုံးတမ်းစဉ်လာနှင့် သမားရိုးကျအယူအဆတို့ကို အလေးဂရု အမှုမထားခြင်း၊	၂၂။ ထုံးတမ်းစဉ်လာနှင့် သမားရိုးကျအယူအဆတို့ကို လိုက်နာခြင်း၊
၂၃။ ဇာတ်အမျိုး စသည်တို့ ရွေးချယ်မှုမရှိခြင်း၊	၂၃။ အမျိုးဇာတ် စသည်တို့ရှိခြင်း၊
၂၄။ ယာဇ်ပူဇော် ပသခြင်းကို တင်းတင်းကြပ်ကြပ် တားမြစ်ခြင်း၊	၂၄။ လူသားနှင့် တိရစ္ဆာန်တို့ကို ယာဇ်ပူဇော် ပသရခြင်း၊
၂၅။ လူနတ်ဗြဟ္မာ သတ္တဝါအားလုံး လေ့လာကျင့်သုံး ရမည့် တရားများ၊	၂၅။ ဟိန္ဒူကျမ်းဂန်များကို ဗြဟ္မဏအနွယ်ဝင်တို့သာလျှင် လေ့လာခွင့်ရှိခြင်း၊

ကဲ အထက်ပါ မှ(၂၅)ချက်အရ ဗုဒ္ဓအယူဝါဒနဲ့ ဟိန္ဒူအယူဝါဒတို့ဟာ တခုနဲ့တခု လုံးဝဆန့်ကျင်လျက်ရှိတယ်ဆိုတာ ထင်ရှားသွားပါပြီ။ ဒီအချက် ထင်ရှားသွားတာနဲ့တပြိုင်နက် ဗုဒ္ဓဘာသာရဲ့ ရန်သူတွေက ဗုဒ္ဓဟာ ဟိန္ဒူအယူဝါဒရဲ့ အဆီ အနှစ်တွေကို ကောင်းကောင်း ကျွမ်းကျင်တတ်မြောက်ပြီး အဲဒီ အဆီအနှစ်တွေကိုသာ ဖော်ထုတ် ဟောပြောလျက် ရှိတယ် ဆိုတဲ့အချက်ဟာ လုံးဝအခြေအမြစ် မရှိဘူးဆိုတာကို အထူးပြောဖို့ လိုတော့မယ်မထင်တော့ဘူး ပဏ္ဍိတ်ကြီး။

ပဏ္ဍိတ်ကြီး။ ဗုဒ္ဓအယူဝါဒနဲ့ ဟိန္ဒူအယူဝါဒတို့ မည်ရွေ့မည်မျှအထိ ကွဲပြားခြားနားလျက်ရှိတယ်ဆိုတာကို ယခုလို ကြားနာရတာဟာ ပထမဆုံးအကြိမ်ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဆရာတော်ဟောတဲ့အချက်တွေဟာ အလွန်ခိုင်မာလှတဲ့ အတွက် တပည့်တော် နားလည်သဘောပေါက်ပြီး ယခုလို ထင်ထင်ရှားရှား ရှင်းလင်း ဟောပြောတော်မူတဲ့အတွက် အလွန် ကျေးဇူးတင်လှပါတယ် ဆရာတော်။

မေးခွန်းအမှတ် (၁၄)

ဗုဒ္ဓသည် သဗ္ဗညုတရွှေဉာဏ်တော်ရှင်ဖြစ်ပါလျက်နှင့် ဝိနည်းသိက္ခာပုဒ်တို့ကို တကြိမ်တည်းနှင့် အားလုံးအပြီး အဘယ့်ကြောင့် မပညတ် မပြဋ္ဌာန်းတော် မူပါသနည်း။

(**မေးမြန်းလျှောက်ထားသူ – မစ္စတာ ဘာဘာဆဟစ်၊ ဖန်ဆီသိုးမွေးစက်ပိုင်ရှင်၊ မာလဘာကုန်းမြင့်၊ ဘုံဘိုင်မြို့၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ**။)

ဆရာတော်အရှင်အရိယဓမ္မ။ အလုံးစုံသောတရားတို့ရဲ့ အတိတ်ကဖြစ်စဉ်၊ ပစ္စုပ္ပန်အခြေအနေ၊ အနာဂတ်တွင်ဖြစ်မည့် အလားအလာ စတဲ့ အချက်အလက်တို့ကို အကြွင်းမဲ့ သိမြင်တော်မူတဲ့ အတုမရှိရွှေဉာဏ်တော်ကြီးလှတဲ့ ဗုဒ္ဓကိုယ်တော်မြတ်ဟာ ကိုးကုဋေမျှသောဝိနည်းသိက္ခာပုဒ်တို့ကို တချိန်တည်း၊ တခါတည်းနဲ့ ပြဋ္ဌာန်းလိုက်မယ်ဆိုရင် ဘယ်လိုအကျိုးတရားမျိုး ပေါ်ထွက်လာမယ်ဆိုတာကို ကောင်းစွာသိမြင်ထားတော်မူတဲ့ အတွက် ဒီ ဝိနည်းသိက္ခာပုဒ်ကြီးငယ်တို့ကို အကြောင်းမဲ့ မပြဋ္ဌာန်း မသတ်မှတ်ဘဲ ထားခဲ့ခြင်းဖြစ်တယ်။ အခါအားလျော်စွာ အရေးကိစ္စပေါ်ပေါက်လာမှသာ သက်ဆိုင်ရာ ပြစ်မှုကိုကျူးလွန်တဲ့ ရဟန်းတပါးပါးကိုဝေဖန်ဆုံးမပြီး နောက်နောင် သံဃာတဖွဲ့လုံး အလားတူပြစ်မှုကိုမကျူးလွန်မိအောင်သာ ဝိနည်းသိက္ခာပုဒ်ကိုသတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့တယ် ဒကာကြီး။

ဖန်ဆီ။ ဝိနည်းသိက္ခာပုဒ်အားလုံးကို တခါတည်းနှင့် အပြီးသတ် ပြဋ္ဌာန်းလိုက်တဲ့အတွက် မလိုလားအပ်တဲ့၊ အကျိုးမဲ့တဲ့ အဖြစ်မျိုးကို ဖြစ်စေလိမ့်မယ် ဆိုတဲ့စကားကို တပည့်တော် မရှင်းလင်းဘဲ ဖြစ်နေပါတယ် ဆရာတော်။ တပည့်တော် နားလည်သဘောပေါက်အောင် ရှင်းတော်မူပါဦး။

ဆရာတော်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ဒကာကြီးကို ဦးပဥ္စင်းပြန်ပြီးမေးရဦးမယ်။ ဦးပဥ္စင်းမေးတဲ့မေးခွန်းတွေကို ဖြေကြားရင်းနဲ့ပဲ ဒကာကြီး မရှင်းတဲ့အချက်တွေဟာ ရှင်းလင်းသွားပါလိမ့်မယ်။

(ဤသို့ပြောပြီးနောက် ဆရာတော်က)

ဒကာကြီးတို့မှာ ဘုံဘိုင်မြို့ စက်ရုံပိုင်ရှင်များအဖွဲ့ ဆိုတဲ့ အဖွဲ့ရှိတယ် မဟုတ်လား။

ဖန်ဆီ။ မှန်ပါ ဆရာတော်။ တပည့်တော်တို့မှာ စက်ရုံပိုင်ရှင်များအဖွဲ့ ရှိပါတယ်။ တပည့်တော်ဟာ ဒီအဖွဲ့မှာ အဖွဲ့ဝင် တယောက်ဖြစ်ပါတယ်။

ဆရာတော်။ အရေးကိစ္စပေါ်ပေါက်လာတဲ့အခါ မကြာခဏဆိုသလို ဒကာကြီးတို့အဖွဲ့က စည်းမျဉ်းဥပဒေသစ်တွေကို သတ်မှတ်ပြဋ္ဌာန်းတယ် မဟုတ်လား။

ဖန်ဆီ။ မှန်ပါ၊ အရေးကိစ္စပေါ်တိုင်း စည်းမျဉ်းဥပဒေသစ်တွေကို သတ်မှတ်ပြဋ္ဌာန်းရပါတယ် ဆရာတော်။

ဆရာတော်။ ဒကာကြီးတို့အဖွဲ့မှာ ဥပဒေစည်းကမ်း (၇၀)ကျော် (၈၀)လောက် ရှိတယ်မဟုတ်လား။

ဖန်ဆီ။ စည်းကမ်းဥပဒေ (၈၀)လောက်ရှိပါတယ် ဆရာတော်။

ဆရာတော်။ ဒီ (၇၀)ကျော် (၈၀) လောက်ရှိတဲ့ စည်းကမ်းဥပဒေကို ဒကာကြီးတို့ အသင်း ထူထောင်စကတည်းက အကုန်လုံး ဘာအရေး ဘာကိစ္စမျှ မပေါ်ဘဲနဲ့ သတ်မှတ်ပစ်လိုက်တယ်ဆိုရင် ဒကာကြီးတို့အသင်းမှာ အသင်းသား ဦးရေဟာ နည်းမယ်ထင်သလား၊ များမယ်ထင်သလား။

ဖန်ဆီ။ စည်းကမ်းဥပဒေ (၈၀)လောက်ကို တကြိမ်တည်း တခါတည်းနဲ့ အသင်းဖွဲ့ဖွဲ့ချင်း သတ်မှတ် ပြဋ္ဌာန်းလိုက်မယ် ဆိုရင် တပည့်တော်တို့အသင်းထဲ ဘယ်သူမှ ဝင်မယ် မဟုတ်ပါဘူး ဆရာတော်။

ဆရာတော်။ အဲ ဒကာကြီးတို့ရဲ့ (၈၀)လောက်ရှိတဲ့ စည်းကမ်းဥပဒေတွေကို တခါတည်းနဲ့ အကုန်လုံးပြဋ္ဌာန်းလိုက်ရင် အသင်းသားတယောက်မှ ရှိမှာမဟုတ်ဘူးဆိုတော့ (၉)ကုဋေလောက်ရှိတဲ့ ဝိနည်းသိက္ခာပုဒ်တွေကို တကြိမ်တည်း၊ တခါတည်းနဲ့ အပြီးပြဋ္ဌာန်းလိုက်မယ်ဆိုရင် ဗုဒ္ဓရဲ့သာသနာ့ဘောင်အတွင်းကို ဝင်မယ့်လူ ရှိပါဦးမလား။ ဒီလိုဖြစ်ပေါ် လာမယ့် အကျိုးတရားကို ကြိုတင်သိမြင်ထားတဲ့အတွက် ဗုဒ္ဓက ဒီလောက်များပြားလှတဲ့ ဝိနည်းသိက္ခာပုဒ်တွေကို တခါတည်းနဲ့ အပြီး မပြဋ္ဌာန်းတာ ဖြစ်တယ် ဒကာကြီး။ ဒီလောက်နဲ့ပဲ ဒကာကြီး ရှင်းလင်းသဘောပေါက် နားလည်သွား ပြီလို့ ဦးပဥ္ဇင်းကတော့ ယူဆမိတယ်။

ဖန်ဆီ။ မှန်ပါ၊ အရှင်ဘုရားပေးတဲ့ ဥပမာနဲ့ပဲ ဒီပြဿနာကို တပည့်တော် ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက် သွားပါပြီ ဘုရား။

ဤတွင် တရားနာပရိသတ်က သာဓုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၁၅)

ဗုဒ္ဓသည် ကိသဂေါတမီအား သူ၏ ကွယ်လွန်အနိစ္စရောက်သွားသော သားငယ်နှင့်ပတ်သက်၍ တရားဟောတော် မူရာတွင် မုသားစကားဆိုရာ မရောက်ပေဘူးလား။

(**မေးမြန်းလျှောက်ထားသူ – မစ္စတာ အယ်(မ်) အေ၊ မူလာ၊ ဝတ်လုံတော်ရ၊ ဘုံဘိုင်မြို့၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ**။)

ဆရာတော်အရှင်အရိယဓမ္မ။ ဗုဒ္ဓအလောင်းအလျာဟာ ကပ်ကပ္ပာပေါင်းမရေမတွက်နိုင်အောင် (၁၀)ပါးသော ပါရမီတို့ကို ဖြည့်ဆည်းနေတော်မူစဉ်ကာလကပင် မဟုတ်မမှန်တဲ့စကား တခွန်းမျှ မပြောဆိုခဲ့ဖူးဘူး။ ဟုတ်မှန်တဲ့ စကားဆိုလျှင် အသက်ကိုသတ်မယ်လို့ ခြိမ်းချောက်ထားတောင်မှ မဟုတ်မမှန်တဲ့စကားကို မဆိုခဲ့ဘူး။ အဲဒီလောက် သိက္ခာပုဒ်ကို စောင့်ထိန်းခဲ့တဲ့ ဗုဒ္ဓဟာ သဗ္ဗညုတရွှေဉာဏ်တော်ရပြီး အဝိဇ္ဇာဟူသမျှကို ဖယ်ရှားကာ ဗုဒ္ဓအဖြစ် ရောက်ခါမှ မုသားစကားကို ဆိုဖို့ မပြောထားနဲ့၊ ဟုတ်မှန်တဲ့စကားကိုတောင် အလဟဿ အကြောင်းမဲ့သက်သက် ပြောဆိုတော်မမူတော့ဘူး။ အခု ဒကာကြီး သိလိုတဲ့အချက်ကို ရှင်းလင်းသွားအောင် ဦးပဥ္ဇင်းက ဒကာကြီးကို မေးခွန်းအချို့ မေးရလိမ့်မယ်။ ဦးပဥ္ဇင်းမေးတဲ့ မေးခွန်းတွေကို ဖြေရင်းနဲ့ပဲ ဒကာကြီးသိလိုတဲ့အချက်ကို ရှင်းလင်း သဘောပေါက် သွားလိမ့် မယ်။

(ဤကဲ့သို့ပြောပြီးနောက် ဆရာတော်က)

ဒကာကြီးမှာ သားသမီး ဘယ်နှစ်ယောက်ရှိသလဲ။

မူလာ။ တပည့်တော်မှာ ကလေး(၅)ယောက် ရှိပါတယ် ဆရာတော်။

ဆရာတော်။ ဒကာကြီးရဲ့ကလေးတွေ မော်တော်ကားတွေ၊ ယာဉ်တွေ အလွန်ရှုပ်တဲ့လမ်းပေါ်များ တခါတခါ ထွက်ထွက် မသွားကြဘူးလား။

မူလာ။ တခါတလေမှ ထွက်ထွက်သွားကြတာမဟုတ်ပါဘူး ဘုရား၊ နေ့တိုင်းလိုလိုပဲ ထွက်ထွက်သွားကြပါတယ် ဘုရား။ အဲဒီလိုထွက်ထွက်သွားတဲ့အခါ တပည့်တော်က သူတို့ကို ပရိယာယ်သုံးပြီး ချောက်လှန့်ထားရပါတယ် ဘုရား။

ဆရာတော်။ ဒကာကြီး ကလေးတွေကို လမ်းပေါ်တက်တက်ပြီး မကစားအောင် ဘယ်လို ပရိယာယ်တွေများ သုံးပြီး ချောက်လှန့်သလဲ ဒကာကြီး။

မူလာ။ တပည့်တော်က သူတို့ကို လမ်းပေါ်မှာ တခါတလေ ဘီလူးကြီးတကောင် လာတတ်တယ်။ အဲဒီ ဘီလူးကြီးဟာ လွယ်အိတ်ကြီးတလုံးကိုလည်း လွယ်လွယ်လာတတ်တယ်။ တခါတလေ ကလေးတွေကိုတွေ့ရင် သူ့လွယ်အိတ်ထဲ ဖမ်းထည့်သွားပြီး သူ့နေရာရောက်တဲ့အခါ လည်ဂုတ်တွေကို ချိုးချိုးစားတတ်တယ်။ တခါတလေ ကျတော့လည်း တပည့်တော်က ထန်းပင်လောက်အရပ်မြင့်တဲ့ ဘီလူးတကောင်ဟာ လျှောက်လျှောက်လာပြီး ကလေးတွေကိုတွေ့ရင် ဖမ်းကာ အတင်းမျိုတတ်တယ်လို့ ပြောပြပါတယ် ဆရာတော်။

ဆရာတော်။ ဒါဖြင့် ဒကာကြီး ကလေးတွေကို လိမ်လိမ်ပြောတာပေါ့လေ။

မူလာ။ ဒါက ပရိယာယ်ပါဘုရား။ မုသားပြောတဲ့သဘောနဲ့ လိမ်တာ မဟုတ်ပါဘူး ဆရာတော်။ ဒီပရိယာယ်မျိုး ကိုတော့ မိဘများက သားသမီးတွေအပေါ်မှာ၊ ဆရာများက တပည့်တွေအပေါ်မှာ၊ အစိုးရကတောင် တခါတလေ ပြည်သူလူထု အပေါ်မှာ ကောင်းစေလိုတဲ့ ဆန္ဒနဲ့ အသုံးချရပါတယ် ဆရာတော်။

ဆရာတော်။ အဲ အခု ဒကာကြီးပြောတဲ့အတိုင်းပဲ၊ မဟာကရုဏာတော်ရှင် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ရဲ့ မှီခိုဆည်းကပ်ရာ ဖြစ်တော်မူတဲ့ ဗုဒ္ဓကိုယ်တော်မြတ်ဟာ မင်္ဂဖိုလ် ရသင့်ရထိုက်သူတွေနဲ့ တွေ့တဲ့အခါမှာ တယောက်စီ တယောက်စီရဲ့ ဝါသနာ အထုံကိုလိုက်ပြီး ထိုက်သင့်တဲ့ ပရိယာယ်ကို သုံးတော်မူတယ်။ ကိသဂေါတမီရဲ့ ကိစ္စမှာလည်း ဒီအတိုင်းပဲ၊ ကိသဂေါတမီကိုဘယ်လိုအကျွတ်တရားရအောင်လုပ်ရပါ့မလဲလို့ စဉ်းစားတော်မူပြီး သူနဲ့ကိုက်ညီတဲ့ ပရိယာယ်ကို သုံးခြင်းအားဖြင့် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဆိုတဲ့တရားကို တခါတည်းနဲ့ အထင်အရှား နားလည်သွားအောင် လုပ်တော်မူလိုက်တာပဲဖြစ်တယ်။ ဒကာကြီးရဲ့စိတ်ထဲမှာ ထင်နေသလို လိမ်လိုက်တာ မဟုတ်ဘူး။

ဒီရည်ရွယ်ချက်နဲ့ ဗုဒ္ဓကိုယ်တော်မြတ်က "ချစ်သမီး ကိသဂေါတမီ၊ သင်၏သား သေဆုံးသည့်အတွက် မပူပင် မကြောင့်ကြလင့်၊ သင်၏သား အသက်ပြန်ရှင်ရန်အတွက် နှမ်းစေ့လက်တဆုပ်စာခန့်ရလျှင် တော်ပေပြီ" လို့ မိန့်တော်မူခြင်း ဖြစ်တယ်။ အဲဒီအခါကျတော့ ကိသဂေါတမီက "အဘယ်ကဲ့သို့သော နှမ်းစေ့လက်တဆုပ်စာမျှကို လိုတော်မူပါသနည်း အရှင်ဘုရား" လို့ ပြန်ပြီးလျှောက်ထားမေးမြန်းပြန်တယ်။ ဒီအခါကျတော့ ဗုဒ္ဓကိုယ်တော်မြတ်က "အို ချစ်သမီး၊ ယူခဲ့ရမည့် နှမ်းစေ့လက်တဆုပ်စာခန့်ကား အခြားအရပ်မှ မဟုတ်ပါ။ အမိသော်လည်းကောင်း၊ အဖသော်လည်းကောင်း၊ အဘိုးသော်လည်းကောင်း၊ အဘွားသော်လည်းကောင်း၊ သားသော်လည်းကောင်း၊ သမီးသော်လည်းကောင်း၊ မြေးသော်လည်းကောင်း၊ မြစ်သော်လည်းကောင်း၊ တူသော်လည်းကောင်း၊ တူမသော်လည်းကောင်း၊ အစေခံမိန်းမသော်လည်းကောင်း၊ အစေခံယောကျ်ားသော်လည်းကောင်း၊ တဦးတယောက်မျှ မသေကြေ မပျက်စီးဖူးသည့် အိမ်မှဖြစ်ရမည်။ ဤကဲ့သို့သော အိမ်တအိမ်မှ နှမ်းစေ့လက်တဆုပ်စာမျှရသည်နှင့် တပြိုင်နက် အမြန်ပြန်လာခဲ့လော့။ သင်၏သား အသက်ပြန်၍ ရှင်စေအံ့" လို့ မိန့်တော်မူလိုက်တယ်။

အဲဒီလို မိန့်တော်မူစဉ်က ဗုဒ္ဓက ကိသာဂေါတမီဟာ ဘဝအဆက်ဆက်က ဖြည့်ဆည်းခဲ့တဲ့ပါရမီအဟုန်နဲ့ ချက်ချင်းသောတပတ္တိမဂ်ကို ဆိုက်ပြီး အဲဒီဘဝမှာပဲ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရောက်မယ့်သူဖြစ်ကြောင်း ကောင်းစွာ သိတော်မူတယ်။ ဒါပေမယ့် သူကိုယ်တိုင် လူမသေဖူးတဲ့အိမ်ကို လျှောက်ရှာပြီး မတွေ့မှ "သတ္တဝါဟူသမျှဟာ မွေးလျှင် သေရမယ်" ဆိုတဲ့ သဘောကို အထင်အရှား နားလည်ယုံကြည်လိမ့်မယ်ဆိုတာကို သိထားတော်မူတယ်။ တကယ်လို့ ဗုဒ္ဓဟာ အဲဒီအခါက ဒီပရိယာယ်ကိုမသုံးဘဲ "အို ချစ်သမီး ကိသဂေါတမီ၊ သေခြင်းတရားကို ဘယ်သူမျှ မလွန်ဆန်နိုင် တကား၊ သင်၏သားသည် အဘယ်နည်းနှင့်မျှ အသက်ပြန်၍ ရှင်လိမ့်မည်မဟုတ်ချေ" ဟု တဲ့တိုး မိန့်တော်မူလိုက်လျှင် ကိသဂေါတမီဟာ သားရဲ့ဖေါနဲ့ ရင်ကွဲနာကျပြီး ငရဲဘုံကျဖို့သာ ရှိတော့တယ်။ ဒါကြောင့် ဗုဒ္ဓက လူမသေဖူးတဲ့အိမ်က နှမ်းစေ့လက်တဆုပ်စာခန့်ကို အရှာခိုင်းခြင်းဖြစ်တယ်။ ဒီနှမ်းစေ့ မရနိုင်တဲ့အခါကျတော့ ကိသဂေါတမီဟာ သူ့ရဲ့ မှားယွင်းတဲ့အချက်ကို သူမြင်ပြီးတော့ သူ့ကလေးကို လုတ်တိုင်းကုန်းမှာစွန့်ကာ သူ့ဆီကို တရားရေအေး တိုက်ကျွေးတော်မူပါလို့ လာပြီး တောင်းပန်လျှောက်ထားလိမ့်မယ်။ ဒီအခါမှာ တရားတပုဒ် ဟောလိုက်ရုံနဲ့ နိဗ္ဗာန်ရောက်ဖို့ လမ်းကြောင်းပေါ်တက်မိပြီး ရဟန္တာမ ဖြစ်လိမ့်မယ်လို့ မြင်တော်မူ ထားတယ်။

နောက်ဆုံး ဗုဒ္ဓရဲ့ ပရိယာယ်ကြောင့်ပဲ ဗုဒ္ဓမြင်တော်မူထားတဲ့အတိုင်းပဲ ကိသဂေါတမီဟာ နိဗ္ဗာန်ကို ရသွားတယ် မဟုတ်လား။ အဲဒီတော့ ဒကာကြီးက ဗုဒ္ဓကိုယ်တော်မြတ်က ကိသဂေါတမီကို လိမ်လည်လှည့်ဖြားပြီး မုသား ပြောတယ်လို့ စွပ်စွဲချင် သေးသလား။

မူလာ။ တပည့်တော် မူလကတည်းက ဗုဒ္ဓဂေါတမက ကိသဂေါတမီကို လိမ်လည်ပြီး မုသားစကား ပြောတယ်လို့ စွပ်စွဲလိုတဲ့ ဆန္ဒ မရှိပါဘူး ဆရာတော်။ တပည့်တော်မှာ ဗုဒ္ဓက ဘာပြုလို့ ဒီနေရာမှာ ကိသဂေါတမီကို "သေခြင်းတရားမှ ဘယ်သူမျှ လွတ်အောင် မပြေးနိုင်ဘူး" လို့ တိုက်ရိုက်မဟောတော်မူဘဲနဲ့ "လူမသေတဲ့အိမ်က နှမ်းစေ့လက်တဆုပ်စာခန့်သာ ရှာခဲ့။ သင်၏သား အသက်ပြန်ရှင်စေ့မယ်" လို့ လှည့်စား ရတာလဲလို့ သံသယဝင်လို့ ဆရာတော်ကို လျှောက်မိခြင်း ဖြစ်ပါတယ်။ ယခုတော့ တပည့်တော်မှာ ရှိနေတဲ့ သံသယ ရှင်းသွားတဲ့အပြင် ဗုဒ္ဓရဲ့ ဉာဏ်ပညာကြီးမားလှပုံကို နားလည် သဘောပေါက်ပြီး ယခင်ကထက်ပင် ပို၍ ကြည်ညို မိပါတယ် ဘုရား။

ဤတွင် တရားနာပရိသတ်က သာဓုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၁၆)

ဗုဒ္ဓသည် အချို့အမေးပုစ္ဆာတို့ကို အဘယ့်ကြောင့် မဖြေဆိုဘဲသနည်း။

(မေးမြန်းလျှောက်ထားသူ – ဝေဒကျမ်း၊ နက္ခတ်ကျမ်း၊ ပုရာဏ်ကျမ်း စသည့် ဟိန္ဒူကျမ်းဂန်တို့ကို ကျွမ်းကျင်သည့် ဖြဟ္မဏနွယ်ဝင် ပဏ္ဍိတ် ရှုကာလဂျီ၊ ဘုံဘိုင်မြို့၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ ဗုဒ္ဓဟာ သူ့ခေတ် သူ့လက်ထက်အတွင်း ဘာသာအယူဝါဒအသီးသီးမှာ ပေါ်ပေါက်နေတဲ့ အလွန်ထင်ရှားတဲ့ အမေးပုစ္ဆာ (၁၄)ပုဒ်ကို သဗ္ဗညုတရွှေဉာဏ်တော်ရှင် ဗုဒ္ဓက ဖြေဆိုတော် မမူခဲ့တာတော့ ဒီအမေးပုစ္ဆာတွေကို ဖြေဆိုလို့အကျိုးမရှိဘူး။ ဒီအမေးပုစ္ဆာတွေရဲ့ အဖြေကိုသိလို့လည်း မြင့်မြတ်တဲ့၊ အဝိဇ္ဇာကင်းတဲ့ ဘဝကို ရောက်မသွားဘူး။ ပြီးတော့ ဒီအမေးပုစ္ဆာတွေဟာ အသိဉာဏ်ပညာအရ အလွန်မြင့်မားလှတဲ့အတွက် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် မရောက်မချင်း ဘယ်သူမှလည်း နားမလည်နိုင်ဘူး။ နောက်ဆုံးအချက်ကတော့ ဗုဒ္ဓရှင်တော်မြတ်ဟာ သတ္တဝါတဦးတယောက်အတွက် အကယ်ကောင်းကျိုးသုခနဲ့ပြည့်စုံတဲ့စကားမှသာ ဟောတော်မူလေ့ရှိတဲ့အချက်ပဲ။

သဗ္ဗညုတရွှေဉာဏ်တော်ရှင် ဗုဒ္ဓရှင်တော်မြတ်က မဖြေဆိုဘဲ ထားခဲ့တဲ့ အမေးပုစ္ဆာ (၁၄)ခုကတော့ ...

၁။ (က) ကမ္ဘာကြီးသည် အစဉ်တည်မြဲသလော။ (ခ) မတည်မြဲဘဲ ပျက်စီးသွားသလော။ (ဂ) တည်လည်းတည်မြဲ၊ ပျက်စီးလည်း ပျက်စီးသလော။ (ဃ) မတည်လည်းမတည်မြဲ၊ မပျက်စီးလည်း မပျက်စီးဘူးလော။

၂။ (က) ကမ္ဘာကြီးသည် ကာလအပိုင်းအခြားအားဖြင့် သက်တမ်းရှိသလော။ (ခ) ကမ္ဘာကြီးသည် ကာလ အပိုင်းအခြားအားဖြင့် သက်တမ်းမရှိပြီလော။ (ဂ) ကမ္ဘာကြီးသည် ကာလအပိုင်းအခြားအားဖြင့် သက်တမ်းလည်းရှိ၊ မရှိလည်း မရှိပြီလော။ (ဃ) ကမ္ဘာကြီးသည် ကာလအပိုင်းအခြားအားဖြင့် သက်တမ်းရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်ပြီလော။

၃။ (က) ဗုဒ္ဓသည် ပရိနိဗ္ဗာန်ပြုပြီးသည့် အခြားကာလ၌ ရှိသေးသလော။ (ခ) မရှိတော့ပြီလော။ (ဂ) ရှိလည်းရှိ၊ မရှိလည်းမရှိပြီလော။ (ဃ) ရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်ပြီလော။

၄။ (က) အသက်နှင့် ခန္ဓာကိုယ် ဟူသော တရားနှစ်ပါးသည် အတူတူပင်လော။ (ခ) ၎င်းတရားနှစ်ပါးသည် တကွဲတပြားစီလော။

ဒီအထက်ပါမေးခွန်းတွေနဲ့ပတ်သက်လို့ပြောဆိုဖြေရှင်းရာမှာ ဗုဒ္ဓကိုယ်တော်တိုင် မဇ္ဈိမနိကာယ်ထဲမှာ ဟောတော်မူခဲ့တဲ့ အချို့အချက်အလက်တွေကို အနည်းငယ်ကိုးကားပြီး ပြောလိုပါတယ်။ အဲဒီကိုးကားလိုတဲ့ ဗုဒ္ဓရဲ့ စကားတွေကတော့ "အကယ်၍ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင်က ပထမဆုံး ကမ္ဘာကြီးသည် ထာဝရတည်ရှိမည်လော၊ ခေတ္တယာယီမျှသာတည်ရှိမည်လော၊ ကမ္ဘာကြီးသည် အစအဆုံးရှိသည့်တရားလော၊ မရှိသည့်တရားလော၊ အသက်နှင့် ခန္ဓာကိုယ်တို့သည် တခုတည်းသော တရားလော၊ သို့တည်းမဟုတ် တခုနှင့်တခုကွဲပြားခြားနားသလော၊ ဗုဒ္ဓရှင်တော်မြတ်သည် ပရိနိဗ္ဗာန် ပြုပြီးနောက် ရှိနေသေးသလော စသည့် မေးခွန်းတို့ကို မဟောကြားမီ ဗုဒ္ဓရှင်တော်မြတ်၏ သာသနာ့ဘောင်အတွင်း မဝင်လိုသူကား ဤအမေးပုစ္ဆာတို့နှင့် ပတ်သက်၍ ဗုဒ္ဓရှင်တော်မြတ်က ရှင်းလင်းဟောကြားတော်မမူပြီးခင်ပင် ကွယ်လွန်အနိစ္စရောက်ရမည်ဖြစ်၏။ ထိုသူကား အဆိပ်လူးသောမြား မှန်ထားသည့် သူတယောက်ကို သမားတယောက်က ကုမည်ပြုရာတွင် ဆေးဝါးအကုအသ မခံမီ 'ကျွန်ုပ်အား ဤမြားနှင့် ပစ်လိုက်သောသူသည် မှူးမျိုးမတ်နွယ် ထဲမှလော၊ မင်းမျိုးမင်းနွယ်ထဲမှလော၊ ကျေးကျွန်လူတန်းစားထဲမှလော၊ ထိုသူ မည်သူမည်ဝါနည်း၊ မည်သူ့မျိုးရိုးထဲမှနည်း၊ အရပ်မြင့်သလော၊ အရပ်နိမ့်သလော၊ အလုံးအရပ် မနိမ့်မမြင့်ထဲမှလော' စသည့်မေးခွန်းတို့ကိုမေးပြီး ဤအချက်အလက်တို့ကို မသိရသမျှ ကျွန်ုပ်၏ခန္ဓာတွင်းမှ မြားကို အနုတ်မခံဟုဆိုရင်း အဆိပ်တက်ကာ သေသွားရသူ ကဲ့ သို့ပင် ဖြစ်ချေသည်။"

အထက်က ဗုဒ္ဓရှင်တော်မြတ် မိန့်တော်မူခဲ့တဲ့စကားကြည့်ရင် အခြားဘာမျှမလေ့လာ မကျင့်သုံးဘဲ ဒီပြဿနာ (၁၄)ခုရဲ့ အဖြေကိုသာ ရှာနေကြတဲ့ ဘာသာအသီးသီးမှ လူတွေဟာ မည်မျှမိုက်မဲတယ်ဆိုတာကို အထင်အရှား သိမြင်နိုင်တယ်။ ဒီလူတွေဟာ အဆိပ်လူးတဲ့မြားကို အချွတ်မခံဘဲ ဒီမြားကို ပစ်တဲ့လူရဲ့အကြောင်း မေးမြန်းနေရင်းနဲ့ သေသွားရမယ့် လူမျိုးထဲကပဲ။ ဒီအမေးပုစ္ဆာတွေဟာ နိဗ္ဗာန်ရောက်ရာရောက်ကြောင်းတရားသာ မဟုတ်တယ်၊ အလွန် ခက်ခဲနက်နဲလှတဲ့ပြဿနာတွေဖြစ်တယ်။ သာမန်ရှင်းလင်းဟောပြောပြရုံနဲ့ လူသာမန်များ နားလည် သဘောပေါက်ဖို့ အလွန်ခက်ခဲလှတယ်။ ဒီကိစ္စတွေကို အဝိဇ္ဇာတရားဟူသမျှကို ခုတ်ထွင်ပယ်ရှားထားပြီး ဖြစ်တဲ့ ဗုဒ္ဓရှင်တော်မြတ် သာလျှင် အကြွင်းမဲ့လုံးဝဥဿုံသိမြင်နားလည်တော်မူတယ်။ နိဗ္ဗာန်ရောက်ရာရောက်ကြောင်းတရားကို အားမထုတ်ဘဲ ဒီပြဿနာတွေ အတွက် အဖြေရရာရကြောင်း ကြိုးစားတာဟာ အလွန်အဘိုးထိုက် အဘိုးတန်လှတဲ့ အချိန်တွေကို အလဟဿ ဖြုန်းတီးပစ်လိုက်တာပဲ ဖြစ်မယ်။ ဒီ အမေးပုစ္ဆာတွေကို ဗုဒ္ဓရှင်တော်မြတ်က တစုံတယောက်သောသူအား ဟောပြောတော်မူသည့်တိုင်အောင် ထိုသူသည်မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရထားသူမဟုတ်က နားလည်နိုင်သဘောပေါက် နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့်လဲ ဗုဒ္ဓကိုယ်တော်မြတ်က ဒီအမေးပုစ္ဆာတွေကို မဖြေကြားဘဲ နေတော်မူတာပေါ့။

ဒီနေရာမှာ ပဏ္ဍိတ်ကြီးလို ကျမ်းဂန်စာပေတွေကို တတ်မြောက်ကျွမ်းကျင်ထားတဲ့ ပုဂ္ဂိုလ်တဦးက ဒီနိဗ္ဗာန်ရောက်ရာ ရောက်ကြောင်းအတွက် ဘာမျှအထောက်အကူမဖြစ်တဲ့ ဒီမေးခွန်းတွေကို သဗ္ဗညုတရွှေဉာဏ်တော်ရှင် လူ၊ နတ်၊ ဗြဟ္မာ ဆိုတဲ့ သတ္တဝါသုံးပါးတို့ရဲ့ဆရာဖြစ်တဲ့ ဗုဒ္ဓက ဖြေဆိုတော်မမူတာကို ဗုဒ္ဓဟာ ဒီမေးခွန်းတွေကို ဖြေဆိုနိုင်စွမ်း မရှိ လို့ ယူဆခြင်းဟာ အလွန်ဝမ်းနည်းဖွယ်ကောင်းနေပြီ။ နောက်တခုက ဒီမေးခွန်းတွေအတွက် အဖြေမရရအောင် လိုက်လံရှာဖွေလေ့လာရုံနဲ့ စိတ်ရဲ့ချမ်းသာမှု၊ ကိုယ်ရဲ့ချမ်းသာမှုတို့ကို ရနိုင်မယ်၊ မရနိုင်ဘူး ဆိုတာကိုပဲ ပဏ္ဍိတ်ကြီး ကိုယ်တိုင် သိမြင်နားလည်ထားလိမ့်မယ်လို့ ဦးပဥ္ဇင်းက ယူဆထားတယ်။

ပဏ္ဍိတ်ကြီး။ တပည့်တော်ဟာ ဗုဒ္ဓက ဒီအမေးပုစ္ဆာ(၁၄)ပုဒ်ကို အဘယ့်ကြောင့် မဖြေဆိုတော်မူမှန်း သိပါ လျက်နဲ့ တမင်သက်သက် ဗုဒ္ဓရှင်တော်မြတ်ကို ရှုံ့ချလိုတဲ့သဘောနဲ့ ယခုလိုမေးခြင်းမဟုတ်ပါ။ ဒါပေမယ့် အလုံးစုံသော တရား တို့ကို ထိုးထွင်းသိမြင်နားလည်တော်မူတဲ့ ဗုဒ္ဓဟာ ဒီပုစ္ဆာ(၁၄)ပိုဒ်ကို အဘယ့်ကြောင့် ဟောတော်မမူဘဲ ချန်ထားခဲ့ရ သလဲ ဆိုတဲ့အချက်ကို စိတ်ထဲမှာ မရှင်းလင်းတာနဲ့ မေးမြန်းလျှောက်ထားခြင်း ဖြစ်ပါတယ် ဆရာတော်။ တပည့်တော်ဟာ ဗုဒ္ဓရဲ့ အလွန်ကြီးမားတဲ့ ဉာဏ်တော်ကို ကြည်ညိုလှပါတယ် ဆရာတော်။

ဤတွင် ပရိသတ်အားလုံးက သာဓုအနုမောဒနာ ခေါ်ကြလေကုန်သည်။

မေးခွန်းအမှတ် (၁၇)

နာမ်တရားတို့၏သက်တမ်းသည် မည်မျှ ကြာရှည်ပါသနည်း။

(မေးမြန်းလျှောက်ထားသူ – ဒေါက်တာ ယန်ကတ်ရောင်း၊ ပါဝယ်(လ်)ကုမ္ပဏီ၊ လမင်တန်လမ်း၊ ဘုံဘိုင်မြို့၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ ဗုဒ္ဓရှင်တော်မြတ် ဟောတော်မူခဲ့တဲ့ အဘိဓမ္မာတရားတော်အရ ပြောရမယ်ဆိုရင် စိတ်ဟာ ဘယ်လောက်လျင်မြန်စွာလုပ်ရှားနိုင်သလဲဆိုရင် အလွန်တိုတောင်းလှတဲ့ လျှပ်တပြက်အချိန်ကလေးအတွင်း မှာပင် အကြိမ်ပေါင်းကုဋေတသိန်းဖြစ်ပေါ်ချုပ်ငြိမ်းနိုင်တယ်။ စိတ်ခဏတ် တခါတခါ လှုပ်ရှားစဉ်ကာလအတွင်းမှာပင် ဥပါဒ် (စတင်ဖြစ်ပေါ်ခြင်း)၊ ဌီ (တိုးတက်ကြီးထွားခြင်း)၊ ဘင် (ချုပ်ငြိမ်းခြင်း) ရယ်လို့ အဆင့်သုံးဆင့်ရှိတယ်။ ဒီအဆင့် ကလေး တဆင့်တဆင့်ကို **“ခဏငယ်”** လို့ ခေါ်တယ်။ ဒီအဆင့်သုံးဆင့်လုံးကို ပေါင်းလိုက်တဲ့တရားကို **စိတ္တက္ခဏ** လို့ခေါ်တယ်။ ဒါကြောင့် စိတ္တက္ခဏတခုရဲ့သက်တမ်းကိုအချိန်ကာလအပိုင်းအခြားအားဖြင့် ဘယ်လောက် ရှည် တယ် ဆိုတာကို ဘယ်လိုမှ တွက်ချက်တိုင်းတာလို့တောင် မဖြစ်နိုင်ဘူး။

ရုပ်တရားရဲ့ လှုပ်ရှားမှုကတော့ စိတ်ခဏတ်ရဲ့လှုပ်ရှားမှုထက် အချိန်ကာလအားဖြင့် ပိုပြီးရှည်လျားတယ်။ ဘယ်လောက် ပိုပြီး ရှည်လျားသလဲဆိုရင် စိတ်ခဏတ်အကြိမ်ပေါင်း (၅၁)ကြိမ် လှုပ်ရှားတဲ့ အချိန်ကာလအတွင်းမှာ ရုပ်ခဏတ် (၁၇)ကြိမ် လှုပ်ရှားပြောင်းလဲတယ်။ ဒီလို ရုပ်ခဏတ်က (၃)ဆ ပိုပြီး အချိန်ရှည်လျားစွာ လှုပ်ရှားပြောင်းလဲတယ်လို့ ဆိုရပေမယ့် ဒီ ရုပ်ခဏတ် လှုပ်ရှားပြောင်းလဲမှုကို မီအောင် ဘယ်ကရိယာနဲ့မျှ တိုင်းတာလို့မရနိုင်ဘူး။

ဒီလို စိတ်ခဏတ်နဲ့ ရုပ်ခဏတ်တို့ရဲ့ လျင်မြန်စွာလှုပ်ရှားပြောင်းလဲတဲ့အကြောင်းကို ဗုဒ္ဓရှင်တော်မြတ်က လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၆၀)ကျော်လောက်က ဟောခဲ့တာကို ယခုခေတ် သိပ္ပံပညာရပ်က ဘယ်ရုပ်တရားမှ တည်မြဲတယ်လို့ မရှိကြောင်း၊ ရုပ်တရားဟာ အမြဲတမ်း လှုပ်ရှားပြောင်းလဲလျက်ရှိကြောင်းကို ဝန်ခံနေရုံမျှမကဘူး အသံရုပ်တွေဟာ ***(အလင်းရုပ်ဖြစ်ပါသည်။ တင်ပြသူ)*** တစက္ကန့်အတွင်း မှာ မိုင်ပေါင်း (၁၈၆၀၀၀) တောင် လှုပ်ရှားသွားလာ နိုင်တယ်လို့ ပြောနေပြီ။ ဒါကြောင့် နာမ်နဲ့ရုပ်တို့ရဲ့ လှုပ်ရှားပြောင်းလဲမှုဟာ ဘယ်လောက်မြန်တယ်ဆိုတာကို ပြောနေဖို့ လိုမယ် မထင်တော့ဘူး။

ဒီလို ဘယ်နည်းနဲ့မျှ တွက်ချက်မှန်းဆ ဟောပြောလို့ မဖြစ်တဲ့ အချိန်ကာလအတွင်းမှာ လှုပ်ရှားပြောင်းလဲ ဖြစ်ပျက် တတ်တဲ့ ရုပ်တရား၊ နာမ်တရားတို့ရဲ့ ဖြစ်စဉ်သဘာဝကို ဗုဒ္ဓနဲ့ ရဟန္တာပုဂ္ဂိုလ်တို့ကသာ တိတိကျကျမြင်နိုင်၊ ထင်နိုင် တယ်။ ဘာပြုလို့ သာမန်မျက်စေ့၊ သာမန်ဉာဏ်၊ သာမန်ကိရိယာတို့နဲ့ မမြင်နိုင်၊ မသိနိုင်၊ နားမလည်နိုင်သလဲဆိုရင် ဒီတရားတွေဟာ အပြတ်အတောက်မရှိ စဉ်တိုက်၊ ဆက်တိုက် ဖြစ်နေတာကတကြောင်း၊ အလွန်လျင်မြန်ခြင်းက တကြောင်း၊ ဆင်ခြင်သုံးသပ်လေ့လာသူတွေရဲ့ ဉာဏ်ပညာကိုလည်း အဝိဇ္ဇာအမှောင်တိုက်က ဖုံးအုပ်ထားတာက တကြောင်းတို့ကြောင့် ဖြစ်တယ်။ ဒီ နာမ်တရားတို့ရဲ့ လျင်မြန်တဲ့အရှိန်ကို သိမြင်နားလည်ချင်ရင် အဝိဇ္ဇာတရားကို ပိုင်သည့်တိုင်အောင် မဂ္ဂင်ရှစ်ပါးကို ကျင့်ဖို့ လိုတယ်။

ရောင်း။ ဆရာတော်က ယခုလို ဗုဒ္ဓရဲ့အဘိဓမ္မာကို သိပ္ပံပညာနှင့် ထောက်ခံကိုးကားပြီး ရှင်းလင်းဟောပြော တော်မူတဲ့အတွက် တပည့်တော်ဟာ နာမ်တရား၊ ရုပ်တရားတို့ရဲ့ လှုပ်ရှားမှု၊ ပြောင်းလဲမှုတို့ဟာ ဘယ်လောက် လျင်မြန်တယ် ဆိုတာကို ကောင်းစွာ နားလည်သဘောပေါက်ပြီး ကျေးဇူးတင်လှပါတယ် ဘုရား။

ဤတွင် ပရိသတ်အားလုံးက သာဓုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၁၈)

"ချစ်သား ရဟန်းတို့၊ အာရုံခြောက်ပါးကား ရာဂမီး၊ ဒေါသမီး၊ မောဟမီး တည်းဟူသော မီးတောက်မီးလျှံတို့ကို ဖြစ်ပွား စေ၍ အသင်တို့အား အမြဲတမ်းတောက်လောင်လျက် ရှိချေသည်" ဟု ဟောတော်မူခြင်းအားဖြင့် ဗုဒ္ဓသည် ရဟန်းတို့ကို သတ်ဖြတ်ရာသို့ မရောက်စေဘူးလော။

(မေးမြန်းလျှောက်ထားသူ – မစ္စတာ ကက်ရှ်မီယာဆင်း၊ အယ်(မ်)အေ၊ အယ်(မ်)အက်(စ်)စီ၊ ကျောင်းအုပ်ကြီး၊ အာ(လ်)ဆာ ကောလိပ်ကျောင်း၊ ဘုံဘိုင်မြို့၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ မဟာကရုဏာတော်ရှင် ဗုဒ္ဓရှင်တော်မြတ်ရဲ့ မေတ္တာတရားဟာ ကပ္ပာလောကတခုလုံးရဲ့ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဆိုတဲ့ အရပ်လေးမျက်နှာလုံးကို ပျံ့နှံ့လျက် ရှိတယ်။ ဒီ ပျံ့နှံ့တဲ့နေရာမှာလည်း လူမျိုးမရွေး၊ ဘာသာမရွေး၊ အသားရောင်မရွေး၊ အဝါအဖြူမရွေး၊ နှာခေါင်းအချွန်အပြားမရွေး၊ အယုတ်၊ အလတ်၊ အမြတ်မရွေး ရှိရှိသမျှ သတ္တဝါတို့အပေါ်မှာ ညီတူညီမျှ ပွားထားတော်မူတယ်။ တချိန်တည်းမှာပင် စကြာဝဠာ အတွင်း ရှိရှိသမျှသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေအားလုံးအပေါ်မှာ သူ့ရဲ့မဟာကရုဏာနဲ့ မေတ္တာတရားတော်တို့ဟာ ပျံ့နှံ့ လျက်ရှိတယ်။ ဒါကြောင့် အာရုံခြောက်ပါးဟာ မီးတောက်မီးလျှံကြီးများသဖွယ် တောက်လောင်လျက် ရှိတယ်လို့ ဗုဒ္ဓရှင်တော်မြတ်က ဟောကြားတော်မူတဲ့အတွက် သွေးစိမ်းပွက်ပွက်အန်ပြီး ပျက်စီးကြတဲ့ ရဟန်းသံဃာများဟာ ဗုဒ္ဓက ဒီတရားကို ဟောလို့ပြောလို့ ပျက်စီးတာ မဟုတ်ဘူး။ သူတို့ရဲ့အတိတ်ဘဝက ပြုခဲ့ဖူးကြတဲ့ ကံတရားကြောင့်သာဖြစ်တယ်။ တနည်းအားဖြင့် ခြောက်ပါးသော အာရုံတို့ကြောင့် မီးတောက်မီးလျှံများ တောက်လောင်ရတယ် ဆိုတဲ့ တရားကို ကဲ့ရဲ့ရှုံ့ချမိကြလို့ ပျက်စီးကြရတာဖြစ်တယ်။ ဒါကြောင့် သူတို့တွေ ပျက်စီးကြတာနဲ့ ဗုဒ္ဓ ဟောတော်မူတဲ့တရားနဲ့ ဘာမျှ မပတ်သက်ပါဘူး ဒကာကြီး။

ဆင်း။ ဆရာတော် ယခုဖြေဆိုဟောပြောလိုက်တာဟာ ဗုဒ္ဓဟောတော်မူခဲ့တဲ့ တရားတော်အရတော့ မှန်ကန်ပါတယ်။ ဒါပေမယ့် တပည့်တော် စိတ်ထဲမှာရှိတဲ့ သံသယကတော့ မပြေပျောက်သေးပါဘူး ဘုရား။ ဘာပြုလို့လဲ ဆိုတော့ ဗုဒ္ဓရှင်တော်မြတ်ကသာ ဒီတရားကိုမဟောရင် ဒီရဟန်းတွေဟာ သွေးစိမ်းပွက်ပွက်အန်ပြီး ပျက်စီးကုန်ကြမှာ မဟုတ်ဘူးလို့ တပည့်တော်ရဲ့ ဦးခေါင်းထဲမှာ စွဲနေလို့ပါ။ ဒါကြောင့် တပည့်တော်ကို ဒီသံသယ ကင်းရှင်းသွားအောင် ထပ်ပြီး ရှင်းလင်းတော်မူပါဦး ဆရာတော်။

ဆရာတော်။ ဒကာကြီးရဲ့စိတ်ထဲမှာ ကိန်းအောင်းနေတဲ့ သံသယကို ရှင်းသွားအောင် ဦးပဥ္စင်း နောက်ထပ်ရှင်းပြဦးမယ်။

အနန္တတန်ခိုးတော်ရှင် အနန္တဉာဏ်တော်ရှင် ဗုဒ္ဓဟာ ဒီတရားတော်ကို မဟောမီကတည်းက သူ့ရဲ့ရှေ့မှောက်မှာ ရောက်နေကြတဲ့ ရဟန်းများရဲ့ အတိတ်ကပြုလုပ်ခဲ့တဲ့ကံတွေ၊ ပစ္စုပ္ပန်မှာ ပြုလုပ်နေကြတဲ့ ကံတွေ၊ အနာဂတ်မှာ တွေ့ကြုံရမယ့် အဖြစ်အပျက်တွေ၊ ဒီတရားအားလုံးကို ထင်ထင်ရှားရှားသိမြင်တော်မူတယ်။ ဒါတင်မကသေးဘူး၊ သူ ဟောတော်မူမယ့် တရားအဆုံးမှာ ထိုထိုသောရဟန်းတွေဟာ သွေးစိမ်းပွက်ပွက် အန်ပြီး ပျက်စီးကုန်ကြရမယ် ဆိုတာကိုလည်း သိတော် မူတယ်။ ဒီလိုသွေးစိမ်းပွက်ပွက်အန်ပြီး ပျက်စီးကြရတဲ့ရဟန်းတွေဟာ (၈၀)ကျော် (၉၀) လောက်ရှိလိမ့်မယ်ထင်တယ်။ ဒါပေမယ့် ဒီတရားကို ဟောတော်မူတဲ့အဆုံးမှာ အခြား တထောင်သော ရဟန်းများ ဟာ တခါတည်းနဲ့ အရဟတ္တမဂ်နဲ့ အရဟတ္တဖိုလ်ကို ရောက်ကုန်ကြလိမ့်မယ်ဆိုတာကိုလည်း ဗုဒ္ဓရှင်တော်မြတ်ဟာ သိထားတော်မူတယ်။ ဒီလို သွေးစိမ်း ပွက်ပွက်အန်ပြီး ပျက်စီးကုန်ရမယ့် ရဟန်းတွေကို မပျက်စီးရအောင် တားမြစ်လို့ မဖြစ်သလိုဘဲ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ကို ရောက်ကုန်ကြမယ့် တထောင်သော ရဟန်းတွေကိုလည်း မဂ်တရား၊ ဖိုလ်တရားကို မရအောင် တားလို့ မဖြစ်ဘူး ဆိုတာကို ဗုဒ္ဓက သိတော်မူတယ်။ ဒီရဟန်းတွေဟာ သူတို့ ကိုယ်တိုင် အတိတ်ကာလကပြုလုပ်ခဲ့တဲ့တရားအတိုင်းဖြစ်ကြရတဲ့အတွက် ဘယ်သူကမှဝင်မစွက်နိုင်ဘူး။ ရှောင်ကွင်းလို့လည်း မရဘူး။ ဒါတင်မကဘူး၊ ဒီ သွေးစိမ်းပွက်ပွက်အန်ပြီး ပျက်စီးကြရတဲ့ ရဟန်းတွေဟာ ယခုဘဝ တွင်မဟုတ်ဘူး၊ နောင် အနာဂတ်ကာလမှာ ပွင့်ကြမယ့် ဗုဒ္ဓရှင်တော်မြတ်တွေရဲ့ လက်ထက်မှာလည်း ဒီတရားကို

ဟောပြီးတဲ့အခါမှာ ခုလိုပဲသွေးစိမ်းပွက်ပွက်အန်ပြီး ကပ္ပာတရာတိတိ ပျက်စီးကြရလိမ့်ဦးမယ်ဆိုတာကိုလည်း သိမြင်ထားတော်မူတယ်။ အထက်ကပြောခဲ့တဲ့အချက်တွေကို ထောက်ရှုခြင်းအားဖြင့် ဒီရဟန်းတွေဟာ ဗုဒ္ဓကြောင့် ပျက်စီးကြရတာ မဟုတ်ဘူးဆိုတာကို ဒကာကြီးရှင်းလင်းသွား လောက်ပြီလို့ထင်တယ်။

ဆင်း။ ဒီရဟန်းတွေဟာ အတိတ်ဘဝတွေတုန်းက သူတို့ပြုလုပ်ခဲ့တဲ့ ကံကြောင့် ယခုလို ပျက်စီးကြရတယ်ဆိုတာကိုတော့ တပည့်တော် သဘောပေါက်ပါပြီ ဆရာတော်။ ဒါပေမယ့် ဒီတရားကို ကြားပြီးတဲ့နောက်မှ ဘာလို့ အခုလို ပျက်စီးရတယ်ဆိုတာကို တပည့်တော် မရှင်းဘဲ ဖြစ်နေပါတယ်။

ဆရာတော်။ ဒီလိုဖြစ်ရတာကတော့ သူတို့တတွေဟာ ဒီမွန်မြတ်တဲ့တရားရဲ့ အလွန်ကောင်းတဲ့အနှစ်သာရကို မှားယွင်းတဲ့ အဓိပ္ပာယ်နဲ့ကောက်ယူပြီး ရှုံ့ချကဲ့ရဲ့ခဲ့ကြလို့ပဲ ဖြစ်တယ်။

ဆင်း။ ယခု ဆရာတော် အမိန့်ရှိလိုက်တဲ့အချက်ကို ရှင်းရှင်းလင်းလင်း နားလည်သဘောမပေါက်သေးပါဘူး ဆရာတော်။ မွန်မြတ်ကောင်းမွန်တဲ့ တရားတော်ဆိုတာဟာ ဒီလူတယောက်အတွက် အကျိုးရှိသလိုပဲ အခြားလူတယောက် အတွက်လည်း အကျိုးရှိမှာပဲ မဟုတ်လား ဆရာတော်။

ဆရာတော်။ ကဲ ဒကာကြီး၊ အစာအဟာရဆိုတာ လူတိုင်းအတွက် အသက်ရှင်စေပြီး ကောင်းတဲ့အကျိုးကို ပြုသလား။

ဆင်း။ မှန်ပါတယ် ဆရာတော်။ အဟာရဆိုတာ လူတိုင်းအတွက် ကောင်းတာချည်းပါပဲ။

ဆရာတော်။ ဒါပေမယ့် ဒီ အဟာရဖြစ်တဲ့ အစားအစာကို လိုတာထက်ပိုပြီးစားတဲ့လူဟာ အစာမကြေဘဲ သေကြေပျက်စီးရတယ် မဟုတ်လား။

ဆင်း။ မှန်ပါ၊ အချို့အတွက်မှာတော့ အစားအစာဟာ အဟာရမဖြစ်ဘဲ ဘေးဥပါဒ်ဖြစ်တာ တွေ့ရပါတယ် ဆရာတော်။

ဆရာတော်။ ဒီအတိုင်းပဲ ဒကာကြီး၊ ဗုဒ္ဓရဲ့တရားတော်တွေဟာ အလွန်မွန်မြတ်ပြီး ကောင်းမွန်သော်လည်း ဒီကောင်းတဲ့၊ မွန်မြတ်တဲ့တရားကို အဆိုးလို့ ယူဆကြတဲ့ ရဟန်းများအတွက် ဘေးဒုက္ခအန္တရာယ် ဖြစ်ကုန်ကြရတာပေါ့။ ကဲ ဒကာကြီး၊ ဒီကိစ္စနဲ့ပတ်သက်လို့ ရှင်းသွားပြီမဟုတ်လား။

ဆင်း။ ယခုလို ဆရာတော်အား အပြန်အလှန် မေးမြန်းလျှောက်ထားခွင့်ပြုတဲ့အတွက် များစွာ ကျေးဇူးတင်ပါတယ်။ ဒါတင်မကသေးဘူး၊ တပည့်တော် လျှောက်ထားမေးမြန်းတဲ့ မေးခွန်းအတွက် တပည့်တော် ရည်မှန်းထားတာထက် ကျေနပ် ရှင်းလင်းလောက်တဲ့ အဖြေကို ရတဲ့အတွက် အထူး ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်ဘုရား။ ဘာဖြစ်လို့လဲ ဆိုတော့ တပည့်တော်ဟာ လပ်ကနောင်၊ ကလကတ္တား၊ ဗုဒ္ဓဂါယာ၊ သီဟိုဠ် စတဲ့ ဒေသများက ရဟန်းတော်များကို လျှောက်ထားကြည့်တုန်းက သူတို့က “ဗုဒ္ဓဟာ ဒီရဟန်းတွေကို သေစေတာ မဟုတ်ဘူး၊ သူတို့ အလိုအလျောက် ပျက်စီးကြရတာ” လို့ပဲ ပြန်ဖြေဆိုခဲ့ကြတယ်။ ဒါပေမယ့် တပည့်တော်က မရှင်းလင်းလို့ပြန်လျှောက်တဲ့အခါမှာ “ဦးပဉ္ဇင်းတို့ပြောတာဟာ အမှန်ပဲ။ ဒကာကြီး လက်ခံနိုင်ရင် လက်ခံပေါ့” လို့သာ ပြန်ဖြေကြပါတယ် ဆရာတော်။ ဒါကြောင့် အရှင်ဘုရားရဲ့ အဖြေကို သဘောကျခြင်း ဖြစ်ပါတယ်။

ထိုအခါ ပရိသတ်က သာဓုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၁၉)

ဗုဒ္ဓဝါဒဟာ သစ္စာတရားပေါ်မှာ အရင်းခံထားတဲ့ သစ္စာဝါဒဖြစ်တယ်လို့ အဘယ့်ကြောင့် ယူဆပါသလဲ ဆရာတော်။

(မေးမြန်းလျှောက်ထားသူ – မစ္စတာ ကက်ရှ်မီယာဆင်း၊ အယ်(မ်)အေ၊ အယ်(မ်)အက်(စ်)စီ၊ ကျောင်းအုပ်ကြီး၊ အာ(လ်)ဆာ ကောလိပ်ကျောင်း၊ ဘုံဘိုင်မြို့၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ ဗုဒ္ဓရဲ့ဝါဒဟာ သစ္စာတရားပေါ်မှာ အခြေတည်ထားတဲ့ ဘာသာအယူဝါဒဖြစ်တဲ့ အကြောင်း ခိုင်ခိုင်ခံ့ခံ့ အကျိုးနဲ့အကြောင်းနဲ့ ဟောပြောရမယ်ဆိုရင် ဦးပဥ္စင်းဟာ ကပ္ပ ဘယ်ဘာသာ၊ ဘယ်ဝါဒကိုမှ မင့်ကွက်၊ မညှာတာဘဲ ဟုတ်တိုင်းမှန်ရာကို တိတိလင်းလင်းနဲ့ ဘွင်းဘွင်းကြီး ပြောရပါလိမ့်မယ်။ ဒါကြောင့် တကယ်မှန်ကန်တဲ့ တရားကို သိလိုနာလိုကြလို့ ယခု ဒီနေရာမှာ လာရောက်စုဝေးကြတဲ့ ဒါယကာ၊ ဒါယိကာမ အားလုံးကို ဦးပဥ္စင်းက ဘယ် ဘာသာ၊ ဘယ်အယူဝါဒကိုမှ မထောက်မညှာဘဲ ဟောပြောတဲ့အတွက် စိတ်လက် မကြည်မသာ မဖြစ်ဖို့ရန်လည်း တောင်းပန်ထားလိုပါတယ်။ ဦးပဥ္စင်းကိုယ်တိုင် ကပ္ပမှာရှိတဲ့ ဘာသာအယူဝါဒ ပေါင်း (၂၉)မျိုးကို (၂၂)နှစ်ကျော်ကျော် လေ့လာလိုက်စားပြီးမှ သစ္စာဝါဒကို တွေ့ရှိရလို့ ဒီ သစ္စာဝါဒကို လက်ခံကာ အလွန်စိတ်အားထက်သန်လှတဲ့ ဗရင်ဂျီ ဘာသာဝင်တယောက်အဖြစ်က ဗုဒ္ဓရဲ့ သာသနာ့ဘောင်ထဲဝင်ပြီး သာသနာ့ ဝန်ထမ်း ရဟန်းဘဝကို ခံယူခဲ့ခြင်း ဖြစ်ပါ တယ်။

အဲဒီတော့ ယခု ဦးပဥ္စင်းဟောမယ့် တရားကိုလည်း မိမိတို့ရှိရင်းဘာသာအယူဝါဒအစွဲအလန်းတွေကို ခေတ္တ ဖြေဖျောက် ထားပြီး စိတ်သဘောထားကြီးကြီးနဲ့ ကြားနာကာ ဘယ်ဘာသာ၊ ဘယ်အယူဝါဒအပေါ်မှာမှ ဘက်မလိုက် ဘဲ တကယ်တမ်း ဖြောင့်မတ်မှန်ကန်တဲ့နှလုံးသားနဲ့ ဝေဖန်ပိုင်းခြားပြီး နားထောင်ကြမယ်ဆိုရင် အလွန်မွန်မြတ်လှတဲ့ သစ္စာတရား ကိုလည်း သိမြင်နားလည်သွားကြလိမ့်မယ်လို့ ဦးပဥ္စင်း ယုံကြည်မျှော်လင့်ပါတယ်။ အခု ဦးပဥ္စင်း ပြောခဲ့တဲ့ သဘောနဲ့ နားထောင်မယ်ဆိုရင် သစ္စာတရားနဲ့ ပတ်သက်လို့ ဦးပဥ္စင်းရှင်းလင်းပြမယ့်အချက်တွေကြောင့် စိတ်ထဲမှာ အနှောက်အယှက် မဖြစ်ရုံတင်မက စကြာဝဠာကြီးနဲ့တကွ သတ္တဝါအားလုံးအပေါ်မှာ လွှမ်းမိုးကြီးစိုးနေတဲ့ သစ္စာတရားနဲ့ ပတ်သက်တဲ့ အကြောင်းအချက်တွေကိုလည်း ကောင်းကောင်းကြီး သိမြင် သဘောပေါက်သွားကြမှာ ဖြစ်ပါတယ်။

တချိန်တည်းမှာပင် ယခု အမေးပုစ္ဆာကို လျှောက်ထားမေးမြန်းတဲ့ မစ္စတာ ကက်ရှ်မီယာဆင်း ကိုလည်း ဒါယကာ ဒါယိကာမ အပေါင်းက ကျေးဇူးအထူးတင်ဖို့ ကောင်းလှပါတယ်။ ဘာပြုလို့လဲဆိုတော့ လူသားအများစုဟာ မိရိုးဖလာ ဘာသာအယူဝါဒအစွဲအလန်းတွေရှိနေကြတော့ မှန်ကန်တဲ့တရားကို မှန်ကန်တဲ့အတိုင်း ပြောတာဟောတာ ကို မကြားလို၊ နားမထောင်လိုကြဘူး။ အဲဒီတော့ ဦးပဥ္စင်းဟာ ဒကာကြီးဆင်းကသာ ဒီမေးခွန်းကို မမေးမြန်းခဲ့လို့ ရှိရင် ဒီ သစ္စာအယူဝါဒနဲ့ပတ်သက်လို့ ဟောဖြစ်မှာ မဟုတ်တဲ့အတွက်ပဲ။

ဦးပဥ္စင်းဟာ ကပ္ပ ဘာသာ အယူဝါဒပေါင်း (၂၉)မျိုးကို လေ့လာလိုက်စားခဲ့ဖူးတော့ ဗုဒ္ဓရဲ့ဝါဒဟာ အခြားဘာသာ အယူဝါဒ (၂၈)မျိုးလို တရားသေ သဘောတရားတွေ၊ အရမ်းအကန်းယုံကြည်မှုတွေ၊ မိရိုးဖလာကိုးကွယ်မှုတွေပေါ်မှာ အခြေခံထားတဲ့ ဘာသာအယူဝါဒမဟုတ်ဘဲ တကယ့်စိတ်၊ ခန္ဓာကိုယ်၊ စကြာဝဠာတို့နဲ့ ပတ်သက်တဲ့ သိပ္ပံပညာရပ် ပေါ်မှာ တည်ဆောက်ထားတဲ့ ဘာသာအယူဝါဒဖြစ်တယ်လို့ ရဲရဲကြီး အခိုင်အမာ ပြောဝံ့ဆိုဝံ့တယ်။

ဒီအယူဝါဒဟာ ...

(၁) ဒုက္ခသစ္စာ၊ (၂) သမုဒယသစ္စာ၊ (၃) မဂ္ဂသစ္စာ၊ (၄) နိရောဓသစ္စာ ဆိုတဲ့ သစ္စာတရား (၄)ပါးပေါ်မှာ အခြေတည် ထားတဲ့ တရားဖြစ်တယ်။

တခါ ဒီသစ္စာလေးပါး တရားတော်ကို အောက်ပါ ဖျက်ဆီးပြောင်းလဲလို့မရတဲ့ (၁၆)ပါးသော တရားများအဖြစ် ခွဲခြား ထားပြန်တယ်။

(၁) အကြောင်းအကျိုးသဘော၊

(၂) မူလအကြောင်းတရားနဲ့ ထိုအကြောင်းတရားကို ပယ်ဖျက်သည့် သဘော၊

(၃) ပဋိစ္စသမုပ္ပာဒ်သဘော၊

(၄) အညမညသဘော၊

(၅) ကမ္မသဘော၊ အကျိုးပေးခြင်းနဲ့ အကျိုးမပေးခြင်းသဘော

(၆) နာမ်နှင့်ရုပ်တရားတို့၏ လှုပ်ရှားမှုသဘော၊

(၇) အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော၊

(၈) နိစ္စနှင့် ပရမတ်သဘော၊

(၉) သဘာဝဓမ္မ (ဖြစ်ခြင်း၊ ပျက်ခြင်းသဘော)၊

(၁၀) သဘာဝထက်လွန်ကဲသည့် သဘော (ဖြစ်ခြင်း၊ ပျက်ခြင်းတို့မှ ကင်းလွတ်သည့်သဘော)၊

(၁၁) အကျိုးတရားနှင့် ခံစားမှုသဘော၊

(၁၂) သုခနှင့် ဒုက္ခသဘော၊

(၁၃) နှောင်တတ် ဖွဲ့တတ်သည့်သဘော၊

(၁၄) လွတ်မြောက်ခြင်းသဘော၊

(၁၅) လွတ်လပ်ခြင်းသဘော၊

(၁၆) ဆွဲဆောင်ခြင်းသဘော၊

ဒါကြောင့် စကြာဝဠာကြီးတခုလုံးနဲ့ အဲဒီ စကြာဝဠာကြီးအတွင်းမှာရှိတဲ့ သတ္တဝါတွေ၊ ခပ်သိမ်းသောတရားတွေဟာ အထက်က ပြောပြခဲ့တဲ့ သစ္စာလေးပါးတရားထဲမှာ အကြုံးဝင်ကြတဲ့ (၁၆)ပါးသော တရားသဘောများအရ ဖြစ်ကြရ၊ ပျက်ကြရတယ်။ ဒီတရားသဘောတွေမှအပ စကြာဝဠာအတွင်း ရှိရှိသမျှသော သက်ရှိသက်မဲ့တရားတို့ကို ဖန်ဆင်းနိုင်တဲ့၊ ဖျက်ဆီးနိုင်တဲ့ တရားရယ်လို့ မရှိဘူး။

ဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀)ကျော်၊ (၂၆၀၀)လောက်က ဗုဒ္ဓရှင်တော်မြတ်ဟောတော်မူခဲ့တဲ့အတိုင်းပဲ။ အဲဒီ တရားကို ယခုခေတ်မှာ ပေါ်ပေါက်ထွန်းကားနေတဲ့ သိပ္ပံပညာရပ်က ဟုတ်မှန်ကြောင်း ထောက်ခံလျက်ရှိတယ်။ သိပ္ပံပညာအရ ဆိုရင် လောကမှာ မည်သည့်ရုပ်တရားမှ နောက်တခဏသို့ အပြောင်းမခံဘူး။ အလွန်သေးငယ်တဲ့ ဆီးနှင်းပေါက်ကလေးကနေပြီး အမြင့်မားဆုံးသတ္တဝါအထိ အလွန်လျင်မြန်တိုတောင်းလှတဲ့ အချိန်ကာလအတွင်းမှာပင် ရုပ်ကလာပ်တွေဟာ မြူကလေးများအဖြစ်ဖြင့် လှုပ်ရှားပြောင်းလဲလျက်ရှိတယ်။ စိတ်တရားကဆိုရင် ရုပ်တရားတွေလှုပ်ရှားပြောင်းလဲတာထက်တောင် ပိုမြန်သေးတယ်။ ဘယ်လောက်မြန်သလဲဆိုရင် တစက္ကန့်အတွင်းမှာ အကြိမ်ပေါင်း (၁၀၀၀) ကနေပြီး (၁၅၀၀၀)ထိ လှုပ်ရှားပြောင်းလဲလျက်ရှိတယ်။ ဒါပေမယ့် ဒီ စိတ်တရား၊ ရုပ်တရားတွေဟာ တခုတည်းထင်ရလောက်အောင် အလွန်လျင်မြန်ပြီး ဦးပဥ္စင်းတို့ ဒကာကြီးတို့ရဲ့ အသိဉာဏ်ကိုလည်း အဝိဇ္ဇာအမှောင်တိုက်က ပိတ်ဖုံးထားတော့ ဒီပြောင်းလဲလှုပ်ရှားတဲ့ သဘောသဘာဝကို မမြင်နိုင်ဘဲ ဖြစ်နေကြရတာပေါ့။ သိပ္ပံပညာနဲ့ ဒီ သဘာဝကို စမ်းသပ် စုံစမ်းဖူးတဲ့ လူတွေကတော့ ဒီအချက်ကိုလက်ခံကြပါလိမ့်မယ်။

ကဲ အခု စကြာဝဠာကြီးနဲ့ ဒီစကြာဝဠာကြီးအတွင်းမှာ ရှိသမျှ သက်ရှိသက်မဲ့တရားတွေနဲ့ ပတ်သက်လို့ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် ဟောတော်မူခဲ့တဲ့ အချက်အလက်တွေ၊ သိပ္ပံပညာရှင်များ စူးစမ်းရှာဖွေလို့ တွေ့ရှိတဲ့အချက်အလက်တွေ၊ အဲဒါတွေအားလုံးကို ခေတ္တဖယ်ထားပြီး ဦးပဥ္စင်းနဲ့တကွ ဒါယကာ၊ ဒါယိကာမအားလုံး အောက်ပါအတိုင်း ဆင်ခြင် လေ့လာ သုံးသပ်ကြစို့။

(၁) အကယ်၍ ဖန်ဆင်းသူရှိရင် ဖျက်ဆီးသူလည်း ရှိရမယ်။ ဘာပြုလို့လဲဆိုရင် ဖန်ဆင်းတာဟူသမျှဟာ ပျက်စီးရတာ ချည်းမို့လို့ ဇာတိတရားရှိနေသမျှ မရဏတရား ရှိနေလို့ပဲ။ ဒါဟာ ဘယ်သက်ရှိသက်မဲ့ တရားကမျှ ရှောင်ကွင်းလို့ မရတဲ့ သဘာဝပဲ။

(၂) အကယ်၍ ဖန်ဆင်းရှင်တဦးတယောက် ရှိမယ်ဆိုရင် အဲဒီဖန်ဆင်းရှင်ဟာ တစုံတခုကို အကြောင်းပြုပြီး စတင် ဖြစ်ပေါ်ရမယ်။ အဲဒီလို တစုံတခုကို အကြောင်းပြုပြီး စတင်ဖြစ်ပွားရတဲ့ တရားဟူသမျှဟာ နောက်ဆုံး ပျက်စီးရမှာပဲ။ ဒါလည်း လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါဟူသမျှ ရှောင်ကွင်းလို့မရတဲ့ သဘာဝပဲ။

(၃) အကယ်၍ ဖန်ဆင်းရှင်ဟာ တစုံတခုသောအကြောင်းတရားကြောင့်ဖြစ်ပေါ်ရတယ်ဆိုရင် စကြာဝဠာကြီး တခုလုံးနဲ့ ဒီစကြာဝဠာကြီးအတွင်းမှာရှိကြတဲ့ သက်ရှိသက်မဲ့တရားစုတွေကလည်း ဒီအကြောင်းတရားကို အစွဲပြုပြီး ဖြစ်ရမယ်။ ဒီအကြောင်းတရားဟာပဋိစ္စသမုပ္ပါဒ်တရား တနည်းအားဖြင့် အကြောင်းအကျိုးဆက်တရားသာလျှင်ဖြစ်တယ်။

(၄) ဒီ အကြောင်းအကျိုးဆက်တရားမှာ အကြောင်းတရား (၁၂)ပါး နဲ့ အကျိုးတရား (၁)ပါး ပါဝင်လျှက်ရှိတယ်။

(၅) အဲဒီအထဲမှာ အဓိကအကြောင်းက အဝိဇ္ဇာတရားပဲဖြစ်တယ်။ ဒီအဝိဇ္ဇာတရားကြောင့် ပြုပြင်ဖန်တီးတတ်တဲ့ ကံတရား ပေါ်လာရတယ်။ ဒီ ပြုပြင်ဖန်တီးတတ်တဲ့ ကံတရားကို အဝိဇ္ဇာတရားက ဖုံးလွှမ်းထားတဲ့ မျက်စေ့နဲ့ ကြည့်တော့ ဖန်ဆင်းရှင်ရဲ့ ဖန်ဆင်းခြင်းလို့ ထင်နေကြတယ်။ အဲဒီ အဝိဇ္ဇာတရားကို ဖယ်ရှားသုတ်သင် ပစ်လိုက်တာနဲ့ တပြိုင်နက် ဝိဇ္ဇာဉာဏ်လိုက်ပြီး သူ၊ ငါ ဆိုတဲ့ သတ္တဝါမရှိကြောင်း၊ စကြာဝဠာကြီးရယ်လို့ မရှိကြောင်း သိမြင်ပြီး ရုပ်တရား၊ နာမ်တရား တို့ရဲ့ အဆက်မပြတ် ဒလစပ်လှုပ်ရှား၊ ဖြစ်ပေါ်၊ ပျက်သုဉ်း၊ ပြောင်းလဲနေကြတာတွေကိုသာ တွေ့မြင်ရလိမ့်မယ်။ အမှန်အားဖြင့် ရုပ်တရား၊ နာမ်တရားတို့ရဲ့ တဖွားဖွား ဖြစ်ပေါ်၊ ပျက်သုဉ်း၊ ပြောင်းလဲနေခြင်းဟာ မြစ်ရေအလျဉ်လိုပဲ။ မြစ်ရေအလျဉ်ဟာ ခဏကလေးမျှ မတည်မြဲသော်လည်း လူတွေက ဒီမြစ်ရေဟာ အစဉ်ထာဝရ တည်မြဲနေတယ်လို့ အထင်အမြင်လွဲနေကြတယ်။ မြစ်ထဲက အလျဉ်မပြတ် စီးဆင်းနေတဲ့ရေအလျဉ်ကို ပယ်ထုတ်လိုက်ရင် ဘာမျှ မကျန် တော့သလိုဘဲ သူ၊ ငါ ကစ စကြာဝဠာကြီး တခုလုံး ထဲက အစဉ်တစိုက် ဖြစ်လိုက်၊ ပျက်လိုက်၊ ပြောင်းလဲလိုက်ဖြစ်နေကြ တဲ့ ရုပ်မှုန့်တွေ၊ ရုပ်ကလာပ်တွေကို ပယ်ထုတ်လိုက်ရင်လည်း ဘာမျှမကျန်တော့ဘူး။

(၆) သတ္တဝါတွေနဲ့ စကြာဝဠာကြီးတခုလုံးဟာ အမှန်စင်စစ်အားဖြင့် အဝိဇ္ဇာတရားက လှည့်စားထားလို့ သူပဲ၊ ငါပဲ၊ ငါ့အိမ်ပဲ၊ ငါ့ယာပဲ၊ ငါ့ဥစ္စာပဲ၊ သူ့ဥစ္စာပဲလို့ မြင်နေရတဲ့ တရားတွေပဲ ဖြစ်တယ်။ တကယ်တော့ အဝိဇ္ဇာတရားဟာ ဘာနဲ့ တူသလဲ ဆိုရင် ပရိသတ်တရပ်လုံးကို လှည့်စားပြီး မဟုတ်တာကို အဟုတ်လုပ်ပြီး ပြနေတဲ့ မျက်လှည့်ဆရာကြီးပဲ။ ဒါကြောင့် ဝိပဿနာဉာဏ်ကို အစွမ်းကုန် ကြိုးပမ်းအားထုတ်ပြီး ယထာဘူတဉာဏ်ကို ရအောင် လုပ်ဖို့လိုတယ်။ ဒီယထာဘူတဉာဏ်ကို ရလိုက်တာနဲ့ တပြိုင်နက် သူ၊ ငါ၊ သတ္တဝါကစပြီး စကြာဝဠာကြီးပါမကျန် ဘာမျှမဟုတ်ပါ ကလားလို့ သိမြင်လာလိမ့်မယ်။ အဲဒီလို မြင်လာတာနဲ့တပြိုင်နက် အလုံးစုံသော ရုပ်တရားတွေ၊ နာမ်တရားတွေရဲ့ မမြဲမှုတွေကို မြင်လာပြီး ဒီတရားစုတွေထဲမှ လွတ်မြောက်လာချင်လိမ့်မယ်။ အဲဒီလို ဒီတရားတွေထဲမှ လွတ်မြောက်အောင် တကယ်ကြိုးပမ်းအားထုတ်တဲ့အခါကျတော့မှ လွတ်မြောက်ရေးတရား၊ နိဗ္ဗာန်တရားကို ရလာမယ်။ ဒီတရားဟာ လူသားတွေကိုမပြောထားနဲ့၊ နတ်၊ ဗြဟ္မာတွေကတောင် မငြင်းနိုင်တဲ့ သဘာဝ ဖြစ်တယ်။

(၇) အဝိဇ္ဇာတရားကို အရင်းခံပြီး သူသူ ငါငါ သတ္တဝါတွေ ဖြစ်လာရတယ်။ ဒီဖြစ်လာရတဲ့ သတ္တဝါတွေဟာလည်း အဖြစ်တရားရှိသလို အပျက်တရားနဲ့ ဆုံကြရတယ်။ ဒါ့ကြောင့် ရှိရှိသမျှ သတ္တဝါတွေ၊ ရုပ်တရားတွေ၊ နာမ်တရားတွေကို ပရမတ်ကျကျ မြင်မယ်၊ အဲဒီလို ပရမတ်ဉာဏ် ဝင်လာတာနဲ့တပြိုင်နက် အဝိဇ္ဇာအမှောင်ထုဟာ တခါတည်း ကွယ်ပျောက်သွားရမယ်။ ဒီ အဝိဇ္ဇာတရားကွယ်ပျောက်သွားတာနဲ့တပြိုင်နက် ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း ဆိုတဲ့ တရားတွေမှ ကင်းစင်လွတ်မြောက်သွားမယ်။ တနည်းအားဖြင့် နိဗ္ဗာန်ကို ရောက်သွားမယ်။ ဒီသဘာဝဟာ လူ၊ နတ်၊ ဗြဟ္မာဟူသမျှတွေထဲက ဘယ်သူမှ မငြင်းနိုင် မပယ်နိုင်တဲ့ သဘာဝပဲ။

ဗုဒ္ဓဟောတော်မူခဲ့တဲ့တရားတွေကိုလည်း မကိုးကား၊ သိပ္ပံပညာရဲ့ ရှာဖွေဖော်ထုတ်မှုကိုလည်း အားမကိုးဘဲ သဘာဝ ဓမ္မအတွင်းက တကယ့်ဖြစ်စဉ်ဖြစ်ရပ်တွေကို တိတိကျကျ၊ မှန်မှန်ကန်ကန်လေ့လာပြီး ဆင်ခြင်သုံးသပ်လိုက်တာနဲ့

တပြိုင်နက် အထက်က ဦးပဉ္ဇင်းပြောခဲ့တဲ့ သတ္တုချချက် (၇)ချက်ဟာ ထွက်ပေါ်လာမယ်။ ဒါပေမယ့် နောက်ဆုံး ဒီ သတ္တုချချက်တွေဟာ ဗုဒ္ဓရှင်တော်မြတ် ဟောတော်မူတဲ့ တရားတွေနဲ့ ထပ်တူထပ်မျှ တူနေတာကို တွေ့ကြရတယ်။

တခါ ဒီ သတ္တုချချက် (၇)ချက်အရ ကြည့်ပြန်တော့ ဒီစကြာဝဠာကြီးနဲ့တကွ သူ ငါကစ သတ္တဝါရှိရှိသမျှတွေဟာ ကွယ်ပျောက်သွားရတာပေါ့။ ဒီတရားတွေအားလုံးဟာ အမြဲတန်း ဖြစ်ပေါ်ပြောင်းလဲလှုပ်ရှားနေတဲ့ ရုပ်တရား၊ နာမ်တရားစုပဲ။ အဲဒီတော့ ဒီတရားတွေကို ဖန်ဆင်းတယ်ဆိုတဲ့ ဖန်ဆင်းရှင်ကိုယ်တော်မြတ်လည်းမရှိတော့ဘူး။ အဲဒီတော့ ဝိဇ္ဇာပညာရပ်နဲ့ တထပ်တည်းကိုက်ညီနေတဲ့ ဗုဒ္ဓအယူဝါဒသာလျှင် မှန်ကန်ကြောင်း ထင်ရှားလာမယ်။ ဗုဒ္ဓကလည်း သူသူငါငါ သတ္တဝါဆိုတာမရှိ၊ ရုပ်တရား၊ နာမ်တရားတို့ရဲ့ ဖြစ်ပျက်ပြောင်းလဲ လှုပ်ရှားမှုတို့သာရှိတယ်လို့ ဟောတော်မူခဲ့တယ်။ အမှန်အားဖြင့် ဒီ ရုပ်တရား၊ နာမ်တရားတွေဟာ အဆက်မပြတ် ဖြစ်ပွားနေကြလို့၊ အဖြစ်အပျက် အပြောင်းအလဲ အလွန်မြန်လွန်းလို့၊ နောက်တခုကတော့ လူတွေမှာ အဝိဇ္ဇာအမှောင်တရားက ဖုံးလွှမ်းထားလို့ ဒီတရားတွေကို လူတွေ က မမြင်နိုင် မထင်နိုင်ဘဲ ဖြစ်နေကြရတယ်။ ဒီတရားတွေမှ လွတ်မြောက်အောင် သစ္စာ (၄)ပါးတရားကို တခါတည်း ထင်အောင် မြင်အောင် ရှုနိုင်ကြလိမ့်မယ်။ ဒါဟာဗုဒ္ဓရဲ့ အလိုတော်ပဲဖြစ်တယ်။ ဒါ့ကြောင့် ကမ္ဘာ့အခြားဘာသာအယူဝါဒ (၂၈)ပါးနဲ့ ဗုဒ္ဓရဲ့အယူဝါဒဟာ မတူဘဲ ကွဲပြားခြားနားနေတာပဲ ဖြစ်တယ်။

ဒါ့ကြောင့် သစ္စာ(၄)ပါးပေါ်မှာအခြေတည်ထားတဲ့ ဗုဒ္ဓဝါဒလို့ ဦးပဉ္ဇင်း ရဲရဲဝံ့ဝံ့နဲ့ခိုင်ခိုင်မာမာပြောဝံ့တယ်။ တရားသေဝါဒ၊ အရမ်းအကန်းယုံမှု၊ မိရိုးဖလာထုံးတမ်းစဉ်လာအရ ကိုးကွယ်ဆည်းကပ်မှုတွေသာ အခြေတည်ထားတဲ့ အခြားဘာသာတွေဟာ သစ္စာအယူဝါဒမဟုတ်ဘူးလို့ တဖက်ကလည်း ဦးပဉ္ဇင်းက ရဲရဲကြီး ပြောလိုက်ပါတယ်။ ဒီပရိသတ်ထဲက ဘယ်သူမဆို အခု ဦးပဉ္ဇင်းပြောတာကို မကျေနပ်ရင် ဝေဖန်ဖို့ ဖိတ်ကြားပါတယ်။

ဆင်း။ ဆရာတော် ယခု ဟောပြောတဲ့ အသိဉာဏ်နဲ့လည်းယှဉ်၊ သိပ္ပံပညာနဲ့လည်း ကိုက်ညီဆီလျော်လှတဲ့ တရားကြောင့် တပည့်တော်တို့အပေါ်မှာ ဖုံးနေတဲ့အမှောင်တရားဟာ မီးရှူးတန်ဆောင်အောက်မှာ ပျောက်ကွယ်သွားသလိုဖြစ်ပြီး ဒီသတ္တဝါတွေ၊ သက်ရှိသက်မဲ့ ရုပ်ဝတ္ထုတွေနဲ့ ပတ်သက်လို့ အမြင်မှန်ကိုရကြပါတယ်ဆရာတော်။ ဒါကြောင့် ဆရာတော်ရဲ့တရားကို ဝေဖန်ဖို့ရန် မလိုပါဘူး ဘုရား။ ဆရာတော်အား ယခုလို ဟောပြောရှင်းပြတဲ့အတွက် ကျေးဇူးတင်လှပါတယ် ဘုရား။

ဤတွင် တရားနာပရိသတ်များက သာဓုအနုမောဒနာ ပြုကြလေကုန်သည်။

မေးခွန်းအမှတ် (၂၀)

ဗုဒ္ဓ၏ ဘုန်းတော်၊ ဉာဏ်တော်နှင့် ဗုဒ္ဓ၏ ဓာတ်တော် မွေတော်တို့ကို ကိုးကွယ်ဆည်းကပ်ခြင်းအားဖြင့် မည်ကဲ့သို့သော အကျိုးကျေးဇူးတို့ကို ခံစားရပါသနည်း။

(မေးမြန်းလျှောက်ထားသူ – မစ္စတာ ကက်ရှ်မီယာဆင်း၊ အယ်(မ်)အေ၊ အယ်(မ်)အက်(စ်)စီ၊ ကျောင်းအုပ်ကြီး၊ အာ(လ်)ဆာ ကောလိပ်ကျောင်း၊ ဘုံဘိုင်မြို့၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ အနန္တဉာဏ်တော်၊ အနန္တတန်ခိုးတော်၊ အနန္တဘုန်းတော်ရှင်ဖြစ်တဲ့ ဗုဒ္ဓရှင်တော်မြတ်ရဲ့ ဘုန်းတော်၊ ဉာဏ်တော်နဲ့ မွေတော် ဓာတ်တော်တို့ကို တကယ်တမ်း ယုံယုံကြည်ကြည် စေတနာ သဒ္ဓါတရား ထက်ထက် သန်သန်နဲ့ ကိုးကွယ်ဆည်းကပ်ကြတဲ့လူတွေဟာ အကျိုးကျေးဇူးအားဖြင့် နှစ်မျိုးခံစားကြရပါတယ်။ ဒီလို ခံစားကြရတဲ့ ကျေးဇူးတရားနှစ်မျိုးမှာ တမျိုးက ယခုမျက်မှောက်ဘဝမှာပဲ ဘေးဥပါဒ်အန္တရာယ်ကင်းတယ်၊ လာဘ်လာဘ ရွှင်တယ်၊ ကူညီစေမယ့်လူ ပေါတယ်၊ လူချစ်လူခင်များတယ်၊ နတ်ဗြဟ္မာတွေကလည်း ချစ်ခင်စောင့်ရှောက်တယ်၊ ငြိမ်းချမ်းသာယာပြီး သုခချမ်းသာနဲ့ နေရတတ်တယ်၊ နောက်တမျိုးကတော့ နောင်တမလွန်ဘဝမှာ လူ့ဘုံ၊ နတ် ဘုံ၊ ဗြဟ္မာ့ဘုံမှာ ကျင်လည်ရပြီး ချမ်းသာသုခနဲ့ ပြည့်စုံရတဲ့ အကျိုးကျေးဇူးပဲ။

ဆင်း။ ဗုဒ္ဓကိုယ်တိုင်က ပရိနိဗ္ဗာန်ပြုထားတော်မူပါလျက်နဲ့ ဒီလူတွေဟာ ဆရာတော်အမိန့်ရှိသလို အကျိုးကျေးဇူးတွေခံစားရမယ်ဆိုတာကို တပည့်တော် နားမလည်နိုင်ဘဲဖြစ်နေပါတယ်။ ဆရာတော် ဆက်ပြီး ရှင်းတော်မူပါဦး။

ဆရာတော်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဒကာကြီးနားလည်သဘောပေါက်သွားအောင် ဦးပဥ္စင်း မေးမယ်။ ကဲ ဒကာကြီး က ဖြေပါ။

ဆင်း။ မှန်ပါ ဆရာတော်။

ဆရာတော်။ မီးလို့ခေါ်တဲ့ အရာဝတ္ထုများ ရှိပါသလား။

ဆင်း။ တကယ်ရှိပါတယ် ဆရာတော်။ မီးမရှိဘဲနဲ့ တပည့်တော်တို့ ထမင်းဟင်းတို့ကို ချက်ပြုတ်စားနိုင်မယ် မဟုတ်ပါဘူး။

ဆရာတော်။ အကြင်သူတဦးတယောက်က မီးမွေးလိုက်လို့ရှိရင် မီးက အကျိုးခံစားရသလား၊ မီးမွေးတဲ့လူက အကျိုးခံစား ရသလား။

ဆင်း။ မီးမွေးတဲ့လူကသာ အကျိုးအမျိုးမျိုးခံစားရပြီး မီးကတော့ အကျိုးကျေးဇူးမခံစားရပါဘူး ဆရာတော်။

ဆရာတော်။ မီးကို ငြိမ်းလိုက်ပြီးနောက် အဲဒီမီးဟာ တခါ ပြန်လာပါအုံးမလား ဒကာကြီး။

ဆင်း။ တခါငြိမ်းလိုက်လို့ သေသွားတဲ့မီးဟာ နောက်တခါပြန်ပြီးတော့ ရှင်မလာနိုင်ပါဘူး။ နောက်တခါ ထပ်သုံးဖို့ မီးအသစ် တဖန်မွေးရပါတယ် ဆရာတော်။

ဆရာတော်။ လူတွေက မီးကို ဘယ်လိုရအောင် လုပ်ကြသလဲ။

ဆင်း။ မီးခြစ်ဆံနဲ့ မီးခြစ်ဘူးကို ခြစ်ပြီး မီးရအောင် လုပ်ကြပါတယ် ဆရာတော်။

ဆရာတော်။ မီးဟာ မီးခြစ်ဆံထဲမှာ ရှိသလား၊ ဒါမှမဟုတ်ရင်လည်း မီးခြစ်ထဲမှာ ရှိသလား။

ဆင်း။ ဒီဟာနှစ်ခုထဲမှ ဘယ်အထဲမှာမှ မီးမရှိပါဘူး။ သူတို့နှစ်ခု ခြစ်မိမှ မီးထွက်လာပါတယ် ဆရာတော်။

ဆရာတော်။ မီးဟာ ဘယ်အရပ် ဘယ်ဒေသက ထွက်လာတာလဲ ဒကာကြီး။

ဆင်း။ မီးဟာ ဘယ်အရပ်ကလာတယ်လို့ ပြောလို့မဖြစ်နိုင်ပါဘူး ဆရာတော်။ ဒါပေမယ့် ကျောက်ခဲနှစ်ခုကို ပွတ်လိုက်ရင်၊ သစ်သားခြောက်နှစ်ချောင်းကို ပွတ်လိုက်ရင်တော့ မီးဟာ ထွက်လာတာပါပဲ ဆရာတော်။

ဆရာတော်။ မီးတောက်ဖြစ်လာတဲ့အတွက် မီးမှာ ဘာမျှအကျိုးမရှိသလိုဘဲ ပရိနိဗ္ဗာန် ပြုတော်မူပြီးဖြစ်တဲ့ ဗုဒ္ဓ ရှင်တော်မြတ်မှာလဲ သူ့ကို သဒ္ဓါတရားနဲ့ ကြည်ညိုတဲ့လူတွေ ဘယ်လိုပဲ ကြည်ညိုကြည်ညို၊ ဘယ်လိုပဲ ပူဇော်ပူဇော် ဘာမျှ အကျိုးမရှိပါဘူး။ မီးမွေးတဲ့လူဟာ မီးကို အမျိုးမျိုး အသုံးချပြီး အမျိုးမျိုးအကျိုးရှိသလို ဗုဒ္ဓကို ကြည်ညိုပြီး ပူဇော် သက္ကာရပြုတဲ့လူတွေမှာလည်း ယခု ပစ္စုပ္ပန်ဘဝမှာလည်း အကျိုးရှိတယ်။ နောင်တမလွန်ဘဝမှာလည်း အကျိုးခံစား ရတယ်။ မီးဟာ တခါငြိမ်းလိုက်လို့ ပျောက်ကွယ်သွားပြီးတဲ့နောက် နောက်ထပ်တကြိမ်ပြန်ပြီး မလာ သလိုဘဲ ဗုဒ္ဓ ဟာလည်း ပရိနိဗ္ဗာန်ပြုပြီးနောက် ဒီမြေတဲ့၊ ဒုက္ခဆင်းရဲခြင်းဖြင့် ပြည့်နှက်နေတဲ့၊ အနှစ်သာရမရှိတဲ့ ဒီကမ္ဘာကြီးဆီကို ဘယ်တော့မှ ပြန်ကြွတော်မူ မလာတော့ဘူး။ မီးဟာ ငြိမ်းပြီးတဲ့နောက် ဘယ်နေရာ ဘယ်ဒေသမှာ သွားပြီးနေတယ် ဆိုတာ တိတိကျကျ မရှိဘဲ မသိဘဲနဲ့ တုတ်နှစ်ချောင်းကို ပွတ်လိုက်တဲ့အခါမှာ မီးပွင့်ပြီး တောက်လာသလိုပဲ ဗုဒ္ဓဟာ ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက် ဘယ်နေရာ ဘယ်ဒေသကို ရောက်သွားတယ်ဆိုတာ မသိမမြင်နိုင်သော်လည်း ဗုဒ္ဓကို တကယ်ကြည်ညိုတဲ့ သဒ္ဓါတဲ့ လူတဦးတယောက်က ဗုဒ္ဓဟောတော်မူခဲ့တဲ့တရားကို သဘောပေါက်လိုက်တာနဲ့ တပြိုင်နက် ဗုဒ္ဓရှင်တော်မြတ်ကို အဲဒီလူဟာ ဖူးမြင်လိုက်ရတာနဲ့ အတူတူပဲ။ အဲဒီလူရဲ့စိတ်ထဲမှာ ဗုဒ္ဓရှင်တော်မြတ် ကြွလာတော်မူတာပဲ။ ဘာပြုလို့လဲဆိုတော့ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင်က ပရိနိဗ္ဗာနသုတ်ထဲမှာ "ချစ်သား အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ငါဘုရားအား မမြင်ရဘူး၊ မဖူးရတော့ဘူးလို့ မအောက်မေ့နှင့်၊ ငါဘုရား ဟောတော်မူခဲ့ တဲ့ မဂ္ဂင်ရှစ်ပါးတရားတော်ကို ငါဘုရား ဟောတော်မူ ခဲ့တဲ့အတိုင်း သဘောပေါက်နားလည်သူဟာ ငါဘုရားကို ဖူးမြင်ရ လိမ့်မယ်" လို့ ဟောခဲ့လို့ပဲ။

ဒါကြောင့် ဗုဒ္ဓရှင်တော်မြတ်အပေါ်မှာ မယိမ်းမယိုင် ခိုင်မြဲလှတဲ့ သဒ္ဓါစိတ်၊ ယုံကြည်စိတ်၊ ကြည်ညိုစိတ်နဲ့ ဗုဒ္ဓရဲ့ ဂုဏ်တော်နဲ့ ဗုဒ္ဓရဲ့ မွေတော် ဓာတ်တော်တို့ကို ကိုးကွယ်ဆည်းကပ်ပူဇော်တဲ့သူတွေဟာ ဦးပဥ္ဇင်းအထက်က ဟောခဲ့တဲ့ အတိုင်း အကျိုးကျေးဇူးခံစားရလိမ့်မယ်လို့ ဦးပဥ္ဇင်းက ယုံကြည်စိတ်ချစွာနဲ့၊ သံသယစိတ်ကင်းစင်စွာနဲ့ ဟောဝံ့ပြောဝံ့ ပါတယ်။ ဒါပေမယ့် ဗုဒ္ဓအပေါ်မှာ ခိုင်ခိုင်မြဲမြဲ မကြည်ညိုဘဲ၊ ယုံကြည်အားကိုးခြင်း မရှိဘဲ ဗုဒ္ဓရဲ့ဂုဏ်တော်တွေ၊ ဘုန်းတော်တွေကို ရွတ်ဆိုရုံရွတ်ဆိုနေလို့တော့ အထက်က ဦးပဥ္ဇင်းပြောခဲ့တဲ့ အကျိုးကျေးဇူးတွေကို ခံစားရမှာ မဟုတ်ဘူး။ ကဲ ဦးပဥ္ဇင်း ယခု ဟောပြောလိုက်တဲ့ အချက်နဲ့ပတ်သက်လို့ မရှင်းတဲ့၊ နားမလည်တဲ့ အချက်များ ရှိသေးသလား၊ သံသယများကော ရှိသေးသလား ဒကာကြီး

ဆင်း။ ဆရာတော် ယခု ရှင်းလင်း ဟောပြတော်မူတဲ့ အချက်တွေနဲ့ ပတ်သက်လို့ ဘာမျှ မရှင်းတာ မလင်းတာ မရှိပါဘူး ဘုရား။ သံသယလည်း မရှိပါဘူး ဘုရား။ ယနေ့မှစပြီး တပည့်တော်ဟာ ဆရာတော်ဟောလိုက် တဲ့အတွက် ဗုဒ္ဓအပေါ်မှာ တကယ့်ကို ယုံယုံကြည်ကြည်နဲ့ သဒ္ဓါတရား ထက်ထက်သန်သန်နဲ့ ဗုဒ္ဓရဲ့ ဂုဏ်တော်၊ တန်ခိုးတော်နဲ့ ဓာတ်တော် မွေတော်တို့ကို ကိုးကွယ်ဆည်းကပ်ပါတော့မယ် ဘုရား။

ဤတွင် ပရိဿတ်က သာဓုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၂၁)

ဟိန္ဒူဘာသာဝင်တို့ရဲ့ မုတ္တိတရား၊ ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ကောင်းကင်ဘုံနန်း၊ မဟာမေဒင်ဘာသာဝင်တို့ရဲ့ ပရစ်(စ်)ထား၊ ဗုဒ္ဓရဲ့ နိဗ္ဗာန်ဆိုတဲ့ တရားတွေဟာ အချင်းချင်း ဘယ်လိုကွဲပြားခြားနားပါသလဲ ဆရာတော်။

(မေးမြန်းလျှောက်ထားသူ – ဗယ်(လ်)ချန်၊ ကုန်သည်ပွဲစားကြီး၊ အယ်လီဖင်စတုန်းအဝိုင်း၊ ဘုံဘိုင်မြို့၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ ဘာသာအယူဝါဒ အမျိုးမျိုးကို ကိုးကွယ်ယုံကြည်ဆည်းကပ်နေကြတဲ့ လူအမျိုးမျိုး လာရောက် ကြားနာနေကြတဲ့ တရားပွဲကြီးမှာ ဒီလို အရေးကြီးပြီး ရှုပ်ထွေးလှတဲ့ မေးခွန်းတခုကို ဖြေကြားဖို့ရန် ကိစ္စဟာ ဦးပဥ္ဇင်းအတွက် အလွန် တာဝန်ကြီးလေးလှပါတယ်။ ဘာပြုလို့လဲ ဆိုတော့ ဦးပဥ္ဇင်းက ဒီမေးခွန်းကိုဖြေတဲ့ နေရာမှာ အလွန်မွန်မြတ်လှတဲ့ သစ္စာတရားကိုအရင်းခံပြီး ဘာသာအယူဝါဒအသီးသီးရဲ့နောက်ဆုံးရည်မှန်းချက်ကို ဝေဖန် သုံးသပ်ပြီး ဟောပြောရမယ်ဆိုတော့ အချို့ ဘာသာအယူဝါဒကို ထိခိုက်သွားမယ့်အရေးကို ကြိုတင်မြင်မိ လို့ပါပဲ။ ဒါကြောင့် ယခုတရားပွဲကိုလာရောက်ကြတဲ့ အယူဝါဒအသီးသီးဝင် ပညာရှင်တွေဟာ ယခု ဦးပဥ္ဇင်း ပြောဟောရှင်းလင်းမယ့်အချက်တွေနဲ့ပတ်သက်လို့ စိတ်ထဲမှာ ဘယ်လိုမှ အာဃာတတရားမထားကြဘဲ ယုတ္တိယုတ္တာ ကျကျ မှားတယ် မှန်တယ်ဆိုတာကို ဆုံးဖြတ်ပြီးယူကြမယ်လို့ ကတိပေးကြရင်ဖြင့် ဦးပဥ္ဇင်းက ဒီမေးခွန်းကို ဖြေရှင်း ပါ့မယ်။ ဒီလိုမှ ဒကာကြီးတို့က ကတိမပေးနိုင်ကြရင်ဖြင့် ဦးပဥ္ဇင်း မဖြေဆိုပါရစေနဲ့လို့ တောင်းပန်လိုပါတယ်။

(ထိုနောက် တရားပွဲသို့ တရားနာလာရောက်ကြသည့် ပရိသတ်က ဆရာတော်တောင်းဆိုသည့် ကတိကို တညီ တညွတ်တည်း ပေးအပ်ကြသောအခါ ဆရာတော်က အောက်ပါအတိုင်း ဆက်လက်ဟောကြားတော်မူလေသည်။)

ဗုဒ္ဓရှင်တော်မြတ် ဟောတော်မူခဲ့တဲ့ နိဗ္ဗာန်တရားနဲ့ ဟိန္ဒူဘာသာဝင်တို့ ယုံကြည်နေကြတဲ့ မုတ္တိတရား၊ ခရစ်ယာန် ဘာသာဝင်တို့ ယုံကြည်နေကြတဲ့ ကောင်းကင်ဘုံနန်း၊ မဟာမေဒင်ဘာသာဝင်တို့ရဲ့ ပရစ်(စ်)ထား တရားတွေဟာ မနှိုင်းအပ်၊ မယှဉ်သာအောင် ကွဲပြားခြားနားလျက်ရှိကြပါတယ်။ နိဗ္ဗာန်မှအပ အခြားတရားတွေဟာ ဒီစကြာဝဠာကြီး အတွင်းမှ ဘယ်နည်းနဲ့မျှ လွတ်မြောက်နိုင်တဲ့ တရားတွေ မဟုတ်ဘူး။ ဗုဒ္ဓရဲ့နိဗ္ဗာန်ဆိုတဲ့ တရားကတော့ ဒီစကြာဝဠာ မပြောနဲ့၊ ဘယ်စကြာဝဠာနဲ့မျှ မပတ်သက်တော့ဘူး။ ဒီတရားတွေကို ဦးပဥ္ဇင်းက ခရစ်ယာန်ဘာသာဝင် တို့ မျှော်မှန်း နေကြတဲ့ ကောင်းကင်ဘုံနန်းကစပြီး နောက်ဆုံး နိဗ္ဗာန်တရားပါ တခုပြီးတခု ရှင်းလင်းပြောပြပါ့မယ်။ ဒီလိုပြောပြတဲ့ နေရာမှာလည်း သူ့ဆိုင်ရာဆိုင်ရာအယူဝါဒနဲ့ဆိုင်ရာကျမ်းဂန်တွေကိုကိုးကားပြီးဟောပြောပါ့မယ်။ ဒါမှသာ ဒကာကြီး တို့လည်း ဘယ်တရားဟာ မြတ်တယ်၊ မမြတ်ဘူး၊ တကယ်ရှိတယ်၊ မရှိဘူး အစရှိတဲ့သဘောနဲ့ အမှန်အကန်ကို ဆုံးဖြတ် နိုင်ကြမယ် ဖြစ်ပါတယ်။

ကဲ အခု ဦးပဥ္ဇင်းက ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ကောင်းကင်ဘုံနန်းနဲ့ပတ်သက်လို့ ပထမဦးဆုံး ရှင်းလင်း ပြောပြမယ်။

ခရစ်ယာန်ဘာသာ အယူဝါဒရဲ့ ပင်မအယူဝါဒဟာ ဗရင်ဂျီဘာသာထဲမှာ သတ္တမမြောက် ဟင်နရီဘုရင်လက်ထက်က စပြီး ဂိုဏ်းခွဲတွေ ပေါ်ထွက်လာခဲ့တယ်။ အဲဒီ ဗရင်ဂျီဘာသာ အယူဝါဒထဲက ဒေသနာတရားအရ ပြောရမယ်ဆိုရင် အရင်က ကောင်းကင်ဘုံနန်းဆိုတာ မရှိခဲ့ဘူးတဲ့။ ဒါပေမယ့် ဒီကောင်းကင်ဘုံနန်းကို ထာဝရသခင်ကိုယ်တော်မြတ်က အောက်ပါအတိုင်း ဖန်ဆင်းခဲ့တယ်တဲ့။

အနန္တတန်ခိုးတော်ရှင် ထာဝရဘုရားသခင်ကိုယ်တော်မြတ်ဟာ အချိန်ကာလရှည်လျားစွာ တဦးတည်း စံစားနေတော်မူသတဲ့။ တနေ့တော့ ကိုယ်တော်မြတ်ဟာ တဦးချင်းနေရတာ ငြီးငွေ့လာတော့ လှပပြီး ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတဲ့ ကောင်းကင်ဘုံနန်းကြီးတခုကိုဖန်ဆင်းမယ်။ ဒီကောင်းကင်ဘုံနန်းမှာ သူ့ရဲ့အပေါင်းအဖော်နဲ့ အလုပ်သမားအဖြစ် လုလည်းလုပတင့်တယ်၊ တန်ခိုးအာဏာလည်းရှိတဲ့ တမန်တော်တွေကို အနေခိုင်းမယ်ဆိုတဲ့ အကြံဉာဏ်တော်ရရှိလာသတဲ့။

အဲဒီနောက် ဘုရားသခင်ကိုယ်တော်က –

"ကောင်းကင်ပြင်ကြီးတခုလုံးကိုဖုံးလွှမ်းထားတဲ့အလွန်လှပပြီးကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံလှတဲ့ ကောင်းကင်ဘုံနန်းကြီးတခု ပေါ်ပေါက်လာစေ။ ကောင်းကင်ဘုံနန်းထိပ်၌ ငါဘုရားသခင်ကိုယ်တော် စံပယ်တော်မူရန် အလွန်တရာ ခန့်ညားထယ်ဝါတော်မူလှသည့် ပလ္လင်တော်တခု ပေါ်ပေါက်လာစေ။ ထိုပလ္လင်တော်၏ ရှေ့ လက်ဝဲ၊ လက်ျာတို့တွင် တဘက်တဘက်၌ ကိုးကုဋေစီ အရေအတွက်ရှိသော နေရာထိုင်ခင်းများ ပေါ်ပေါက်လာစေ။ တဖန် ဤနေရာထိုင်ခင်းများ၌ နေထိုင်ကြရန်အတွက် (၁၈)ကုဋေမျှသော တမန်တော်များ ပေါ်ပေါက်လာကြစေ" ဆိုပြီး အမိန့်တော်ချမှတ်တော်မူလိုက်သတဲ့။ အဲဒီလိုလည်း အရှင်ကိုယ်တော်က အမိန့်ရှိတော်မူလိုက်ရော တမန်တော် (၁၈)ကုဋေလည်း တခါတည်း ပေါ်လာကြပြီး သူတို့အတွက်ဖန်ဆင်းထားတဲ့ နေရာထိုင်ခင်းတွေမှာ အသီးသီး ဝင်ရောက်နေထိုင်ကြသတဲ့။ လက်ျာဘက်မှ (၉)ကုဋေရှိတဲ့ တမန်တော်တွေရဲ့ အကြီးအမှူးအဖြစ် ဂေးဘရစ်ယယ်(လ်) (Gabriel) ကို ခန့်ထားတယ်။ လက်ဝဲဘက်မှ (၉)ကုဋေရှိတဲ့ တမန်တော်တွေရဲ့ အကြီးအမှူးအဖြစ် လော့ဂေါ့စ် (Logos) ကို ခန့်ထား သတဲ့။ ပြီးတော့ ဘုရားသခင်ကိုယ်တော်မြတ်က လက်ျာဘက်တမန်တော်တွေနဲ့ လက်ဝဲဘက်တမန်တော်တွေကို ငါကိုယ်တော်ရှင်မြတ်အောက် ဒီတမန်တော်အကြီးအမှူးတွေကိုပဲ လက်ျာလက်ဝဲဘက်မှာရှိကြတဲ့ တမန်တော်အသီးသီး ရိုသေကြရမယ်။ ဒီတမန်တော် အကြီးအမှူးနှစ်ယောက်ဟာ ငါကိုယ်တော် အရှင်မြတ်အောက် အသင်တို့ကို အုပ်ချုပ်စီမံလိမ့်မယ်လို့ အမိန့်တော်မြတ် သတ်မှတ်ထားတော် မူလိုက်သတဲ့။

ဒီလိုနဲ့ပဲ ထာဝရဘုရားသခင်ကိုယ်တော်မြတ်နဲ့ သူ့ရဲ့ အခြွေအရံ အလုပ်အကျွေးများဖြစ်ကြတဲ့ တမန်တော်တွေဟာ ပျော်ပျော်ပါးပါး စံမြန်းနေကြသတဲ့။ တနေ့တော့ ထာဝရဘုရားသခင် ကိုယ်တော်မြတ်က သူ့ရဲ့ လက်ဝဲ၊ လက်ျာဘက်မှ တမန်တော်များအားလုံး ပျော်ပါးနေကြတာကို မြင်လေတော့ သူ့ရဲ့စိတ်ထဲမှာ –

"ဒီ လက်ျာ လက်ဝဲမှာ ရှိကြတဲ့ တမန်တော်တွေအနက် ဘယ်ဘက်ကတမန်တော်တွေက ငါ့အပေါ်မှာ ပိုပြီး သစ္စာတော် စောင့်ထိန်းတယ်ဆိုတာကို သိရအောင် ငါ့ရဲ့တန်ခိုးတော်နဲ့ ကိုယ်ယောင်ဖျောက်တော်မူထားလိုက်ဦးမှပဲ" လို့ ကြံစည်စိတ်ကူးတော်မူပြီး ရုတ်တရက် တမန်တော် (၁၈)ကုဋေက သူ့ကို မမြင်ရအောင် ကိုယ်ယောင်ဖျောက်လိုက်သတဲ့။

ဒီလို ဘုရားသခင်ကိုယ်တော်မြတ် ပျောက်ကွယ်သွားပြီးတဲ့နောက် အချိန်အတန်ကြာတဲ့အခါ လက်ဝဲဘက်က တမန်တော်တွေရဲ့ အကြီးအမှူးဖြစ်တဲ့ လော့ဂေါ့(စ်)ရဲ့ စိတ်ထဲမှာ "အင်း ဘုရားသခင်ကိုယ်တော်မြတ် ပျောက်ကွယ်သွားတာတော့ အချိန်အတော်ကြာသွားပြီ။ ကိုယ်တော်မြတ်ဟာ ကြွလာချင်မှ ကြွလာတော့မှာ။ အဲဒီတော့ ငါဟာ ဘုရားသခင်ကိုယ်တော်မြတ် စံစားတဲ့ပလ္လင်ပေါ်မှာ တက်ပြီးထိုင်လိုက်ရရင် ငါဟာ တန်ခိုးတော်အနန္တရှင် ထာဝရဘုရားသခင်ကိုယ်တော်မြတ် ဖြစ်လာလိမ့်မယ်။ တကယ်လို့ ငါဟာ ဒီပလ္လင်ပေါ်မှာ တက်မထိုင်နိုင်ရင် ဒီ အနန္တတန်ခိုးတော်ရှင် ကိုယ်တော်မြတ်အစား အခြား ဘုရားသခင်ကိုယ်တော်မြတ်တဦး ရောက်လာလိမ့်မယ်" လို့ စိတ်ကူးပြီး တဖြည်းဖြည်း ပလ္လင်ပေါ်တက်တဲ့လှေခါးထစ်တွေအတိုင်း တထစ်ချင်း တထစ်ချင်း တက်သွားသတဲ့။ အဲဒီနောက် ထိပ်ဆုံး လှေခါးထစ်ပေါ်ရောက်တော့ သူဟာ ခဏလောက်ရပ်ပြီး အလွန်လှပခန့်ညားတဲ့ ပလ္လင်တော်ကြီးကို ကျကျနနကြည့်ရှုအကဲခတ်သတဲ့။ အဲဒီနောက် ဘာအတားအဆီးနဲ့မှမတွေ့ရတော့ ပလ္လင်ပေါ်တက်ထိုင်ပြီး သူ့ရဲ့ စိတ်ထဲမှာရဲလာသတဲ့။ အဲဒီလိုရဲလာတော့ "အင်း အနန္တတန်ခိုးတော်ရှင်ဘုရားသခင်ကိုယ်တော်မြတ်တော့ ပျောက်ကွယ်သွားပြီ၊ ဘယ်တော့မှ ပြန်ကြွလာတော့မှာ မဟုတ်ဘူး။ ငါဟာ အနန္တတန်ခိုးတော်ရှင် ဘုရားသခင်သစ် ဖြစ်တော်မူပြီ။

တမန်တော်တွေကို ငါကိုယ်တော်အရှင်မြတ်အား ရိုသေကိုးကွယ်လာအောင် အမိန့်တော်ထုတ်လိုက်မှပဲ” လို့ ကြံပြီးတော့ လက်ျာဘက် လက်ဝဲဘက် နှစ်ဖက်စလုံးမှာ ရှိကြတဲ့ တမန်တော်တွေအားလုံးကို –

“၁၈ ကုဋေမျှသော တမန်တော်အပေါင်းတို့၊ ငါ့အား ကြည့်ကြကုန်လော့။ ငါကား အနန္တတန်ခိုးတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်၏ အလွန် ဘုန်းတန်ခိုးအာနုဘော် ကြီးတော်မူလှသည့် ပလ္လင်တော်ပေါ်တွင် စံပယ်တော်မူမိချေပြီ။ အနန္တတန်ခိုးတော်ရှင်ဘုရားသခင်ကိုယ်တော်မြတ်လည်း ကွယ်ပျောက်သွားလေပြီ။ ထို့ကြောင့် ငါသည် အနန္တတန်ခိုးတော်ရှင် ကိုယ်တော်မြတ်အသစ် ဖြစ်ချေပြီ။ ထို့ကြောင့် သင်တို့အားလုံးသည် သင်တို့၏နေရာမှထ၍ ငါ့အား ဦးညွှတ်ကြကုန်လော့” လို့ အမိန့်ရှိတော်မူလိုက်သတဲ့။

အဲဒီလို သူက အမိန့်ပေးလိုက်တဲ့အခါမှာ လက်ဝဲဘက်က (၉)ကုဋေ တယောက်လျော့ အရေအတွက်ရှိတဲ့ တမန်တော်တွေက အလွန်ရိုသေလေးစားတဲ့အနေနဲ့ သူတို့နေရာတွေမှ ထပြီး –

“အသစ်ပွင့်တော်မူသော် အနန္တတန်ခိုးတော်ရှင်ဘုရားသခင်ကိုယ်တော်မြတ် ဘုန်းတော် တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူပါစေသတည်း။ ကျွန်ုပ်တို့ကား အရှင်ကိုယ်တော်သခင်မြတ်၏ သတ္တဝါများပေတည်း။ အသစ်ပွင့်တော်မူသည့် အနန္တတန်ခိုးတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်က ကျွန်ုပ်တို့အား ဘေးအန္တရာယ်အပေါင်းမှ ကာကွယ်စောင့်ရှောက်တော် မူပါဘုရား။ ကျွန်ုပ်တို့ကလည်း အကြွင်းမဲ့ ယုံကြည်ကိုးကွယ် ဆည်းကပ်ကြပါသည် ဘုရား” လို့ လျှောက်ထားကြသတဲ့။

အဲဒီနောက် လက်ဝဲတမန်တော်အကြီးအမှူး လော့ဂေါ့(စ်)က –

“ကောင်းလေစွ၊ ကောင်းလေစွ။ ငါ၏ချစ်သား လက်ဝဲရံတမန်တော်တို့၊ ငါသည် သင်တို့၏ရိုသေခြင်း၊ ဦးခိုက်ခြင်း၊ ပူဇော်သက္ကာရပြုခြင်းတို့ကို လက်ခံတော်မူသည်။ အသင်တို့လျှောက်ထားသည့်အတိုင်း အသင်တို့အား ကာကွယ်တော်မူမည်၊ စောင့်ရှောက်တော်မူမည်။ အသင်တို့ ထိုင်နေကျနေရာ၌ပင် ထိုင်ကြလော့” လို့ မိန့်တော်မူလိုက်သတဲ့။

ဒီလိုမိန့်တော်မူပြီးတဲ့နောက် ပလ္လင်တော်ရဲ့ လက်ျာဘက်မှာရှိတဲ့ တမန်တော်တွေဘက်လှည့်ပြီး –

“အို အသင်တို့၊ လက်ျာဘက်မှာရှိကြတဲ့ (၉)ကုဋေသော တမန်တော်တို့၊ အသစ်ပွင့်တော်မူသော အနန္တ တန်ခိုးတော်ရှင် ငါဘုရားသခင်ကိုယ်တော်မြတ်အား ထ၍ ဦးညွှတ်ကြကုန်လော့၊ ရှိခိုးပူဇော်ကြကုန်လော့။ အကယ်၍ သင်တို့သည် ငါ့အား ပူဇော်ခြင်း၊ ဦးညွှတ်ခြင်း မပြုခဲ့ကြသည်ရှိသော် ငါသည် အသင်တို့အား အပြစ်ဒဏ်ခတ်တော်မူမည်” လို့ မိန့်တော်မူသတဲ့။

အဲဒီအခါကျတော့ လက်ျာဘက်က တမန်တော်တွေက မားမားမတ်မတ်ကြီးထိုင်နေတဲ့ သူတို့ရဲ့အကြီးအမှူးဖြစ်တဲ့ ဂေးဘရစ်ယယ်(လ်)ကို ကြည့်ကြပြီး သူ့လိုပဲဟန်မပျက်မားမားမတ်မတ်နေထိုင်ကြသတဲ့။ ဘယ်သူကမှ လော့ဂေါ့(စ်) ပြောတဲ့စကားကို အရေးမလုပ်ဘူးတဲ့၊ အဲဒီအတောအတွင်းမှာ အနန္တတန်ခိုးတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ဟာ ရုတ်တရက် ဒေါသတကြီးနဲ့ ပေါ်လာပြီး တမန်တော်လော့ဂေါ့(စ်)ကို ဖမ်းပြီး ကောင်းကင်ဘုံနန်း ကြမ်းပြင်ပေါ်တွင် ကိုင်ပေါက်လျက် –

“အို ယုတ်ညံ့သိမ်ဖျင်းလှတဲ့ အကုသိုလ်ကောင် လော့ဂေါ့(စ်)၊ သင်ဟာ မာန်မာနတရား အလွန်ကြီးထွားပြီး သင့်အားဖန်ဆင်းသူ သင်ရဲ့ကျေးဇူးတော်ရှင် ငါဘုရားသခင်ကိုယ်တော်မြတ်ကိုပင် မရိုမသေမလေးမခန့်ပြုပြီးတော့ ဘယ်နည်းနှင့်မျှ အခွင့်မလွှတ်နိုင်သောပြစ်မှုကို ကျူးလွန်ထားချေပြီ။ သင်နှင့်တကွ သင့်နောက်လိုက် တမန်တော်တွေဟာ ဒီအပြစ်ဒဏ်ဖြင့် ပျက်စီးကြကုန်အံ့။ သင်တို့အတွက် ငါသည် ငရဲဘုံကို ဖန်ဆင်းအံ့။ သင်တို့သည် အလွန်ပြင်းထန်လှစွာသော ဝေဒနာကို ခံစားကြရကုန်အံ့။ အသင် လော့ဂေါ့(စ်)သည် ယနေ့မှစ၍ လူစီဖား ဟုတွင်ပြီး ငရဲဘုံ၏ဘုရင် ဖြစ်စေအံ့။ အခြားသူများကိုလည်း မကောင်းမှုကိုပြုလုပ်ရန် စေ့ဆော်တိုက်တွန်းနေအံ့။ သင်၏နောက်လိုက်များသည်လည်း ဘီလူးသဘက်ဖြစ်ကြစေအံ့။ သင်သည် မည်းမှောင်သောအသွင်သဏ္ဌာန်သို့ ကူးပြောင်းပြီး ဦးချိုနှစ်ချောင်းနှင့် အမြီးတချောင်း ပေါက်စေအံ့။ သင်၏ခံတွင်းမှလည်း မီးတောက်မီးလျှံများ ထွက်စေအံ့။

နှောင်းကာလ၌ ငါဘုရားသခင် ကိုယ်တော်မြတ်သည် လူသားတို့ကို ဖန်ဆင်း၍ ပညတ်တော် (၁၀)ချက်ကို အထိန်းသိမ်းခိုင်းအံ့။ ဤနည်းဖြင့် သူတို့သည် မကောင်းမှုကိုပြုရန် သင်၏တိုက်တွန်းနှိုးဆော်ချက်ကို မဖယ်ရှားနိုင်ဘဲ သင်၏အလိုဆန္ဒအတိုင်း လိုက်နာပြုလုပ်ကြသည့် လူသားတို့သည် ငရဲဘုံတွင် ငရဲမီး၏ လောင်မြိုက်ခြင်းကို အစဉ်ထာဝရ ခံစားနေကြရကုန်အံ့။ သို့ရာတွင် ငါဘုရားသခင်ကိုယ်တော်မြတ်၏ ပညတ်တော် (၁၀)ချက်အတိုင်း လိုက်နာကြ၍ သင်၏စေ့ဆော်တိုက်တွန်းချက်ကို ငြင်းဆန်ပြီး သင်နှိုးဆော်သည့်အတိုင်း မလုပ်ကြသည့် လူသားတို့ကား ဤကောင်းကင်ဘုံနန်းတွင် အစဉ်ထာဝရ စံစားကြရစေအံ့" ဟု အမိန့်ထုတ်ပြန်ပြီး ကောင်းကင်ဘုံနန်းအောက်တွင် ငရဲဘုံကို ဖန်ဆင်းပြီးတဲ့နောက် ဘုရားသခင် ကိုယ်တော်မြတ်က ကောင်းကင်ဘုံနန်းကြမ်းပြင်ကို တခါတည်းခွဲပစ်လိုက်ပြီး မကောင်းမှုအကုသိုလ်ကံကျူးလွန်ကြတဲ့ တမန်တော် (၉)ကုဋေကို တခါတည်း ငရဲပြည်ထဲ ချလိုက်သတဲ့။ အဲဒီနောက် သူတို့တတွေရဲ့ အသားဟာ အကုန်လုံး မည်းမှောင်ကုန်ကြပြီး အလွန်ကြောက်စရာကောင်းလာကြသတဲ့။ သူတို့ရဲ့ ခေါင်းတွေပေါ်မှာ ချိုနှစ်ချောင်းစီပေါက်ပြီး သူတို့နောက်မှာလည်း မျောက်တွေလို အမြီးတွေ ပေါက်ကုန်ကြသတဲ့။

အဲဒီ အထက်ကဖော်ပြခဲ့တဲ့ ကောင်းကင်ဘုံနန်းရဲ့သမိုင်းကိုကြည့်ခြင်းအားဖြင့် ကောင်းကင်ဘုံနန်းဟာ အစကတည်းက မရှိဘဲ ဘုရားသခင်ကိုယ်တော်မြတ်ကဖန်ဆင်းလို့ ပေါ်လာရတယ်ဆိုတာ ထင်ရှားတယ်။ အဲဒီတော့ ဖန်ဆင်းတာ ဟူသမျှဟာ ပျက်စီးရတဲ့သဘောအရ ဘုရားသခင်ကိုယ်တော်အရှင်မြတ် ဖန်ဆင်းထားတဲ့ ကောင်းကင်ဘုံနန်းကြီးဟာလည်း ပျက်စီးရမှာ အမှန်ဖြစ်တယ်။ နောက်တခုက လက်ဝဲဘက်က တမန်တော် (၉)ကုဋေကို ဘုရားသခင်က ဒေါသဖြစ်ပြီး ကောင်းကင်ဘုံနန်းကြမ်းပြင်ကို အမိန့်နဲ့ခွဲကာ ငရဲဘုံထဲပစ်ချလိုက်တာလည်း အကုသိုလ်ကံပဲဖြစ်တယ်။ တဖန် သန့်ရှင်းတဲ့၊ အကုသိုလ်ကံကင်းစင်တဲ့ ကောင်းကင်ဘုံနန်းဟာလည်း ဒီသန့်ရှင်းတဲ့၊ အကုသိုလ်ကံကင်းစင်တဲ့ ကောင်းကင်ဘုံနန်းထဲမှာ စိုးစံနေရင်း လက်ဝဲတော်ရဲ တမန်တော်အကြီးအမှူး လော့ဂေါ့(စ်)ဟာ အလွန်ကြီးမားလှတဲ့ မာနတရား သူ့ရဲ့ဦးခေါင်းထဲမှာ ဝင်လိုက် တဲ့အတွက် ကောင်းကင်ဘုံနန်းကြီးဟာ မသန့်ရှင်းတော့ဘူး။ အကုသိုလ်ကံလည်း မကင်းစင်နိုင်တော့ဘူး။ "ဒါဟာ ကောင်းသောအကြောင်းတရားမှ ကောင်းသောအကျိုးတရား ပေါ်ထွက်ရမယ်၊ ထို့အတူ ဆိုးသောအကြောင်းတရားမှ လည်း ဆိုးသောအကျိုးတရား ပေါ်ထွက်ရမယ်" ဆိုတဲ့ သဘာဝနဲ့လည်း ဆန့်ကျင်တယ်။ အကုသိုလ်ကံမှ ကင်းစင်တဲ့ သတ္တဝါ တဦးတယောက်ဟာ ဘယ်နည်းနဲ့ဖြစ်ဖြစ် အကုသိုလ်မှ ကင်းစင်နေရမယ်။ ကောင်းကင်ဘုံနန်းမှာရှိတဲ့ သတ္တဝါ အားလုံးဟာ ဖန်ဆင်းထားတဲ့ သတ္တဝါတွေဖြစ်တဲ့အတွက် တနေ့နေ့မှာ သေကြရမယ်၊ ပျက်စီးကြရမယ်။ ဒါဟာ သဘာဝပဲ။ ဖန်ဆင်းခြင်းဟာ ပျက်စီးခြင်းရဲ့ အကြောင်းတရားပဲ။ မွေးဖွားခြင်းဟာ သေခြင်းရဲ့ အကြောင်းတရားပဲ။ ဒီအခြေအနေအရ ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ကောင်းကင်ဘုံနန်းဟာ မမြဲဘူး။ ဒါ့ကြောင့် ကောင်းကင်ဘုံနန်းမှာရှိတဲ့ တမန်တော်တွေနဲ့ အခြားသတ္တဝါတွေဟာ သေဆုံးခြင်း၊ ရုတ်တရက်ကွယ်ပျောက်ခြင်း စသည်ဖြင့် နောက်ဆုံး ပျက်စီးကြရမှာချည်းပဲ။

ခရစ်ယာန်ဘာသာဝင်တွေမှာ ကောင်းကင်ဘုံနန်း တခုပဲရှိတယ်။ ဗုဒ္ဓဘာသာဝင်တွေမှာတော့ နတ်တွေနေတဲ့ နတ်ဘုံ (၆)ထပ်နဲ့ ဗြဟ္မာတွေနေတဲ့ ဗြဟ္မာဘုံ (၂၀) ရှိတယ်။ ဒီနတ်တွေ၊ ဗြဟ္မာတွေဟာ တမန်တော်တွေထက် ပိုပြီး တန်ခိုးလည်း ကြီးတယ်၊ သန့်လည်း သန့်ရှင်းစင်ကြယ်တယ်။ သူတို့တတွေဟာ ကံအကြောင်းတရားကြောင့် ဖြစ်လာတဲ့အတွက် တနေ့မှာ သေခြင်းတရားနဲ့ တွေ့ရမှာချည်းပဲ။

ဗုဒ္ဓရဲ့နိဗ္ဗာန်ဘုံဟာ ခရစ်ယာန်တို့ရဲ့ ကောင်းကင်ဘုံနန်းတို့၊ ဗုဒ္ဓဘာသာဝင်တို့ရဲ့ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့နဲ့ လုံးဝမတူဘူး။ နိဗ္ဗာန်ဘုံဟာ ဖန်ဆင်းထားတာလည်း မဟုတ်ဘူး။ (နိစ္စစစ်နဲ့လည်း ပြည့်စုံတယ်) တည်လည်း တည်မြဲတယ်။ တကယ့် ချမ်းသာသုခဖြစ်တယ်။ နာခြင်း၊ သေခြင်းတရားတို့မှ လွတ်ကင်းတယ်။ ၁၅၀၀ ကိလေသာတရားတွေလည်း ချုပ်ငြိမ်း တယ်။ ဒုက္ခဆင်းရဲအမျိုးမျိုးမှလည်း ကင်းစင်တယ်။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့လည်း မရှိဘူး။ ဒါကြောင့် ဗုဒ္ဓရဲ့နိဗ္ဗာန်နဲ့ ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ကောင်းကင်ဘုံနန်းတို့ဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာပေါ့။ ဗုဒ္ဓရဲ့နိဗ္ဗာန်က အစဉ် ထာဝရ တည်မြဲတယ်။ လုံးဝ ချမ်းသာသုခနဲ့ ပြည့်စုံတယ်။ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခဆင်းရဲ အပေါင်းမှ လုံးဝကင်းစင်တယ်။ ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ကောင်းကင်

ဘုံနန်းကတော့ ဖန်ဆင်းထားတာဆိုတော့ အစဉ်ထာဝရ မတည်မြဲဘူး။ ပဋိသန္ဓေနေခြင်း၊ သေခြင်းဆိုတဲ့ တရားတွေနဲ့ မကင်းဘူး။ အကုသိုလ်တရား၊ မာနတရား၊ မုန်းတီးခြင်းတရား၊ အဝိဇ္ဇာတရားတို့နဲ့ ယှဉ်တွဲလျက်ရှိနေတယ်။ တမန်တော်လော့ဂေါ့(စ်)ဟာ အဝိဇ္ဇာတရားကြောင့် မာနတရားကို မွေးမိပြီးပျက်စီးရတယ်။ ထာဝရဘုရားသခင်ကိုယ်တော်မြတ်ကိုယ်တိုင် အဝိဇ္ဇာတရားရဲ့ပိတ်ဖုံးမှုကြောင့် ကောင်းကင်ဘုံနန်းဟာ ဒေါသတရား၊ မုန်းတီးခြင်းတရားတို့ဖြင့် လွှမ်းမိုးခဲ့တယ်။ ကဲ ဗုဒ္ဓရဲ့နိဗ္ဗာန်နဲ့ ခရစ်ယာန်ဘာသာဝင် တို့ရဲ့ ကောင်းကင်ဘုံနန်းတို့ဟာ ဘယ်လောက်ကွာခြားတယ်ဆိုတာကို ရှင်းပြပြီးနောက် မဟာမေဒင်တို့ရဲ့ ပရစ်(စ်) ထား အကြောင်းကို ရှင်းပြရဦးမယ်။

မဟာမေဒင်ဘာသာဝင်တို့ရဲ့ ပရစ်(စ်)ထား ဆိုတာ အလာကိုယ်တော်မြတ်နဲ့ သူ့ရဲ့ တမန်တော်များ စံစားရာ ဘုံနန်းဖြစ်တယ်။ အလာရဲ့ ပရစ်(စ်)ထားဟာ ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ကောင်းကင်ဘုံနန်းနဲ့ အတူတူပဲ။ ဓမ္မဟောင်းအရ ပြောရမယ်ဆိုရင် ရေဟူဒီတို့၊ ခရစ်ယာန်ဘာသာဝင်တို့၊ မဟာမေဒင်ဘာသာဝင်တို့ဆိုတာ အတူတူပဲ။ အနန္တတန်ခိုးတော်ရှင် ဘုရားကို နာမည်အမျိုးမျိုး ခေါ်နေကြတာပဲ ကွဲပြားတယ်။ ရေဟူဒီတွေက ဒီဘုရားကို ယေဟိုးဝါလို့ ခေါ်ကြတယ်။ ခရစ်ယာန်ဘာသာဝင်တွေက ထာဝရဘုရားသခင်ကိုယ်တော်မြတ်လို့ ခေါ်ကြတယ်။ မဟာမေဒင်ဘာသာအယူဝါဒကို ထူထောင်ခဲ့တဲ့ မဟာမက်ကိုယ်တော်မြတ်က ယေရှုခရစ်တော်ဟာ ထာဝရဘုရားသခင်ကိုယ်တော်မြတ်ရဲ့သား မဟုတ်ဘူး။ သူလိုပဲ အလာကိုယ်တော်က ဆင်းသက်တာပဲတဲ့။ ဘုရားများဖြစ်တဲ့ အာဗြဟံတို့၊ မိုးဆက်တို့၊ ယေရှုခရစ်တို့ဟာ မဟာမေဒင်ဘာသာဝင်တို့ရဲ့ အလာကိုယ်တော်မြတ်၊ သို့မဟုတ် ခရစ်ယာန်ဘာသာဝင်တို့ရဲ့ အနန္တတန်ခိုးတော်ရှင် ထာဝရဘုရားသခင်၊ သို့မဟုတ် ရေဟူဒီတို့ရဲ့ ယေဟိုးဝါ ဘုရားကိုယ်တော်မြတ်ရဲ့ အဆက်အနွယ်တွေချည်းပဲ။ ဒါကြောင့် မဟာမေဒင်ဘာသာဝင်တို့ရဲ့ ပရစ်(စ်)ထားနဲ့ ကောင်းကင်ဘုံနန်းနဲ့ပတ်သက်လို့ ပြောခဲ့တဲ့စကားတွေကို ပြန်ပြီးပြောနေရမှာမို့ ဦးပဥ္ဇင်း အကျယ်ချဲ့ပြီး မပြောတော့ပါဘူး။ ဒီ မဟာမေဒင်ဘာသာဝင်တို့ရဲ့ ပရစ်(စ်)ထားဟာလည်း ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ကောင်းကင်ဘုံနန်းနဲ့ ဘာမျှ မထူးဘူးဆိုတာကို မှတ်ထားကြပါ။ မဟာမေဒင်တို့ရဲ့ ပရစ်(စ်)ထားဟာ ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ကောင်းကင်ဘုံနန်းလိုပဲ ဗုဒ္ဓရဲ့နိဗ္ဗာန်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတယ်။ ဗုဒ္ဓရဲ့နိဗ္ဗာန်ဟာ ထာဝရတည်မြဲတယ်။ တကယ့်သန္တိသုခနဲ့ ပြည့်စုံတယ်။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ သောက၊ ပရိဒေဝ ဆိုတဲ့ တရားတွေအားလုံးမှ ကင်းစင်တယ်။ ပရစ်(စ်)ထားကတော့ ဖန်ဆင်းထားတဲ့တရားဖြစ်တဲ့အတွက် မတည်မြဲဘူး။ ပျော်ရွှင်မှု ရှိသလိုပဲ ဒုက္ခဆင်းရဲလည်း ရှိတယ်။ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊နာခြင်း၊ သေခြင်း၊ ဆင်းရဲခြင်း အစရှိတဲ့ တရားတွေမှ မလွတ်ကင်းဘူး။ တဏှာ၊ မာန၊ ဒိဋ္ဌိစတဲ့ တရားတွေမှလည်း မလွတ်ကင်းနိုင်ဘူး။

ဗုဒ္ဓရဲ့နိဗ္ဗာန်ကို ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ကောင်းကင်ဘုံနန်းနဲ့ မဟာမေဒင်ဘာသာဝင်တို့ရဲ့ ပရစ်(စ်)ထားတို့နဲ့ ယခုလို နှိုင်းယှဉ်လို့ ပြပြီးတဲ့နောက်၊ ဒီဘုရားတွေရဲ့ နောက်ဆုံးရည်မှန်းချက်တို့ကို ပြပြီးတဲ့နောက် အခု ဟိန္ဒူတို့ရဲ့ မုတ္တိတရားနဲ့ ပတ်သက်လို့ ဦးပဥ္ဇင်း ရှင်းလင်းပြရအုံးမယ်။

ယခု ဟိန္ဒူဘာသာအယူဝါဒလို့ ခေါ်နေကြတဲ့ ဗြဟ္မဏဘာသာ အယူဝါဒဟာ ဂေါတမဗုဒ္ဓ ပွင့်တော်မမူမီ နှစ်ပေါင်း (၂၅၀၀)ကျော်လောက်က ပေါ်ပေါက်ခဲ့တဲ့ ဘာသာတရားဖြစ်တယ်။ အဲဒီအခါတုန်းကဆိုရင် ရစ်ဂ်၊ အတ္တာရဝ၊ သာမ စတဲ့ မူလဝေဒကျမ်းကြီးတွေမှာ မုတ္တိတရားဆိုတာ မပါခဲ့ဘူး။ ရစ်ဂ်ဝေဒထဲမှာ တိရစ္ဆာန်တွေ၊ လူတွေကို ယဇ်ပူဇော်ပသ ခြင်းနဲ့ဆိုင်ရာဓမ္မသီချင်းတွေသာပါတယ်။ အတ္တာရဝေဒကျမ်းထဲမှာဆိုရင် ယဇ်ပူဇော်ပသပုံ ပသနည်း၊ ထုံးနိသျှတွေသာ ပါတယ်။ သာမဝေဒထဲမှာဆိုရင် သိကြားတို့ (အင်ဒရာ)၊ မီးနတ်သား (အဂ္ဂနိ)၊ လေနတ်သား (ဝရုန)တို့ကို ယဇ်ပူဇော် ပသတဲ့အခါသီဆိုကြရမယ့်သီချင်းတွေသာပါခဲ့ပါတယ်။ ဒီဟာစုမှအပ မုတ္တိ သို့မဟုတ် လွတ်မြောက်ခြင်းနဲ့ ပတ်သက်တဲ့ တရားဆိုလို့ ဘာမျှ မပါခဲ့ဘူး။

မုတ္တိနဲ့ပတ်သက်တဲ့ ပြဿနာဟာ နှောင်းကာလကျမှ "ဗြဟ္မဏလမ်းစဉ်တရားကျမ်း"၊ "ဥပနိသာဒကျမ်း"၊ "သတပထ ဗြဟ္မဏကျမ်း" စတဲ့ ကျမ်းသုံးကျမ်းက ဖော်ထုတ်လာခဲ့တဲ့ ပြဿနာပဲ။

"ဗြဟ္မဏလမ်းစဉ်တရားကျမ်း' ကတော့ ဒီလိုဆိုတယ်ဒကာကြီးရဲ့။ ပဇာပတိနတ်မင်း (ဖန်ဆင်းရှင်)ကြီးဟာ ဟိုပထမ တုန်းကတော့ အချိန်ကာလကြာမြင့်စွာတပါးတည်းထီးထီးပေါ်ပေါက်ပြီးနေထိုင်ခဲ့တယ်။ ဒါနဲ့ တနေ့တော့ သူ့ကိုယ်ခွဲ

ဖြစ်တဲ့ ပထမဦးဆုံး ဗြဟ္မာကို ဖန်ဆင်းခဲ့တယ်။ ပဇာပတိနတ်မင်းကြီးဟာ သူကိုယ်တိုင် သေမျိုးထဲပါဝင်သော်လည်း ပထမဦးဆုံးဗြဟ္မာကတော့ သေမျိုးထဲ မပါဘူးတဲ့။ အဲဒီ ဗြဟ္မာ့ကိုယ်ခန္ဓာထဲက မီးပွားလေးတွေထွက်ပြီးတော့ အဲဒီ မီးပွားတွေကို အတ္တလို့ခေါ်သတဲ့။ ပထမဦးဆုံး မီးပွားကိုတော့ ပရမတ္တမလို့ ခေါ်သတဲ့။ ဒီအတ္တတွေဟာ တခုနဲ့တခု ပူးပေါင်းကြပြီး အကုသိုလ်အမှုတွေကို ပြုလုပ်ကြသတဲ့။ အဲဒီလို မကောင်းမှုကို ပြုရာမှ တိရစ္ဆာန်တွေ၊ ဘီလူးတွေ၊ ဂန္ဓဗ္ဗ တွေ၊ ငှက်တွေ၊ မြွေတွေ၊ ငါးတွေ၊ အခြေလေးချောင်းရှိတဲ့ သတ္တဝါတွေ၊ ငရဲပြည်မှာ ခံစားနေတဲ့ ငရဲသားတွေ ဖြစ်ကုန် ကြသတဲ့။ အဲဒီနောက် ကောင်းမှုကုသိုလ်တွေကို ပြုကြပြန်တော့ လူတွေ၊ နတ်တွေ ဖြစ်လာကြသတဲ့။ နောက်ဆုံး သူတို့ဟာ မကောင်းမှု အကုသိုလ်တွေ ကင်းစင်ကြပြီး ပထမဦးဆုံး အဖန်ဆင်းခံရတဲ့ ဗြဟ္မာထံ (ဒီပုဂ္ဂိုလ်တွေမှာ ကပ်နေတဲ့ မီးပွားကလေးတွေဟာ) ပြန်သွားနိုင်ကြသတဲ့။ အဲဒီလိုပြန်ရောက်ပြီးတဲ့နောက် ဘာမျှ ပြန်မဖြစ်တော့ဘူးတဲ့။ ဒါဟာ ဟိန္ဒူဘာသာဝင်တို့ရဲ့ ဓမုတ္တိ ပဲ။

ဉပနိသာဒကျမ်းအရ ပြောရမယ်ဆိုရင် ဖန်ဆင်းရှင် တဦးတည်းနေတဲ့ပဇာပတိနတ်မင်းက ပထမဦးဆုံးဗြဟ္မာကို ဖန်ဆင်းသတဲ့။ အဲဒီနောက် အတ္တဆိုတဲ့ ပထမဦးဆုံး ဇီဝ (အသက်) ကို ဖန်ဆင်းသတဲ့။ ပထမဦးဆုံး ဖန်ဆင်းလိုက်တဲ့ ဗြဟ္မာဟာ အလွန်ကျယ်ပြန့်တဲ့ မဟာပထဝီမြေကြီးနဲ့တူပြီး အတ္တဟာ ဒီကမ္ဘာကြီးရဲ့ အနှစ်သာရနဲ့ တူသတဲ့။ အဲဒီနောက် အထက်က ပြောခဲ့တဲ့အတိုင်း အကုသိုလ်တွေလုပ်၊ သတ္တဝါတွေအမျိုးမျိုးဖြစ်တာကဖြစ်၊ ငရဲကျတာကကျကုန်ကြပြီး နောက်ဆုံး အကုသိုလ်တရားတွေ ကင်းစင်ပြီး လွတ်မြောက်ခြင်းကို ရသတဲ့။ အဲဒီ လွတ်မြောက်ခြင်းဆိုတာ "မုတ္တိ" ပဲ။ သတပထဗြဟ္မဏအလိုအရ ပြောရမယ်ဆိုရင် ဖန်ဆင်းရှင်ဗြဟ္မဏ က ကမ္ဘာ လောကကြီးကို ဖန်ဆင်းပြီးတဲ့နောက်၊ ငါဟာ ဒီကမ္ဘာလောကကြီးထဲကို ဘယ်လိုလုပ်ပြီး ဆင်းရပါ့မလဲလို့ စဉ်းစား ပြီးတဲ့နောက် နာမရူပဆိုတဲ့ တရားနှစ်ပါးရဲ့ အကူအညီနဲ့ ဆင်းလာခဲ့တယ်။ ဒီနာမရူပဆိုတဲ့ တရားနှစ်ပါးဟာ ဒီ ဖန်ဆင်းရှင် ဗြဟ္မာကြီးရဲ့အင်အားစုနှစ်ရပ်ပဲ။ ဒီ ဗြဟ္မာကြီးရဲ့အင်အားစုနှစ်ရပ်ဖြစ်တဲ့ နာမရူပသဘောကို တကယ်တမ်း သိနားလည်တဲ့လူဟာ တန်ခိုးအာဏာကြီးတယ်။ နောက်ဆုံး ဖန်ဆင်းရှင် ဗြဟ္မာကြီးနဲ့ ပူးပေါင်းမိပြီး ပဋိသန္ဓေ နေရခြင်း၊ အသက်ရှင်နေရခြင်း၊ သေခြင်းဆိုတဲ့ တရားတွေ ချုပ်ငြိမ်းရာ "မုတ္တိ" ကို ရောက်ရသတဲ့။ ဖန်ဆင်းရှင်၊ တန်ခိုးတော်ရှင်ဗြဟ္မာက ဘယ်တော့မျှမသေကြေမပျက်စီးတဲ့ အတ္တကိုဖန်ဆင်းတယ်။ ဒါပေမဲ့ ဒီအတ္တဟာ မကောင်းမှု အကုသိုလ်ကံနဲ့ ရောယှက်ပြီးတော့ မသန့်ရှင်းမစင်ကြယ်ဘဲ ဖြစ်လာရတယ်။ ဒီလို မသန့်ရှင်းမစင်ကြယ်ရာက နေပြီးတော့ ဘဝသံသရာအတွင်းမှာလျှောက်လည်နေရသတဲ့။ အဲဒီ လည်နေရာမှ တဖန် အညစ်အကြေးဆိုလို့ ဘာမျှ မရှိတော့အောင်သန့်ရှင်းစင်ကြယ်ကာ အတ္တဟာ ပရမတ္တမ သို့မဟုတ် ဖန်ဆင်းရှင်ဗြဟ္မာကြီးနဲ့ ပြန်ပြီး ပူးပေါင်းမိ သတဲ့။ အဲဒါ မုတ္တိပဲ။

အထက်ကပြောခဲ့တဲ့ မုတ္တိနဲ့ပတ်သက်တဲ့ သမိုင်းသုံးရပ်ကို လေ့လာကြည့်မယ်ဆိုရင် မုတ္တိ သို့မဟုတ် လွတ်လပ်မှုလို့ ခေါ်တဲ့ တရားဟာ ဖန်ဆင်းလို့ဖြစ်ပေါ်လာတဲ့တရား၊ တနည်းအားဖြင့် ဖန်ဆင်းထားတဲ့တရားပဲဖြစ်တယ် ဆိုတာကို တွေ့ရတယ်။ ဒါကြောင့် ဒီဖန်ဆင်းလို့ဖြစ်ပေါ်ရတဲ့ မုတ္တိတရားဟာ နောက်ဆုံးပျက်စီးရမယ်။ ပြီးတော့ ဗြဟ္မာကြီး ကလည်း ကမ္ဘာလောကကြီးကို မီးဖြစ်ဖြစ်၊ လေဖြစ်ဖြစ်၊ ရေဖြစ်ဖြစ်၊ ဒီသုံးခုထဲက တခုခုက ဖျက်ဆီးပစ်လိုက်တော့မယ့် ဝိဇ္ဇာတရားကို ရရှိတယ်။ အမှန်တရားကို မြင်လာတယ်။ အဲဒီအခါမှာ ဗြဟ္မာအသစ်တပါး ပြန်လည်ပေါ်ပေါက်လာရမယ်တဲ့။ ဒါကို ဟိန္ဒူဘာသာအယူဝါဒက ဟုတ်မှန်တယ်လို့ လက်ခံထားတယ်။ ဇာတိဖြင့် ဖြစ်ပေါ်ရတဲ့ တရားဟူသမျှဟာ၊ သေကြေပျက်စီးရသမျှ ဖန်ဆင်းမှုကြောင့်ဖြစ်ပေါ်ရတဲ့ တရားဟူသမျှဟာ နောက်ဆုံး ချုပ်ငြိမ်းပျက်သုဉ်းရသလို အဝိဇ္ဇာတရား ဖုံးလွှမ်းထားမှုကြောင့် နိစ္စရုပတည်တန့်ခိုင်မြဲနေတယ်လို့ ထင်နေရတဲ့ မုတ္တိတရားဟာလည်း မခိုင်မြဲဘဲ ပျက်စီးရတာပဲ။ အဲဒီ မုတ္တိတရားဟာ စကြာဝဠာကြီးနဲ့ ဘာမျှမဆိုင်တဲ့ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ တရားစု အားလုံးမှ ကင်းလွတ်တဲ့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ နိဗ္ဗာန် တရားနဲ့ လုံးဝမတူဘူး။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ နိဗ္ဗာန်တရားဟာ တကယ့် ချမ်းသာသုခနှင့်ပြည့်စုံတယ်။ ကဲ ဗုဒ္ဓဘာသာဝင်တို့ရဲ့ နိဗ္ဗာန်နဲ့ ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ကောင်းကင်ဘုံနန်း တို့၊ မဟာမေဒင်ဘာသာဝင်တို့ရဲ့ ပရစ်(စ်)ထားတို့၊ ဟိန္ဒူဘာသာဝင်တို့ရဲ့ မုတ္တိတို့ဟာ လုံးဝ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် လျက် ရှိတယ်ဆိုတာကို ဒကာကြီးတို့ နားလည်သဘောပေါက်ကြပြီလား။ နောက်ထပ် ရှင်းရဦးမှာလား။

ရှား။ ဆရာတော် ရှင်းပြလို့ ဗုဒ္ဓရဲ့နိဗ္ဗာန်အကြောင်းကို ကောင်းကောင်းကြီး နားလည်သဘောပေါက်ကြပါပြီ။ ဆရာတော်ဟာ နိဗ္ဗာန်နဲ့ ကောင်းကင်ဘုံနန်းတို့၊ ပရစ်(စ်)ထားတို့၊ မုတ္တိတို့ရဲ့ ရည်မှန်းချက်ချင်းလည်း မတူကြောင်းကို တပည့်တော်တို့ နားလည်သဘောပေါက်အောင် ရှင်းလင်းပြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ် ဘုရား။

ဤတွင် တရားနာလာရောက်ကြသည့် ပရိသတ်အပေါင်းက သာဓုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၂၂)

ဗုဒ္ဓဂေါတမဟာ ဆရာတဆူမျှမရှိဘဲနဲ့ ဗုဒ္ဓအဖြစ်ကို ရရှိတယ်ဆိုတာကို ဆရာတော် ဘယ်နည်းနဲ့ သိပါသလဲ ဘုရား။

(**မေးမြန်းလျှောက်ထားသူ – မစ္စတာ ဘာဘာဆဟာစ်၊ ဖန်ဆီသိုးမွေးစက်ပိုင်ရှင်၊ ဘုံဘိုင်မြို့၊ ဖြေဆိုသူ – ဆရာတော် အရှင်အရိယဓမ္မ**။)

ဆရာတော်အရှင်အရိယဓမ္မ။ အလွန်မှန်ကန်ပြီး ဘယ်တော့မှ မဖောက်ပြန်တဲ့ အကြောင်းရှိရင် အကျိုးတရား ပေါ်ပေါက်ရမယ်ဆိုတဲ့ အကြောင်းအကျိုးဆက်တရားအရ ဗုဒ္ဓဂေါတမဟာ ဘယ်ဆရာကမျှ သင်ပြခြင်းမရှိဘဲနဲ့ ဗုဒ္ဓအဖြစ်ကို ရောက်ရတယ်ဆိုတာ လက်တွေ့သဘောအားဖြင့် အလွန်ထင်ရှားလှပါတယ်။ ဗုဒ္ဓအလောင်းအလျာ ဆိုတာ ဗုဒ္ဓအဖြစ်ကို ရအောင် လေးသင်္ချေနဲ့ကမ္ဘာတသိန်းတိုင်တိုင် (၁၀)ပါးသော ပါရမီကို ဒီလောက်တောင် ကာလကြာမြင့်အောင် ကျင့်တာက အကြောင်းတရားပဲ။ နောက်ဆုံး ဘယ်သူကမျှ မသင်ဘဲ၊ မပြဘဲနဲ့ သစ္စာလေးပါးတရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး ဗုဒ္ဓအဖြစ်ကို ရတာက အကျိုးတရားပဲ။ ဒါကြောင့် သစ္စာလေးပါးတရားကို အကြွင်းမဲ့သိမြင်သဘောပေါက်တဲ့ပုဂ္ဂိုလ်ကို ဗုဒ္ဓ သို့မဟုတ် အတုမရှိသဗ္ဗညုတရွှေဉာဏ်ရှင်လို့ခေါ်တာပေါ့။

ဒီနေရာမှာ ဗုဒ္ဓဂေါတမဟာ ဗုဒ္ဓအဖြစ်ကို မရမီ အာလာရကာလာမနဲ့ ရုဒ္ဒကဆိုတဲ့ ဆရာနှစ်ဆူစီမှာ နည်းနာနိဿယ ခံယူတယ် ဆိုတဲ့စကားဟာ မမှန်ဘူးလားလို့ စောဒကတက်စရာ ရှိတယ်။

ဒီပြဿနာကို ဖြေရှင်းဖို့က အလွန်လွယ်ပါတယ်။ ဒီ အာလာရကာလာမ နဲ့ ရုဒ္ဒကတို့ဆီမှာ အရူပဈာန်အဘိညာဉ်နဲ့ ပတ်သက်လို့ နည်းနာနိဿယခံခဲ့စဉ်အခါက ဗုဒ္ဓဂေါတမဟာ ဗုဒ္ဓအဖြစ်ကို မရသေးဘူး။ ဗုဒ္ဓ အလောင်းအလျာ အဖြစ်မှာပဲရှိသေးတယ်။ အဲဒီနောက် ဒီဈာန်အဘိညာဉ်တရားတွေကိုကျင့်နေခြင်းအားဖြင့် သူလိုချင်တဲ့ ဒုက္ခဆင်းရဲအပေါင်းမှ ချုပ်ငြိမ်းရန် နိဗ္ဗာန်ကို မရောက်နိုင်မှန်းသိတော့ ဒီ ဆရာနှစ်ဆူကို စွန့်ခွာခဲ့ပြီး သူတဦးတည်း (၆)နှစ် တိုင်တိုင် ဒုက္ကရစရိယာ ကျင့်တော်မူတယ်။

အဲဒီနောက် ဗုဒ္ဓအဖြစ်ကိုရတော့မယ့် အချိန်ကာလကျရောက်လာတဲ့ ညတညမှာ အိပ်မက် မြင်မက်တော်မူတယ်။ ဒီ အိပ်မက်ကို မက်လည်းမက်လိုက်ရော နောက်တနေ့ သူ ဗုဒ္ဓအဖြစ်ကိုရောက်တော့မယ်ဆိုတာကို သိတော်မူတယ်။ ဒီလိုနဲ့ပဲ နောက်တနေ့နံနက်ကျတော့ သူ့ရှေးရှေးဘဝပေါင်းများစွာက တည်ဆောက်ခဲ့တဲ့ (၁၀)ပါးသော ပါရမီ အဟုန်နဲ့ မဇ္ဈိမပဋိပဒါလမ်းစဉ်အတိုင်း ကျင့်လိုက်တာနဲ့ တပြိုင်နက် ဗုဒ္ဓအဖြစ်ကို ရောက်တော်မူတယ်။ လက္ခဏာရေးသုံးပါးကို မြင်ပြီး ဆွမ်းဘုဉ်းပေးတော်မူတယ်။ အဲဒီနောက် သစ်ပင်ရိပ်အောက်မှာ နားပြီး ညနေချမ်း အချိန်ကျတော့ ဂယာဒေသ စာရီ ကြွတော်မူတယ်။ အဲဒီနေ့ည ပလ္လင်ပေါ်မှာပဲ ဘယ်ဆရာရဲ့ သင်ပြမှုမျှ မရှိဘဲနဲ့ သစ္စာလေးပါးတရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူတယ်။ ဒီနည်းနဲ့ပဲ ဗုဒ္ဓအဖြစ်ကို ရောက်တော်မူတယ်။ ဗုဒ္ဓအဖြစ်ကို ရောက်တဲ့ပုဂ္ဂိုလ်ကို ဗောဓိလို့ ခေါ်တယ်။ အဲဒီပုဂ္ဂိုလ် သဗ္ဗညုတရွှေဉာဏ်ရတဲ့ သစ်ပင်ကို ဗောဓိပင်လို့ ခေါ်တယ်။

ကဲ ဦးပဥ္စင်း အခု ဟောပြောတာနဲ့ ပတ်သက်လို့ ဘာများမရှင်းသေးတုံး။ ဘာများမေးချင်သေးသလဲ ဒကာကြီး။

ဖန်ဆီ။ တပည့်တော် ရှင်းပါပြီ ဆရာတော်။ နောက်ထပ် မေးဖို့ မလိုတော့ပါဘူး ဘုရား။

ဤတွင် တရားနာပရိသတ်များက သာဓုအနုမောဒနာ ခေါ်ကြလေသည်။

မေးခွန်းအမှတ် (၂၃)

ဗုဒ္ဓသည် ဗိဿနိုးနတ်ရဲ့ ကိုယ်စားလှယ်တော် သို့မဟုတ် ဗိဿနိုးနတ်ရဲ့ နဝမမြောက် ဝင်စားသူ မဟုတ်ပါလား ဆရာတော်။

(မေးမြန်းလျှောက်ထားသူ - မစ္စတာ နေဝါချန်း(ဒ်)ရှား၊ ကုန်သည်ကြီး၊ အယ်လီဖင်စတုန်း အဝိုင်းကြီး၊ ဘုံဘိုင်မြို့၊ ဖြေဆိုသူ - ဆရာတော် အရှင်အရိယဓမ္မ။)

ဆရာတော်အရှင်အရိယဓမ္မ။ ကမ္ဘာပေါင်းမြောက်မြားစွာအတွင်းမှာ ပွင့်တဲ့ ဗုဒ္ဓအဆူဆူကို ရေတွက်လို့မရနိုင်ဘူး။ ဒီဗုဒ္ဓတွေဟာ ဂင်္ဂါမြစ်ထဲမှာရှိတဲ့ သဲထုထဲက သဲပွင့်ကလေးတွေထက်တောင် အရေအတွက်အားဖြင့် ပိုမိုများသေးတယ်။ အခု ဂေါတမဗုဒ္ဓရှင်တော်မြတ်ဟာ ဒီနောင်တော်ဗုဒ္ဓတွေရဲ့ လမ်းစဉ်အတိုင်းကျင့်ပြီး နောင်တော်ဗုဒ္ဓတွေ ဟောတဲ့ တရား တွေကိုပဲဟောတော်မူတာပဲ။ ဒါကြောင့် ဂေါတမဗုဒ္ဓဟာ ဗိဿနိုးနတ်ရဲ့ကိုယ်စားလှယ်တော် ဘယ်နည်းနဲ့ ဖြစ်နိုင်ပါ့မလဲ။ ပုရာဏ်ကျမ်းကို ပြုစုကြတဲ့ လူတွေဟာ ဗုဒ္ဓဆိုတဲ့ စကားရဲ့သဘောနဲ့ အဓိပ္ပာယ်ကို မသိကြလေတော့ ဗုဒ္ဓဂေါတမကို ဗိဿနိုးနတ်ရဲ့ နဝမမြောက်ဝင်စားသူဆိုပြီး အမှားမှားအယွင်းယွင်းနဲ့ ရေးကြ၊ ပြောကြတယ်။ ဒီလိုဆိုရင် မရေမတွက် နိုင်လောက်အောင် များပြားလှတဲ့ နောင်တော်ဗုဒ္ဓတွေကိုလည်း ဒီလိုပဲ ဗိဿနိုးနတ်ရဲ့ ကိုယ်စားလှယ်တော်တွေလို့ပဲ ခေါ်ကြတော့မှာလား။

ဒီအချက်ကိုပယ်ထားပြီး တခြားစဉ်းစားစရာ ရှိသေးတယ်။ တဘဝမှ တဘဝသို့ ဝိညာဉ်ကူးပြောင်းတယ် ဆိုတဲ့ အယူအဆကို ဗုဒ္ဓရဲ့ အယူဝါဒက အလွန်မှားယွင်းတဲ့ အယူအဆအနေနဲ့ ရှုတ်ချထားတယ်။ ပြီးတော့ အတ္တဝါဒကို ဗုဒ္ဓက မှားယွင်းတဲ့ဝါဒတရပ်ဖြစ်တယ်လို့ သတ်မှတ်ထားတယ်။ ဒီအချက် နှစ်ချက်ကို ကြည့်ခြင်းအားဖြင့် ဗုဒ္ဓဟာ ဗိဿနိုးနတ် ဝင်စားတဲ့ ကိုယ်စားလှယ်တော်မဖြစ်နိုင်ဘူးဆိုတာ ထင်ရှားပါတယ်။ ဟိန္ဒူဘာသာအယူဝါဒအရ ဗိဿနိုးနတ်ရဲ့ အဝတာရ၊ သို့မဟုတ် ကိုယ်စားလှယ်တော်ဟာ ကမ္ဘာလောကကြီးကို ပြုပြင်ဖို့နဲ့ လူသားတွေကို ကာကွယ်စောင့်ရှောက်ဖို့ ကောင်းကင်က ဆင်းလာရတာဖြစ်တယ်။ ဒါပေမဲ့ သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓပွင့်တော်မူတာက ဗိဿနိုးနတ်ကိုယ်စားလှယ်တော်ပေါ်ပေါက်လာတာနဲ့ နည်းနည်းမျှမတူဘူး။ ဗုဒ္ဓအဖြစ်ကိုမရမီ ဗုဒ္ဓရဲ့အလောင်းအလျာဟာ ကမ္ဘာပေါင်း လေးသင်္ချေနဲ့တသိန်းတိုင်တိုင် (၁၀)ပါးသော ပါရမီကို ကျင့်ရသေးတယ်။ နောက်ဆုံး ဗုဒ္ဓအဖြစ်ရောက်ရမယ့်ဘဝရောက်တာတောင်မှ ပြင်းပြင်းထန်ထန်ကျင့်ကြံအားထုတ်ပြီးတဲ့နောက် ဘယ်သူကမျှ မသင်မပြဘဲနဲ့ သစ္စာလေးပါးတရားကို ပိုင်းခြားထင်ထင်သိမြင်တော်မူလာရတယ်။ အဲဒီလိုဗုဒ္ဓဖြစ်ပြီးတဲ့နောက် နှစ်ပေါင်းမြောက်များစွာ သတ္တဝါအများအား အလွန်မွန်မြတ်လှတဲ့တရားရေအေး တိုက်ကျွေးတော်မူတယ်။ တိုက်ကျွေးပြီးတဲ့ အခါကျမှ ပရိနိဗ္ဗာန်ပြုတော်မူတယ်။ ဒါကြောင့် ဗုဒ္ဓကို လူသားစင်စစ်က ကိုယ့်အားကိုယ်ကိုးပြီး မဆုတ်မနစ် ကျင့်ကြံအားထုတ်ခဲ့လို့ ဖြစ်ရတဲ့ဘုရား၊ ဥထား(ရ်) လို့ခေါ်ရမယ်။ ဘယ်နတ်မင်း၊ ဘယ်ဗြဟ္မာမင်းတို့တန်ခိုးကိုမျှခေတ္တငှားပြီး လူ့ပြည်ကို ကိုယ်စားလှယ်အဖြစ်နဲ့ လာရတဲ့ ကိုယ်စားလှယ်တော် (အဝတာရ) လို့ မခေါ်နိုင်ဘူး။ ဟုတ်လည်း မဟုတ်ဘူး။ ကဲ ဒီအကြောင်းတွေကိုထောက်ချင့်ခြင်းအားဖြင့် ဗုဒ္ဓဟာ ဗိဿနိုးနတ်ရဲ့ ကိုယ်စားလှယ်တော် မဟုတ်ဘူးဆိုတာကို သဘောပေါက်နားလည်ကြပြီလား။

ရှား။ အခုလို တိုတိုတုတ်တုတ်နဲ့ လိုရင်းအချက်ကို တိတိကျကျ ရှင်းပြတော်မူလိုက်တဲ့အတွက် တပည့်တော်တို့ အားလုံး နားလည်ကြပါပြီဘုရား။ ဆရာတော်က ယခုလို တပည့်တော်တို့ မေးလျှောက်ထားသမျှကို စိတ်ရှည်လက်ရှည်နဲ့ ရှင်းလင်းပြတော်မူတဲ့အတွက် အားလုံးကိုယ်စား တပည့်တော်က ကျေးဇူးတင်ကြောင်း လျှောက်ထားပါရစေ ဘုရား။

ဆရာတော်။ ဦးပဥ္စင်းကလည်း ဗုဒ္ဓရဲ့သာသနာတော်ကို အသက်ထက်ဆုံးပြုမယ်လို့ ဆုံးဖြတ်ထားတော့ ယခုလို မသိ နားမလည်တဲ့ အချက်တွေကို လျှောက်ထားကြတဲ့အတွက် ဦးပဥ္စင်းရဲ့ ပါရမီကို ဖြည့်တဲ့အနေနဲ့ အထူးပဲ ကျေးဇူး

တင်လှပါတယ်။ နောင်လည်းအခါအခွင့်ကြုံတဲ့အခါ တဦးချင်းဖြစ်ဖြစ် ယခုလို တရားပွဲကျင်းပလို့ပဲဖြစ်ဖြစ် လျှောက်ထား နိုင်ကြပါတယ်။

ဤ၌တွင် ပရိသတ်အားလုံးက သာဓုအနုမောဒနာ ခေါ်၍ တရားပွဲကို ရုပ်သိမ်းလိုက်ကြလေသတည်း။

စာရိုက်ပြီးနေ့။ ခရစ်သက္ကရာဇ် ၂၀၀၉ ခုနှစ်၊ မတ်လ (၂၀)ရက်၊ မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် (၁၀)ရက်၊ သောကြာနေ့၊ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၁၀မိနစ်၊ ရန်ကုန်မြို့။

အိန္ဒိယတရားဝန်ကြီးချုပ်ဟောင်း

ဒေါက်တာ အေ၊ အမ်၊ ဘေကာ M.A., Ph. D., D. Litt., Bar-at-Law, D. Sc., M.L.C., က မေး၍

ဆရာတော် ဦးအရိယဓမ္မ–ဘီအေ (ဗုဒ္ဓဝိဟာရ ဘုံဘိုင်)

ဖြေဆိုသော

ဗုဒ္ဓဝါဒ ပြဿနာများ